


ဝံ့မကိပါဒေသပ့
စိတ်ဦးသူ-ဖိုး(နှံ့)အိ
မိုးသပ်းပန်း

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ရွှေရည်သိမ်း

ကြည်မြင်တိုင်

ဉုံမဏိပါဒေဟုံ

စီစဉ်သူ

ပိုးနဲ့အိ

# ဇော်ထက်အောင်

စပ်ရန်နိုင် နှင့် ငရမန်ကန်း

အသစ်စက်စက် စ/ဆုံး လုံးချင်းဝတ္ထု

စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၄၅၀၅၁၂၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၅၇၀၀၅၁၂၊ ၂၀၀၆ခု၊ ဇန်နဝါရီလ၊ အုပ်ရေ–၅၀၀၊ တန်ဖိုး–၈၀၊မျက်နှာဖုံးပန်းချီ ချစ်ဆန်း၊ ကာလာခွဲ–စိန်နဂါး၊ စာအုပ်ချုပ်–မောင်မောင်၊ ဒေါ်မိုးကေခိုင် (၀၁၆၉၂)၊ ချိုတေးသံစာပေ – ရေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် – ၃၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှထုတ်ဝေ၍ ဒေါ်ခင်စီ (၀၂၅၀၇)၊ ပြည်ဦးဘောပုံနှိပ်တိုက်၊ တိုက် (၁၅၈)၊ ၃၇လမ်း၊ ရန်ကုန်မြို့မှ အဖုံးနှင့်အတွင်း ပုံနှိပ်ပါသည်။ ပထမအကြိမ်

မိုးဆမ်းပန်းစာပေမှ တင်ဆက်ပါသည်။

## အခန်း (၁)

**Door Bell** မှ လှူခေါ်သံများ အဆက်မပြတ် အသံမြည်လာသောအခါ စဝ်ရန်နိုင်က ခေတ္တချတ်ထားသော 'ရှာဖာရီ' ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်ရ၏။

**'Come in'** 'ဝင်ခဲ့ပါ ခင်ဗျား'ဟု အပြင်ဘက်မှာ ရောက်နေသည့်ဧည့်သည်ကို ထရန်စမစ်တာ စကားပြောစက်ကလေးမှ လှမ်းပြောလိုက်၏။ ရီမုတ်ကွန်ထရိုးဖြင့် ပြုလုပ်ထားသော သံမဏိတံခါးရွက်ကိုပါ ဖွင့်ပေးလိုက်၏။

'**Panorama periscope,** အခန်းအပြင်ဘက်တွင်

'ပင်နီရာမာပယ်ရီစကုပ်'ကိရိယာ တပ်ဆင်ထားသည်ဖြစ်ရကား၊ ရောက်လာသူ●ည့်သည်မှာ မိန်းမသားတစ်ဦးဖြစ်မှန်းကြိုတင်သိရှိလျှက်ရှိ၏။

'ကျွန်မနာမည် ဒေါ်ပပဝင်းလို့ ခေါ်ပါတယ်ရှင့်'

'ဟုတ်ကဲ့၊ ထိုင်ပါ ဒေါ်ပပဝင်း . .'

'စဝ်ရန်နိုင်ဆိုတာလား . .'

'ဟုတ်ပါတယ်ခင်ဗျာ။ စဝ်ရန်နိုင်ဆိုတာ ကျွန်တော်ပါပဲ'

'အင်း၊ လာသာလာခဲ့ရတယ်။ တွေ့မှ တွေ့ပါ့မလားလို့'

ဒေါ်ပပဝင်းက သာမန်လူငယ်ကလေးထက် အနည်းငယ်မျှသာ ပိုကြီးပုံရသော လူရွယ်တစ်ဦးကို တွေ့လိုက်ရသဖြင့် စဝ်ရန်နိုင်မှ ဟုတ်ပါလေစဟု တွေးမိခဲ့ပုံရ၏။ ယခုမှပင် မိမိတွေ့လိုသူဖြစ်မှန်းသိသွားသဖြင့် ဘဝင်ကျသွားဟန်ဖြင့် စိတ်ဒုံးဒုံးချကာ ကျကျနန ထိုင်နေလိုက်ပေသည်။

စဝ်ရန်နိုင်သည် ဒေါ်ပပဝင်းကို အသေအချာ အကဲခတ်ကြည့်လိုက်မိသည်ရှိသော် သူ့စိတ်ထဲတွင် တော်တော် အံ့အားသင့်သွားမိလေသည်။ အကြောင်းမှာ နာမည်ရှေ့တွင် 'ဒေါ်'ဟု တပ်ထားလင့်ကစား ထိုအမျိုးသမီးမှာ မိန်းမသားချင်းပင်





ဖြစ်စေကာမူ၊ နှစ်ခါပြန်၍မကြည့်ပဲ မနေနိုင်လောက်အောင် ချောမောလှပနေသူ ဖြစ်သောကြောင့်တည်း။

အမျိုးသမီး၏ အသက်ကို မှန်းဆကြည့်လိုက်ရာတွင် ရှိရင်းစွဲအသက်ထက်(၁၀)နှစ်ခန့် လျှော့ချပစ်လိုက်မိ၏။ သို့ရာတွင် သူမ၏ပကတိ ပုံမှန်အသက်မှာ (၄၀)ကျော်ကျော်လောက်လောက်တော့ ရှိလိမ့်မည်ဟု မှတ်သားထားလိုက်ပေသည်။

သူမ၏ လှပနုပျိုသည့် မျက်နှာပြင်ပေါ်တွင် တွေ့နေရသော ပါးခြိုင့်များကို စဝ်ရန်နိုင်က ကောင်းစွာ မှတ်သားထားလိုက်၏။

ဒေါ်ပပဝင်းမှာ မိမိထက် အတော်အသက်ငယ်နေသော ယောကျ်ားပျို၏ စူးရှသော မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်၍လားမသိ။ သူမ၏ ဖွေးဖွေးညက်ညက်နှင့် ကျက်သရေရှိလှသော မျက်နှာပါးလေးကို ခေတ္တမျှခေါင်းငုံ့ထားလေ၏။ ဤအမူအယာကို ထောက်ချင့်လျှက်၊ ဤမိန်းမကြီးသည် ယောကျ်ားများနှင့် တရံတစ်ခါမျှ ထိတွေ့မှုမရှိဖူးသော 'အပျိုကြီးမမ'ဖြစ်ဖွယ်ရှိလေသည်ဟု စဝ်ရန်နိုင်က အလောသုံးဆယ် မှတ်ချက်ချလိုက်မိလေသည်။

လေးငါးစက္ကန့်လောက်ကြာမှ ဒေါ်ပပဝင် ဂုဏ်ယူမိ

တစ်ဖြည်းဖြည်း ပြန်မော့လာ၏။ နက်မှောင်ရှန်းကော့သော မျက်တောင်ကြီးများကို တဖျပ်ဖျပ်ကစားရင်း သူမ၏ မြမြဖူးဖူး နှုတ်ခမ်းနီတျာကလေးက မပွင့်တပွင့်ဖွင့်ဟလျှက် စကားကို ဆိုလာ၏။

'မမ မောင်ငယ် အနားယူနေတဲ့ကာလမှာ အခုလို လာပြီး အနှောက်အယှက် ပေးခဲ့ရတာ၊ ခွင့်လွှတ်ပါနော်'တဲ့ . . . ။ အသံကလေးကလည်း သာယာလိုက်ပါဘိခြင်း။

'ကျွန်တော် အနားယူနေတဲ့ကာလသို့ ဒေါ်ပပဝင်းက ဘာ့ကြောင့် လာတာလဲ'

'မကြာသေးခင် လွန်ခဲ့တဲ့(၁၀)ရက်ပဲ ရှိဦးမယ်ထင်တယ်'

'ဟုတ်ကဲ့ . . ပြောပါ'

'သတင်းစာတွေထဲမှာ 'နဂါးနက်'ဂိုဏ်းကြီးကို ဖြိုလိုက်တဲ့အကြောင်း ပါလာခဲ့သေးတယ်။ စင်္ကာပူနိုင်ငံအထိ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ရတယ်လေ'

'အော် . . ဒီကိစ္စလား'

'ဟုတ်သပေါ့ကွဲ့'

'ဒီနဂါးနက်တွေဟာ ကျွန်တော်တို့နိုင်ငံအပါအဝင် ဟာပ်ထားလင့်အာရှနိုင်ငံတွေအတွက် ထိပ်တန်းက အရေးကြီးတဲ့





ရန်သူတွေ ဖြစ်ပါတယ်။ သူတို့ကို ဖြိုဖျက်ပစ်ရမှာ ကျွန်တော်တို့ တာဝန်ပါပဲ ခင်ဗျာ့'

'နဂါးနက်ဂိုဏ်းကြီးကိုဖြိုရတာ တော်တော် စွန့်စွန့်စားစား လုပ်ခဲ့ရမှာပေါ့နော်'

'ဟုတ်ကဲ့၊ ဆိုပါတော့လေ။ အသက်ကို ပဓာနမထားပဲ တိုင်းပြည်အတွက် စွန့်စားခဲ့ရတာပါပဲ'

'အဲဒီ နဂါးနက်ဂိုဏ်းကြီးကိုဖြိုတဲ့အခါ စဝ်ရန်နိုင်ဟာ စစ်ဆင်ရေးမှူးတဲ့။ သူဟာ နဂါးနက် စစ်ဆင်ရေးကို ဦးစီးခဲ့သတဲ့။ သတင်းဆောင်းပါးဆရာတွေက ဝိုင်းရေးကြတော့၊ စဝ်ရန်နိုင်ဆိုတာ အသက်ခပ်ကြီးကြီးပဲလို့ ထင်ခဲ့မိတာ. မမဝင်း မှားသွားပြီ။ အခု လာတွေ့နေရတာ တကယ့်ငယ်ငယ်ကလေးပဲ ရှိသေးတယ်နော်။ မမဝင်းရဲ့ မောင်လေးအထွေးဆုံး အသက်လောက်ပဲရှိသေးတာကိုး'

'ဒီလိုပါပဲ . . ။ တိုင်းပြည်အတွက်ဆိုတော့ စွန့်စားရတာပေါ့။ ကိုယ့်တိုင်းပြည်အတွက် ကျွန်တော်တို့လို လူငယ်တွေကမှ မလုပ်ရင်၊ ဘယ်သူက လာလုပ်ပေးမှာလဲ။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ကွယ်၊ ဟုတ်ပါတယ်။ မမဝင်းလေ မင်းတို့လို မလုပ်နိုင်ပေမယ့်၊ မင်းတို့အတွက်တော့ ဂုဏ်ယူမိ

ပါတယ်။ တကယ်ပြောတာပါ’

အညာလုပ်ကြီးကို အမဲဆီ ထည့်ပေးလိုက်ဘိသကဲ့သို့ ဒေါ်ပပဝင်းသည် အတော်ကလေး နှုတ်သွက်လာလေ၏။

‘နဂါးနက်ရန်စွယ်ကြီး ပြိုပျက်သွားတဲ့အခါ၊ အဓိက တာဝန်ရှိတဲ့ မျိုးချစ်လူငယ်တွေကို သူတို့ဌာနချုပ်က ခေတ္တ အနားပေးထားကြောင်း၊ သတင်းစာကြီးတစ်စောင်က ရေးသား ထားတာ...ကိုလည်း မမဝင်း ဖတ်လိုက်ရတယ်လေ’

‘ဟုတ်ကဲ့ . .၊ ဌာနချုပ်က ကျွန်တော်အပါအဝင် (၅)ဦး ကို ခေတ္တ အပန်းဖြေနေစေတာ အမှန်ပါပဲ၊ ဒါပေမယ့် . . . ကျွန်တော်ကလဲ လူတစ်မျိုးခင်ဗျာ။ အလုပ်မရှိရင် မနေတတ် တော့၊ ခုလို အလုပ်မျိုး ဆက်လုပ်နေမိတယ် ဆိုပါတော့လေ’

‘မင်းတို့ကို အနားပေးထားမှန်းသိလို့၊ ဒီကိုလာကာနီး သူများ အနားယူနေတာ ငါသွားပြီ ...အကူအညီတောင်းလို့ ကောင်းမှကောင်းပါ့မလားရယ်လို့၊ မမဝင်း စဉ်းစားမိသေးတယ်’

‘ဟဲ . . ဟဲ . . ဟဲ၊ ရပါတယ်ချင်ဗျာ၊ ရပါတယ်’

× × × × × × × × × × × × ×



## အခန်း (၂)

ဒေါ်ပပဝင်းသည် ချီးကျူးခန်းများကိုသာ ဖွင့်လျှက်ရှိ၏။ ယခုအထိ သူမ၏လာရင်းကိစ္စကို မပြောသေးသောကြောင့်၊ စဝ်ရန်နိုင်က လမ်းစဖော်ပေးလိုက်ရတော့၏။

‘ဟုတ်ကဲ့၊ ကျွန်တော် ဘယ်လို အကူအညီမျိုး ပေးရမှာ ပါလိမ့် ခင်ဗျာ . .’

‘ကိစ္စကတော့ နဂါးနက်ဂိုဏ်းကြီး ဖြိုရတာနဲ့စာရင်၊ ခပ်ပေါ့ပေါ့ကိစ္စလေး တစ်ခုပါပဲ။ ဒါ့ကြောင့် မမဝင်းက မင်းကို အကူအညီ တောင်းရမှာတောင် ခပ်ရှက်ရှက်ပဲ ဆိုပါတော့လေ’

‘ဟဲ . . ဟဲ . . ဟဲ။ မရှက်ပါနဲ့ . .’

'အစ်မက ပဲခူးကဘောင် လာခဲ့ရတာကွဲ'

'အော်၊ ဟုတ်လား။ ပဲခူး ဘယ်နေရာမှာ နေလဲ။ စပ်စုတယ်လို့ မထင်ပါနဲ့နော်။ သိသင့်သိအပ်တယ်ထင်လို့ မေးကြည့်မိတာပါ'

'ပဲခူးမြို့၊ လိပ်ပြာကန်ကပဲ ဆိုပါတော့ . .'

'အော် . . ဟုတ်ကဲ့။ ကိစ္စကို ပြောပါ မမဝင်း'

'အော် . . .ပြောရဦးမယ်'

'ဟုတ်ကဲ့၊ ပြောပါ . .'

'အခုလာတဲ့ကိစ္စ မမဝင်းအတွက် မဟုတ်ပါဘူး။ မမဝင်းနဲ့ ညီအစ်မလိုရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အတွက် ဆိုပါတော့'

ဒေါ်ပပဝင်းက ဤသို့ပြောလိုက်လျှင် စဝ်ရန်နိုင်၏ မျက်နှာက မသိမသာ တည်သွား၏။

'မမဝင်းအတွက် မဟုတ်ရင်၊ ဘယ်သူ့အတွက် လာခဲ့တာလဲ'

'ဘာပဲဖြစ်ဖြစ်လေ၊ သူ့နာမည်တော့ ထုတ်ဖော်ပြောလို့မသင့်ဘူး ထင်တာပဲ'

ဒေါ်ပပဝင်း၏စကားကြောင့်၊ စဝ်ရန်နိုင်၏ စိတ်ထဲတွင် တော်တော်လေး အောင့်သက်သက် ဖြစ်သွားရလေသည်။ မိမိ



တို့နှင့် အင်မတန်ရင်းနှီးလှပါသည်ဆိုသော လူများ၏အတွင်းရေးကိစ္စကို ကိုယ်စားပြု၍ ရောက်လာကြသူများသည် ကာယကံရှင်၏ အမည်နာမကို ဖုံးကွယ်ထားလေ့ရှိကြ၏။ ဤအချက်မှာ အမှုလက်ခံသူအတွက် အလွန် မလိုလားစရာ ကောင်းလှပေသည်။ ယခုလို ဖုံးကွယ်ထားခြင်းကြောင့်၊ မိမိတို့အတွက် အကျိုးတစ်စုံတစ်ရာ မရှိသည့်အပြင်၊ သူတို့က ဖုံးကွယ်ထားသော်လည်း သူ့အလိုအလျှောက် ဖူးပေါ်သလို ပေါ်သွားရချည်းသာ ဖြစ်လေတော့၏။

မိမိက သူမအပေါ်ဆက်ဆံရာတွင် အလွန်သဘောမနောကောင်းနေမှန်းသိသဖြင့်၊ ဤမိန်းမကြီး မိမိကို လာရစ်နေသလောဟု တွေးလိုက်မိသေးသည်။ သို့သော် စဝ်ရန်နိုင်က လှစ်ကနဲ တွေးလိုက်မိသော ဤအတွေးကို ချက်ချင်း ဖယ်ရှားပစ်လိုက်၏။

'ဟုတ်ကဲ့၊ ပြောပါဦး . .'

'တခြားတော့ မဟုတ်ပါဘူး။ ဒိုင်းဒိုင်းဆိုတဲ့ မမဝင်းရဲ့ မိတ်ဆွေသမီးကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ဖြစ်ခဲ့ရတာပါ။ ကလေးမလေးဟာ ခုမှ စာမေးပွဲဖြေဖို့ ကြိုးစားနေတဲ့ ကလေးမ တစ်ယောက်ဆိုပါတော့ . . .'

ကောင်မလေးနာမည် ဒိုင်းဒိုင်းတဲ့ . . .။

'ဟုတ်ကဲ့၊ ဆက် အမိန့်ရှိပါ။ ဒိုင်းဒိုင်း ဘာဖြစ်လို့လဲ'

'လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က ဆိုပါတော့။ ဒိုင်းဒိုင်းဟာ ရန်ကုန်မှာနေတဲ့ သူ့သူငယ်ချင်းမလေး တစ်ယောက်ဆီ နွေရာသီကျောင်းပိတ်ရက်မှာ အလည်အပတ် သွားနေဦးမယ်ဆိုပြီး၊ ပဲခူးက ထွက်သွားခဲ့တယ်လေ'

'ထွက်သွားတယ်ဆိုတာ ဘယ်လိုသဘောလဲ'

'လူကြီးတွေက သဘောတူပါတယ်။ ဒါပေမယ့် သူ တစ်ယောက်တည်း သွားတာကွဲ့'

'ဟုတ်လား၊ မိန်းမပျိုလေးတစ်ယောက်တည်းကို သူ့မိဘ တွေက . .'

'အေးလေ၊ ပြောစရာ ဖြစ်ပြီပေါ့။ အစက တစ်ဦးတည်း သော သမီးကလေးမို့ အရာရာ အလိုလိုက်ထားကြတာ၊ ခုတော့ လူပြောစရာကြီး ဖြစ်လာတာပေါ့'

'နေပါဦး . . .၊ ဒိုင်းဒိုင်းက ဘာတွေ ဖြစ်နေသလဲ'

စဝ်ရန်နိုင်သည် ကောင်မလေးအတွက် စိုးရိမ်မကင်း ဖြစ်လာမိတော့၏။ ဤလိုခေတ်ကြီးထဲတွင် မိန်းမပျိုလေး တစ်ယောက်တည်းကို ခရီးသွားခွင့်ပြုရက်သော မိဘတွေ ကလည်း ရှိနေပါသေးလားဟု တွေးတောလိုက်မိသောကြောင့် ဖြစ်ပေသည်။





'သူက အခု ရန်ကုန်မှာ၊ စင်မြင့်အဆိုတော် လုပ်နေ သတဲ့လေ'

'အပါးပါး . . .၊ မလွယ်ပါလား ဒီ ဒိုင်းဒိုင်း . .'

'ဟုတ်တယ်ကွဲ့။ ဒီကောင်မ သိပ်မလွယ်ဘူး။ သူ့မိဘ တွေကို လိမ်ပြီး ရန်ကုန်ကို ထွက်လာခဲ့တာပဲ'

'တော်တော်ဆိုးတဲ့ ကောင်မလေးပါလား'

'ဆိုးတာတော့ မပြောနဲ့။ ကြိမ်လုံးနဲ့ ခပ်နာနာလေး ရိုက်ဖို့သာ ကောင်းတော့တယ်။ သူမို့လို့ လုပ်ရက်လေတယ်။ မိဘမျိုးရိုး ဂုဏ်သိက္ခာကိုမှ မထောက် . . .'

ဒေါ်ပပဝင်း၏ မျက်နှာတွင် နှမြောတသခြင်း၊ ဝမ်းနည်း ခြင်း ကြိတ်မနိုင်ခဲမရဖြစ်ခြင်းစသော အရိပ်လက္ခဏာများ တွေ့နေ ရပေသည်။ သူမက ဆက်လက်၍ ပြောဆိုလေသည်။

'ဒိုင်းဒိုင်းဟာ ခုမှ ရှုးတုန်း မိုက်တုန်းအရွယ်ပဲ ရှိသေး တယ်ဆိုပေမယ့် အသက်က (၁၈)နှစ်ထဲ ဝင်လာပြီ။ ဘာပဲဖြစ် ဖြစ် သူ အခုလို တဖွတ်ထိုး လျှောက်လုပ်တာတွေကို နားလည် ဖို့ ကောင်းပါတယ်။ ဒါကြောင့် သူ အခုလုပ်နေတဲ့အလုပ်ကို ရပ်တန်းကရပ်ပြီး၊ ပဲခူးပြန်လာအောင် ပြောပေးပါတဲ့။ အမေ လုပ်သူက အတင်းပဲ တောင်းပန်နေရှာတယ်။ သူ့သမီးရှေ့ရေး အတွက် တွေးရင်းတွေးရင်း ရင်ထုမနာ ဖြစ်နေ့သလား မသိပါ

ဘူးကွယ်။ နေ့ရှိသရွေ့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရာတယ်။ မမဝင်းလဲ မနေသာတော့ပဲ၊ ရန်ကုန်ကို ထွက်လာခဲ့ရတော့တာပေါ့'

မိခင်ဖခင် နှစ်ပါးနှင့်တကွ၊ ခင်မင်ရင်းနှီးသူများအတွက် ဒိုင်းဒိုင်းလုပ်သွားသည်မှာ ရင်မအေးစရာ ကောင်းလှ၏။ စင်မြင့်အဆိုတော်ဆိုသော ကောင်မလေးတွေ တော်တော်များများစားစားကို စဝ်ရန်နိုင် တွေ့ဖူးပါသည်။

သူတို့၏အနာဂတ်မှာ မှောင်မည်းတိတ်ဆိတ်လျှက်ရှိလေသည်။

နာမည်ကတော့ မက်စရာ ကောင်းလှပါ၏။

'စင်မြင့်အဆိုတော်'ပါတဲ့ . . .။

များသောအားဖြင့် စားသောက်ဆိုင်တွေ၊ ပျော်ပွဲစားရုံတွေ မှိုလိုပေါက်နေသော ဟိုတယ်တွေမှာ ရွှေပွဲလာတွေကို ဖြေဖျော်ရသော 'စင်မြင့်အဆိုတော်'မလေးတွေပါတဲ့ . . .။

သီချင်းကလေးတွေ တတ်သလောက် မှတ်သလောက် ဆိုပြကြရုံတင်မကသေး။ ဘီယာလေး တမြမြနှင့် အရက်သွေး တကြွကြွဖြစ်နေသော ရွှေပွဲလာ ကာလသားများကို ရင်ကလေးလှုပ်၊ တင်ကလေးခါပြီး သည့်လို သည့်လို မကတတ်၊ ကတတ်နှင့် ကပြရသေးသည်။





သူတို့ စားသောက်ဆိုင်ကြီးတွေမှာ လူတွေ မစဲ တသဲသဲဝင်လာအောင်၊ ထိုကောင်မလေးတွေနှင့် မက်လုံးပြထားကြသည်။ သည်ညသည် စင်မြင့်အဆိုတော် ဘယ်သူဘယ်ဝါလာမည်။ သီဆိုကပြ ဖြေဖျော်တင်ဆက်မည်ဖြစ်ကြောင်း ကြော်ညာဆိုင်းဘုတ်ကြီးများရေးကာ၊ ဗန်းပြထားကြသည်။

ဤသို့ဖြင့် 'စင်မြင့်ဖြေဖျော်တင်ဆက်မှု' အစီအစဉ်များတွင် တဖြည်းဖြည်း နာမည်ကြီးလာသော ရွှေမင်းသမီးပေါက်စ မလိမ်မိုး မလိမ်မာကလေးများကို ငွေရှင်ကြေးရှင် လူကုန်တန်ကြီးများက 'ပန်းကုံးစွပ်'၍ ချီးမြှောက်သမှု ပြုကြ၏။ ပြီးတော့ သနားစရာကောင်းလှသော သူ့တို့၏ဘဝကလေးများကို ကိုယ်ဖိရင်ဖိ ပြုစုကြလေတော့သည်။

တော်ပါပြီ ခင်ဗျာ။ တော်ပါပြီ . . စဝ်ရန်နိုင် ဆက်၍ မတွေးချင်တော့ပါ။ ရှုးရှုးမိုက်မိုက် ကောင်မလေး ဒိုင်းဒိုင်းအတွက် နှမချင်း ကိုယ်ချင်းစာနာကာ ရင်ထုမနာ ဖြစ်လာမိလေသည်။

'ဟုတ်ကဲ့ မမဝင်း။ ကျွန်တော် ဘယ်လို အကူအညီပေးရမလဲ။ ပွင့်ပွင့်လင်းလင်း ပြောပါ'

စဝ်ရန်နိုင်က တွေးရင်းတွေးရင်း ဒေါသထွက်လာသည့်အလျှောက်၊ တိုတိုတုတ်တုတ်ပင် ပြောလိုက်မိလေတော့သည်။

'မမဝင်း မင်းကို ပြောစရာ တစ်ခု ကျန်နေသေးတယ်ကွဲ့'

'ဟုတ်ကဲ့၊ ပြောပါ . .'

'ဟို တစ်နေ့ညက၊ မြေနီကုန်းမှာ ဖွင့်ထားတဲ့ 'ရွှေလိပ်ပြာ' ပျော်ပွဲစားရုံကို မမဝင်း ရောက်သွားခဲ့သေးတယ်'

'ဟုတ်ကဲ့ . .၊ ဆက်ပြောပါ။ မြေနီကုန်းက 'ရွှေလိပ်ပြာ' ပျော်ပွဲစားရုံကို ကျွန်တော် သိပါတယ်'

'အဲဒီညက စင်မြင့်တေးဂီတ အစီအစဉ်မှာ ဒိုင်းဒိုင်း နာမည် ကြော်ညာထားတာ တွေ့လိုက်ရတယ်လေ . .'

'ဟုတ်ကဲ့ . .'

'သူက ဟိုနေရာကို မြန်မြန်ခေါ်သွားပါရှင်' ဆိုတဲ့ သီချင်းကိုဆိုပြီး၊ ကပြအသုံးတော်ခံမယ်တဲ့'

ဘုရား . . ဘုရား . .၊ ဟိုနေရာကို မြန်မြန်ခေါ်သွားပါရှင်တဲ့။ တော်တော်ကောင်းတဲ့ နာမည်ပါပဲ။ နာမည်ကြားရုံနှင့်ပင် တော်တော် လူကြိုက်များမည့် သီချင်းဖြစ်ကြောင်း၊ စဝ်ရန်နိုင် ရိပ်မိလိုက်ပြီးဖြစ်သည်။ အတည်အခန့် စာပေဆန်ဆန် ယဉ်ကျေးမှုဆန်ဆန်တွေကို လူတွေ မကြိုက်ကြတော့။ ပေါက်ကရတွေကိုမှ လူတွေ ကြိုက်ကြိုက်တိုး ဖြစ်နေကြသည်လေ။

'သူ့နာမည်က 'ဒိုင်းဒိုင်း' မဟုတ်တော့ဘူးကွဲ့။ 'ဒုံး . .





ဒုံး' ဆိုလား၊ ဝုန်း . . ဝုန်း ဆိုလားပဲ'

'ဒိန်း ဒိန်း ဖြစ်ပါလိမ့်မယ်။ ထားပါတော့ . .'

'ဟုတ်တယ်၊ ဒိန်းဒိန်း . . တဲ့။ ကြော်ညာကြီးလုပ်ထားတာ တော်တော်ကြီးတယ်'

'ဟုတ်ကဲ့၊ ဆက်ပြောပါ မမဝင်း'

'အံမယ်၊ သူတို့ကလဲ ခမ်းနားကြီးကျယ်သားတော့'

'မမဝင်းက ဘာတွေ့ခဲ့လို့လဲ'

'မမဝင်းက 'ဒိန်းဒိန်း' နဲ့တွေ့ချင်လို့ပေမယ့်၊ အရမ်းသွားကြည့်လို့ ရတာမဟုတ်ဖူး။ တင်ဆက်မှုတာဝန်ခံဆီ အရင်ဆုံးသွားရတယ်လေ'

'ဟုတ်ကဲ့၊ အဲဒီတော့ . . .'

'အဲဒီ ဖြေဖျော်တင်ဆင်မှု တာဝန်ခံကလဲ ဘယ်ခေလို့လဲ . .။ ရုံးခန်းနဲ့ ဘာနဲ့ အရမ်းသားနားတာပဲ . .'

'ဖြေဖျော်တင်ဆက်မှု တာဝန်ခံနဲ့တွေ့တော့ . .'

'သူက အသက်(၅၀)လောက်ရှိလိမ့်မယ်ကွဲ့။ သူ့ရုံးခန်းထဲကို မမဝင်း ကတိုက်ကရိုက် ဝင်သွားတဲ့အချိန်မှာ သူက မိန်းမလှလေး တစ်ယောက်နဲ့ စကားပြောနေတယ် . .'

'ဟုတ်ကဲ့၊ ဆိုပါ . .'

'မမက အကျိုးအကြောင်း သူ့ကိုပြောပြလိုက်တဲ့အခါ၊

သူက လေးလေးစားစား နားထောင်ပါတယ်။ ပြီးတော့ စာတစ်စောင်ကောက်ရေးပြီး၊ ဇာတ်ခုံမန်နေဂျာဆီ သွားပါတဲ့။ မမဝင်းလဲ ဇာတ်ခုံမန်နေဂျာဆီ သွားရတာပေါ့'

'အော်၊ သူတို့က ဒီလို အထာတွေနဲ့ကိုး၊ ဟုတ်ကဲ့ ဆက်ပြောပါ . .'

'ဇာတ်ခုံမန်နေဂျာဆီရောက်တော့ ရေးပေးလိုက်တဲ့စာ သူ့ကို ပေးလိုက်တယ်။ သူက စာဖတ်ပြီးတော့ ဒိန်းဒိန်းပြီးရင် ငါ့အခန်းထဲကို လွှတ်လိုက်လို့၊ အလုပ်သမားလူငယ်တစ်ဦးကို ပြောလိုက်တယ်။ မမဝင်းကိုတော့၊ အစ်မကြီး ဟိုနေရာက ခေတ္တစောင့်ပါလို့ ပြောပြီး၊ သူ့ရုံးခန်းထဲ သူ ပြန်ဝင်သွားတယ်'

'ဇာတ်ခုံမန်နေဂျာကလဲ သူ့ရုံးခန်းနဲ့ သူပဲလား'

'သူ့ရုံးခန်းနဲ့သူပေါ့။ သူတို့နဲ့ဝင်တွေ့ရတာ လွယ်တယ် မထင်နဲ့ . . .'

'ဟုတ်ကဲ့ . .၊ ဆက်ပြောပါ'

'သီချင်းတစ်ပုဒ်ဆိုပြီးတဲ့အခါ၊ ဒိန်းဒိန်းဟာ စောစောက ဇာတ်ခုံမန်နေဂျာရဲ့ ရုံးခန်းထဲကိုဝင်သွားတာ တွေ့လိုက်ရတယ်။ တအောင့်အကြာမှာ သူဟာ အခန်းထဲက ပြန်ထွက်လာပြီး၊ မမနဲ့ လူချင်းတွေ့ကြပါလေရော'



## အခန်း (၁)

**Door Bell** မှ လူခေါ်သံများ အဆက်မပြတ် အသံမြည်လာသောအခါ စဝ်ရန်နိုင်က ခေတ္တချွတ်ထားသော 'ရှာဖာရီ' ကုတ်အင်္ကျီကို ကောက်ဝတ်လိုက်ရ၏။

**'Come in'** 'ဝင်ခဲ့ပါ ခင်ဗျား'ဟု အပြင်ဘက်မှာ ရောက်နေသည့်ဧည့်သည်ကို ထရန်စမစ်တာ စကားပြောစက်ကလေးမှ လှမ်းပြောလိုက်၏။ ရီမုတ်ကွန်ထရိုးဖြင့် ပြုလုပ်ထားသော သံမဏိတံခါးရွက်ကိုပါ ဖွင့်ပေးလိုက်၏။

'**Panorama periscope,** အခန်းအပြင်ဘက်တွင်

'ပင်နီရာမာပယ်ရီစကုပ်'ကိရိယာ တပ်ဆင်ထားသည်ဖြစ်ရကား၊ ရောက်လာသူဧည့်သည်မှာ မိန်းမသားတစ်ဦးဖြစ်မှန်း ကြိုတင်သိရှိလျှက်ရှိ၏။

'ကျွန်မနာမည် ဒေါ်ပပဝင်းလို့ ခေါ်ပါတယ်ရှင့်'

'ဟုတ်ကဲ့၊ ထိုင်ပါ ဒေါ်ပပဝင်း . .'

'စဝ်ရန်နိုင်ဆိုတာလား . .'

'ဟုတ်ပါတယ် ခင်ဗျာ့။ စဝ်ရန်နိုင်ဆိုတာ ကျွန်တော်ပါပဲ'

'အင်း၊ လာသာလာခဲ့ရတယ်။ တွေ့မှ တွေ့ပါ့မလားလို့'

ဒေါ်ပပဝင်းက သာမန်လူငယ်ကလေးထက် အနည်းငယ်မျှသာ ပိုကြီးပုံရသော လူရွယ်တစ်ဦးကို တွေ့လိုက်ရသဖြင့် စဝ်ရန်နိုင်မှ ဟုတ်ပါလေစဟု တွေးမိခဲ့ပုံရ၏။ ယခုမှပင် မိမိတွေ့လိုသူဖြစ်မှန်းသိသွားသဖြင့် ဘဝင်ကျသွားဟန်ဖြင့် စိတ်ဒုံးဒုံးချကာ ကျကျနန ထိုင်နေလိုက်ပေသည်။

စဝ်ရန်နိုင်သည် ဒေါ်ပပဝင်းကို အသေအချာ အကဲခတ်ကြည့်လိုက်မိသည်ရှိသော် သူ့စိတ်ထဲတွင် တော်တော် အံ့အားသင့်သွားမိလေသည်။ အကြောင်းမှာ နာမည်ရှေ့တွင် 'ဒေါ်'ဟု တပ်ထားလင့်ကစား ထိုအမျိုးသမီးမှာ မိန်းမသားချင်းပင်





ဖြစ်စေကာမူ၊ နှစ်ခါပြန်၍မကြည့်ပဲ မနေနိုင်လောက်အောင် ချောမောလှပနေသူ ဖြစ်သောကြောင့်တည်း။

အမျိုးသမီး၏ အသက်ကို မှန်းဆကြည့်လိုက်ရာတွင် ရှိရင်းစွဲအသက်ထက်(၁၀)နှစ်ခန့် လျော့ချပစ်လိုက်မိ၏။ သို့ရာတွင် သူမ၏ပကတိ ပုံမှန်အသက်မှာ (၄၀)ကျော်ကျော် လောက်လောက်တော့ ရှိလိမ့်မည်ဟု မှတ်သားထားလိုက်ပေသည်။

သူမ၏ လှပနုပျိုသည့် မျက်နှာပြင်ပေါ်တွင် တွေ့နေရသော ပါးမြိုင့်များကို စဝ်ရန်နိုင်က ကောင်းစွာ မှတ်သားထားလိုက်၏။

ဒေါ်ပပဝင်းမှာ မိမိထက် အတော်အသက်ငယ်နေသော ယောကျ်ားပျို၏ စူးရှသော မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်၍ လားမသိ၊ သူမ၏ ဖွေးဖွေးညက်ညက်နှင့် ကျက်သရေရှိလှသော မျက်နှာပါးလေးကို ခေတ္တမျှခေါင်းငုံ့ထားလေ၏။ ဤအမှုအယာကို ထောက်ချင့်လျှက်၊ ဤမိန်းမကြီးသည် ယောကျ်ားများနှင့် တရံတစ်ခါမျှ ထိတွေ့မှုမရှိဖူးသော 'အပျိုကြီးမမ'ဖြစ်ဖွယ်ရှိလေသည်ဟု စဝ်ရန်နိုင်က အလောသုံးဆယ် မှတ်ချက်ချလိုက်မိလေသည်။

လေးငါးစက္ကန့်လောက်ကြာမှ ဒေါ်ပပဝင်း၏ မျက်နှာ

တစ်ဖြည်းဖြည်း ပြန်မော့လာ၏။ နက်မှောင်ရှန်းကော့သော မျက်တောင်ကြီးများကို တဖျပ်ဖျပ်ကစားရင်း သူမ၏ မြမြဖူးဖူး နှုတ်ခမ်းနီတျာကလေးက မပွင့်တပွင့်ဖွင့်ဟလျှက် စကားကို ဆိုလာ၏။

'မမ မောင်ငယ် အနားယူနေတဲ့ကာလမှာ အခုလို လာပြီး အနှောက်အယှက် ပေးခဲ့ရတာ၊ ခွင့်လွှတ်ပါနော်'တဲ့ . . . ။ အသံကလေးကလည်း သာယာလိုက်ပါဘိခြင်း။

'ကျွန်တော် အနားယူနေတဲ့ကာလသို့ ဒေါ်ပပဝင်းက ဘာ့ကြောင့် လာတာလဲ'

'မကြာသေးခင် လွန်ခဲ့တဲ့(၁၀)ရက်ပဲ ရှိဦးမယ်ထင်တယ်'

'ဟုတ်ကဲ့ . . ပြောပါ'

'သတင်းစာတွေထဲမှာ 'နဂါးနက်'ဂိုဏ်းကြီးကို ဖြိုလိုက်တဲ့ အကြောင်း ပါလာခဲ့သေးတယ်။ စင်္ကာပူနိုင်ငံအထိ သွားရောက် တာဝန်ထမ်းဆောင်ခဲ့ရတယ်လေ'

'အော် . . ဒီကိစ္စလား'

'ဟုတ်သပေါ့ကွဲ့'

'ဒီနဂါးနက်တွေဟာ ကျွန်တော်တို့နိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေအတွက် ထိပ်တန်းက အရေးကြီးတဲ့





ရန်သူတွေ ဖြစ်ပါတယ်။ သူတို့ကို ဖြိုဖျက်ပစ်ရမှာ ကျွန်တော်တို့ တာဝန်ပါပဲ ခင်ဗျာ့'

'နဂါးနက်ဂိုဏ်းကြီးကိုဖြိုရတာ တော်တော် စွန့်စွန့်စားစား လုပ်ခဲ့ရမှာပေါ့နော်'

'ဟုတ်ကဲ့၊ ဆိုပါတော့လေ။ အသက်ကို ပဓာနမထားပဲ တိုင်းပြည်အတွက် စွန့်စားခဲ့ရတာပါပဲ'

'အဲဒီ နဂါးနက်ဂိုဏ်းကြီးကိုဖြိုတဲ့အခါ စစ်ရန်နိုင်ဟာ စစ်ဆင်ရေးမှူးတဲ့။ သူဟာ နဂါးနက် စစ်ဆင်ရေးကို ဦးစီးခဲ့သတဲ့။ သတင်းဆောင်းပါးဆရာတွေက ဝိုင်းရေးကြတော့၊ စစ်ရန်နိုင်ဆိုတာ အသက်ခပ်ကြီးကြီးပဲလို့ ထင်ခဲ့မိတာ၊ မမဝင်း မှားသွားပြီ။ အခု လာတွေ့နေရတာ တကာယ့်ငယ်ငယ်ကလေးပဲ ရှိသေးတယ်နော်။ မမဝင်းရဲ့ မောင်လေးအထွေးဆုံး အသက်လောက်ပဲရှိသေးတာကိုး'

'ဒီလိုပါပဲ . . ။ တိုင်းပြည်အတွက်ဆိုတော့ စွန့်စားရတာပေါ့။ ကိုယ့်တိုင်းပြည်အတွက် ကျွန်တော်တို့လို လူငယ်တွေကမှ မလုပ်ရင်၊ ဘယ်သူက လာလုပ်ပေးမှာလဲ။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ကွယ်၊ ဟုတ်ပါတယ်။ မမဝင်းလေ မင်းတို့လို မလုပ်နိုင်ပေမယ့်၊ မင်းတို့အတွက်တော့ ဂုဏ်ယူမိ

ပါတယ်။ တကယ်ပြောတာပါ'

အညာလှည်းကြီးကို အမဲဆီ ထည့်ပေးလိုက်ဘိသကဲ့သို့ ဒေါ်ပပဝင်းသည် အတော်ကလေး နှုတ်သွက်လာလေ၏။

'နဂါးနက်ရန်စွယ်ကြီး ပြိုပျက်သွားတဲ့အခါ၊ အဓိက တာဝန်ရှိတဲ့ မျိုးချစ်လူငယ်တွေကို သူတို့ဌာနချုပ်က ခေတ္တ အနားပေးထားကြောင်း၊ သတင်းစာကြီးတစ်စောင်က ရေးသား ထားတာကိုလည်း မမဝင်း ဖတ်လိုက်ရတယ်လေ'

'ဟုတ်ကဲ့ . .၊ ဌာနချုပ်က ကျွန်တော်အပါအဝင် (၅)ဦး ကို ခေတ္တ အပန်းဖြေနေစေတာ အမှန်ပါပဲ၊ ဒါပေမယ့် . . . ကျွန်တော်ကလဲ လူတစ်မျိုးခင်ဗျာ့။ အလုပ်မရှိရင် မနေတတ် တော့၊ ခုလို အလုပ်မျိုး ဆက်လုပ်နေမိတယ် ဆိုပါတော့လေ'

'မင်းတို့ကို အနားပေးထားမှန်းသိလို့၊ ဒီကိုလာကာနီး သူများ အနားယူနေတာ ငါသွားပြီ အကူအညီတောင်းလို့ ကောင်းမှကောင်းပါ့မလားရယ်လို့၊ မမဝင်း စဉ်းစားမိသေးတယ်'

'ဟဲ . . ဟဲ . . ဟဲ၊ ရပါတယ်ချင်ဗျာ၊ ရပါတယ်'

× × × × × × × × × × × × × ×



## အခန်း (၂)

ဒေါ်ပပဝင်းသည် ချီးကျူးခန်းများကိုသာ ဖွင့်လျှက်ရှိ၏။ ယခုအထိ သူမ၏လာရင်းကိစ္စကို မပြောသေးသောကြောင့်၊ စဝ်ရန်နိုင်က လမ်းစဖော်ပေးလိုက်ရတော့၏။

'ဟုတ်ကဲ့၊ ကျွန်တော် ဘယ်လို အကူအညီမျိုး ပေးရမှာ ပါလိမ့် ခင်ဗျာ . .'

'ကိစ္စကတော့ နဂါးနက်ဂိုဏ်းကြီး ဖြိုရတာနဲ့စာရင်၊ ခပ်ပေါ့ပေါ့ကိစ္စလေး တစ်ခုပါပဲ။ ဒါ့ကြောင့် မမဝင်းက မင်းကို အကူအညီ တောင်းရမှာတောင် ခပ်ရှက်ရှက်ပဲ ဆိုပါတော့လေ'

'ဟဲ . . ဟဲ . . ဟဲ။ မရှက်ပါနဲ့ . .'

'အစ်မက ပဲခူးကတောင် လာခဲ့ရတာကွဲ.'

'အော်၊ ဟုတ်လား။ ပဲခူး ဘယ်နေရာမှာ နေလဲ။ စပ်စု တယ်လို့ မထင်ပါနဲ့နော်။ သိသင့်သိအပ်တယ်ထင်လို့ မေးကြည့် မိတာပါ'

'ပဲခူးမြို့ လိပ်ပြာကန်ကပဲ ဆိုပါတော့ . .'

'အော် . . ဟုတ်ကဲ့။ ကိစ္စကို ပြောပါ မမဝင်း'

'အော် . . ပြောရဦးမယ်'

'ဟုတ်ကဲ့၊ ပြောပါ . .'

'အခုလာတဲ့ကိစ္စ မမဝင်းအတွက် မဟုတ်ပါဘူး။ မမဝင်း နဲ့ ညီအစ်မလိုရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အတွက် ဆိုပါ တော့'

ဒေါ်ပပဝင်းက ဤသို့ပြောလိုက်လျှင် စဝ်ရန်နိုင်၏ မျက်နှာက မသိမသာ တည်သွား၏။

'မမဝင်းအတွက် မဟုတ်ရင်၊ ဘယ်သူ့အတွက် လာခဲ့ တာလဲ'

'ဘာပဲဖြစ်ဖြစ်လေ၊ သူ့နာမည်တော့ ထုတ်ဖော်ပြောလို့ မသင့်ဘူး ထင်တာပဲ'

ဒေါ်ပပဝင်း၏စကားကြောင့်၊ စဝ်ရန်နိုင်၏ စိတ်ထဲတွင် တော်တော်လေး အောင့်သက်သက် ဖြစ်သွားရလေသည်။ မိမိ





တို့နှင့် အင်မတန်ရင်းနှီးလှပါသည်ဆိုသော လူများ၏အတွင်း ရေးကိစ္စကို ကိုယ်စားပြု၍ ရောက်လာကြသူများသည် ကာယကံ ရှင်၏ အမည်နာမကို ဖုံးကွယ်ထားလေ့ရှိကြ၏။ ဤအချက်မှာ အမှုလက်ခံသူအတွက် အလွန် မလိုလားစရာ ကောင်းလှပေ သည်။ ယခုလို ဖုံးကွယ်ထားခြင်းကြောင့်၊ မိမိတို့အတွက် အကျိုး တစ်စုံတစ်ရာ မရှိသည့်အပြင်၊ သူတို့က ဖုံးကွယ်ထားသော် လည်း သူ့အလိုအလျောက် ဗူးပေါ်သလို ပေါ်သွားရချည်းသာ ဖြစ်လေတော့၏။

မိမိက သူမအပေါ်ဆက်ဆံရာတွင် အလွန်သဘော မနောကောင်းနေမှန်းသိသဖြင့်၊ ဤမိန်းမကြီး မိမိကို လာရစ်နေ သလောဟု တွေးလိုက်မိသေးသည်။ သို့သော် စဝ်ရန်နိုင်က လှစ်ကနဲ တွေးလိုက်မိသော ဤအတွေးကို ချက်ချင်း ဖယ်ရှား ပစ်လိုက်၏။

'ဟုတ်ကဲ့၊ ပြောပါဦး . .'

'တခြားတော့ မဟုတ်ပါဘူး။ ဒိုင်းဒိုင်းဆိုတဲ့ မမဝင်းရဲ့ မိတ်ဆွေသမီးကလေးတစ်ယောက်နဲ့ ပတ်သက်ပြီး ဖြစ်ခဲ့ရတာ ပါ။ ကလေးမလေးဟာ ခုမှ စာမေးပွဲဖြေဖို့ ကြိုးစားနေတဲ့ ကလေးမ တစ်ယောက်ဆိုပါတော့ . . .'

ကောင်မလေးနာမည် ဒိုင်းဒိုင်းတဲ့ . . .။

'ဟုတ်ကဲ့၊ ဆက် အမိန့်ရှိပါ။ ဒိုင်းဒိုင်း ဘာဖြစ်လို့လဲ'

'လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်က ဆိုပါတော့။ ဒိုင်းဒိုင်းဟာ ရန်ကုန်မှာနေတဲ့ သူ့သူငယ်ချင်းမလေး တစ်ယောက်ဆီ နွေရာသီကျောင်းပိတ်ရက်မှာ အလည်အပတ် သွားနေဦးမယ်ဆိုပြီး၊ ပဲခူးက ထွက်သွားခဲ့တယ်လေ'

'ထွက်သွားတယ်ဆိုတာ ဘယ်လိုသဘောလဲ'

'လူကြီးတွေက သဘောတူပါတယ်။ ဒါပေမယ့် သူ တစ်ယောက်တည်း သွားတာကွဲ့'

'ဟုတ်လား၊ မိန်းမပျိုလေးတစ်ယောက်တည်းကို သူ့မိဘ တွေက . .'

'အေးလေ၊ ပြောစရာ ဖြစ်ပြီပေါ့။ အစက တစ်ဦးတည်း သော သမီးကလေးမို့ အရာရာ အလိုလိုက်ထားကြတာ၊ ခုတော့ လူပြောစရာကြီး ဖြစ်လာတာပေါ့'

'နေပါဦး . . .၊ ဒိုင်းဒိုင်းက ဘာတွေ ဖြစ်နေသလဲ'

စဝ်ရန်နိုင်သည် ကောင်မလေးအတွက် စိုးရိမ်မကင်း ဖြစ်လာမိတော့၏။ ဤလိုခေတ်ကြီးထဲတွင် မိန်းမပျိုလေး တစ်ယောက်တည်းကို ခရီးသွားခွင့်ပြုရက်သော မိဘတွေ ကလည်း ရှိနေပါသေးလားဟု တွေးတောလိုက်မိသောကြောင့် ဖြစ်ပေသည်။





'သူက အခု ရန်ကုန်မှာ၊ စင်မြင့်အဆိုတော် လုပ်နေ သတဲ့လေ'

'အပါးပါး . .၊ မလွယ်ပါလား ဒီ ဒိုင်းဒိုင်း . .'

'ဟုတ်တယ်ကွဲ့။ ဒီကောင်မ သိပ်မလွယ်ဘူး။ သူ့မိဘ တွေကို လိမ်ပြီး ရန်ကုန်ကို ထွက်လာခဲ့တာပဲ'

'တော်တော်ဆိုးတဲ့ ကောင်မလေးပါလား'

'ဆိုးတာတော့ မပြောနဲ့။ ကြိမ်လုံးနဲ့ ခပ်နာနာလေး ရိုက်ဖို့သာ ကောင်းတော့တယ်။ သူမို့လို့ လုပ်ရက်လေတယ်။ မိဘမျိုးရိုး ဂုဏ်သိက္ခာကိုမှ မထောက် . . .'

ဒေါ်ပပဝင်း၏မျက်နှာတွင် နှမြောတသခြင်း၊ ဝမ်းနည်း ခြင်း ကြိတ်မနိုင်ခဲမရဖြစ်ခြင်းစသော အရိပ်လက္ခဏာများ တွေ့နေ ရပေသည်။ သူမက ဆက်လက်၍ ပြောဆိုလေသည်။

'ဒိုင်းဒိုင်းဟာ ခုမှ ရှုးတုန်း မိုက်တုန်းအရွယ်ပဲ ရှိသေး တယ်ဆိုပေမယ့် အသက်က (၁၈)နှစ်ထဲ ဝင်လာပြီ။ ဘာပဲဖြစ် ဖြစ် သူ အခုလို တဇွတ်ထိုး လျှောက်လုပ်တာတွေကို နားလည် ဖို့ ကောင်းပါတယ်။ ဒါ့ကြောင့် သူ အခုလုပ်နေတဲ့အလုပ်ကို ရပ်တန်းကရပ်ပြီး၊ ပဲခူးပြန်လာအောင် ပြောပေါ်းပါတဲ့။ အမေ လုပ်သူက အတင်းပဲ တောင်းပန်နေရှာတယ်။ သူ့သမီးရှေ့ရေး အတွက် တွေးရင်းတွေးရင်း ရင်ထုမနာ ဖြစ်နေ့သလား မသိပါ

ဘူးကွယ်။ နေ့ရှိသရွေ့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေရှာတယ်။ မမဝင်းလဲ မနေသာတော့ပဲ၊ ရန်ကုန်ကို ထွက်လာခဲ့ရတော့တာပေါ့'

မိခင်ဖခင် နှစ်ပါးနှင့်တကွ၊ ခင်မင်ရင်းနှီးသူများအတွက် ဒိုင်းဒိုင်းလုပ်သွားသည်မှာ ရင်မအေးစရာ ကောင်းလှ၏။ စင်မြင့်အဆိုတော်ဆိုသော ကောင်မလေးတွေ တော်တော်များများစားကို စဝ်ရန်နိုင် တွေ့ဖူးပါသည်။

သူတို့၏အနာဂတ်မှာ မှောင်မည်းတိတ်ဆိတ်လျက် ရှိလေသည်။

နာမည်ကတော့ မက်စရာ ကောင်းလှပါ၏။

'စင်မြင့်အဆိုတော်'ပါတဲ့ . . .။

များသောအားဖြင့် စားသောက်ဆိုင်တွေ၊ ပျော်ပွဲစားရုံတွေ မှိုလိုပေါက်နေသော ဟိုတယ်တွေမှာ ရွှေပွဲလာတွေကို ဖြေဖျော်ရသော 'စင်မြင့်အဆိုတော်'မလေးတွေပါတဲ့ . . .။

သီချင်းကလေးတွေ တတ်သလောက် မှတ်သလောက် ဆိုပြကြရုံတင်မကသေး။ ဘီယာလေး တမြမြနှင့် အရက်သွေးတကြွကြွဖြစ်နေသော ရွှေပွဲလာ ကာလသားများကို ရင်ကလေးလှပ်၊ တင်ကလေးခါပြီး သည်လို သည်လို မကတတ်၊ ကတတ်နှင့် ကပြရသေးသည်။





သူတို့ စားသောက်ဆိုင်ကြီးတွေမှာ လူတွေ မစဲ တသဲသဲ ဝင်လာအောင်၊ ထိုကောင်မလေးတွေနှင့် မက်လုံးပြထားကြသည်။ သည်ညသည စင်မြင့်အဆိုတော် ဘယ်သူဘယ်ဝါလာမည်။ သီဆိုကပြ ဖြေဖျော်တင်ဆက်မည်ဖြစ်ကြောင်း ကြော်ညာဆိုင်းဘုတ်ကြီးများရေးကာ၊ ဗန်းပြထားကြသည်။

ဤသို့ဖြင့် 'စင်မြင့်ဖြေဖျော်တင်ဆက်မှု' အစီအစဉ်များတွင် တဖြည်းဖြည်း နာမည်ကြီးလာသော ရွှေမင်းသမီးပေါက်စ မလိမ်မိုး မလိမ်မာကလေးများကို ငွေရှင်ကြေးရှင် လူကုန်တန်ကြီးများက 'ပန်းကုံးစွပ်'၍ ချီးမြှောက်သမှု ပြုကြ၏။ ပြီးတော့ သနားစရာကောင်းလှသော သူတို့၏ဘဝကလေးများကို ကိုယ်ဖိရင်ဖိ ပြုစုကြလေတော့သည်။

တော်ပါပြီ ခင်ဗျာ။ တော်ပါပြီ . . စဝ်ရန်နိုင် ဆက်၍ မတွေးချင်တော့ပါ။ ရိုးရိုးမိုက်မိုက် ကောင်မလေး ဒိုင်းဒိုင်းအတွက် နှမချင်း ကိုယ်ချင်းစာနာကာ ရင်ထုမနာ ဖြစ်လာမိလေသည်။

'ဟုတ်ကဲ့ မမဝင်း။ ကျွန်တော် ဘယ်လို အကူအညီပေးရမလဲ။ ပွင့်ပွင့်လင်းလင်း ပြောပါ'

စဝ်ရန်နိုင်က တွေးရင်းတွေးရင်း ဒေါသထွက်လာသည့်အလျောက်၊ တိုတိုတုတ်တုတ်ပင် ပြောလိုက်မိလေတော့သည်။

'မမဝင်းမင်းကို ပြောစရာ တစ်ခု ကျန်နေသေးတယ်ကွဲ့'

'ဟုတ်ကဲ့၊ ပြောပါ . .'

'ဟိုတစ်နေ့ညက၊ မြေနီကုန်းမှာ ဖွင့်ထားတဲ့ 'ရွှေလိပ်ပြာ' ပျော်ပွဲစားရုံကို မမဝင်း ရောက်သွားခဲ့သေးတယ်'

'ဟုတ်ကဲ့ . .၊ ဆက်ပြောပါ။ မြေနီကုန်းက 'ရွှေလိပ်ပြာ' ပျော်ပွဲစားရုံကို ကျွန်တော် သိပါတယ်'

'အဲဒီညက စင်မြင့်တေးဂီတ အစီအစဉ်မှာ ဒိုင်းဒိုင်း နာမည် ကြော်ညာထားတာ တွေ့လိုက်ရတယ်လေ . .'

'ဟုတ်ကဲ့ . .'

'သူက ဟိုနေရာကို မြန်မြန်ခေါ်သွားပါရှင်'ဆိုတဲ့ သီချင်းကိုဆိုပြီး၊ ကပြအသုံးတော်ခံမယ်တဲ့'

ဘုရား . . ဘုရား . .၊ ဟိုနေရာကို မြန်မြန်ခေါ်သွားပါရှင်တဲ့။ တော်တော်ကောင်းတဲ့ နာမည်ပါပဲ။ နာမည်ကြားရုံနှင့်ပင် တော်တော် လူကြိုက်များမည့် သီချင်းဖြစ်ကြောင်း၊ စဝ်ရန်နိုင် ရိပ်မိလိုက်ပြီးဖြစ်သည်။ အတည်အခန့် စာပေဆန်ဆန် ယဉ်ကျေးမှုဆန်ဆန်တွေကို လူတွေ မကြိုက်ကြတော့။ ပေါက်ကရတွေကိုမှ လူတွေ ကြိတ်ကြိတ်တိုး ဖြစ်နေကြသည်လေ။

'သူ့နာမည်က 'ဒိုင်းဒိုင်း' မဟုတ်တော့ဘူးကွဲ့။ 'ဒုံး . .





ဒုံး'ဆိုလား၊ ဝုန်း . .ဝုန်း ဆိုလားပဲ'

'ဒိန်း ဒိန်း ဖြစ်ပါလိမ့်မယ်။ ထားပါတော့ . .'

'ဟုတ်တယ်၊ ဒိန်းဒိန်း . . တဲ့။ ကြော်ညာကြီးလုပ်ထားတာ တော်တော်ကြီးတယ်'

'ဟုတ်ကဲ့၊ ဆက်ပြောပါ မမဝင်း'

'အံမယ်၊ သူတို့ကလဲ ခမ်းနားကြီးကျယ်သားတော့'

'မမဝင်းက ဘာတွေ့ခဲ့လို့လဲ'

'မမဝင်းက 'ဒိန်းဒိန်း'နဲ့တွေ့ချင်ပေမယ့်၊ အရမ်းသွားကြည့်လို့ ရတာမဟုတ်ဖူး။ တင်ဆက်မှုတာဝန်ခံဆီ အရင်ဆုံး သွားရတယ်လေ'

'ဟုတ်ကဲ့၊ အဲဒီတော့ . . .'

'အဲဒီ ဖြေဖျော်တင်ဆင်မှု တာဝန်ခံကလဲ ဘယ်ခေလို့လဲ . .။ ရုံးခန်းနဲ့ ဘာနဲ့ အရမ်းသားနားတာပဲ . .'

'ဖြေဖျော်တင်ဆက်မှု တာဝန်ခံနဲ့တွေ့တော့ . .'

'သူက အသက်(၅၀)လောက်ရှိလိမ့်မယ်ကွဲ့။ သူ့ရုံးခန်းထဲကို မမဝင်း ကတိုက်ကရိုက် ဝင်သွားတဲ့အချိန်မှာ သူက မိန်းမလှလေး တစ်ယောက်နဲ့ စကားပြောနေတယ် . .'

'ဟုတ်ကဲ့၊ ဆိုပါ . .'

'မမက အကျိုးအကြောင်း သူ့ကိုပြောပြလိုက်တဲ့အခါ၊

သူက လေးလေးစားစား နားထောင်ပါတယ်။ ပြီးတော့ စာတစ်စောင်ကောက်ရေးပြီး၊ ဇာတ်ခုံမန်နေဂျာဆီ သွားပါတဲ့။ မမဝင်းလဲ ဇာတ်ခုံမန်နေဂျာဆီ သွားရတာပေါ့'

'အော်၊ သူတို့က ဒီလို အထာတွေနဲ့ကိုး၊ ဟုတ်ကဲ့ ဆက်ပြောပါ . .'

'ဇာတ်ခုံမန်နေဂျာဆီရောက်တော့ ရေးပေးလိုက်တဲ့စာ သူ့ကို ပေးလိုက်တယ်။ သူက စာဖတ်ပြီးတော့ ဒိန်းဒိန်းပြီးရင် ငါ့အခန်းထဲကို လွှတ်လိုက်လို့၊ အလုပ်သမားလူငယ်တစ်ဦးကို ပြောလိုက်တယ်။ မမဝင်းကိုတော့၊ အစ်မကြီး ဟိုနေရာက ခေတ္တစောင့်ပါလို့ ပြောပြီး၊ သူ့ရုံးခန်းထဲ သူ ပြန်ဝင်သွားတယ်'

'ဇာတ်ခုံမန်နေဂျာကလဲ သူ့ရုံးခန်းနဲ့ သူပဲလား'

'သူ့ရုံးခန်းနဲ့သူပေါ့။ သူတို့နဲ့ဝင်တွေ့ရတာ လွယ်တယ် မထင်နဲ့ . . .'

'ဟုတ်ကဲ့ . .၊ ဆက်ပြောပါ'

'သီချင်းတစ်ပုဒ်ဆိုပြီးတဲ့အခါ၊ ဒိန်းဒိန်းဟာ စောစောက ဇာတ်ခုံမန်နေဂျာရဲ့ ရုံးခန်းထဲကိုဝင်သွားတာ တွေ့လိုက်ရတယ်။ တအောင့်အကြာမှာ သူဟာ အခန်းထဲက ပြန်ထွက်လာပြီး၊ မမနဲ့ လူချင်းတွေ့ကြပါလေရော'



## အခန်း (၃)

'ဒီတော့ . . ဒိုင်းဒိုင်းက ဘာတွေ ပြောသလဲ'

'သူက အရင်ကလို 'ဒိုင်း ဒိုင်း' မဟုတ်တော့ဘူးလေ။ စင်မြင့်ပေါ်က အဆိုတော်မကြီး ဒိန်းဒိန်း ဖြစ်နေပြီကွဲ့'

'အော်၊ ဟုတ်ကဲ့ . . ဟုတ်သားပဲ။ အဆိုတော်နာမည်က ဒိန်းဒိန်း . . .'

'အို၊ ရိုင်းတာမှ သိပ်ကိုရိုင်းတာပဲ။ မမကို ရင်းရင်းနှီးနှီး စကားပြောဖို့ နေနေသာသာ မမှတ်မိချင်ယောင် ဆောင်နေတယ်ကွဲ့'

စဝ်ရန်နိုင်မှာ ကြားလိုက်ရသော စကားကြောင့် အလွန်

အမင်း အံ့အားသင့် သွားရလေတော့၏။ ဒေါ်ပပဝင်းက မကျေမနပ်ဖြင့် ဆက်လက်မြည်တွန်တောက်တီးနေသဖြင့် လိုရင်းသို့ မြန်မြန်ရောက်အောင် စဝ်ရန်နိုင်က ကြားဖြတ်၍ ပြောလိုက်ရလေတော့၏။

'တစ်ခုတော့ရှိတယ်။ ဒိုင်းဒိုင်းဟာ မမဝင်းကို တကယ်ပဲ မမှတ်မိဘူး ဆိုရင်ကော . . .'

'အို . . မဖြစ်နိုင်တာပဲ။ မမဝင်းကို ဘာဖြစ်လို့ မသိရမှာလဲ။ ကောင်းကောင်းသိတာပေါ့၊ သိရုံတင်မကဘူး . .။ မမဝင်းမျက်စိအောက်မှာတင် ဂါဝန်တိုလေးနဲ့ ကြီးပြင်းလာခဲ့တဲ့ဥစ္စာ။ ရှားရှားဆိုတာ သူ့အမေပေါ့။ သူ့အမေ ရှားရှားဟာ မမဝင်းနဲ့ အရင်းနှီးဆုံး အကျွမ်းဝင်ဆုံး သူငယ်ချင်း တစ်ယောက်ပဲ။ သူ မသိဘူး၊ မမှတ်မိဘူးဆိုတာ ဒိုင်းဒိုင်း သက်သက်မဲ့ လိမ်ညာပြောနေတဲ့ စကားတွေပါ'

'ကဲ၊ ထားပါတော့လေ . .။ အခု ဒိုင်းဒိုင်းဟာ အရွယ်ရောက်ခဲ့ပြီဆိုတော့။ သူ့ဘဝရေးရေးကို သူ့ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ရှိနေပြီပဲ။ မိဘတွေမျက်နှာကို မထောက်တော့ပဲ၊ သူထင်ရာသူ လုပ်ချင်သပဆိုရင်လုပ်ပေါ့၊ သူ့ထိုက်နဲ့ သူ့ကံပေါ့ မမဝင်းရယ်'

'အိုကွယ်၊ ဘယ့်နှယ် ပြောလိုက်တာပါလိမ့်။ ဒီလိုမျိုး





တော့ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ။ အခုလိုမျိုး လျှောက်လုပ်နေရင် မိဘဆွေမျိုးဂုဏ်ကို ထိခိုက်ပြီး၊ ဘယ့်လောက် လူပြောစရာဖြစ်တယ်ထင်သလဲ'

ဒေါ်ပပဝင်းက အမောင်းနှင်လား၊ ငါလား ပြောလာပြီဖြစ်သဖြင့် စဝ်ရန်နိုင်သည် အသာငြိမ်၍ နားထောင်နေလိုက်ရတော့၏။ ဒေါ်ပပဝင်းကသာ ဆက်၍ပြောနေ၏။

'ခုလိုပုံစံမျိုး သူလျှောက်လုပ်နေတာကို လူသိ နတ်ကြားဟိုးဟိုးကျော်သွားမှဖြင့် ဆွေစဉ်မျိုးဆက်တစ်လျှောက်လုံး အရှက်တကွဲ အကျိုးနည်းဖြစ်ကုန်မှာ သေချာပေါက်ပဲ'

စဝ်ရန်နိုင် ဘာမျှမပြောတော့သကဲ့သို့၊ ခေါင်းကိုသာ ကုတ်၍ နေလိုက်ရတော့၏။ ဒေါ်ပပဝင်းကသာ ထပ်၍ ပြောလိုက်၏။

'သူ့အမေ ရှားရှားဟာ၊ ငယ်ငယ်တုန်းက ပဲခူးတစ်မြို့လုံးမှာ စတားပဲ။ ပြည်ထောင်စုမယ် ရှားရှားဆိုတာ မင်းလဲ ကြားဘူးရင်း ကြားဘူးမှာပေါ့။ အဲ သူ့အဖေက ပဲခူးမြို့ပေါ်မှာ ဂုဏ်သရေရှိ၊ လူလုပ်နေတဲ့ 'စက်ရှင်တရားသူကြီး' ကွဲ့။ လူတစ်ကာရဲ့ လေးစားကြည်ညိုခံနေရတဲ့ မြို့မျက်နှာလူကြီး တစ်ယောက် ဆိုပါတော့ကွယ်'

စဝ်ရန်နိုင်က ဘာမှ ဝင်မပြောတော့ပဲ၊ ငြိမ်သက်စွာပင်

နားထောင်နေလိုက်၏။ ဒေါ်ပပဝင်းကသာ ထပ်ပြောလိုက်ပြန်သည်။

'ပိုပြီးဆိုးတာက ဒိုင်းဒိုင်းရဲ့အဖေကိုယ်တိုင်က ဒီညကပွဲအဆိုတော် ဆိုတာတွေကို သိပ်ကြိုက်လှတာမဟုတ်ဘူး။ ဒီအလုပ်မျိုးကို တစ်သက်လုံး အထင်အမြင်သေးပြီး နှိမ့်နှိမ့်ချချ ပြောလာခဲ့တာ။ ဒိုင်းဒိုင်းအကြောင်းကိုသာ အခုသိသွားစမ်း၊ သူ့ခမြာ ရင်ကွဲရှာတော့မယ်။ ယမ်းပုံမီးကျတဲ့အတိုင်း ဒေါသူ ပုန်ထတော့မှာလဲ သေချာတယ်။ ဘာမှ သွေးသေားမတော်စပ်တဲ့ မမဝင်းကိုယ်တိုင်တောင်၊ ကြားကဝင်ပြီး ဒိုင်းဒိုင်းကို ပေါင် (၂)ချောင်း ဆွဲဖြဲပစချင်နေတာ လက်ကိုယားနေတာပဲ'

'နေပါဦး မမဝင်းရဲ့။ ဒိုင်းဒိုင်း ဒီလိုမျိုးလုပ်ကိုင်နေတာကို သူ့အမေ ဒေါ်ရှားရှားက သိနေတယ် မဟုတ်လား'

'သူ့အမေသိနေပေမယ့်၊ ဟိုအဖိုးကြီးကတော့ မသိရှာသေးဘူးလေ။ အဖိုးကြီးသာသိသွားရင် မိုးကိုတက်ပြီး မီးရှို့သလိုဖြစ်ကုန်မှာပေါ့။ ဒါ့ကြောင့် ရှားရှားခမြာ သမီးအကြောင်း သူ့ယောကျ်ားကြီး နားပေါက်သွားမှာကို အသည်းတထိတ်ထိတ်ဖြစ်နေရှာတယ်။ အခုဆိုရင် သူ့ခမြာ မစားနိုင်၊ မအိပ်နိုင်ဖြစ်နေရှာတယ်ကွဲ့'

'အင်း၊ တော်တော်လဲ ကြပ်ပါလား'





'ကြပ်မနေနဲ့။ ဒီကိစ္စဟာ ရှင်းလိုက်ရင် ချော်ချော်ကလေးပါ'

'အဖိုးကြီးမသိအောင် ဘယ်လို ရှင်းမလဲ'

'ခက်ပါဘိ။ ဒီကိစ္စကို မင်းနဲ့ လာတိုင်ပင်နေတဲ့ ဥစ္စာပဲ။ မဖြစ်စေချင်တာကတော့၊ ဒိုင်းဒိုင်းကိစ္စ သူ့အဖေကြီး သိမသွားအောင် တတ်နိုင်တဲ့နည်းနဲ့ ဖုံးဖုံးဖိဖိ ကာကွယ်ပေးဘို့ ပါပဲလေ'

'ကျွန်တော် တစ်ခု ကြားဖြတ်မေးပါရစေ'

'ဘာလဲ . .၊ မေးပါ'

'ဒေါ်ရှားရှားက သူ့သမီး ညကပွဲအဆိုတော် ဝင်လုပ်နေတာကို ဘယ်လိုနည်းနဲ့ သိသွားတာလဲ။ ဒိုင်းဒိုင်းကနေပြီး ဒိန်းဒိန်းအဖြစ်နဲ့ နာမည်ကျော်ကြားလာလို့လား။ သူဆိုတဲ့ သီချင်းခွေတွေ ထွက်လာလို့လား။ ကောင်မလေးဟာ တော်တော်လေး ပေါက်နေပြီထင်တယ်'

'ရှားရှားသိသွားပုံက ဒီလိုကွဲ့'ဟူ၍ အစချီ၍ ဒေါ်ပပဝင်းက ပြောပြလေ၏။ သူ့ယောကျ်ားကြီးမရှိခိုက်တွင် စာတိုက်မှ စာတစ်စောင် ရောက်လာ၏။ အရှက်ကင်းမဲ့စွာသော ဒိုင်းဒိုင်း၏ ဓါတ်ပုံတစ်ပုံလည်း ထိုစာနှင့်အတူ ပါလာသည်ဆို၏။

'အင့် . .၊ ဒီစာနဲ့ ဒီဓါတ်ပုံပဲ။ မင်း ကြည့်ကြည့်စမ်းပါဦး'

ဒေါ်ပပဝင်းထုတ်ပေးသောစာနှင့် ဓါတ်ပုံကို ယူလိုက်ရ၏။ စာကို ရှေးဦးစွာဖတ်ကြည့်ပြီးမှ ဒိုင်းဒိုင်း၏ဓါတ်ပုံကို နောက်မှ ကြည့်၏။ ပီပြင်သဲကွဲစွာရိုက်ကူးထားသော ဒီဂျစ်တယ် ဓါတ်ပုံ။

ဖွံ့ဖွံ့ထွားထွား တင်ပါးလေးမှာသာ တင်ထားသော 'ဘီကီနီ'ဘောင်းဘီ တိုတိုနံ့နံ့လေးနှင့်ဖြစ်၏။ ထိုဘောင်းဘီကလေးမှာ ကော်နှင့်ကပ်ထားဘိသကဲ့သို့ တင်းပြောင်လျှက်ရှိ၏။ သားနှင့်အမိ၊ မောင်နှင့်နှမ အတူတကွ ထိုင်၍ကြည့်လျှင်သော်မှ လုံးဝမသင့်လျှော်သော ဓါတ်ပုံအမျိုးအစား။

ဥရောပနိုင်ငံအချို့မှ ဟိုက်ကလေမလေးတွေ အချိုးမျိုးရိုက်ထားသော ဓါတ်ပုံမျိုးဖြစ်လေသည်။ ဓါတ်ပုံဆရာက သူလိုချင်သောအရာကို အထူးဦးစားပေးထားသဖြင့် အတော်ကြည့်မကောင်းဖြစ်နေလေသည်။ ဒီဂျစ်တယ် ဓါတ်ပုံဖြစ်သောကြောင့် အလွန်ပီပြင်လှ၏။

ဒိုင်းဒိုင်းသည် တော်တော်လှသော ကောင်မလေးတစ်ယောက်ဖြစ်ကြောင်း၊ စဝ်ရန်နိုင် သတိထားလိုက်မိသည်။ ကော့ကော့ရော့ရော့ကလေး၊ ကြော့ကြော့မော့မော့ကလေး၊ ကလီယိုပတ်ထရာ လက်သစ်ကလေးဟုပင် ဆိုနိုင်လောက်သည်။ ထို့ကြောင့်လည်း အချိန်တိုအတွင်း အောင်မြင်ကျော်ကြား





လာနိုင်သည်ဟု စဝ်ရန်နိုင် ကောက်ချက်ပြုမိလေသည်။

ရေးထားသော စာမှာ လက်ရေးစာမဟုတ်။ အိုလံပီယာလက်နှိပ်စက် စာလုံးသေးသေးဖြင့် ရိုက်ထား၏။ စာမှာ ရှည်ရှည်ဝေးဝေး ရေးမထားပါ၊ အံ့ဩသစရာကောင်းလောက်အောင် တစ်ကြောင်းဆို တစ်ကြောင်းတည်း . . .။

'အဘိုးကြီးကို ဒီဓါတ်ပုံ ပြလိုက်ရမလား။ ဟဲ . . ဟဲ . . . ဟဲ'

ဒါပါပဲ . . .၊ စာက တိုတိုကလေး ဤမျှသာဖြစ်၏။ စာထဲတွင် ဘာနာမည်မှ မပါ။ ဘာလက်မှတ်မျှ ထိုး၍ မထားပေ။ တစ်စုံတစ်ယောက်က ရည်ရွယ်ချက် တစ်ခုခုရှိနေ၍ ခြိမ်းခြောက်လိုက်ခြင်း ဖြစ်ကြောင်း၊ စဝ်ရန်နိုင် ကောင်းစွာ ရိပ်မိလိုက်၏။

'မမဝင်းအနေနဲ့ ဒီစာကို တစ်ယောက်ယောက်က မလိုမုန်းတီးတဲ့သဘောနဲ့ ရေးလိုက်တယ် ထင်သလား။ ဒါမှမဟုတ် ကြားလူတစ်ယောက်ယောက်က ဒိုင်းဒိုင်းရဲ့အဖြစ်မှန်ကို သိပါစေတော့သဘောနဲ့ အကြောင်းကြားလိုက်တယ် ထင်မလား'

'မမဝင်းကို မေးနေတာလား . .'

'ဟုတ်ပါတယ်'

'မမဝင်းအနေနဲ့ကတော့ ဘယ်လိုမှ ထင်မြင်ချက်

မပေးတတ်ပါဘူး။ နှစ်မျိုးစလုံး ဖြစ်နိုင်တယ် ပြောရမလားပဲ'

'အင်း၊ တွေးရတာ တော်တော်ကြပ်သားပဲ'

'ဟုတ်တယ်ကွဲ့။ အခုကိစ္စဟာ ကောင်းမလေး သဘော အတိုင်း ဖြစ်ချင်မှဖြစ်မှာ။ တစ်ယောက်ယောက်က အဓမ္မနည်းနဲ့ ခြိမ်းခြောက်ခိုင်းနေလို့ လုပ်နေရတာလား။ စောစောကစာနဲ့ ဓါတ်ပုံအရ ဒီလို တွေးစရာဖြစ် မနေဘူးလား'

'ဒိုင်းဒိုင်းအဖေဟာ တရားသူကြီးဆိုတော့၊ သူ့ကို မုန်းတဲ့ လူတစ်ယောက်ယောက် ရှိနေပုံရတယ်။ ဒီလူက ငွေညှစ်ချင်လို့ ပစ်စာပို့လိုက်တာလားမှ မသိတာ။ ဒီလိုလဲ တွေးစရာရှိတယ် နော်'

'အခုလောက်ဆိုရင် မမဝင်း ရောက်လာတဲ့ကိစ္စ ရုပ်လုံး ပေါ်လောက်ပြီ ထင်ပါရဲ့နော်'

'ကျွန်တော့်ကို ပြတ်ပြတ်သားသား ပြောပေတော့။ ဒီပုံ အတိုင်းဆိုရင် ကျွန်တော်က ဘာလုပ်ပေးရမှာလဲ'

'ပစ်စာနဲ့ဓါတ်ပုံ ပို့လိုက်တဲ့လူက သဘောရိုးနဲ့လား။ ပျက်စီးရာပျက်စီးကြောင်း ကြံတာလားဆိုတာ စုံစမ်းပေဖို့ပေါ့'

'ဟား၊ ဒီကိစ္စက လူသတ်မှုတစ်ခု လိုက်ရတာထက်၊ နက်နဲသိမ်မွေ့နေပါလား။ တစ်ခါတစ်ရံမှာ အပ်ကလေးတစ် ချောင်း ပျောက်သွားတာဟာ၊ စိန်လက်စွပ်ကြီးတစ်ကွင်း





ပျောက်သွားတာထက် အရှာရ ခက်နေတတ်ပါတယ်'

'အို၊ မမဝင်းကို ဘာမှ ပြောမနေနဲ့တော့။ မမဝင်း အမှုကို လက်ခံမယ် မဟုတ်လား။ မမဝင်း ဘယ့်လောက်ချီးမြှင့်ရမလဲ။ ထုံးစံအတိုင်း ပြောသာပြော . .။ ဘာမှ အားနာနေစရာ မလိုဘူး။ မင်း ခုနက ဥပမာပေးလိုက်တဲ့အတိုင်း၊ မမဝင်း ခုလာတဲ့ကိစ္စဟာ အပ်ကလေးတစ်ချောင်း ပျောက်သွားတာမျိုးလဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် စိန်လက်စွပ်ကြီး ပျောက်သွားတာထက် တန်ရာ တန်ဖိုးကြီးမားနေတယ်ဆိုရင်လဲ မမဝင်း ဘက်က ပေးဖို့အဆင် သင့်ပဲ'

'ဟုတ်ကဲ့၊ ကျွန်တော် ပြောမယ်နော် . .'

'ပြောသာ ပြောပါကွဲ့'

'ငွေ တစ်သိန်းပေးပါ . .'

'ရပါတယ် ရပါတယ်။ ပေးရမှာပေါ့ . .'

ဤကဲ့သို့ပြောကာ ဒေါ်ပပဝင်းသည် သူမ၏ စလင်းဘတ်အိတ်ကြီးထဲမှ ငွေစက္ကူတစ်ထပ်ကို စားပွဲပေါ်သို့ ချလိုက်၏။

'သေသေချာချာ ရေကြည့်ပါဦး'

'မရေတော့ပါဘူး။ ရပါတယ် . .၊ ဟဲ . . ဟဲ . . ဟဲ'

'အော် . . မမဝင်းရဲ့ လိပ်စာကဒ်ပြားလေးပေးဖို့ မေ့နေ

လိုက်တာ။ ခုမှ ပိုက်ဆံနိုင်ရင်း ကဒ်ပြားလေးပါလာလို့ သတိရ လာတာပဲ။ အင့် . . ယူထားလိုက်ပါဦး'

'ဒေါ်ပပဝင်း . .'

ကောက်ပဲသီးနှံ၊ ရုံးအုပ်စာရေးမကြီး . .။

ပဲခူးမြို့ . .။

လုပသော ဖောင်းကြွစာလုံးကလေးများကို တွေ့ရပေသည်။ ထို့အပြင် ဒေါ်ပပဝင်းက ယခုရန်ကုန်သို့ ခေတ္တလာစဉ်၊ သူမ ညအိပ်တည်းခိုသော ဟိုတယ်၏ နာမည်နှင့် အခန်းနံပါတ်ကိုလည်း ပြေပြခဲ့သေး၏။

လူချင်းတွေ့စက၊ ကာယကံရှင်၏နာမည်ကို ပြောပြရန် ဝန်လေးခဲ့သော်လည်း သူမပြန်သွားသောအခါ စဝ်ရန်နိုင်က ကာယကံရှင်၏ နာမည်ကို အလိုအလျောက် သိရှိပြီးဖြစ်လေတော့၏။

နာမည်က ဆန်းတော့ အဆန်းသား . .။

ဒိုင်းဒိုင်း၏မိခင် ဒေါ်ရှားရှား . .။ ပဲခူးမြို့။

× × × × × × × × × × × × × ×



## အခန်း (၄)

ဒေါ်ပပဝင်း အခန်းထဲမှ ထွက်သွားလျှင် လူတစ်ယောက် ဝင်လာပြန်၏။ စဝ်ရန်နိုင်မှာ ခေတ္တခဏ နားနေချိန်မရလိုက်ပဲ ဝင်လာသောလူနှင့် စကားတွေ ဆက်ပြောနေရပြန်တော့၏။

မိမိ၏ နာမည်မှာ 'ကိုမြဒင်'ဟူ၍ဖြစ်ကြောင်း၊ ဒေါင်ဒင်သီသီးကုမ္ပဏီမှ ဖြစ်ကြောင်း၊ ရောက်မဆိုက်ပင် ထိုသူက ပြောပြလေ၏။ သူပြောပြလိုက်သော 'ဒေါင်ဒင်' သစ်သီးကုမ္ပဏီဆိုသည်ကို စဝ်ရန်နိုင် ကြားဖူးသလိုလို ရှိလေသည်။ ကုမ္ပဏီ၏သစ်သီးကြော်ညာများကို သတင်းစာများထဲ တွင် မကြာခဏ တွေ့နေရသောကြောင့် ဖြစ်၏။

နိုင်ငံခြားတိုင်းပြည်များမှ ထွက်သော သစ်သီးမျိုးစုံကို ပြည်တွင်းသို့တင်းသွင်း၏။ ပြည်တွင်းမှ ထွက်သမျှ ရှားပါး သစ်သီးများကိုလည်း နိုင်ငံခြားသို့ တင်ပို့ပေး၏။ ဤနည်းဖြင့် 'ဒေါင်ဒင်သစ်သီးကုမ္ပဏီ'သည် အတော်ကလေး ကြီးပွားနေပုံ ရလေ၏။ ဤကား စဝ်ရန်နိုင် လုစ်ကနဲ တွေးလိုက်မိသော အတွေး . . .။

ကိုမြဒင်ကိုကြည့်ရသည်မှာ စကားခပ်များများပြော တတ်သူ ဖြစ်ပုံရ၏။ နှုတ်ခမ်းပါးလေသည်။ အရပ်အမောင်း အနေတော် ကိုယ်လုံးကိုယ်ထည် မပိန်မပါး။ အသက် (၄၀)နီး ပါး . . .။

ချောမောသန့်ပြန့်သူဟု ဆိုရမည်ဖြစ်သော်လည်း ဝတ်စားထားပုံမှာ မြန်မာဆန်ဆန် မဟုတ်ပဲ၊ နက်ပြာရောင် အမေရိကန် ဘောင်းဘီရှည်နှင့် ဆွတ်ဆွတ်ဖြူသော သိုးမွေး ပျော့ ရှပ်လက်ရှည်တို့ကို ဝတ်ဆင်ထား၏။

နိုင်ငံခြားဝတ်စုံကို သပ်သပ်ရပ်ရပ် ကျကျနန ဝတ်ဆင် ထားခြင်းမျိုး မဟုတ်ပဲ၊ အင်္ကျီလက်များမှာ ဖြစ်သလို ခေါက် တင်ထားခြင်းဖြစ်၏။ လည်ပင်းမှ လည်စီးနက်ပြာကလေးမှာ အောက်သို့ ခပ်များများ ဆွဲချထားသောကြောင့်၊ လျော့တိလျော့ရဲ နှင့် မသေမသပ်ပုံပျက်ပန်းပျက် ဖြစ်နေလေသည်။





စဝ်ရန်နိုင် မျက်လုံးများ၏ အကဲခတ်မှုသည် ကိုမြဒင် ဆိုသူ၏ ဦးခေါင်းဆီသို့ ရောက်သွားပြန်၏။ သူ၏ ခပ်ဖွာဖွာ ရှိနေသော ဆံပင်အချို့မှာ နက်သလိုလိုနှင့် ဝါကျင်ကျင် ပြောင်တောင်တောင် ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့်၊ ဆံပင်များကို ဆေးဆိုးထားမှန်း အတပ်သိလိုက်လေသည်။

အချို့သူများသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သွားများ ကျိုးလေ့ရှိကြ၏။ အချို့က ဆံပင်များ ဖြူလာတတ်ကြသည်။ ဇရာသဘော ခပ်မြန်မြန်ကျရောက်လာကြောင့် ကိုမြဒင်ခမျာ ဆံပင်ဆိုးဆေး အသုံးပြုနေရရှာပြီဟု စဝ်ရန်နိုင် ကောက်ချက် ချလိုက်မိလေသည်။

'ကဲ လာရင်းကိစ္စ ခပ်တိုတိုပြောပါ ကိုမြဒင်'ဟု၍ စဝ်ရန်နိုင်က သူ့ကို အကဲခတ်ပြီးသွားချိန်တွင် နှိုးဆော်ပေး လိုက်ရ၏။

'ဟိုကောင်က အစ်ကို့ကို အသေသတ်ဖို့ ကြိုးစားခဲ့ တယ်။ ဒါပေမယ့် အင်မတန် ကံကြီးပေလို့သာပေါ့။ နို့မဟုတ် ရင် သူသတ်တော့မယ့်ဆဲဆဲ လက်မတင် အချိန်ကလေးမှာ အကိုသာ နောက်ကို လှည့်မကြည့်မိရင်၊ ဘုရား . . ဘုရား'

အရေးထဲမှာ ကိုယ်တော်က ဘုရားတနေသောကြောင့်၊ နားထောင်နေရသော စဝ်ရန်နိုင်မှာ စပ်တင့်တင့်ဖြစ်သွားရလေ၏။

ပြီးမှ ကိုမြဒင်က ဆက်၍ သဲထိတ်ရင်ဖို ပြောလေသည်။

'အဲသလိုသာ နောက်ကို အမျှိမိ လှည့်မကြည့်ဖြစ်ရင် အကိုဟာ ဒီကိုရောက်အောင် လာနိုင်တော့မှာ မဟုတ်ဘူး။ အခုလောက်ဆို သေသွားပြီပေါ့လေ'

'ကဲ . . မြန်မြန် ဆက်ပြောပါ ကိုမြဒင်၊ အမှုအပ်တယ် ဆိုတာ လိုရင်တိုရှင်းကိုပြောဘို့အတွက် ဒီကိုမလာခင်ကတည်း က ကိုယ့်ခေါင်းထဲမှာ ပြောမဲ့ဥစ္စာတွေ 'စီ'ထားရတယ်။ ပတ္တ တစ်ပုဒ်ရေးသလို အကွေ့အပတ်တွေ သိပ်များနေဘို့ မလိုဘူး။ ကျွန်တော် ခုပြောတာ ဒီက နောင်ကြီး သိမှာပါလေ။ ဟဲ . . . . . ဟဲ . . ဟဲ'

'ဟုတ်ပြီ၊ အကို လိုရင်းတိုရှင်း ပြောဖို့ကြိုးစားပါမယ်။ ဘယ်စကားကို ဘယ်ကစ ပြောရမှန်းတောင် မသိပါလား'

'ခေါင်းထဲမှာ 'စီ'ပြီးသားအသင့်မရှိရင် စောစောကလိုပဲ ပြောတတ်သလို ပြောတော့ဗျာ'

'ဒီအဖြစ်မျိုးကို အစ်ကို့တစ်သက်နဲ့တစ်ကိုယ် မတွေ့ ဖူးသေးဘူး။ ကိုယ့်သေမင်းဟာ အရိပ်တစ်ခုက ထပ်ကြပ်မကွာ လိုက်နေသလိုပဲ'

'ဘယ်လို၊ သေမင်းက ခင်ဗျားနောက်ကို လိုက်နေသလို ပဲ၊ ဘယ်လို လိုက်နေလို့လဲ . . ပြောပြပါလေ . .'





'ဒီလို . . ညီရဲ့။ ဟိုကောင်က အစ်ကို့ကို သတ်ဖို့ ကြိုးစားနေတယ်'

'ဘယ်သူကလဲ . . .'

'ဒိန်းဒေါင်ပေါ့ . .'

'ဘယ်က ဒိန်းဒေါင်လဲ၊ ကာတွန်းဆရာကြီး ဦး အောင်ရှိန်ရဲ့ ဒိန်းဒေါင်လား'

'မဟုတ်ဘူး။ ဟိုကောင် ဒိန်းဒေါင်ကို ပြောတာ'

'ဘယ်က ဒိန်းဒေါင်လဲ။ ဘယ်သူလဲ . . ကျွန်တော့်ကို ပြောပြပါဦးလေ။ ခင်ဗျားဥစ္စာကလဲ ကြောက်ချိးပါတာက အရင် ဖြစ်နေတာကိုး။ ဒီမှာ ကျုပ်ပြောလိုက်မယ် . .။ ကျုပ်အခန်းထဲကို ရောက်လာပြီးတဲ့လူကို ဘယ်သူမှ ကြံစည်လို့ မရတော့ဘူး။ ခင်ဗျား ဘာမှ ကြောက်မနေနဲ့တော့ . .'

'စောစောကသာ ကြောက်တာ၊ အခု သိပ်မကြောက် တော့ပါဘူး။ ဟီး . . ဟီး'

ပါးစပ်ကသာ 'မကြောက်ဘူး' ပြောနေသော်လည်း အမူအယာက ကြောက်နေသေး၏။ ထို့ကြောင့် စဝ်ရန်နိုင်က 'ဆိုက်ကို'ထပ်သုံးလိုက်ပြန်သည်။

'ခင်ဗျား ထာဝရဘုရားသခင်ဆိုတာ သိတယ်မဟုတ် လား'

'အစ်ကိုက ခရီးယာန်တစ်ယောက်ပါ . .'

'ဒါဆိုရင် အတော်ပဲ။ ခင်ဗျား ဘုရားသခင်ရဲ့ စစ်သည်တော် နီမိုလာဆိုတာ ကြားဘူးမှာပေါ့'

'ကြားဘူးရုံ ဘယ်ကမလဲ၊ ဟဲ . . ဟဲ . . ဟဲ'

'ကျုပ်နဲ့ တွေ့ပြီးရင် စစ်သည်တော် နီမိုလာနဲ့ တွေ့သလို သာမှတ် . .။ စောစောက ခင်ဗျားပြောသလို သေမင်းကြီး ခင်ဗျားနောက်က အရိပ်တစ်ခုလို လိုက်နေပေမယ့်၊ ဘာမှ ကြောက်စရာ မလိုတော့ဘူး'

'ဒါဖြင့် ဆက်ပြောဗျာ။ ဒိန်းဒေါင်ဆိုတာ ဘယ်သူလဲ'

'ဒီနာမည်ကို ထည့်ထည့်ပြောနေရတာ၊ ပါးစပ်သန လိုက်တာကွာ'

'အခုမပြောရင် မပြီးတဲ့ဥစ္စာပဲ။ ပြောဖို့လိုအပ်နေပြီပဲ ဥစ္စာ။ သူ့နာမည် ထည့်ထည့်ပြောနေရလို့၊ ခင်ဗျား ပါးစပ် 'သန' သွားတယ်ထင်ရင်၊ ပြန်သဒ္ဓိတင်ပေးမယ့် ဆရာတစ်ယောက် ကျုပ် ခေါ်ပေးမယ်။ ဒါပေမယ့် သူ့ကို ငွေတစ်သောင်းလောက် တော့ ကန်တော့လိုက်မှ ဖြစ်မယ်'

'ဟား . . . မခေါ်ပါနဲ့။ မလိုပါဘူး . .။ စောစောက ပါးစပ်သနတယ်ဆိုတာ စကားပမာ ပြောလိုက်တာပါ။ ဟဲ . . . . ဟဲ . . ဟဲ'





ငွေနှင့်ပေါက်လိုက်တော့မှ အပြတ်ကြောက်သွား၏။ သည်ကိုမြဒင် တော်တော် ကပ်စေးနည်းပုံရသည်။ ဟတ် . . ဟတ် . . ဟား . . ဟား။

'ဒိန်းဒေါင်ဆိုတာ တခြားလူ မဟုတ်ဘူး။ အစ်ကိုရဲ့ အလုပ်ပါတနာ တစ်ယောက်ပဲ။ ညီလေး ကြားဘူးနေမလား တော့ မသိဘူး။ 'ဒေါင်ဒင် အင်ကိုး' ဆိုတဲ့ ကုမ္ပဏီဟာ အစ်ကို တို့နှစ်ယောက်တွဲပြီး ထောင်ထားတဲ့ကုမ္ပဏီပေါ့။ လုပ်ငန်း ကတော့ နိုင်ငံခြားသစ်သီးမျိုးစုံကို တွင်တွင်ကျယ်ကျယ် အင်ပို့ လုပ်နေတဲ့ ကုမ္ပဏီဆိုပါတော့'

'ခင်ဗျားတို့ သစ်သီးသွင်းတဲ့လုပ်ငန်း၊ တော်တော် ခရီးရောက်နေပြီပဲ။ ဘာပဲပြောပြော ဒေါင်ဒင်ကုမ္ပဏီဟာ သစ်သီးလုပ်ငန်းနဲ့ စီးပွားရေးအောင်မြင်နေသတဲ့။ စီးပွားရေး မဂ္ဂဇင်းကြီးတစ်စောင်မှာ ရေးလိုက်တာ၊ ကျုပ် ဖတ်လိုက်ရဖူး တယ် . .'

'ဟုတ်တယ် . .။ မှ ငါ့ညီ သုံးသပ်လိုက်သလို အစ်ကို တို့ ကုမ္ပဏီလုပ်ငန်းဟာ အလားအလာနဲ့ ဖြစ်ပေါ်မှုအခြေအနေ သိပ်မဆိုးလှပါဘူး'

'ဒီလို စီးပွားရေးအခြေအနေ တိုးတက်လာပါရက်သား နဲ့ ဘာ့ကြောင့် ကိုဒိန်းဒေါင်က ခင်ဗျားကို သတ်ချင်နေရတာ

လဲ။ အဲလေ . . သူ ဒီလို ကြံစည်နေတယ်ဆိုတာ ကိုမြဒင်က ဘယ်လို ရိပ်မိလာတာလဲ'

စဝ်ရန်နိုင်က မေးခွန်းထုတ်လိုက်သော်လည်း၊ ကိုမြဒင်က မကြားသကဲ့သို့ ငေးကြောင်လျက်ရှိ၏။ နောက်မှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးလျှင် ခေါင်းကိုတွင်တွင်ခါရမ်းလျက်။

'သူ အစ်ကို့ကို သတ်ဖို့ကြံစည်နေတာကတော့ သိပ်သေချာတယ်။ ဒီလိုကြံစည်နေတာ လနဲ့ချီကြာနေပြီလို့ ပြောရမယ်။ ဒီညမှာ အစ်ကို့ကို သူ အသေသတ်ဖြစ်အောင် သတ်လိမ့်မယ်လို့ အစ်ကို့စိတ်ထဲမှာ အလိုလို သိနေသလိုပဲ'

'ဟာ ကိုမြဒင်ကလဲ၊ ခင်ဗျား ခုလို အပြတ်ပြောနေလို့ ဘယ်ရမလဲ'

'ငါ့ညီ တွေးကြည့်လေ။ နေ့လည်တုန်းက သူ့အကြံ အထမမြောက်ခဲ့လေတော့၊ ဒီကနေ့ညမှာတော့ သူဟာ နောက်တစ်ကြိမ် ထပ်ကြိုးစားဦးမှာပေါ့။ ဒါဟာ သိပ်သေချာတဲ့ ကျားကွက်ပဲ . .'

'နေ့လည်တုန်းက ဘယ်လိုတွေ ဖြစ်ခဲ့လို့လဲ။ ပြောပြပါဦး . .'

'ဒိန်းဒေါင်မှာ ရန်ကုန်မြစ်ထဲမှာ စီးတဲ့ 'ပါဝါဘုတ်' လေးတစ်စင်းရှိတယ်'

'ဟုတ်ကဲ့၊ ဆက်ပြောဗျာ'

'သူနဲ့အစ်ကိုဟာ ပါဝါဘုတ်လေးကိုစီးပြီး၊ ရန်ကုန်မြစ်ထဲ ထွက်လာခဲ့ကြတယ်'

'ဘာကိစ္စ၊ မြစ်ထဲ ထွက်လာကြတာလဲ'

'ဒီလိုလေ . .။ အစ်ကိုတို့ကုမ္ပဏီက မှာတဲ့သစ်သီးတွေ စင်္ကာပူက သင်္ဘောနဲ့ရောက်လာရင်၊ မြစ်ထဲထွက်ပြီး အဲဒီလို ချက်ကင်လုပ်လေ့ရှိတယ် ဆိုပါတော့'

'အော်၊ အဲသလိုမျိုး သွားသွားကြည့်ရသေးတာကိုး'

'ဒီလိုမှ သွားကြည့်မနေရင်၊ အလုပ်သမားအချို့ဟာ နိုင်ငံခြားက ပို့လိုက်တဲ့ သစ်သီးသေတ္တာတွေကို မြစ်ထဲမှာတင် တစ်ဖက်ကလှည့်ပြီး ခိုးထုတ်သွားကြလွန်းလို့ ဂရုစိုက်ရတာ ဆိုပါတော့ . .'

'ဟုတ်ကဲ့ ဆက်ပြောပါ၊ ကိုမြဒင်'

'သွားချက်ကင်လုပ်ပြီး အပြန်ကျတော့ ဒိန်းဒေါင်က အစ်ကို့ကို တစ်ချက်လောက် စတီယာရင် ကိုင်ပေးပါလို့ ပြောတယ်။ အစ်ကိုက မင်းပဲကိုင်စမ်းပါကွာလို့ ငြင်းလိုက်တဲ့အခါ၊ သူက ငါ ဘီယာပုလင်း သွားယူမလို့ပါ။ ခဏကလေး ဆိုတာနဲ့ အစ်ကိုဟာ သူ့လက်ထဲက လက်ကိုင်ဘီးကို လွှဲယူ

လိုက်တယ်'

'ဟုတ်ပြီ . .၊ ဆက်ပြော ကိုမြဒင်'

× × × × × × × × × × × × ×



အခန်း (၅)

'အရက်စတိုခန်းထဲမှာ ဘီယာပုလင်း သွားယူတဲ့သူဟာ
တော်တော်နဲ့ ထွက်မလာဘူးလေ။ ဒီအခါ အစ်ကို့စိတ်ထဲမှာ
တစ်မျိုးကြီး မသိုးမသန့် ဖြစ်လာတယ်ဆိုပါတော့'

'မော်တော်ပေါ်မှာ တခြားလူပို မပါလာဘူးလား'

'မပါဘူး . .။ အစ်ကိုတို့ နှစ်ယောက်ထဲရယ် . .'

'ဟုတ်ကဲ့၊ ဆက်ပြောပါ . .'

'စိတ်ထဲမှာ ယားကျိကျိ ဖြစ်လာတာနဲ့၊ နောက်ကို
တတစ်ရက် လှည့်ကြည့်လိုက်မိတယ်ဆိုရင်၊ လားလား
နဲ့သားက ဒီလိုကိုး . . .'

'သူက ဘယ်လိုပုံစံ ဖြစ်နေလို့လဲ'

စဝ်ရန်နိုင်က အင်းလည်းမလုပ်၊ အဲလည်းမလုပ်တော့ပဲ သူပြောသမျှကိုသာ ဆက်လက် နားထောင်နေလိုက်ပါသည်။

'လားလား၊ သူက နှစ်တစ်လက်မ တုတ်တစ်ချောင်း ကိုင်ပြီး၊ အစ်ကို့နောက်ကျောဆီကို တဖြည်းဖြည်း မိကျောင်း တွားသွားပြီး လာနေတာလား'

'ဩ၊ သည်လိုလား . . .'

'တကယ်လို့များ အဲဒီလက်မတင် အချိန်ကလေးမှာ နောက်ကိုသာ လှည့်မကြည့်မိရင် ဘုရား . . ဘုရား၊ အခုဆို အစ်ကို့ခေါင်းဟာ ကွမ်းစားသွားပြီ၊ အစ်ကို့ခန္ဓာကိုယ်ကြီးကိုလဲ ရန်ကုန်မြစ်ထဲမှာ ငါးပူတင်း တက်မကိုင်နေလောက်ပြီ'

'အဲသလို၊ မိကျောင်းတွား တွားပြီး သူလာနေတုန်းမှာ ကိုမြဒင်က တွေ့လိုက်တော့ . .၊ ဆက်ပြောပါဦးလေ'

ကိုမြဒင်သည် ပင့်သက်ကြီးတစ်ချက် ရှိုက်သွင်းလိုက်ပြီးနောက် တံတွေးကို ဂလုကနဲနေအောင် မြိုချလိုက်ပြီးမှ . .

'သူ့မျက်လုံးတွေဟာ စားတော့ဝါးတော့မဲ့အတိုင်း ရက်စက်ကြမ်းကြုတ်နေတဲ့ အရိပ်အယောင်တွေနဲ့ ကျောစိမ့် စရာ ကောင်းလောက်အောင် စူးရှတောက်ပြောင်နေခဲ့တယ်'

'အင်း၊ နှစ်တစ်လက်မတုတ်နဲ့သာ အတွယ်ခံလိုက်ရရင်





ကိုမြဒင် ဘယ်ချောင်မလဲ။ စောစောက ပြောသလို ခေါင်း ဟက်တက်ကွဲပြီး၊ ရန်ကုန်မြစ်ထဲမှာ ပူတင်းတက်မကိုင်သွားမှာ သိပ်သေချာတာပေါ့ . .။ ဟုတ်ကဲ့ . . ဆက်ပြောပါဦး'

'သူ့လက်ထဲက တုတ်ကလဲ အင်ကြင်တို့၊ ကျွန်းသားတို့ မဟုတ်ဘူးနော်။ အလွန်လေးတဲ့ ပျဉ်းကတိုးသားပဲ'

'ဟား၊ ပျဉ်းကတိုးသား တုတ်နဲ့သာ တွေ့လိုက်ရလို့က တော့ ဘယ်လွယ်မလဲ။ ပေါ့သေးသေးမမှတ်နဲ့ ကိုမြဒင်'

'အမှန်တော့ ဒိန်းဒေါင်ဟာ လူကြောက်ပဲ။ သတ္တိရှိတာ မဟုတ်ဘူး။ သူသာသတ္တိရှိရင် အစ်ကို့ခေါင်းကို နောက်က ပြေးရိုက်ချလိုက်ရင် ပြီးတာပဲ'

'ဟုတ်တာပေါ့၊ ဒီလူ့ကိုကြည့်ရတာ နည်းနည်းသတ္တိ နည်းပုံရပါတယ်'

'ဟဲ . . ဟဲ . . ဟဲ။ အစ်ကိုက မိကျောင်းတွား တွားလာ တဲ့ သူ့မျက်လုံးတွေကို စိုက်ပြီးမျက်တောင်မခတ် တေ့တေ့ဆိုင် ဆိုင်ကြည့်နေလိုက်တယ်ဆိုရင်ပဲ၊ ဒီကောင်ဟာ သူတင်းထားတဲ့ စိတ်တွေ အရည်ပျော်ကျသွားသလား မှတ်ရတယ်'

'ဟုတ်ကဲ့ . .၊ လုပ်ပါဦး။ နောက်ကော ဘာတွေ ဆက် ဖြစ်သေးလဲ'

မြဒင်သည် ပြောရင်းပြောရင်း ခတ်ပြားဟောင်းနေရာ

ကို ပြန်ရောက်သွားမှာ စိုးရသေးသည်။ ထို့ကြောင့် စဝ်ရန်နိုင်က သူ့ကို လွှတ်ပေးမထားရဲပဲ၊ လိုလျှင် လိုသလို အပင့် အထောက် စကားဆက်ကလေးတွေ၊ မသိမသာ စီပေးနေရ၏။

တကယ့်အခန်းသို့ ရောက်လာမှ မြဒင်က ရှေ့သို့ စကားမဆက်တော့။ စဝ်ရန်နိုင်၏ မျက်နှာကိုသာ ပြုံးပြုံးကြီး စိုက်ကြည့်လျက်ရှိလေသည်။ မြဒင်ခမြာ အသက်ဘေးမှ သီသီကလေးလွတ်မြောက်လာခဲ့၏။ ဒိန်းဒေါင်၏လက်တွင်းမှ မည်သို့ လွတ်မြောက်လာရသည်ကို စဝ်ရန်နိုင်က အတော်ပင် ကြားချင်လာမိသည်။ တကယ့်အခန်းသို့ ရောက်လာမှ မြဒင်က ရှေ့မဆက်တော့။ ပြီးဆုံးအောင် ဆက်ပြောရမည့် သူ၏စကားကို တစ်ပိုင်းတန်းလန်းကြီးနှင့် ရပ်ထားဘိသကဲ့သို့ ရှိလေသည်။

ထိုအခါ စဝ်ရန်နိုင်က ဒေါ်ထလာပြီး . .

'ကိုမြဒင် . .။ ဆက်ပြောလေ။ နောက် ဘာတွေ ဆက်ဖြစ်ကြသေးလဲ . .။ ခင်ဗျားဥစ္စာကလဲ . .၊ ဆက်ပြောပါဦး'

'ပြီးသွားပြီလေ . .။ နောက် ဘာမှ ဆက်မဖြစ်တော့ပါဘူး'

'ဟာဗျာ . .၊ ခင်ဗျား ဇာတ်လမ်းကလဲ . .'

'သူ့ဖက်က သတ္တိကြောင်သလို၊ အစ်ကို့မှာလဲ ထိုးလား





ကြိတ်လား လုပ်ဖို့ သတ္တိမရှိပါဘူး။ ဒါ့ကြောင့် အေးအေးဆေးဆေးဖြစ်သွားအောင် ဦးနှောက်သုံးလိုက်ရတယ် ဆိုပါတော့'

'ဟုတ်ကဲ့၊ ပြောသာပြောပါ . .'

'သူက ဒီတုတ်ကြီး သူ့လက်ထဲပါလာတာ ဘာအကြောင်းရယ်ကြောင့်မှ မဟုတ်ဘူး။ အရက်စတိုခန်းထဲမှာ တွေ့တာနဲ့ အမှတ်တမဲ့ ယူလာမိတာပါတဲ့။ သူက ဒီလိုစလာတော့ အစ်ကိုကလဲ ချော်လဲရောင်ထိုင်လုပ်ပြီး၊ သူ့ကိုယုံကြည်စိတ်ချတဲ့ အမူအယာမျိုးနဲ့ အသာငြိမ်နေလိုက်ရတော့တာပေါ့'

'အင်း . .၊ ဟုတ်ကဲ့ . . ဟုတ်ကဲ့'

'အိမ်ရောက်တော့မှ သေသေချာချာ ပြန်တွေးကြည့်ပြီး၊ အစ်ကိုဟာ မနေတတ်မထိုင်တတ်အောင် ဂယောင်ချောက်ခြားဖြစ်လာခဲ့တယ်။ ဘာကို ဆုံးဖြတ်ရမှန်းတောင် တွေးလို့မရတော့ဘူး။ နောက်ဆုံး ကြံရာမရတာနဲ့၊ အခုလို ညီလေးဆီ ရောက်လာခဲ့တယ်ဆိုပါတော့'

'ကောင်းပြီလေ၊ ကျွန်တော်က ကိုမြဒင်ကို ဘာလုပ်ပေးရမှာလဲ'

'ဟိုကောင် ဒိန်းဒေါင်ကို ဒီတစ်ည မျက်ခြေမပြတ်စောင့်ကြည့်ပေးပါလို့ . .။ သူ့ကို နည်းနည်းလေးမှ အလွတ်မပေးပါနဲ့၊ အစ်ကို့အသက်ဟာ ညီလေးလက်ထဲမှာ ရှိနေပြီလို့

ယူဆပါတယ်။ သူဟာ ဒီညမှာ အစ်ကို့ကို သတ်ဖို့ကြိုးစားဦးမှာ သိပ်သေချာနေလို့ပါ . .'

'ဟင်း၊ ခင်ဗျားတို့ဟာကလဲ . .။ နေပါဦးဗျာ၊ ဟိုလူ 'ဒိန်းဒေါင်က ခင်ဗျားအပေါ်မှာ ဘာဖြစ်လို့ ဒီလောက်တောင် အငြိုးကြီးနေရတာလဲ'

'သူ့မယားလိုချင်ရင်၊ သူ့လင် လုံ့နဲ့ထိုးဆိုတာ မကြားဘူးလား။ မြတ်စွာဘုရား လက်ထက်တော်တုန်းက ကောသလ မင်းကြီးတောင်၊ ဒီလိုပုံစံမျိုး လုပ်ခဲ့ဘူးသေးတာပဲ။ ကြားဖူးတယ် မဟုတ်လား'

သူကတောင် ကိုယ့်ကိုပြန်၍မေးလား၊ ဖမ်းလား လုပ်နေလိုက်သေး၏။ စဝ်ရန်နိုင်က ဒီကိုမြဒင်ကို တော်တော်ကိုသာပဲ သဘောကျသွားပါသည်။

'ပြည့်ပြည့်စုံစုံ ဆက်ပြောပါဦးလေ . .'

'တစ်ရံရောအခါက ဆိုပါတော့ . . .'

'တစ်ရံရောအခါ . .'ဆိုသောကြောင့် စဝ်ရန်နိုင် မျက်ခုံး လှုပ်သွား၏။ အချီကြီး အစချီလာသောကြောင့် တော်တော် စကားကြော ရှည်တော့မည်ဟု နားလည်လိုက်မိပေ၏။

'တစ်ရံရောအခါက . . . .'

အရေးထဲ အပ်ကြောင်းက ထပ်နေပြန်၏။ စဝ်ရန်နိုင်





မသိမသာ ကျွဲမြီးတိုလာပြီးလျှင် . . ။

'မထူးတော့ပါဘူးဗျာ၊ တရံရောအခါက နီလာဆိုပြီး၊ ဆက်လိုက်ပါတော့။ ဟဲ . . ဟဲ . . ဟဲ'

'ဟိုက်၊ ညီလေးက နီလာကို သိနေသလား'

'ကျုပ်က ခင်ဗျား နီလာကို ဘာကိစ္စသိရမှာလဲ။ တရံ ရောအခါဆိုတော့ နောက်ကို ဆက်လိုက်ရင် 'နီလာ'ဖြစ်သွား တာပေါ့။ တရံရောအခါက နီလာဆိုတာ နိုင်ငံကျော်စာရေး ဆရာကြီး အောင်လင်းရဲ့ဝတ္ထုတစ်ပုဒ် ခေါင်းစီးပဲ။ ကျုပ် ခပ်ငယ်ငယ်တုန်းက ဖတ်ဖူးတယ်'

'ဒီလိုဆိုရင်၊ တိုက်ဆိုင်သွားလို့ပေါ့နော်။ ဝတ္ထုထဲက 'နီလာ'က ဘာဖြစ်သွားတယ် မသိဘူး။ အခု အစ်ကိုပြောမယ့် နီလာကတော့ သူယောနန္ဒီ မိဖုရားကြီး နီလာဖြစ်သွားတယ်'

'ဟုတ်လား၊ ရှင်းပြပါဦးလေ . .'

'တက္ကသိုလ်တုန်းက ဆိုပါတော့လေ . .။ နီလာဆိုတဲ့ ကျောင်းသူလေးတစ်ယောက်ကို ဒိန်းဒေါင်ရယ် မြဒင်ရယ်ဆိုတဲ့ သူငယ်ချင်းနှစ်ယောက် ဝိုင်းကြိုက်မိကြတယ်။ နီလာက မြဒင်ကို လင်းသားတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပြီး လက်ထပ်ခဲ့ တယ်'

'ဟုတ်ကဲ့၊ ဆက်ပြောပါ'

'အဲသလို 'အချစ်စစ်ပွဲ'မှာ အရေးနိမ့်သွားတဲ့ ဒိန်းဒေါင်ဟာ အစ်ကို့ကို ကျေနပ်သယောင်ယောင်နဲ့ ဟန်ဆောင်ပြီး ဆက်လက် လက်တွဲခဲ့တယ်။ ဒါပေမယ့် သူ့ရင်ထဲမှာတော့၊ အစ်ကို့အပေါ်မှာ ဒေါသလောင်မီးကျပြီး အမုန်းကြီးမုန်းနေခဲ့ မှန်း၊ နောက်မှ သိလာခဲ့တယ်'

ပြောရင်းပြောရင်းက ကိုမြဒင်၏အသံမှာ တင်းမာလာခဲ့၏။

'ပထမတော့ သူတို့အပေါ် ဘာမှသံသယ မဖြစ်မိဘူး။ ဒါပေမယ့်၊ အခုပြောမယ့် ပြဿနာစပေါ်လာတာ၊ တစ်နှစ်လောက်ရှိပြီလို့ အစ်ကို့မျက်စိကွယ်ရာကျရင်၊ နီလာ့ကို လက်ဆောင်တွေဘာတွေ ဝယ်ပေးပြီး။ ဟိုကြာကူလီဒိန်းဒေါင်က အမြဲတမ်း ကပ်ညှိနေခဲ့တာ'

ကိုမြဒင်သည် ပြောရင်း ပြောရင်း ဒေါသထွက်လာပုံရ၏။ 'ချုံထဲမှ လက်သီးပြ'ဆိုဘိသကဲ့သို့၊ ဒိန်းဒေါင်ကို ကြိမ်းဝါးလိုက်ပြီးမှ စကားဆက်ပြောလေ၏။

'နှဲ့ဖန်များတော့ နဲ့လာတယ်ဆိုသလိုပေါ့။ နီလာရဲ့ အမူအယာတွေဟာ အစ်ကို့အပေါ် အရင်ကလို မဟုတ်တော့ဘူး။ အေးတိအေးစက် ဖယ်တယ်ဖယ်တယ် လုပ်လာတာကို အစ်ကို လဲ အကဲခတ်မိလာတာပေါ့။ ဟင်း၊ သူတို့က လူကိုများ ကမ္ဘာ့





ငတုံးကြီး အောက်မေ့နေသလား မသိဘူး။ ထွီ . . .'

ကိုမြဒင်သည် ပြောပြနေရင်း ထပ်၍ ဒေါသထွက်လာသကဲ့သို့ရှိလေရာ၊ စဝ်ရန်နိုင်က ကျင်လည်ပါးနပ်စွာ စကားလမ်းကြောင်း လွှဲပေးလိုက်ရလေသည်။

'ကိုမြဒင်တို့ကြားမှာ ပေါ်လာရမယ့် မုန်းတီးမှု ပြဿနာဟာ မိန်းမသားတစ်ယောက် အပေါ်မှာသာ အခြေခံတာမျိုးမဖြစ်နိုင်ဘူး။ အခြား စီးပွားရေးပြဿနာ၊ လူမှုရေးပြဿနာတွေရော မရှိနိုင် ပေဘူးလား။ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပါဦးလေ'

× × × × × × × × × × × × ×

## အခန်း (၆)

'အမှန်ကို ဝန်ခံရရင်၊ ဒီပြဿနာဝင်လာရတာ စီးပွားရေးထဲမှာပဲ အာရုံစိုက်နေမိတဲ့ အစ်ကို့အပြစ်ပဲ ညီလေးရဲ့။ ဒီအချက်ကို ခုမှပဲ သဘောပေါက်လာမိတယ်'

'ဟုတ်ကဲ့၊ ဆက်သာပြောပါ'

စဝ်ရန်နိုင်က စကားပြောပြတ်ပြတ်သွားလေ့ရှိသော ကိုမြဒင်ကို သေးကနေပြီးလျှင် 'ဘက်ထရီချာချင်'သွင်းသလို လုပ်ပေးနေရ၏။ ဤသို့ချာချင်သွင်းမပေးလျှင် ဘယ်စကား ဘယ်ရောက်သွားမှန်းမသိတော့ပဲ၊ ကြုံရာက အစကောက်၍ ပြောမည်စိုးသောကြောင့် ဖြစ်လာလေ၏။





'သူနဲ့အစ်ကို 'ဒေါင်ဒင်ကုမ္ပဏီ' စထောင်တုန်းက သူ့မှာ မန္တလေးက ကိုယ်စားလှယ် တစ်ယောက်ပဲ ရှိသေးတယ်။ နောက်မှ အစ်ကိုနဲ့ လက်တွဲအလုပ်လုပ်ရင်း၊ အရောင်းအဝယ် လည်ပတ်လာတာပဲ။ အဲ တစ်ခုတော့ရှိတယ် . .။ ဒီကောင်က မန္တလေးသားပီပီ သိပ်တော့ မခေလှဘူး။ အပေါင်းအသင်း ကလေးဝင်ဆန့်တယ်လို့ ပြောရမလားပဲ'

ကိုမြဒင်က စကားရပ်လိုက်ပြန်၏။ စဝ်ရန်နိုင်က ချာချင့် သွင်းပေးလိုက်ရပြန်၏။ ထိုအခါမှ သူက ဆက်၍ ပြောပြန်လေ၏။

'မန္တလေးတစ်ဝိုက်မှာ တော်တော်လူသိများလာတဲ့သူ့ကို ကြော်ငြာဖက်ဆိုင်ရာ တာဝန်ခံလုပ်ခိုင်းပြီး၊ အစ်ကိုကတော့ ကုမ္ပဏီအုပ်ချုပ်ရေးကိစ္စတွေကို ဦးစီးလုပ်ကိုင်တယ် ဆိုပါတော့'

'အလုပ်တာဝန် ခွဲထားလိုက်တာ ဆိုပါတော့။ ဟုတ်တယ်လေ၊ ရေရှည်သွားရမှာဆိုတော့ ဒီလို သူ့တာဝန် ကိုယ့်တာဝန် ခွဲထားလိုက်တာ ကောင်းပါတယ်။

'ဒီလိုနဲ့ နှစ်ယောက်အတူ ဖိကြိုးစားလိုက်တာ၊ မဖြစ်စလောက်ငွေအရင်းအနှီးကနေပြီး။ လုပ်ငန်းဟာ တိုးတက်ကြီးပွားလာခဲ့တယ်ဆိုပါတော့။ လုပ်ငန်း တိုးတက်လဲလာရော။ ငနဲသားက အချိုးပြောင်းသွားတယ် . .'

'ဘယ်လို အချိုးပြောင်းသွားတာလဲ . . .'

'အရင်ကလို မကြိုးစားတော့ဘူး။ အလဲဖြိုလေးလွှင့်ပြီး ရေသာခို အချောင်လိုက်နေတော့တာပေါ့။ ကုမ္ပဏီလုပ်ငန်းတွေ အားလုံး အစ်ကိုတစ်ယောက်ထဲ ကြုံးရုန်းပြီးလုပ်ခဲ့ရတာ၊ တစ်နှစ်လောက်ကြာခဲ့ပြီကွ။ ဒိန်းဒေါင် လုပ်ပုံ ပြောပါတယ်'

'ဟုတ်ကဲ့၊ ဆက်ပြော ကိုမြဒင်'

'သူက အလုပ်ကြိုးစားမှုဖက်မှာ လျှော့လိုက်ပြီး၊ အားအားရှိတိုင်း ဟိုကောင်မနီလာကို သွားတွေ့ပြီး ညှုညှုနေတာ၊ ကြာလာတော့၊ အစ်ကို ရိပ်မိလာတာပေါ့။ ဟင်း . . ဟင်း'

စစ်ရှုံးသော ဒဿဂီရိရယ်သံမျိုး ကြားလိုက်ရပြန်သောကြောင့်၊ စဝ်ရန်နိုင်က ဆရာသမားကို ချာချင်းသွင်းပေးလိုက်ရပြန်၏။ ထိုအခါမှ သူ့စကားစဉ်များက ဖြောင့်တန်းချောမွေ့မှုရှိစွာ ပေါ်ထွက်လာခဲ့လေသည်။

'အခု ဟိုကောင်မ နီလာဟာ၊ အိမ်ကထွက်သွားပြီလေ။ မန္တလေးက သူ့မိဘတွေဆီ သွားနေတယ်'

'ဒါဖြင့်၊ ဟိုလူ ဒိန်းဒေါင်ကရော . .'

'သူက . . ကျုပ်ကို မန္တလေးက ကုန်သည်တွေဆီမှာ အကြွေးသွားတောင်းဦးမယ် အကြောင်းပြပြီး၊ မန္တလေးကို လိုက်သွားဖို့ ပြင်ဆင်နေတယ်လေ'





'ခင်ဗျားတို့ဟာကလဲ၊ ကုမ္ပဏီလုပ်ငန်း တိုးတက်မယ် မကြံသေးဘူး။ တစ်ယောက်နဲ့တစ်ယောက် စတင်ခွာပြဲနေကြပြီ။ ဒီမှာ ကိုမြဒင်၊ အဲဒီလို ညီညွတ်ရေးပြိုကွဲပြီဆိုရင်၊ ဘယ်အရာမှ ကြာကြာမခံတော့ဘူးဗျာ။ ဘယ်လောက်ကြီးကျယ်တဲ့ အုတ်နံ့ရံကြီးပဲ ဖြစ်စေကာမူ။ လဲပြိုကျသွားမှာ သေချာနေတယ်ဗျနော်'

'ညီလေး အခု ပြောလိုက်တာ၊ အစ်ကို သဘောပေါက်တယ်။ ဒါပေမယ့် အစ်ကိုတို့ (၂)ယောက်ရဲ့ ညီညွတ်ရေးကတော့ ဘယ်လိုမှ ပြန်လည်တည်ဆောက်လို့ ရမယ်မထင်တော့ဘူး။ ဒိန်းဒေါင်ဟာ နီလာမှနီလာ၊ အရူးအမဲသား ကြွေးထားသလိုဖြစ်နေတယ်။ စီးပွားရေးကဏ္ဍတွေကို လုံးဝစိတ်မဝင်စားတော့ဘူး။ သစ်သီးကုမ္ပဏီကို လုမ်းလုမ်းမျက်စောင်းထိုးကြည့်နေတဲ့ ကုလားသူဌေးလက်ထဲ ရောင်းချပစ်လိုက်ဖို့ အဟင်းပြောပြီး။ အစ်ကို့ကို တော်တော် ဒုက္ခပေးနေတယ်လေ'

'ကုမ္ပဏီ ရောင်းပစ်မယ်ဆိုတာက ဘယ်လိုသဘောလဲ'

'ရှင်းအောင်ပြောရမယ်ဆိုရင် ဒီလို . .။ အခု အစ်ကိုတို့လက်ထဲမှာ ဒီကနေ့ကစပြီး လာမယ့်(၁၀)ရက်အကြာမှာ တားဂက်ဒိတ်ကုန်ဆုံးမယ့် အော်ဖာတစ်ခုရှိနေတယ်။ ဒီအော်ဖာ ကုန်ဆုံးမယ့်ရက်ဟာ ဟိုကောင်မနောက်ကို လိုက်တွေ့ပြီး

ဒိန်းဒေါင် ပြန်မလာခင်အချိန် ဖြစ်နေတယ်။ ဒါ့ကြောင့် အစ်ကို ပြောပြောနေတာပေါ့။ နက်ဖြန် သူ ခရီးမထွက်ခင်၊ ဒီကနေ့ ညမှာပဲ သူ . . သူဟာ အစ်ကို့ကို အသေသတ်လိမ့်မယ်'

'သူက ကိုမြဒင်ကို အသေသတ်ပြီး၊ ကုမ္ပဏီကို သူ့သဘောကျ ချယ်လှယ်မလို့လားမှ မသိတာ'

'ဒီငနဲ ဟိုကောင်မနဲ့ပေါင်းပြီး ဒီခြေလှမ်း လှမ်းလာတာကို အစ်ကိုက သိသိကြီးနဲ့ ငြိမ်ခံနေရမှာလား။ ပြောပါဦး စဝ်ရန်နိုင်ရဲ့ . .၊ ဟီး . . ဟီး။ ဒင်းတို့နှစ်ယောက်တော့လား မြဒင်နဲ့ တွေ့ကို တွေ့ရမယ်။ ငါလဲ မန္တလေးကို လိုက်သွားပြီး၊ နှစ်ယောက်စလုံးကို အပြတ်ရှင်းပစ်မယ်။ နေကြဦးပေါ့ကွာ။ ဟီး . . ဟီး . . ဟီး'

'ပေါက်ကရလေးဆယ်တွေဗျာ။ လျှောက်ပြောမနေစမ်းပါနဲ့။ အသံကြောင့် ဖားသေဆိုတာ ကြားဖူးတယ် မဟုတ်လား။ သူတို့နှစ်ယောက်စလုံးကို အပြတ်မရှင်းရဲလို့၊ ကိုမြဒင်တောင် ကျွန်တော့်ကို လာအကူအညီတောင်းနေရပြီ မဟုတ်လား။ နေစမ်းပါဦး၊ ဟို(အော်ဖာ)ကိစ္စ ဆက်စမ်းပါဦး . .။ ကျွန်တော် စိတ်ဝင်စားလာမိလို့ပါ'

'ဟို ကုမ္ပဏီကို လွှဲယူချင်တဲ့ ကုလားသူဌေးက၊ သူ့အပေါ်မှာ ငွေသိန်း (၁၀၀)လောက် ရစရာရှိနေတယ်။ သူက





ကုမ္ပဏီကို အောက်ဈေးနဲ့ အတင်းထိုးရောင်းပစ်ပြီး၊ ဟိုကောင်မ နီလာကို သုတ်ပြေးမယ့် သဘောရှိနေတယ်'

'ဒိန်းဒေါင်ဟာ သူ့အခွင့်အရေးရှိသလောက် ကုမ္ပဏီ ထက်ဝက်တန်ဖိုးသာ ရောင်းချနိုင်ခွင့်ရှိတယ် မဟုတ်လား'

'ဟာ . . ဒီလိုမဟုတ်ဘူး။ ကုလားသူဌေးရဲ့ အော်ဖာက လုပ်ငန်းတစ်စိတ်တစ်ဒေသအတွက် မဟုတ်ဘူး။ အားလုံး လိုချင်တာ ဟိုကုလားနဲ့ပေါင်းပြီး အစ်ကို့ကို ကုလား ဖန်ထိုးနေတာ ကြာလှပြီ'

ကိုမြဒင်သည် လက်သီးလက်မောင်း တန်းလာပြန်၏။ သို့သော် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်သည်။

'ဒီပြင် ဒိန်းဒေါင်မှာ မက်လုံးနှစ်ခုတောင် ရှိနေသေးတယ်'

'ဘာ မက်လုံးတွေလဲ။ ကိုမြဒင် ပြောပြမှ ကျွန်တော် သိရမှာပါလေ . .'

'အစ်ကိုရော သူရော၊ နှစ်ယောက်စလုံး အသက်အာမခံ လုပ်ထားတယ်။ အစ်ကိုမရှိတော့ရင်၊ ဟိုမိန်းမယုတ် နီလာက ရှိသမျှစည်းစိမ်ဥစ္စာကို ခံစားခွင့်ရှိနေတော့၊ ဒီကောင်ဟာ အစ်ကို့ကိုသတ်ပြီး၊ ဟိုကောင့်မနဲ့ အမြိန့်သားဇိမ်ခံနေကြမယ်ပေါ့လေ။

ဒိန်းဒေါင်မှာ ဒီလောက်ပစ်စက်တဲ့ အကြံဉာဏ်မှန်း၊ အစ်ကို အစက မသိခဲ့ဘူး . .'

'အင်း . .၊ ဒီအတိုင်းသာဆိုရင်တော့ . . လူသတ်ချင် စရာအကြောင်းက အင်မတန် ခိုင်လုံနေပြီပဲ'

'အဲဒါကြောင့်၊ အစ်ကို ဒီကို လာခဲ့ရတာပေါ့'

'ဒီလိုရှိပါတယ် ကိုမြဒင် . .။ ကျွန်တော့်ဆီကို ခုလို လာတာ နေရာလွဲနေပြီထင်တယ်ဗျာ . .'

'ဘာ ပြောတယ်'

ဒေါင်ဒင်ကုမ္ပဏီပိုင်ရှင် မြဒင်သည် မသိမသာ မျက်လုံး ပြူးသွားလေ၏။

'ကျွန်တော်က လူသတ်မှုတွေကိုမှ လိုက်လေ့ရှိပါတယ်။ အခုဥစ္စာက သေဖို့ကြောင်း ကြံစည်မှုဆိုတော့၊ ရဲဘက်ကို သွားပြောပြရင်၊ ခင်ဗျား အသက်ကို ကာကွယ်ပေးဖို့ အစောင့် နှစ်ယောက်လောက်တော့ အနည်းဆုံး ချပေးလိမ့်မယ်'

'အခု ငါ့ညီပြောသလို၊ ရဲဘက်သွားတိုင်ရင် အစ်ကိုနဲ့ ဒိန်းဒေါင်ကို ရင်ဆိုင်တွေ့ပေးပြီး၊ ဖွဲချက်အတင်ခိုင်းမှာပေါ့'

'ဟုတ်တယ်လေ . .။ ဒီအတိုင်းလုပ်ဖို့သာရှိတော့တာ ပဲ'

'ဒါတော့ မဖြစ်ဘူးထင်တယ်။ တုတ်နဲ့ ရိုက်သတ်ဖို့





ကြိုးစားတယ် ပြောရုံလောက်နဲ့၊ အစ်ကိုဘက်က မခိုင်လုံသေး ဘူးထင်တာပဲ။ ပြီးတော့ . . ဒီကိစ္စကိုလည်း လူသိမခံချင် သေးတာလဲ၊ အကြောင်းတစ်ကြောင်း ပါသေးတယ်။ ညီလေး မှာ အလုပ်များမှန်း သိပါတယ်။ ဒါပေမယ့် ဒီကိစ္စလေးကိုတော့ ဆောင်ရွက်ပေးနိုင်ကောင်းတယ်လို့ ထင်ခဲ့မိတယ်'

'ကျွန်တော် စောစောကတင် အမှုတစ်ခု လက်ခံထား လိုက်ပြီ ခင်ဗျာ'

'ကိစ္စမရှိပါဘူး။ အစ်ကို ငွေ(၂)ဆမက ပြန်ရော်ပေး နိုင်ပါတယ်'

'ဝမ်းနည်းပါတယ်ဗျာ၊ လက်ခံထားပြီးတဲ့အမှုကို ငွေပြန် အမ်းပေးရိုး ထုံးစံမရှိလို့ပါ'

'ဒါဖြင့်၊ အစ်ကို ဘာဆက်လုပ်ရမလဲ။ ညီလေးအပေါ် အားကိုးတကြီး ရောက်လာတဲ့လူတစ်ယောက်ကို၊ ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မလား'

'ရန်ကုန်မှာ ကိုမြဒင် အကူအညီတောင်းနိုင်တဲ့နေရာ တွေ အများကြီးရှိပါတယ်။ ဒီလူတွေဆီ သွားကြည့်ပါဦးလား'

'ဟာ၊ ဒီအချိန်ရောက်မှ ဘယ်သွားရှာရမလဲ . .။ ဟား အဲဒါမှ ခက္ခအစစ်ပါလား'

မှန်၏။ နေ အတော်ကလေးကျသွားပြီ ဖြစ်၏။ ယခု

မှပင် စဝ်ရန်နိုင်ကလည်း သတိပြုမိလိုက်၏။ ဒီလူကလည်း မျက်နှာသေကလေးဖြင့် ခြုံသံပါအောင် တညော်ညော် အော်နေလေတော့သည်။ ထိုမှ . . သူကဆက်၍ ညည်းညူနေ လိုက်ပြန်ပါသည်။

'ဒိန်းဒေါင်ဟာ မန္တလေးမှာ ဘယ့်လောက်ကြာအောင် နေမယ်ဆိုတာ မပြောနိုင်ဘူး။ ပြီးတော့ အဲဒီကနေ ဘယ်သွား ဦးမယ်ဆိုတာလဲ မပြောတတ်ဘူး။ အချိန်ရှိတုန်း သူ့ကို အမိ ဖမ်းနိုင်မှ . .၊တော်တော်ကြာ ဟိုကောင်မကိုခေါ်ပြီး သုတ်ခြေ တင်သွားရင်၊ သူ့နောက်လိုက်ဖို့ လွယ်ကူတော့မယ် မဟုတ်ဘူး။ အင်း ဒုက္ခပဲ . .၊ မဟာဒုက္ခပဲ'

'ဟာ . . ကိုမြဒင်ကလဲဗျာ။ သိပ် ပူမနေစမ်းပါနဲ့'

စဝ်ရန်နိုင်က သူ့လက်ထဲမှ လက်ကိုင်ဖုန်းကလေး၏ နံပါတ်များကိုလှည့်၍ တစ်နေရာသို့ လှမ်းချိတ်လိုက်သည်။

'ကျွန်တော့်သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူ့နာမည် က မောင်တိတ်တဲ့ . .'

'အံမယ်လေး၊ လုပ်စမ်းပါ။ ကျေးဇူးတင် မဆုံးပါဘူး'

ကိုမြဒင်က သည်လိုပြောလိုက်ချိန်တွင် စဝ်ရန်နိုင်က မောင်တိတ်နှင့် အဆက်အသွယ် ရနေပြီဖြစ်၏။ အကျိုး အကြောင်း အလုပ်သဘောများ ပြောပြနေ၏။ ကိုမြဒင်ကား





စဝ်ရန်နိုင်၏အရိပ်အကဲကို လှမ်းကြည့်ကာ၊ သည်းလှိုက်ရင်ဖို ဖြစ်နေပုံရသည်။

'အမှုသည်က ဒေါင်ဒင်သစ်သီးကုမ္ပဏီက ဦးမြဒင် ဆိုတာပဲ။ သူ့ကို သူပါတနာက အသေသတ်ဖို့ ကြိုးစားနေတယ် ထင်ပြီး စိုးရိမ်နေတဲ့ကိစ္စဆိုပါတော့'

'ကောင်းပြီလေ . .။ ငါက ဦးမြဒင်ကို ဘော်ဒီဂတ် လုပ်ပေးရမယ်ဆိုပါတော့'

'ဒီလို မဟုတ်ဘူး . .။ မင်း ဦးဒိန်းဒေါင်ဆိုတဲ့လူကို ရှဒိုးလိုက်ရမှာ။ မင်း ငါ့ဆီလာခဲ့ကွာ . .။ ငါ့ဆီမှာ ဦးမြဒင် ရှိနေသေးတယ်။ မင်းကို သူနဲ့ တွေ့ပေးဦးမယ်'

'ဒီလိုလုပ်ပါလား . .'

'ဆို၊ ဘယ်လိုလုပ်ရမှာလဲ . .'

'ဒီည(၇)နာရီလောက် ဆီဒိုးနားကို ငါလာခဲ့မယ်။ ငါရယ်၊ မင်းရယ်၊ ဦးမြဒင်ရယ် (၃)ယောက် ညစာအတူတူ စားကြတာပေါ့'

'မင်းက ဘယ်လောက် ချမ်းသာနေလို့လဲ'

'ဦးမြဒင်ကို ပြောလိုက်။ ဟိုလူက ကြေးစားလူမိုက် ဗွားရင်ဗွားမှာ . .။ ဒီလိုကိစ္စမျိုးကို ပေါ့သေးသေး သဘောမထား ရဘူး ကိုယ့်လူ . .'

'ငါက ဦးမြဒင်ကို ဘာကြိုတင်ပြောထားရမှာလဲ'

'ဒေါင်ဒင်ကုမ္ပဏီပိုင်ရှင် သူဌေးဆိုတော့၊ ငွေ (၃)သိန်း ရမှ ဖြစ်မယ်လို့ ပြောလိုက်ပေါ့၊ သူငယ်ချင်း . .'

'ဟေ့ကောင် ငါ တကယ်ပြောလိုက်ရမှာလား . .'

'ပြောလိုက်၊ (၃)သိန်းဆိုရင် ဟိုမှာ (၃)ယောက်အတွက် ကောင်းကောင်းရတာပေါ့။ မဟုတ်ဖူးလား'

× × × × × × × × × × × × × ×



## အခန်း (၇)

'ဟာ၊ ညီလေး စဝ်ရန်နိုင်။ အစ်ကို အခုမှ သတိတစ်ခု လာတယ်ကွာ , .'

'ဘာလဲဗျာ၊ ခင်ဗျား ဥစ္စာကလဲ၊ အလန့်တကြားနဲ့'

'အစ်ကို . . ဟိုဒင်း . .၊ အသက်အာမခံ ဖျက်သိမ်းပစ်ဖို့ ကိစ္စနဲ့ပတ်သက်ပြီး တရားရုံးချုပ်ရှေ့နေ ဦးတော်မိနဲ့ ဆွေးနွေးစရာကိစ္စရှိနေတယ်။ အဲဒါ လူချင်း ချိန်းထားမိတယ်။ ညနေ (၆)နာရီအရောက် သူ့အိမ်သွားရမှာ'

'ဒါဆိုရင်၊ ကိုမြဒင်က ဆရာဦးတော်မိနဲ့ ပြောရဆိုရ ဆွေးနွေးတိုင်ပင်ရဦးမယ်ဆိုတော့ ဆီဒိုးနားကို ည(၇)နာရီ

အရောက် ဘယ်လာနိုင်တော့မလဲ'

ပြောရင်းဆိုရင်း ကိုမြဒင်က သူနှင့်အတူပါလာသော အတက်ချိုကေ့စ်ကို ဖွင့်လိုက်ပြီး၊ ငွေစက္ကူတစ်ထပ်ကြီး ထုပ်ယူလိုက်လေသည်။

'အစ်ကို၊ ညီလေးတို့အဖွဲ့ကို ငွေ(၅)သိန်း ချီးမြှင့်ပါရစေ။ ညီလေး သူငယ်ချင်းကို ပြောလိုက်ပါ၊ ဆီဒိုးနားမှာ ညစာလိုက်မစားနိုင်တာ ခွင့်လွှတ်ပါလို့ . .'

'ဟုတ်ကဲ့၊ ရပါတယ် . . ရပါတယ်၊ ကျွန်တော် မောင်တိတ်ကို ပြောလိုက်ပါ့မယ်။ ဒါထက် မနက်ဖြန်ကျရင် ကိုဒိန်းဒေါင် မန္တလေးကိုသွားမှာ သေချာတယ်နော် . .'

'သိပ်သေချာတယ်၊ သူနဲ့ မန္တလေးမှာ ရောက်နေတဲ့ ဟိုကောင်မ အချိတ်အဆက် လုပ်ထားပြီးပြီလေ။ ဘယ်နည်းနဲ့မှ အပျက်ခံမှာ မဟုတ်ဘူး'

'အခုလောလောဆယ်တော့ ကိုဒိန်းဒေါင်ဟာ ပန်းသီးကုမ္ပဏီက အော့ဖစ်ထဲမှာပဲ ရုံးထိုင်နေတုန်းပဲနော်'

'ဟုတ်တယ် . . ကုမ္ပဏီရုံးခန်းထဲမှာ သူရှိနေတုန်းပဲ။ မနက်ဖြန်စောစောကျမှ 'အားလီးဖလိုက်'နဲ့ မန္တလေးကို လိုက်သွားမှာ ဆိုပါတော့'

'အစ်ကို သူ့ပုံပန်းသဏ္ဌာန်ကို ထပ်ပြောခဲ့ဦးမယ်။ အရပ်အမောင်း ၅ပေ ၆လက်မနီးနီး။ အသက်က အစ်ကို့ အရွယ်လောက်ဆိုတော့ (၃၅)နှစ်ခန့်ပေါ့နော် . .'

'ဟုတ်ကဲ့ . .'

'အဝတ်အစားဝတ်ရင်၊ သေသေသပ်သပ် ကျကျနန ဝတ်လေ့ရှိတယ်။ ဥရောပဝတ်စုံထက် မြန်မာလို အဝတ်များတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ'

'ကဲ၊ အစ်ကိုသွားတော့မယ် . .'

ကိုမြဒင်သည် ဝင်လာခါစအတိုင်းပင်၊ အခန်းထဲမှ ထွက်သွားရှာ၏။ စံဝ်ရန်နိုင်က ကိုမြဒင်ပေးခဲ့သော မီမီစားပွဲပေါ်မှ ငွေစက္ကူအထပ်လိုက်ကို ကြည့်ကာ ပြုံးလိုက်မိ၏။

သည်ငွေများကို အချောက်တိုက် ရလာခြင်းမဟုတ်။ မိုးပေါ်က အထုပ်ကြီး ကျလာခြင်းမဟုတ်။ တော်တော် ဖက်ဖက်မောသွားသည်။ တစ်နေ့ခင်းလုံးပါးစပ်မှ အမြုပ်တစ်စီစီထွက်အောင် စကားညှော်ခံ ပြောပြီးမှသာ သည်ငွေတွေ ရလာခဲ့ခြင်း ဖြစ်ပါလေ၏။

× × × × × × × × × × × × ×

ဒိုင်းဒိုင်းနှင့် မတွေ့လို့က မဖြစ်။ တွေ့ကို တွေ့မှ




မိုးဆမ်းပန်းစာပေ

ဖြစ်မည်။ သည်တော့ စဝ်ရန်နိုင်သည် ကြော်ငြာမဂ္ဂဇင်းကြီး တစ်ခုမှ အယ်ဒီတာချုပ် ကိုအေးကျော်ကို သွားရှာ၍ပင့်လာခဲ့ရသည်။ ကိုအေးကျော်သည် သွက်သွက်လက်လက်ပင်လျှင် စဝ်ရန်နိုင် ခေါ်ရာသို့ လိုက်လာရှာ၏။

မြေနီကုန်းရှိ 'ရွှေလိပ်ပြာ'ပျော်ပွဲစားရုံသို့ ရောက်သောအခါ၊ ဒိုင်းဒိုင်းတို့ ကပွဲမစသေး။ ခေတ်ပေါ်တီးဝိုင်းမှာတော့ ရွှေပွဲလာများကို အကြိုဧည့်ခံ ဖြေဖျော်လျှက်ရှိ၏။ သွက်လက်ဖျူးကြွသော 'မိုက်ကယ်ဂျက်ဆင်'အဖွဲ့မှ တီးလုံးသံဆန်းတစ်ခုကို တီးနေကြ၏။

'ပလုတ်တုတ်တုတ် ဂျမ်း'ဟူသော ဘင်တီးသံနှင့် ယဂွင်းခေါက်သံများကား၊ ဆူညံလျှက်ရှိ၏။ ဘင်သံများမှာ နားငြီးစရာကောင်းလှအောင် အဆက်မပြတ် တီးနေ၏။ လျှပ်စစ်ဂီတာသံများကိုလည်း ရုံဖန်ရုံခါ ကြားနေရသေးသည်။ စဝ်ရန်နိုင်သည် ဤလိုနေရာများသို့ လာခဲရောက်ခဲလှ၏။ ထို့ကြောင့် သူတို့လောက၏ 'အထာ'များကို ကောင်းစွာ မသိရသေးချေ။

မိမိကိစ္စကိုအကြောင်းပြု၍ အယ်ဒီတာချုပ်ကိုအေးကျော်ကို သွားဆွဲခေါ်လာရခြင်းဖြစ်ရကား၊ စဝ်ရန်နိုင်မှ ရှေးဦးစွာ အကုန်အကျခံ၍ အယ်ဒီတာချုပ်ကြီးကို ကြွေးမွေးပြုစုနေရ၏။ မိမိကား ဒီဆိုးနားဟိုတယ်တွင် ညစာစားလာခဲ့ပြီးဖြစ်ရာ၊ ဘာမျှ





မလိုတော့ . .။

မိမိနှင့်အတူ 'မောင်တိတ်'လည်းပါလာသည်။ သူကအခြားသူမဟုတ် . .။ စဝ်ရန်နိုင်နှင့် တလျှောက်လုံး တွဲလာခဲ့သော စိုင်းနွတ်။ နဂါးနက်ရန်စွယ်ကို စွန့်စားတိုက်ခိုက် ဖြိုခွင်းပြီးသောအခါ၊ သက်ဆိုင်ရာ အကြီးအကဲများက ပြည်ပသို့ သွား၍ပင်လျှင် စွန့်စားခဲ့ရသော လူငယ်များကို ခေတ္တအနားယူခွင့် ပေးထားလိုက်၏။

စိုင်းနွတ်က အလုပ်မရှိလျှင် မနေတတ်သည့်အတိုင်း၊ တက္ကစီကား ပြန်မောင်းလျှက်ရှိ၏။ သူ့နာမည်ကိုလည်း 'တက္ကစီမောင်တိတ်'ဟူ၍ ခေတ္တအမည် ပြောင်းထားလိုက်၏။

တက္ကစီမောင်းနေရင်းမှ ဌာနချုပ်အတွက်ဖြစ်စေ၊ ရဲအဖွဲ့အတွက်ဖြစ်စေ၊ အကြောင်းသင့်လျှင် သင့်သလို အလုပ်ဝင်လုပ်ပေးနေသူဖြစ်သည်။

မောင်တိတ်က သူတို့(၂)ယောက်ကို ပို့ပေးခဲ့ပြီးနောက် ကိုမြဒင်ကိစ္စ ဆောင်ရွက်ပေးရန် ချက်ချင်းထွက်သွား၏။ 'ရွှေလိပ်ပြာ'တွင် စဝ်ရန်နိုင်နှင့် ကိုအေးကျော် (၂)ဦးတည်း ကျန်ရစ်ခဲ့လေသည်။

'ဟာ . . ဆရာသမားကလဲ . .။ အရမ်းစားမနေနဲ့ဦး။ ဟိုလူတွေကလဲ ကြွေးဦးမှာဗျာ့'

'ဟော့ကောင်၊ မင်းက ငါ့မါးစပ်နဲ့ငါ့စားနေတာ၊ မနာလို လို့လား'

'မဟုတ်ဖူးလေ၊ ခင်ဗျားက ကြော်ငြာမဂ္ဂဇင်း အယ်ဒီတာ ချုပ်ကြီးဆိုတော့၊ သူတို့မင်းသမီးကို ဆောင်းပါးကောင်းကောင်း ရေးပေးအောင်၊ ကြွေးကြ တိုက်ကြဦးမယ်။ ဟုတ်တယ် မဟုတ် လား'

'ဒါပေမယ့် . . ဒါလေးကုန်အောင်တော့ စားလိုက်ဦး မယ်ကွာ'

မဂ္ဂဇင်းအယ်ဒီတာချုပ် ဆိုပေမယ့်၊ သူ့ခမြာ လခလေး ငါးသောင်းခန့်ရသည်။ သမီး(၂)ယောက်က တက္ကသိုလ်ကျောင်း သူများ . .။ သမီးထွေးက အခုမှ (၁၀)တန်းကျောင်းသူ၊ သူတို့ ညီအစ်မ(၃)ယောက်အတွက် သူ့ခမြာ တော်တော်ကုန်ရှာသည်။

သမီးအထွေးဆုံးအထက်တွင် သားယောကျ်ားလေး တစ်ဦးပါလာ၏။ သည်ကောင်က တောင်လိုလို မြောက်လိုလို ဂယောင်ကောင် . .။ ဘာမျှ အကူအညီ မရသေး။ သည်တော့ ကိုအေးကျော်ခမြာ၊ မိသားစုကြီးတာဝန်ကို မနည်းကြီး သယ်နေ ရရှာသည်။ မဂ္ဂဇင်းတိုက်မှရသော လခလေးမှာ ဘာကျန်တော့ မှာလဲဗျာ . .။ တကာမပေါ်သောနေ့တွင် ငတ်၏။ ပေါ်သော နေ့တွင် ယခုလို စားရသောက်ရ၏။





အသက်(၄၀)ကျော်လာတော့၊ ရှန်းရင်းကန့်ရင်း ပြေးလွှားလုပ်ကိုင်ရင်း၊ နည်းနည်းခါးချိချင်လာသည်။ သည်ကြားထဲ အိမ်ကမိန်းမကြီးက သူများတွေလို မရှာမဖွေနိုင် ရသလားဆိုကာ၊ မြည်တွန်တောက်တီးချင်သေး၏။ ကိုအေးကျော်ခမြာ ကလေးတို့အမေ ပြောသမျှကို စကားနည်း ရန်စဲ ခေါင်းငုံ့၍ ငြိမ်ခံနေရသည်။

သည်လို အစားအသောက်မျိုးကို သူ့ဝင်ငွေနှင့် သူ ဝယ်မစားနိုင်ရှာ။ တစ်ခါတစ်ရံ ဒကာလေးဘာလေး ပေါ်လာမှ စားသောက်နိုင်ရှာ၏။ ကြွေးမည့်မွေးမည့် အလှူဒါယကာကို လည်း မျှော်ရသည်မှာ သူ့အတွက် အလုပ်ကြီးတစ်လုပ် ဖြစ်နေ ပါတော့သည်။ ကိုအေးကျော်၏ မိသားစုအခြေအနေကို သိနေသော စဝ်ရန်နိုင်က သူ့ထံသို့ မကြာမကြာ ကားလေး မောင်း၍ သွားရောက်လည်ပတ်လေ့ရှိ၏။

စဝ်ရန်နိုင်လာတိုင်း ကောင်မလေး(၃)ယောက်နှင့် ဟိုကောင်လေးအတွက် သူတို့နှင့်သင့်တင့်လျော်ကပ်သော လက်ဆောင်ကလေးတွေ ဝယ်သွားရ၏။ ကိုအေးကျော်နှင့် သူ့မိန်းမကိုပါ စားသောက်ဆိုင်သို့ ခေါ်သွားရပြီး၊ လင်မယား နှစ်ယောက်စလုံးကို အားရတင်းတိမ်အောင် ကြွေးမွေးသည်။ ပြီးလဆင် ကားတိုးစီးနေစရာမလိုပဲ မိမိကားလေးနှင့်ပင် သူတို့ကို

အိမ်ရောက်အောင် လိုက်ပို့ပေးရသေး၏။

'ဟဲ့ . . စဝ်ရန်နိုင်၊ နင့်အစ်ကိုချည်း နင်က ကြွေးနေသလား။ဟဲ့။ ငါ့မှာလည်း ဝမ်းဗိုက်ရှိသေးတယ်ဟု' အခနဲ့ ခံရဖန်များသောကြောင့် စဝ်ရန်နိုင်က လင်မယားနှစ်ယောက်စလုံး ခေါ်ကြွေးရခြင်း ဖြစ်လေသည်။

သည်နေ့တော့ နည်းနည်းပါးပါး အလုပ်ရှိနေသဖြင့် 'မမစိန်'ကို ထားရစ်ခဲ့ပြီး၊ ကိုအေးကျော် တစ်ဦးတည်းကိုသာ ခေါ်လာခဲ့ရ၏။ သည်ကအပြန်တွင် မမစိန်နှင့်ကလေးများအတွက် 'ဒံပေါက်(၅)ထုပ်'ဝယ်သွားမည်ဟု စဝ်ရန်နိုင် စိတ်ကူးထားလေသည်။

'စင်တိုရီရှိုင်ရယ်'အရက်ကလေးကို တမြမြသောက်လိုက် . .။'

ခေါင်းငုံ့ပြီး စားလိုက်နှင့် . . စဝ်ရန်နိုင် သက်တော်ရာကျော်ရှည်ပါစေ . .တဲ့။ စားသောက်နေရင်းမှ ဆုတောင်းပေးနေရသည်ကလည်း အမောပါပဲလေ။ ဟဲ . . ဟဲ . . ဟဲ။

'ဒိန်း . . . ဒိန်း'

ကိုအေးကျော်သည် ရုတ်တရက် ပေါ်လာသော အသံကြီး (၂)ချက်ကြောင့်၊ ခေါင်းထောင် သွားရှာလေ၏။ 'ဟော့ကောင်၊ ဘာသံကြီးတွေလဲဟ . .'ဟု ထိတ်လန့်တကြား





ဆိုလိုက်၏။ အဆံမပါသော သကြီးနှ်အမြောက်သံကြီးမှန်း စဝ်ရန်နိုင်က အတပ်သိလိုက်ပြီးသား။

'ဒိန်း'ကနဲ နောက်ထပ်တစ်ချက် ပေါ်လာသောအခါ၊ ကိုအေးကျော် ဖင်တကြွကြွဖြစ်လာ၏။

'ကျွန်တော်တို့ လာစောင့်နေတဲ့ ညကပွဲအဆိုတော် ဒိန်းဒိန်းလာနေပြီဗျာ့။ သူလာလို့ ဒီအမြောက်ကြီးတွေ ဖောက်လိုက်တာပဲ'

'ဟုတ်လား၊ အားပါးပါး . .။ မင်း ဒိန်းဒိန်းက အတော်ကြီးကျယ်နေပါလားဟေ့ . .'

ကိုအေးကျော်ကဲ့သို့ပင် အထာမပေါက်ကြသေးသော ရွှေပွဲလာဧည့်ပရိတ်သတ်များလည်း 'ဒိန်း'သံကြီးများကို ကြားလိုက်ရသောအခါ၊ အလန့်တကြား ဖြစ်သွားကြရမှာလေ၏။ ချင်ချင်း အီအီးပါချင်သလိုဖြစ်ကာ ဟိုကြည့်သည်ကြည့်နှင့် ဂဏာမငြိမ်ဖြစ်လာကြလေ၏။

× × × × × × × × × × × × ×

## အခန်း (၈)

ဤအချိန်တွင် အမှောင်ချထားသော စင်မြင့်ပေါ်မှ အမျိုးသားတစ်ယောက်၏ ကြေညာသံများက ရုတ်တရက် ထွက်ပေါ်လာ၏။

'ရွှေပွဲလာ ပရိတ်သတ်များ ခင်ဗျာ။ ရွှေပွဲလာ ပရိတ်သတ်များ ခင်ဗျာ။ ကျွန်တော်တို့ရဲ့ အသံဘုရင်မလေးနဲ့ အကသခင်မလေး ဒိန်းဒိန်း လာနေပါပြီခင်ဗျာ။ ဟဲ . . ဟဲ'

'လာတာပဲ၊ ရိုးရိုးတန်းတန်း မလာဘူး။ နိုင်ငံခြားဧည့်သည်တော်ကြီး ကြွချီလာသလိုမျိုး လုပ်သတဲ့ကွာ။ ဒီဥစ္စာ သိပ်ဟန်မကျသေးပါဘူး . .'





'ခင်ဗျား . . ဘာသိလို့လဲ။ ဒါ အထာဗျ။ သူတို့ မင်းသမီးကို မကြီးကျယ်ကြီးကျယ်အောင် ဆိုက်ကိုသုံးနေတာ ဗျ။ ခင်ဗျားကလဲ . . ဟို အယ်ဒီတာချုပ်ကြီး တစ်ယောက်လုံးလုံး လုပ်နေပြီးတော့၊ ဒါလောက်တောင် မရိပ်မိဘူးလား'

'ဖွီး၊ ငါ့တစ်သက်နဲ့ တစ်ကိုယ် ဒီလို ကြဲကြဲဖန်ဖန် လုပ်တာမျိုး၊ တစ်ခါမှ တွေ့ဘူးပေါင်ကွာ'

'မှတ်ထား . .။ အခု ခင်ဗျား ကြားဘူး' ကြုံဘူးသွားပြီ မဟုတ်လား။ ခင်ဗျား မဂ္ဂဇင်းကြီးထဲမှာ ဆောင်းပါးရေးတဲ့အခါ၊ ဒီအမြောက်သံကြီးတွေပါအောင် ရေးပေတော့ . .'

'တော်တော့်ကို တရားလွန်တာပဲ . .'

ကိုအေးကျော်သည် အပြတ်ဖျားသွားပုံရပါ၏။

'ရှီး' တွေ 'ဖွီး' တွေ 'ဟီး' တွေ စုံနေပါ၏။ ထိုအခိုက်မှာပင် စောစောက စတိတ်ပေါ်မှ ကြော်ငြာသွားသလို 'အသံဘုရင်မလေး' ဒိန်းဒိန်းသည် ရွှေပွဲလာဧည့်ပရိတ်သတ် လူအုပ်ကြီးကြားမှ ဖြတ်သန်းလာတော်မူပါချေတော့၏။

လာနေပုံကို ကိုအေးကျော်မြင်ရသောအခါ၊ နောက်တစ်ကြိတ် အပြတ်အုံ့ဩ သွားရှာပြန်လေသည်။

ရိုးရိုး လာခြင်းမဟုတ် . .။

ဝေါစီး၍ လာခြင်းဖြစ်ရာ၊ ဒိန်းဒိန်း၏ အဆင့်အတန်းကို

သာမာန်မြေကြီးပေါ်မှတဆင့် မိုးဖျားတိမ်တိုက်သို့ ရောက်သွားအောင် တစ်ချက်တည်းနှင့် ထိုးတင်ပေးလိုက်သော အစီအစဉ်သစ်တစ်ရပ် ဖြစ်ပါချေတော့၏။

ဝေါထမ်းထားသော လူ(၄)ယောက်ကိုလည်းကြည့်။ သည်စိတ်ကူးရလာသောသူမှာ ခေတ်ရေစီးကြောင်းပေါ်တွင် ရေစုန်ဖက်သို့ အလွန်မြန်သော 'စပိဘုတ်'ကို မောင်းနေသူဖြစ်ကြောင်း သိသာထင်ရှားလှ၏။

နောက်မှ ထမ်းလာသူ(၂)ယောက်ကား၊ သာမာန်လူရိုးရိုးမဟုတ်။ မျက်စိတစ်လုံး မျက်နှာဖုံးစွပ်ထားသော ဂြိုဟ်သားကြီးများကဲ့သို့ ဝတ်စားဆင်ယင်ထားကြပြီး၊ ရှေ့မှ ထမ်းလာသူများကတော့၊ ဆင်ခေါင်းကြီးများစွပ်ထားကြ၏။ သူတို့၏နှာမောင်းကြီးများက အပေါ်သို့မြှောက်တက်သွားလိုက်၊ အောက်သို့ပြန်ကျလာလိုက်။ နှာမောင်းကြီးများ အသက်ဝင်လှုပ်ရှားနေကြသည်။

ဝေါပေါ်မှာ စီးနင်းလိုက်ပါလာသော 'ဒိန်းဒိန်း'ကိုလည်း ကြည့်ပါဦး။

တရုတ်သိုင်းဇာတ်ကားများထဲမှ မင်းသမီးလေးများကဲ့သို့၊ အထပ်တစ်ရာ ဂါဝန်ရှည်ကြီး ဆင်မြန်းထားသည်။ နှင်းပွင့်လွှာတစ်မျှ ဆွတ်ဆွတ်ဖြူသော ဇာပါးငွေရုံလွှာ . . ။





ဒိန်းဒိန်းသည် ခပ်မိုက်မိုက် ပုံစံကလေးဖြင့် ဝေါပေါ်တွင် 'အနိုင်းမဲ့ဓားကြီး'ကို ကိုင်စွဲကာ လိုက်ပါလာ၏။

ဘေးမှ လူအုပ်ကြီးက သူမကို ငွေစက္ကူများဖြင့် ပစ်ပေါက်၍ ကောင်းချီးသြဘာ ပေးလိုက်သောအခါ၊ ဒိန်းဒိန်းသည် ခါးလေးထောက်၊ ရင်ကလေးကော့၍ ဟားတိုက်ရယ်မောလေတော့၏။

'အံမယ်လေး၊ ကြောက်စရာကြီးပါလား'

'မှတ်ထား . .'

'ကြောက်ရင်သေလိုက် . .'

ဟားတိုက်ရယ်သောအခါ၊ လှပဖူးမြနီတျာသော နှုတ်ခမ်းလေးကို အားရပါးရ ဖွင့်လိုက်သောအခါ ဒိန်းဒိန်း၏ သွားကလေးများက အတိုင်းသား ပေါ်သွားခဲ့ရ၏။ ထိုအခါ 'ဒရက်ကူလာပုံစံ'အစွယ်(၄)ချောင်းတို့က ပြူးကနဲ ပေါ်လာလေတော့၏။

'အံမယ်လေး၊ အစွယ်ပြူးပြူးကြီးတွေပါလား . .'

ဟုတ်တယ် . .၊ စိတ်ကို မရှည်တော့ဘူး။ ဝေါထမ်းသမားလေးယောက်က ရွှေပွဲလာများရှေ့မှ ဇာတ်ခုံသို့အရောက်တွင် ရပ်တန့်လိုက်ကြ၏။ ထိုအခါ အသင့်ပြုလုပ်ထားသော စက်သီးကြီးတစ်ခုက အပေါ်မှကျလာကာ၊ ဒိန်းဒိန်းကို ချိတ်ပ

သွားလေသည်။ အစွယ်(၄)ချောင်းပိုင်ရှင် ဝေါစီးဘုရင်မလေး ဒိန်းဒိန်းသည် မှောင်မိုက်လှစွာရှိနေသော ကောင်းကင်တိမ်တိုက် လိုက်ကာကြီးထဲတွင် ဖုံးလွှားပျောက်ကွယ်သွားလေတော့၏။

ဒိန်းဒိန်း ယင်းကဲ့သို့ ကွယ်ပျောက်သွားလျှင် စောစော က ဝေါထမ်းသမား နောက်ကျွမ်းထိုး၍ ခုန်တက်သွားကြ၏။ သည်တော့မှ သူတို့ (၄)ယောက်ကား အနံ့အချာတတွေ မဟုတ်။ ဂျွမ်းဘားပညာသည်တွေမှန်း . . ပရိတ်သတ်များ အကဲခတ် မိသွားကြလေသည်။

သူတို့ စတိတ်ပေါ်သို့ ရောက်သွားခိုက်တွင် လူငယ်အဆိုတော်တစ်ဦးက သူ့အရပ် လောက်ရှိသော ရောမဂီတာကြီးကို ထောင်၍ ဒေါင်ဒေါင်၊ ဒင်ဒင်နှင့်တီးလျှက် အလွန်ဂန္ဓဝင်မြောက်လှသော သီချင်းတစ် ပုဒ်ကို 'ဟဲ'လျှက် ရှိလေ၏။

ဒိန်းဒိန်းရောက်မလာမီ၊ ရှေ့တော်ပြေးအဖြစ် သီဆို ဖြေဖျော်နေသည့် ထိုအဆိုတော် သီဆိုနေသော သီချင်းကား၊ အလွန်တစ်ရာ ဂန္ဓဝင်မြောက် လှပါချေ၏။

'မောတော့မောတာပေါ့။ ဒါပေမယ့် မမောဘူး'
'မောတော့မောတာပေါ့။ ဒါပေမယ့် မမောဘူး'
ဆိုသော သီချင်း . .။ ဟတ် ဟတ် . . ဟား . . ဟား။

နှင





ဒီသီချင်းကိုများ နေရာပေး၍ စင်မြင့်ပေါ်မှာ တက်ဆိုနေပါသတဲ့။ အဓိပ္ပာယ် ၂–ခွ တွေးယူနိုင်သော သီချင်းမျိုးဖြစ်၏။ အယ်ဒီတာ ချုပ်ကြီး ကိုအေးကျော်ကား ဒိုးဆလဲ တင်းဆလဲ သလိုက်ရပါ ချေ၏။

အရှိန်အဟုန် ပြင်းထန်စွာ စီးဆင်းနေသော သည်ရေစီး ကြောင်းကြီးကို သူ ဘယ်လို တားဆီးနိုင်မှာလဲ . . .။ တွေးရင်း တွေးရင်း ရင်မောသွားပုံရသည်။ ပက်လက်လန်သွားမတတ် ရှိရချေ၏။

စတိတ်ပေါ်သို့ ရောက်လာကြကုန်သော ဝေါထမ်း သမား(၄)ယောက်သည် အဆိုတော်လေး၏ ဟောဟဲဟောဟဲ ဖြစ်နေသော ညှောင်နာညှောင်နာ သီချင်းသံကို ကြားရလျှင်၊ အပြတ်ဒေါကန်သွားကြ၏

'ဟေ့ကောင် . .၊ ဘာတွေ လျှောက်အော်နေတာလဲ။ သခင်မလေး ဒိန်းဒိန်း ရောက်လာပြီဆိုတာ၊ မင်း မသိဘူးလား'

'ဘာတွေ လာပြောနေတာလဲ။ ကျုပ်ကို လာမပြောနဲ့ . .။ ဟောဟော့ . .'

'ဟေ့ . . သခင်းမလေး ဒိန်းဒိန်း ရောက်လာပြီလို့ မင်းကို ပြောနေတာကွ . .'

'အဲသလိုကြားအောင်၊ စောစောက အကျယ်ကြီး

အော်ပြောပါလား'

'အခု မင်း ကြားပြီ မဟုတ်လား'

'ကြားတယ် . .။ ဒါပေမယ့် ကျုပ်ဆိုနေတဲ့ မဟာဂန္ဓာဝင်မြောက် သီချင်းကြီးဆုံးမှ မဆုံးသေးတာ . .'

'မင်းက ဘာသီချင်းကို ဆိုနေလို့လဲ . .'

'မဟာဂန္ဓာဝင်မြောက် သီချင်းကြီးပါဆိုနေမှ။ သွားဗျာ ဘာတွေ လာပြောတာလဲ . .'

'အမယ်လေး . . မဟာဂန္ဓာဝင်မြောက်သီချင်းကို သူဆိုနေတာတဲ့ . .'

'ကောင်းတယ်နော်၊ ဒီသီချင်းမျိုး ကြားရခဲတယ်။ ဖယ်စမ်း၊ ထပ်ဟဲလိုက်ဦးမယ် . .။ မောတော့မောတာပေါ့ . . ဒါပေမယ့် . .'

'ဟေ့ကောင်၊ ရပ်လိုက်တော့ . .။ ငါ ဘေးပိတ်ကန်လိုက်မိတော့မယ်'

'အောင်မယ်၊ ခင်ဗျားက ကျုပ်ကို ဘာအောက်မေ့လို့လဲ။ ဟိုဓာတ်ခံမန်နေဂျာက ကျုပ်ကို ညကြေးပေးပြီး၊ သီချင်းဆိုခွင့်ပြုထားတာဗျ။ ခင်ဗျား မကျေနပ်ဘူးလား'

'နိုး . . နိုး . . မကျေနပ်ဖူး။ မင်းကို ကွိုက် . . ကွိုက်'

'ဆက်ပြောလေ . . .။ ဘာဖြစ်လို့ အစာနင့်နေတဲ့





ဖျိုင်းကြီးလို ဖြစ်သွားတာလဲ . .'

'ဟေ့ကောင်၊ မင်း ဘာသလီလို့လဲ။ ကွိုက်ဆိုတာ အင်္ဂလိပ်ဝေါရ စကားကွ။ မြန်မာလို ဘာသာပြန်လိုက်ရင် 'လုံးဝ' တဲ့ ငါ့လူရဲ့။ မင်းကို လုံးဝအလိုမရှိဘူးလို့ ပြောနေတာ။ တို့ရောက်လာပြီ . .။ ဒီဓာတ်ခံကို တို့ပိုင်သွားပြီ၊ သွားတော့ . .'

'ဓာတ်ခံမန်နေဂျာက ခွင့်ပြုထားပါတယ်ဆိုမှ။ မသွားဘူးဗျာ . .၊ ကွိုက် လုံးဝမသွားဘူး။ ခင်ဗျားမကြားချင်ရင် နားပိတ်ထား။ ဟိုရွှေပွဲလာ ပရိတ်သတ်ကတော့၊ ကျုပ်ကို သိပ်ကြိုက်နေတယ်။ ဟော ပြောရင်းဆိုရင်း၊ ဟိုမှာ လက်ခုတ်တီးသံ လက်ခေါက်မှုတ်သံတွေ မကြားဘူးလား . .'

'မင်းတော့လား၊ နေနှင့်ဦးပေါ့ကွာ . .'

ဓာတ်ခံမန်နေဂျာနှင့် တစ်ခါသုံးခါ ကိုင်ပေါက်ပစ်လိုက်မှ အတင်းမောင်းချနေသော လူကြီး ငြိမ်ကျသွား၏။ မလုပ်နဲ့ ဓာတ်ခံမန်နေဂျာကိုတော့ ကြောက်ရသည်။ သူစိတ်မထင်လျှင် မိမိတို့အား မောင်းချပစ်လိုက်လျှင် ဒုက္ခ မတက်နိုင်ပါလော။

သည်အခိုက် . .၊ သူ့ကိုဆွဲထားသော စက်သီးကြိုးပြတ်ကျသွားသလားမသိ။ အနှိုင်းမဲ့ဓားကြီးကို ဟန်နှင့်မာန်နှင့် ဆုပ်ကိုင်ထားသော အဖြူရောင် ထပ်တရာမင်းသမီးလေး

ဒိန်းဒိန်းသည် အပေါ်မှသူတို့ကြားသို့ ရုတ်တရက် ကျလာ၏။ သူမကို ဆွဲထားသော စက်သီးကြိုး ပြတ်ကျလာတာများလား မသိ။

တော်ပါသေးရဲ့၊ သူမရင်ဝကို ဓားကြီးတန်းလန်း စိုက်မနေသေးလို့သာပေါ့။ ရင်တွေပန်းတွေ တုန်လို့ပေါ့လေ။ သို့သော် ဒိန်းဒိန်းကလေးတစ်ယောက် ဘာမျှဖြစ်မလာသည်ကို သတိပြုမိလိုက်သောအခါ စောစောက ဆင်ကြီးသည် ရင်ကော့၍ ရှေ့သို့ထွက်လာခဲ့ချေ၏။

'သူ ထွက်သွားဆိုတာ မသွားဘူး။ ကျွန်တော်တို့ကို အာခံနေပါတယ် . .'

'ဆင်ကြီးကို သခင်မကို ဒူးထောက်ဦးညွတ်၍ နားတော်ခံသည့် ပုံစံမျိုး လုပ်ပေးလိုက်ရာသည်။

'အောင်မယ်၊ ဒီကောင်ကများ လူပါးဝလို့'

သခင်မလေး အပြတ်ဒေါကန်သွားပြီး၊ ဟိုဂန္ဓာဝင် သီချင်းကြီးကို ဟောဟဲ ဟောဟဲနှင့် သီဆိုနေဆဲဖြစ်သော သူကို ခါးထောက်၍ကြည့်လိုက်သည်။

'ဟေ့၊ ရပ်လိုက်စမ်း။ ဘာတွေ ဆိုနေတာလဲ'

'ဂန္ဓာဝင်တေးကြီးကို ဆိုနေတာဗျာ့။ သွားစမ်းပါ . . ဘာ အိုက်တင်ကြီးလဲ . . လာမရှုပ်နဲ့ . . မရဘူး'





'အောင်မယ်၊ ဒင်းကများ ငါ့ကို ရာရာစစ . .'

'သည်ကောင်ကို လက်သုံးတော် အနှိုင်းမဲ့ဓားနဲ့ ခုတ်သတ်လိုက်ပါ . .'

'အေး . . ဟုတ်သားပဲ။ ငါ့မှာရှိတဲ့ လက်သုံးတော် အနှိုင်းမဲ့ဓားနဲ့ ခုတ်ပစ်လိုက်တော့မယ် . .

လူတွေကား အခက်သား။ ကိုယ့်မျက်စေ့အောက်မှာ ဘယ်လိုဖြစ်လို့ ဖြစ်နေမှန်း မသိကြရှာ။ ခေါင်းကြီးပြတ်ထွက်သွားတာကိုသာ မြင်ကြ၏။ ဒါ ဆရာကြီးပုဏ္ဏဝလို မျက်လှည့်ပြလိုက်ခြင်းကိုကား မသိလိုက်ကြပါ။

ဟောဒဟဲ ဆရာလေး ခေါင်းပြတ်သွားသောအခါ၊ ဆင်ကြီးတို့ဝေါထမ်းသမား (၄)ဦး အရမ်းပျော်သွားကြ၏။ ဇာတ်ခုံပေါ်မှာ မြူးနေကြလေသည်။ အတန်ကြာသော် သခင်မလေး ဒိန်းဒိန်း မျက်စိနောက်လာပုံရသည်။

'ဟဲ့ ၄–ကောင်၊ ထွက်သွားကြတော့'ဟု ပြောပြီးလျှင် အစွယ်(၄)ချောင်းပေါ်လာအောင် သွားဖြီးပြလိုက်သောအခါ၊ ဝေါထမ်း(၄)ယောက် မနေဝံ့ကြတော့ . .။

'ဟေ့၊ ဟိုမှာ ပြောနေပြီ မဟုတ်လား။ သွားကြတော့တဲ့ ဆက်နေရင် သူ့လက်ထဲက ဓားကြီးနဲ့ တို့ရင်ကိုခွဲ . .၊ အသည်းကို မီးကင်'ဟူ၍ မျက်စိတစ်လုံး ဂြိုဟ်သားကြီးက သူ့အဖော်များကို

ဟန်နှင့်ပန်နှင့် ပြောလိုက်လေသည်။ ထိုအခါ နှာမောင်းသခင် မောင်မောင်ဆင်ကြီးတစ်ကောင် . . .။

'ဟုတ်တယ်ဟေ့၊ သူ့အစွယ်ကြီးတွေနဲ့ တို့ဗိုက်ကို မဖောက်ခင် လစ်ကြစို့ သူငယ်ချင်းတို့'ဟူ၍ ဆိုပြီးလျှင် ဝေါထမ်း ၄-ဦးသည် စတိုတ်ခုံ ထောင့်တစ်ထောင့်သို့ ဝင်သွားကြ၏။

'ဖင်ခြင်းပေါက် ဖျော်'ဟူသော တီးလုံးတွင် 'ချွင်း ချွင် . . ချပ်'ပါညှပ်၍ တီးဝိုင်းမှ တီးပေးနေစဉ် သူတို့က တစ်ဦးပြီး တစ်ဦး အကအခုန်ကိုယ်စီဖြင့် ဝင်သွားကြလေတော့၏။

× × × × × × × × × × × × × ×



## အခန်း (၉)

'ကျွန်မတို့တင်ဆက် ကပြတဲ့ တစ်ခန်းရပ် အော်ပရာ ဇာတ်လမ်းတိုက်လေးကို စိတ်ဝင်တစား ကြည့်ရှုအားပေးတဲ့ ရွှေပွဲလာပရိတ်သိတ်ကို အရမ်း . . အရမ်း ကျေးဇူးတင်ပါသတဲ့ ရှင်။ ဟင့် . . ဟင့် . . ဟင့်'

ဇာတ်ခုံနောက်မှ ကြော်ငြာသံပေါ်ထွက်လာသောအခါ ရွှေပွဲလာပရိတ်သတ်များက တစ်ခဲနက် ကောင်းချီးသြဘာပေး ကြ၏။ ပရိတ်သတ်ကြီး၏ လက်ခုတ်တီးသံများ ဝီးကနဲ ဝီးကနဲ ရှီကနဲ လက်ခေါက်မှုတ်သံများ ငြိမ်ကျသွားသောအခါ၊

စောစောက မိန်းမပျို၏ ကြေညာသံ ဆက်ပေါ်လာ၏။

'လေးစားအပ်ပါသော ရွှေပွဲလာ ဧည့်ပရိတ်သတ် အပေါင်းတို့ရှင့်။ အခု အဆိုတော် ဒိန်းဒိန်းဟာ 'ဘယာကျော်ကုလား'သီချင်းနဲ့ သီဆိုတင်ဆက်ပါတော့မယ်ရှင်'

သူမ၏ကြေညာချက်ပင် မဆုံးသေး၊ လက်ဆွဲမီးဖိုလေးပေါ်တွင် ဘယာကျော်အိုးတင်ထားသော မုတ်ဆိတ်ကုလားတစ်ဦးက ဇာတ်ခုံရှေ့သို့ထွက်လာ၏။ မျက်နှာတစ်ခုလုံး မုတ်ဆိတ်ပါးသိုင်းမွေးများနှင့် ဖုံးအုပ်နေလေရာ၊ သူ့မျက်လုံးများနှင့် ပါးစပ်ကိုသာ မြင်ရလေ၏။

ကုလားသည် တိတ်တိတ် ထွက်လာခြင်းမဟုတ်ပါ။ 'ဘုံတုံပတ် ဒိန်း၊ ဂျပ်ဂျပ်'ဟူသော ကုလားသံတီးပေးနေရာ၊ ထိုကုလားသည် ဇာတ်ခုံပေါ်တွင် ကနေလေတော့၏။ ထိုသို့ ကုလားသံတေးများအလိုက်၊ ကုလားမြူးရွှင်စွာ ကနေစဉ်၊ ဒိန်းဒိန်းသည် ဇာတ်ခုံထောင့်တစ်ထောင့်မှ ထွက်ပေါ်လာတော့၏။

'ဘရာဇ်ကျော်ကုလား'တေးသွားကို စတင်သီဆိုလျှက် ထွက်လာခဲ့ခြင်းဖြစ်၏။

ဒိန်းဒိန်းအသံ . .။ 'ဟေ့ မသိသူ ကျော်သွား၊ သိသူ ဖော်စား ဟား . . ဟား . . ဟား။ ဟေ့ ဘရာကျော်ကုလား၊





နင်ဥစ္စာ ငါမစား . .။ ကျောင်း၊ ကျောင်း . . ၊ သွားနော်သွား'

ဒိန်းဒိန်းက ဤသို့ စတင်သီဆိုရင်း၊ သူဝတ်လာသော အပေါ်အင်္ကျီကို ရုတ်တစ်ရက် ချွတ်၍လွှင့်ပစ်လိုက်၏။ ထိုလွှင့်ပစ်လိုက်သော အင်္ကျီသည် ကုလား၏လည်ပင်းကို သွား၍ ရစ်ပတ်နေလေသည်။

ထိုအခါ ဘယာကျော်ကုလားသည် 'ဘရာကျော်အိုး'ကို ထားခဲ့ကာ ဒိန်းဒိန်းအနီးသို့ ပြေးကပ်လာ၏။

ဒိန်းဒိန်းအသံ ထပ်ပေါ်လာ၏။ စောစောက စတင်သီဆိုခဲ့သော အပိုဒ်ကိုပင် ဆက်ဝင်သည်။

ဒိန်းဒိန်း . . ၊ 'ဟေ့ မသိသူကျော်သွား၊ သိသူဖော်စား။ ဟား . . ဟား . . ဟား၊ ဟေ့ . . ဘရာကျော်ကုလား၊ နင့်ဥစ္စာ ငါမစား။ ကျောင်း . . ကျောင်း။ သွားနော်သွား . .'

# ဇော်ထက်အောင်

## စဝ်ရန်နိုင်နှင့်ငရမန်ကန်း

**မိုးဆမ်းပန်းစာပေမှ   စီစဉ်တင်ဆက်ပါသည်။**





ပွဲခင်းတစ်ခုလုံး မငြိမ်မသက်ဖြစ်၍လာ၏။ ထိုအခါ ဇာတ်စင်ပေါ်မှ ပွဲကြပ်များ တုတ်တိုကလေးများ ခုန်ဆင်းလာကြသည်။ ပွဲကို ထိန်းပေးရသည်၊ ပွဲ မငြိမ်တော့ . .။

ဒိန်းဒိန်းအသံ။ 'ဟေး, ဟေး . .။ မသိသူကျော်သွား, သိသူဖော်စား . .။ ဟား . . ဟား . . ဟား။ ဟော့၊ ဘရာကျော်ကုလား . . နင့်ဥစ္စာ ငါမစား။ ဂျောင်း, ဂျောင်း . .။ သွားနော် သွား'

ကုလားအသံ။ 'ကုလားနော်, မသွားဘူး အမား . .။ ကျားဆိုမှကျား။ အမားနော် မိန်းမသား။ အားကြီး မူယာ မယာများ'

ဘယ်သူက လေးခွနှင့်ဆော်လိုက်သည်မသိ။ ကုလား၏ နဖူးသို့ လောက်စာလုံး ဒေါင်ကနဲ မှန်သွားလေတော့၏။ ကုလား ပက်လက်လန်သွားရာမှ ကုန်းထလာသေးသည်။

'ကုလားနော် . .၊ သရုပ်ဆောင်တာ သိပ်ကောင်းသွားတယ်။ အခု နဖူးနော်၊ ကွဲသွားပြီ . .။ ဒါပေမယ့် ဒူးမပြဲသေးဘူး'

ဒိန်းဒိန်းအသံ။ 'အို လွှတ်ပါ, လွှတ်နော် . . လွှတ်လွှတ်လွှတ်။ ငါ့ကိုမထိနဲ့ မကိုင်နဲ့။ သူ့လက်ကြီးကများ . . အတန်းအစား ထားပါလား။ တူသလား, တန်သလား . .၊ မေးပစ်လိုက်မယ် တအား . .'

ကပွဲစီစဉ်သူများက သူတို့လူတွေ 'ဒလံ' လွှတ်ထားပုံရ၏။ ကုလားကို လေးခွနှင့်ပစ်လိုက်သူမှာလည်း 'ဒလံ' တုတ်တိုလေးများကိုင်ဆောင်၍ ဇာတ်ခုံပေါ်မှ ခုန်ဆင်းသွားကြသည့် ပွဲကြပ်များကလည်း ဒလံများသာ။ ကိုယ့်လူကို ဖမ်း၊ ရိုက်နှက်ကန်ကြောက်ကြပြီးလျှင် 'ဟေ့ကောင်၊ နောက် ဒီလိုမလုပ်နဲ့ ကြားလား' ဟု မာန်မဲခြိမ်းခြောက်ကြ၏။

ဒိန်းဒိန်း အဆိုလည်းပိုင်သည်။ သရုပ်ဆောင်မှုလည်း ကောင်းလှသည်။ ကုလားလုပ်သူကလည်း ဇာတ်ရည်လည်နေသော ဝါရင့်ဖြစ်ပုံရသည်။ မင်းသမီးလေး ဒိန်းဒိန်းကို ညီညာဖျဖျ ဝိုင်းညှပ်၍ အပေါ်သို့ ဆွဲတင်ပေးနေကြခြင်းဖြစ်လေသည်။

ဒိန်းဒိန်း၏ 'ဘရာကျော်ကုလား' သီးချင်း ဆုံးသွားသောအခါ၊ ကိုအေးကျော်နှင့် စဝ်ရန်နိုင်တို့ထံသို့၊ လူရွယ်တစ်ဦး ရောက်လာ၏။ ကပွဲတာဝန်ခံထံမှ လွှတ်လိုက်သူဖြစ်လေသည်။

ဒိန်းဒိန်းသည် ကပွဲတာဝန်ခံ ရုံးခန်းထဲသို့ ရောက်နေပြီဆို၏။ ထိုအခါ စဝ်ရန်နိုင်သည် ကြော်ငြာမဂ္ဂဇင်း အယ်ဒီတာချုပ်ကြီး ဦးအေးကျော်၏ တပည့်အဖြစ်၊ ခပ်ကုတ်ကုတ်ကလေး လိုက်ပါသွားခဲ့သည်။

ကပွဲတာဝန်ခံ၏ ရုံးခန်းကား ပေါ့သေးသေးမဟုတ်။ ဘုရင်ကြီးတစ်ပါးကဲ့သို့ တစ်ထီးတစ်နန်း နေလေ၏။





ဇာတ်ခုံပေါ်မှာ မြူးသွက်သလောက် ကပွဲတာဝန်ခံ၏ရှေ့တွင် ရိုရိုကျိုးကျိုးကလေး ထိုင်နေသော ဒိန်းဒိန်းကို တွေ့ရ၏။ ဖျက်လုပ်လိုက်သော အရုပ်မလေးကဲ့သို့ ရှိနေပေရာ၊ စဝ်ရန်နိုင် တအံ့တဩဖြစ်ရသည်။

'ကဲ . .၊ မိတ်ဆွေတို့ ခင်ဗျာ . .။ ကျွန်တော့် မင်းသမီးကို 'ဗျူး' ကြပါတော့လေ' ဟု ကပွဲတာဝန်ခံကြီးက ခွင့်ပြုလိုက်ပြီဖြစ်ရာ၊ အယ်ဒီတာချုပ် ကိုအေးကျော်က စဝ်ရန်နိုင်အား လှမ်း၍မေးငေါ့လိုက်၏။

'ဟေ့ကောင် . .၊ မင်း ဗျူးတော့လေ'

'ဆရာကိုယ်တိုင် 'မဗျူး' ဘူးလား'

'မင်း ဗျူးရင်လဲ ပြီးတာပါပဲကွာ။ တော်တော်လေး ပြည့်ပြည့်စုံစုံတော့ မေးပေ့ . .' အယ်ဒီတာချုပ်ကြီးက ခွင့်ပြုချက်ပေးလိုက်လျှင် စဝ်ရန်နိုင် စတင်မေးလေသည်။

'ဒိန်းဒိန်းရဲ့ မူလနာမည်ရင်း အရင်ပြောစေလိုပါတယ်'

'ကျွန်မရဲ့နာမည်ရင်းဟာလဲ၊ ဒိန်းဒိန်းပါပဲ အစ်ကို'

'မူလနာမည်ရင်းက ဒိုင်းဒိုင်း မဟုတ်ဘူးလား' ဟု စဝ်ရန်နိုင်က ရုတ်တစ်ရက်မေးလိုက်လျှင် ဒိန်းဒိန်းရော ကပွဲတာဝန်ခံရော၊ (၂)ဦးစလုံး မျက်နှာပြိုင်တူ ပျက်သွားကြ၏။

'ဘယ်ကလာ ဒိုင်းဒိုင်းလဲ . .။ ကျွန်မ ဒီနာမည်မျိုး

တစ်ခါမှတောင် မကြားဖူးပါဘူးရှင့်'

သူမမျက်နှာက ခပ်တည်တည်လေး ဖြစ်သွား၏။ ဦးရွှေတိမ်အမည်ခံ ကပွဲတာဝန်ခံကြီးမျက်နှာကလည်း၊ မသိမသာ တင်းမာသွားခဲ့သည်ကို စဝ်ရန်နိုင် သတိပြုလိုက်မိသည်။

'ဒီလိုပါကွဲ့၊ အစ်ကို မေးလိုက်မိတာ တခြား မထင်ပါနဲ့၊ များသောအားဖြင့် အနုပညာရှင်တွေမှာ မူလနာမည်ရင်း ရှိတတ်ကြတယ်လေ။ ဒါကြောင့်ပဲ . . ဆိုပါတော့'

'ဒိန်းဒိန်းဆိုရင် ဒိန်းဒိန်းပဲပေါ့။ ကျွန်မနာမည်ရင်းကို သိနေစရာ မလိုဘူးထင်ပါတယ် . .။ အခု အစ်ကိုက ကျွန်မကို လာဗျူးတာ မဟုတ်လား။ ဒိန်းဒိန်းနှင့် တွေ့ဆုံမေးမြန်းခြင်းဆိုရင် လုံလောက်နေပြီလေ . .'

'ဘာပဲဖြစ်ဖြစ်၊ ပဲခူးက ကျောင်းသူလေးတစ်ယောက်ဟာ၊ ဒီလို အဆိုကောင်း၊ အပြောကောင်း၊ အိုက်တင်ကောင်းလိမ့်မယ် မထင်မိဘူး။ ဒါပေမယ့် . . ခုနက ကြည့်ခဲ့ရတာ၊ ကျွန်တော် ထင်ထားတာထက် ပိုနေတယ်လို့ ပြောရမှာလားပဲ'

'ပဲခူး ဟုတ်လား၊ ဗျူးဆရာကြီးက ကျွန်မကို ရယ်စရာတွေ လျှောက်ပြောနေတာတော့ မဟုတ်ပါဘူးနော်'

'ဟာ . .၊ အစ်ကိုက ရယ်စရာစကားလုံး လုံးဝမပြောတတ်ပါဘူး။ အခုပြောနေတာတွေဟာ အတည်စကားတွေပါ'





ကလေးမက မိမိကို ခပ်လှောင်လှောင်ပြောလိုက်သဖြင့် စဝ်ရန်နိုင်၏ လေသံက နည်းနည်းတော့ တင်းမာလာ၏။ ဒိန်းဒိန်းက ထပ်မံ၍ လှောင်နေပြန်သည်။

'သူမျှားနာမည်က ဒိုင်းဒိုင်းတဲ့ . .။ ပဲခူးမြို့က ကျောင်းသူတဲ့။ ဟား ဟား . . ဟား ရယ်စရာ ကောင်းလိုက်ပါဘိတော့'

သူကမျှား လှောင်နေလိုက်ချေသေး . . .။

သည်ကောင်မလေး 'ဇ'မသေးကြောင်း၊ စဝ်ရန်နိုင် နားလည်လိုက်၏။ ပဲစလျှင်စချင်း၊ တယ်အချိုးအပြေချင် . .။ တစ်ယောက်နှင့်တစ်ယောက် အပေါက်အလမ်း တည့်တော့မည် မဟုတ်မှန်း ရိပ်မိလာသည်။

'တစ်ခု မေးပါရစေ . .'

'တစ်ခု မဟုတ်ဘူး၊ နှစ်ခု မေးပါရှင်'

'ပဲခူးက ဒေါ်ပပဝင်းဆိုတာ သိတယ်မဟုတ်လား . .'

'ခက်လိုက်ပါဘိ . .။ ဘာတွေ လာမေးနေမှန်းလဲ မသိပါဘူး'

'သိရင်သိတယ် . .၊ မသိရင် မသိဘူး ပြောပါ မဒိန်းဒိန်း'

'ကျွန်မကို ပဲခူးကအကြောင်းတွေ လာမေးမနေနဲ့ရှင့်။ ကျွန်မ လုံးဝမသိဘူး . .။ ရှင် အခုပြောလိုက်တဲ့ ဒေါ်ပပဝင်းဆိုတာကိုလဲ၊ ကျွန်မအနေနဲ့ ကြားတောင်မတောင်ဖူးဘူး။ ဘာဖြစ်

လို့ ကျွန်မ မသိတဲ့ နာမည်တွေ လာမေးနေရတာလဲရှင့်၊ တကယ်တော့ တစ်လွဲတွေ လျှောက်မေးနေတာထောက်ရင်၊ ဖျူးဆရာကြီး လူမှားနေပြီထင်တယ် . .'

ဤသို့ ခမ်စွာစွာကလေး ပြန်ခွပ်လိုက်ပြီးလျှင်၊ သူမ၏ မျက်လုံးကလေးများ ထောင့်ကပ်ကာ စဝ်ရန်နိုင်ကို အကဲခတ်နေလိုက်၏။ သူမ၏ နှုတ်ခမ်းကလေးကိုလည်း ခပ်တင်းတင်း စေ့ထားလေ့သည်။

'ကျွန်မက မိတ္ထီလာသူရှင့်။ ပဲခူးသူ မဟုတ်ဘူး . . နောက်တစ်ခါ ပဲခူးအကြောင်း ထပ်မပြောပါနဲ့တော့'ဟူ၍လည်း၊ သူမက ထပ်၍ ပြောလိုက်သေး၏။ စဝ်ရန်နိုင်က ပြုံးလိုက်မိပေသည်။

'ဒိန်းဒိန်းကိုကြည့်ရတာ၊ ပဲခူးကို တော်တော်စိတ်နာနေပုံရတယ်။ ဟုတ်ပါသလား . .'

× × × × × × × × × × × × × ×



## အခန်း (၁၀)

ဤမေးခွန်းကို စဝ်ရန်နိုင်က မေးလိုက်သောအခါ၊ ဆရာရွှေတိမ်က ဒိန်းဒိန်း၏မျက်နှာကို လှမ်းကြည့်လိုက်၏။ ဒိန်းဒိန်းက ပြန်ဖြေသည်။

'အို၊ ကျွန်မမှာ ပဲခူးမြို့ကို ဘာမှ စိတ်နာစရာ အကြောင်း မရှိမပါဘူး . .'

'မသိဘူးလေ၊ မနေ့ညက ဒီကိုလာသွားတဲ့ ဒေါ်ပပဝင်း ဟာ ပဲခူးသူဆိုတော့ . . .'

'ဒေါ်ပပဝင်းဆိုတဲ့ မိန်းမက ဒီကို ဘာလာလုပ်တာလဲ၊ ပြောဦးမှာပေါ့ရှင့် . .'

'ပဲခူးမြို့မှာနေတဲ့ ဒိုင်းဒိုင်းဆိုတဲ့ ကလေးမလေး

တစ်ယောက်ဟာ၊ ရန်ကုန်မှာနေတဲ့ သူ့သူငယ်ချင်းမဆီကို အလည်အပတ် သွားဦးမယ်ဆိုပြီး၊ အိမ်က လိုမ့်ထွက်လာသတဲ့။ ဒါပေမယ့် ဒိုင်းဒိုင်းဟာ သူငယ်ချင်းမဆီမသွားပဲ၊ ညကပွဲ အဆိုတော် ဝင်လုပ်နေသတဲ့ . .'

'ကျွန်မတော့ . . ဒီနေ့ည ပုံပြင်လေးတစ်ပုဒ်ကို ကြားနေရသလိုပဲ။ ဟုတ်ကဲ့ . .၊ ဆက်ပြောပါရှင့် . .'

သူမက ဝေ့တီးဝေ့လည် လုပ်နေသော်လည်း၊ စဝ်ရန်နိုင်က တစ်ပြားသားမှ အလျှော့မပေးပဲ ဆက်လက်ပြောဆိုနေလေသည်။

'ဒီအကြောင်းကို သိထားတဲ့ ဒေါ်ပပဝင်းက ပဲခူးက ရန်ကုန်ကိုလိုက်လာပြီး၊ မနေ့ညက ဒိန်းဒိန်းနဲ့လာတွေ့ခဲ့တယ်လေ။ ဟုတ်တယ် . မဟုတ်လား'

'လာပြန်ပြီ ဒီ ဒေါ်ပပဝင်း။ ဒီမှာရှင့် . . ဒေါ်ပပဝင်း မပါရင်၊ စကား မပြောတတ်တော့ဘူးလား'

'ကျုပ်စကားဆုံးအောင် ခဏကလေး သည်းခံပြီး နားထောင်ပေးပါဦးလေ။ အဲဒီ ဒေါ်ပပဝင်းက ဒိန်းဒိန်းနဲ့တွေ့တဲ့အခါ၊ မိဘမျိုးရိုး ဂုဏ်သိက္ခာကိုဆယ်ဖို့အတွက် ပြောမလို့ထင်ပါရဲ့ . .'

'ရှင် . . ခု ပြောသလိုဆိုရင်၊ အဲဒီ ဒေါ်ပပဝင်းဟာ





ကျွန်မကို လူမှားနေလို့ ဖြစ်ပါလိမ့်မယ် . .'

'ဘယ်လို လူမှားတာမျိုးလဲ . .။ တဆိတ်ကလေး ရှင်းပြပါဦး'

'ရှင်ပဲ စောစောက ကျွန်မကို လူမှားပြီးပြီလေ။ ကျွန်မရဲ့ငယ်နာမည်၊ အိမ်နာမည်ဟာ ဒိုင်းဒိုင်းတဲ့ . .။ ပြီးတော့ . . ကျွန်မကိုလဲ ပဲခူးသူတဲ့ . .။ အဲသလိုမျိုး များနေတာဖြစ်မှာပေါ့'

'လူမှားလို့ပဲ ဖြစ်ဖြစ်ပေါ့လေ . .။ မနေ့ညက အဲဒီ ဒေါ်ပပဝင်းဟာ၊ ဒိန်းဒိန်းဆီကို ရောက်လာခဲ့တယ်။ ဒိန်းဒိန်းက သူ့ကို လုံးဝမသိကြောင်း၊ ငြင်းပယ်လိုက်သတဲ့ . .။ အဲဒါ . . အမှန်ပဲလား . .'

'ဟင့်အင်း၊ ရှင် အခုပြောတဲ့ ဒေါ်ပပဝင်းဆိုတာ၊ ကျွန်မဆီကို လုံးဝ မလာခဲ့ပါဘူး . .'

'ဟာ . . ဒါဆိုရင်၊ တစ်မျိုးကြီးပါလား'

'ဘုရားစူးရပါစေ့ရှင် . .။ မနေ့ညက ကျွန်မဆီကို ဘယ်သူမှ ရောက်မလာခဲ့ပါဘူး။ ရှင် ခုပြောနေတာတွေ တစ်ခုမှ ကျွန်မ နားမလည်ဘူး။ အခုပြောနေတဲ့ ဒေါ်ပပဝင်းဆိုတာကိုလဲ၊ ကျွန်မ မသိဘူးရှင့်'

ဤစကားပြန်ပြောရင်း၊ ဒိန်းဒိန်း၏မျက်လုံးများက ဓာတ်ဆရာကြီး 'ဆရာရွှေတိမ်'ကို ခိုး၍ကြည့်လိုက်၏။ ထိုအခါ

'ဆရာရွှေတိမ်က စီးကရက်သောက်၍ ဆိတ်ငြိမ်စွာ ထိုင်နေသော အယ်ဒီတာချုပ် ကိုအေးကျော်ကိုကြည့်ကာ ပြောလိုက်လေသည်။

'ဆရာသမားလူကလဲဗျာ . .၊ ဗျူးပါဆိုနေမှ ဘာတွေ လျှောက်မေးနေတာလဲ မသိဘူး။ နားထောင်ရတာ ရဲစစ် စစ်နေသလိုမျိုးပဲ။ ကျွန်တော့်မင်းသမီးက နာမည်ထွက်စပြုနေတော့၊ ဒီလိုပဲ မကြာခဏ အဗျူးခံရဖူးပါတယ်။ ဒီလို ဗျူးတာမျိုး ကိုတော့ . . ဒီတစ်ခါပဲ ကြုံရဘူးသေးတယ်ဗျာ'

ကပွဲတာဝန်ခံ ဇာတ်ဆရာကြီး 'ဆရာရွှေတိမ်'ကပါ၊ စဝ်ရန်နိုင်ကို မလိုလားဟန်ဖြင့် ဝင်ပြောလာတော့၏။ ဤအခိုက်မှာပင် ဆရာရွှေတိမ်၏ရုံးခန်းထဲသို့ လူတစ်ယောက်ဝင်လာလေသည်။

'အာစရိ . .၊ ကျွန်တော် မင်းသမီးကို ခေါ်သွားတော့မယ်။ နောက် သီချင်းတစ်ပုဒ် သူဆိုဖို့အချိန် နီးကပ်နေလို့ပါ ဆရာ'

'ဒီမှာ ဗျူးနေတာကွ . .။ ဒါပေမယ့် သိပ်ဟန်မကျလှပါဘူးကွာ။ ကြာရင် မင်းသမီး စိတ်ဆိုးပြီး၊ အပေါ်ဆိုးသွားမှာစိုးလို့၊ ငါ သူတို့အနားကကို မခွာရဲဘူး . .။ အေး ခေါ်သွား . . ခေါ်သွား . .'

ဇာတ်ဆရာကြီး ဆရာရွှေတိမ်က သူ့တပည့်ကို





စိတ်မရှည်သည့်လေသံဖြင့် ပြောလိုက်၏။ ထိုအခါ ဒိန်းဒိန်းလည်း ဂင်တိုတို ခပ်ဝဝနောက်သို့ ပါသွားလေသည်။

'စောစောကဝင်လာတာ ကျုပ်တပည့်လေ။ ဇာတ်ခုံမန်နေဂျာ 'ဆရာပေါက်'ဆိုတာပေါ့။ ကဲ . . ခင်ဗျားတို့လဲ လိုရာအရပ်ကို သွားနိုင်ပါပြီ။ ကျုပ်မှာ အလုပ်ကလေးတွေ ရှိနေသေးလို့၊ ခွင့်ပြုကြပါဦး . .'

ဆရာရွှေတိမ်၏ အမူအယာနှင့် အပြောအဆိုကို ထောက်ချင့်၍ မိမိအားမလိုလားတော့မှန်း၊ ကောင်းစွာ ရိပ်မိလိုက်သည့်အားလျော်စွာ စဝ်ရန်နိုင်နှင့် အယ်ဒီတာချုပ်ကြီး ကိုအေးကျော်တို့သည် လာရာလမ်းအတိုင်း ပြန်ခဲ့ကြလေ၏။

'မင်း ငါ့ကိုကြွေးတုန်းက ဗိုက်ဝအောင်ဝါးထားလိုက်မိလို့ တော်သေးတာပေါ့ကွာ။ မင်းက ကောင်မလေးကို ဗျူးပြီးရင်၊ သူတို့က ပြုစုကြမှာပေါ့လို့ ပြောခဲ့ပေမယ့်၊ ငါ့အတွက် ဒါမျိုးတွေ ရှိုးနေပြီကွ။ ဟဲ . . ဟဲ . . ဟဲ'

'အခုဥစ္စာက ဟိုဆရာရွှေတိမ်ပြောသလို၊ ဗျူးတာမှ မဟုတ်တာ။ တွေ့တွေ့ချင်း ရဲစစ် စစ်နေတာမျိုးပဲဗျာ'

'အေးပါကွာ၊ ဒါတွေ အသာထားလိုက်ပါတော့ . .။ မင်း ဒီကိုလာခဲ့တာ၊ နည်းနည်းပါးပါး ဟန်ကျရဲ့လား'

'နည်းနည်းပါးပါး ဘယ်ကမလဲ။ တော်တော်ဟန်ကျခဲ့

တယ်လို့ ပြောရမှာပဲ။ တစ်ချက်ခုတ်၊ နှစ်ချက်ဖြတ်ဆိုတာ ဒါမျိုးကို ပြောတာထင်ပါရဲ့။ ဟဲ . . ဟဲ'

'တစ်ချက်ခုတ်တာ ဘယ်လို နှစ်ချက်ပြတ်သွားတာလဲ။ ဆိုပါဦး . .'

'ဒီလိုလေ . .၊ ကျုပ်တို့လာရင်းကိစ္စက ဒေါ်ပပဝင်း ပြောသွားသလို၊ ဒိန်းဒိန်းဟာ ပဲခူးသူလေး ဒိုင်းဒိုင်းများ ဖြစ်နေမလားလို့ လာစုံစမ်းတာပဲ . .'

'အေးလေ၊ ခုလာတော့ ကောင်မလေးကို မင်း ဘယ်လိုထင်သလဲ'

'ကောင်မလေးဟာ၊ ကျုပ်ကို စတွေ့ကတည်းက ညာနေတာဗျာ။ သူက အပြတ်ဖွတ်ငြင်းနေပေမယ့်၊ ကျုပ် သူ့ ပြောလိုက်ကတည်းက၊ သူ့ကို ပဲခူးက ဒိုင်းဒိုင်းမှန်း ချက်ချင်း ရိပ်မိလိုက်တယ်ဗျာ'

'သူဟာ ပဲခူးသူ လုံးဝမဟုတ်ဘူး။ မိတ္ထီလာသူပါလို့ ကာယကံရှင်ကိုယ်ဝိုင်က ပြောခဲ့တဲ့ ဥစ္စာပဲ။ မင်းက ဘယ်လို ပုံစံမျိုး တစ်မျိုးတွေးနေလို့လဲ'

'သက်သက် လိမ်ဆင်ကြီးပါဗျာ . .'

'ဒေါ်ပပဝင်းက ပြောတော့ ဒိန်းဒိန်းကို သူလာတွေ့သတဲ့။ ဒါပေမယ့် ဒိန်းဒိန်းက သူ့ကို လုံးဝမသိဖူးတဲ့ပုံစံမျိုး





ဆက်ဆံလွှတ်လိုက်လို့ သူမဟာ မခံမရပ်နိုင်ဖြစ်ခဲ့ရတယ်လို့၊ မင်းကို ဒေါ်ပပဝင်းက ပြောသွားတယ် မဟုတ်လား'

'ဟုတ်တယ် . .၊ ဒေါ်ပပဝင်းကိုယ်တိုင် ကျုပ်ကို ပြောကို ပြောသွားခဲ့တာပဲ။ ဒါပေမယ့် ဒိန်းဒိန်းက သူဟာ ပဲခူးက ဒိုင်းဒိုင်းမဟုတ်တဲ့အကြောင်းပြောပြီး၊ မနေ့ညတုန်းက သူ့ဆီကို ဘယ်ကညဉ့်သည်မှ မလာဘူးလို့ အတော်ငြင်းခဲ့တယ်။ ဒေါ်ပပဝင်းဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ နာမည်ကိုပဲ၊ သူ တစ်ခါမှ မကြားဖူးပါဘူးတဲ့လေ . .'

'အေး၊ ဒေါ်ပပဝင်းက မင်းကို ပြောသွားတော့တစ်မျိုး၊ ဒိန်းဒိန်းက ပြောတော့တစ်မျိုး ဖြစ်မနေဘူးလား . .'

'ဒီလိုဗျာ . .၊ ဒေါ်ပပဝင်းပြောတဲ့ ပဲခူးက ကိစ္စတွေဟာ ကစ်ဝက်မှန်တယ်။ ဒိန်းဒိန်းကို သူသွားတွေ့တယ်ဆိုတာကတော့ ဟုတ်ချင်မှ ဟုတ်လိမ့်မယ်ပေါ့ဗျာ။ ဒါပေမယ့် ဒိန်းဒိန်းကိုကြည့်ရတာ၊ ကျုပ် စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ်ဗျာ'

'ဘယ်လို မင်းက ခံစားနေရလို့လဲ . .'

'ဒိန်းဒိန်းဟာ သူ့စိတ်ဆန္ဒနဲ့ ဒီအလုပ်ကို ဝင်လုပ်နေရတာ မဟုတ်ပဲ၊ တစ်စုံတစ်ယောက်က အကြပ်ကိုင်ထားလို့များ လားလို့၊ ကျုပ် တွေးနေမိတာပဲ'

'မင်း အခုတွေးလိုက်တာဟာ၊ ဒေါ်ပပဝင်းရဲ့ အယူအဆ

ပဲ . ။ သူ့ထင်မြင်ချက်ကို ဒီအတိုင်းပြောပြီး၊ မင်းကို အလုပ်အပ် သွားခဲ့တာ မဟုတ်လား'

'ဟုတ်တယ် . ၊ ဒီမိန်းမ ပြောသွားတာတွေဟာ အကုန်လုံးမှန်ချင်မှ မှန်နေလိမ့်မယ်။ ကျုပ်ကတော့ ဒိန်းဒိန်းဟာ ပဲခူးက ဒိုင်းဒိုင်းပဲ ဖြစ်ရမယ်လို့၊ ယုံကြည်နေမိတယ်'

'ဒါတွေ ထားလိုက်ပါတော့လေ။ မင်း စောစောက ပြောတဲ့ 'တစ်ချက်ခုတ်နှစ်ချက်ပြတ်' ဆိုတာ ဘာကိုဆိုလိုတာလဲ'

'ဒီလိုဗျာ၊ ဟို . . ဒိန်းဒိန်းရဲ့ ဓာတ်ဆရာဆိုတဲ့ ကပွဲတာဝန်ခံ 'ဆရာရွှေတိမ်' ဟာ တခြားသူ မဟုတ်ဘူး။ တစ်ချိန်တုန်းက ရမည်းသင်း၊ မိတ္ထီလာနယ်ဘက်မှာ နေခဲ့ဖူးတဲ့ . . . ရာဇဝင်လူဆိုးကြီးဗျာ၊ ဟဲ . . . ဟဲ . . . ဟဲ။ သူ့နာမည်က ဘယ်ကလာ 'ဆရာရွှေတိမ်' ရမှာလဲ။ 'တိမ်တလုံး' ဆိုတဲ့ ရာဇဝင်လူဆိုးတစ်ယောက်ပဲ။ ဌာနချုပ်မှာရှိတဲ့ မှတ်တမ်းတွေအရ၊ သူ့ကို ကျုပ် ကောင်းကောင်းကြီး သိတာပေါ့'

'ဟုတ်လား . ၊ တိမ်တလုံးဟာ 'ဆရာရွှေတိမ်' ဆိုတဲ့ နာမည်နဲ့ ရန်ကုန်မှာလာပြီး ဓာတ်မြှုပ်နေလိမ့်မယ်။ အင်း မင်း ပြောသလိုဆိုရင်၊ ဒိုင်းဒိုင်းတို့အဖွဲ့ဟာ တော်တော်မသင်္ကာစရာ ဖြစ်လာပြီကွ . .'





'နောက်ပြီး . ၊ ဟိုဓာတ်ခုံမန်နေဂျာ 'ဆရာပေါက်' ဆိုတဲ့ လူကို ကိုအေးကျော် သတိပြုလိုက်မိလား။ သီချင်းတစ်ပုဒ် ဆိုရခါနီးနေပြီဆိုပြီး၊ ဒိန်းဒိန်းကို လာခေါ်သွားတဲ့လူလေ . .'

'အေးပါ၊ ပြောပါဟ . ။ ငါ မြင်လိုက်ပါတယ်'

'ဒီလူ့နာမည်ရင်းက 'ဘိုပေါက်တူး' တဲ့ဗျာ။ ရာဇဝင်လူဆိုးကြီး 'တိမ်တလုံး' ရဲ့ တပည့်ရင်း ဆိုပါတော့။ ဘယ်ကလာ 'ဆရာပေါက်' ရမှာလဲ။ ဟား . . ဟား . . ဟား . . ဟား'

စဝ်ရန်နိုင်က သဘောကျသွားသကဲ့သို့ ကားမောင်းရင်း ထ၍ ရယ်မောလိုက်ပေသည်။ အယ်ဒီတာချုပ်ကြီးကိုအေးကျော်က စဝ်ရန်နိုင်ကို လှည့်ကြည့်ကာ . . ။

'အော် . . ဒါကြောင့်မို့၊ ဆရာရွှေတိမ်ဟာ ညကြီးမင်းကြီးအချိန်မှာ မိုးအုပ်မျက်မှန်ကြီး တပ်ထားတာကိုး။ သူ့မျက်လုံး တစ်ဖက် ကွယ်နေတာကို၊ လူမသိအောင် ဖုံးကွယ်ထားတာကလား'

'တစ်ချို့ကသူ့ကို 'တိမ်တလုံး' လို့ ခေါ်ကြတယ်။ တစ်ချို့ကလဲ၊ ငရမန်ကန်းတဲ့ . .'

'အင်း၊ မင်းပြောသလိုသာဆိုရင်၊ တိမ်တစ်လုံးနဲ့ ပေါက်တူးဆို့ဆရာတပည့်ဟာ၊ ရန်ကုန်မှာလာပြီး ဓာတ်မြှုပ်နေကြတာကိုး . .'

'ဓာတ်မြှုပ်နေတယ်ဆိုတာထက် ရန်ကုန်မှာလာပြီး ကြီးပွားနေကြတာဗျာ့။ ဆရာကြီးက 'ကပ္ပဲတာဝန်ခံ'တဲ့။ တပည့်က 'ဓာတ်ခံမန်နေဂျာ'တဲ့။ ဒီလိုရာထူးတွေ တက်ယူထားပြီး၊ ငြိမ့်နေကြတာပါဗျာ။ ငနဲသားကြီးနှစ်ကောင်၊ ကျုပ်ကို ဘာကောင်မှန်း လုံးဝမသိလိုက်ကြဘူး'

'အေး၊ ဒါဆိုရင် စောစောက မင်းပြောလိုက်တဲ့ 'တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်'ဆိုတာ၊ ငါ သဘောပေါက်သွားပြီ။ ဟော့ကောင်လေး အိမ်ကိုပြန်မယ်လေ။ ဒါက ဘယ်ကို မောင်းဦးမလို့လဲ'

'အာစရိကလဲ . .။ ဆီဒိုးနားကို လိုက်ခဲ့ပါဦးလေ၊ ခင်ဗျားကို ဆရာကြီးတိမ်တလုံး'က မပြုစုလိုက်ပေမယ့်၊ ကျုပ်မှာ ပြုစုဖို့ ဝတ္တရားရှိနေသေးတယ်လေ . .'

'မင်းဟာလဲကွာ . .'

'ဟော့လူ . .။ မသွားချင်ရင်လဲ ပြော။ ကျုပ်က ရပါတယ်'

'ဟဲ . . ဟဲ . . ဟဲ။ စောစောက မင်း ဦးတည်ချက်ရှိတဲ့နေရာကိုသာ မောင်းစမ်းပါကွာ . .'

× × × × × × × × × × × × × ×



## အခန်း (၁၁)

ဆီဒိုးနားဟိုတယ်ကြီးသို့ ရောက်လာလျှင်၊ ကိုအေးကျော် ကြိုက်တတ်သော ယမကာများနှင့် အစားအစာများကို မှာလိုက်၏။ မဲခေါင်ဝီစကီတစ်ပုလင်းနှင့် မတ်တင်ချော့ဟုခေါ်သော ဆိတ်သားစင်းကောများ . .။

စဝ်ရန်နိုင် မှာလိုက်သော အစားအစာများမှာ၊ စားပွဲကြီးတစ်လုံးပြည့် လုနီးပါးဖြစ်သွားရာ၊ အယ်ဒီတာချုပ်ကြီးကိုအေးကျော်တစ်ယောက် မျက်လုံးပြူးသွားရှာလေ၏။ ကိုယ့်ပိုက်ဆံနှင့်ကိုယ်၊ သည်လိုစားဖို့ လွယ်မည်မဟုတ်ပါ။ သည်လိုဒကာပေါ်တုန်းပေါ်ခိုက်တွင်သာ အပြတ်'ဝါးတီး'ဖွင့်ရှာလေ၏။

စဝ်ရန်နိုင်ကလည်း ကိုအေးကျော်ကို အစ်ကိုအရင်းပမာ ချစ်ခင်ရင်းစွဲရှိနေပြီးဖြစ်သည်။ သူစားချင်သလောက် သောက်နိုင်သလောက် ဆန္ဒရှိသလို လုပ်ပါစေလေဟု သဘောထားကာ၊ အားရပါးရ မှာလိုက်ခြင်းဖြစ်လေ၏။ နှစ်ဦးသား စားရင်း သောက်ရင်းမှ စကားပြောဖြစ်ကြသည်မှာ . . .။

'မင်းပြောသလို၊ ဒေါ်ပပဝင်းက တကယ်ပဲ လာစုံစမ်းခဲ့ရိုးမှန်ရင်၊ အဲသလိုလာပြီး မေးမြန်းလိုက်တာကြောင့် 'တိမ်တလုံး'တို့ကို လာသတိပေးသလို ဖြစ်သွားပြီး၊ နောက်ထပ် တစ်စုံတစ်ယောက်က လာမေးရင်၊ သူတို့အားလုံး အသံထွက်ညီအောင် ကြိုတင် 'ဓာတ်တိုက်'ထားမှာပေါ့'

'ခင်ဗျား ပြောတာ သိပ်ဖြစ်နိုင်တယ်။ ဒါပေမယ့် . . ဒေါ်ပပဝင်းလာသွားတယ်ဆိုတာ မဟုတ်ပါဘူး၊ ဒေါ်ပပဝင်းကိုလဲ သူ့အနေနဲ့ လုံးဝမသိပါဘူးပြောတဲ့ ဒိုင်းဒိုင်းရဲ့စကားတွေဟာ အမှန်အတိုင်းတွေချည်း ဖြစ်နိုင်တယ်'

'မင်းက ဘာဖြစ်လို့၊ ဒီလို ယူဆတာလဲ'

'ကျုပ်က ဆပ်ပရိုက်(စ်)ကွက်ရှင်တွေ ထုတ်တဲ့အခါတိုင်း၊ ကောင်မလေးရဲ့ အမူအယာဟာ ပြောင်းပြောင်းသွားတတ်တယ်ဗျာ့'

'ဟေ့ကောင်၊ ငါ အခုပြောမယ့်စကားကို သေသေချာ





ချာနားထောင်ပြီး၊ မင်းအနေနဲ့ စဉ်းစားကြည့်ဖို့လိုလိမ့်မယ်'

'ပြော၊ ဘာလဲ . . .'

'ဆိုပါတော့၊ မင်းရဲ့ အမှုသည်ဟာ ဒေါ်ပပဝင်း၊ အစစ်မဟုတ်ဘူးဆိုရင် ဆိုတဲ့အချက်ပဲ . .။ ဒီဘက်ကလဲ လှည့်ပြီး စဉ်းစားသင့်တယ်ကွ . .'

အယ်ဒီတာချုပ်ကြီးက စုံထောက်ကျော် 'ရှားလော့ဟုမ်း' ပုံစံမျိုးဖြင့် နက်နက်နဲနဲ ပြောလိုက်လျှင်၊ စဝ်ရန်နိုင်က လက်ဖျောက်တစ်ချက် တီးလိုက်မိလေ၏။

'ဟေ့ကောင်၊ ဘာဖြစ်တာလဲ . .'

'ဒေါ်ပပဝင်းကိုယ်တိုင်ကပဲ ကောင်မလေးရဲ့အမေအရင်းဖြစ်နိုင်တယ် . .'

'ဟိုဓါတ်ပုံနဲ့ ခြိမ်းခြောက်စာ၊ သူ့အိမ်ရောက်လာပြီးတော့၊ အရမ်းစိတ်ပူလာပြီး တခြားမိန်းမတစ်ယောက်အနေနဲ့ မင်းဆီမှာ အမှုလာအပ်သွားတာလားမှ မသိတာ . .'

ကိုအေးကျော် ပြောလိုက်သောအချက်မှာ တော်တော်တွေးစရာဖြစ်နေလေသည်။ ထို့ကြောင့်လည်း ဒေါ်ပပဝင်းရောက်လာပုံ၊ စကားပြောပုံ၊ တစ်ထိုင်တည်း အမူအရာတွေ ပြောင်းလဲနေခဲ့ပုံ စသည်များကို တစ်ခုပြီးတစ်ခု ပြန်လည် မြင်ယောင်လာမိသည်။

ဒေါ်ပပဝင်းအား မိမိ ပထမဆုံးတွေ့လိုက်ရစဉ်က သူမ၏နုနယ်စိုပြေသော ရုပ်လက္ခဏာကြောင့်၊ သည်မိန်းမ အလွန်ဆုံးရှိလျှင် အသက်(၃၀)ကျော်လောက်ဟု ခန့်မှန်းလိုက်မိသေး၏။ နောက်မှ အသက်(၄၀)ကျော်ခန့်ရှိပြီဟူ၍၊ မိမိ ပြောင်းလဲ၍ ခန့်မှန်းလိုက်ပေသည်။ အသက်(၄၀)ကျော်လောက်ရှိသော မိန်းမ၌ ဒိုင်းဒိုင်းကဲ့သို့သော အသက်(၁၈)နှစ်အရွယ် သမီးပျိုတစ်ယောက်တော့ ရှိနေနိုင်ပါ၏။

'ဟုတ်ပြီ . . ကိုအေးကျော်။ ခင်ဗျား 'အိုင်ဒီယာ' ဆက်ပြောပါဦး'

'ဒိုင်းဒိုင်းက ဒေါ်ပပဝင်းကို ဘယ်သူဘယ်ဝါမှန်း မသိဘူး။ မမြင်ဖူးဘူး၊ သူမဆီကို ဘယ်ဧည့်သည်မှ ရောက်မလာခဲ့ဘူးဆိုတာတွေဟာ တကယ်ဖြစ်နိုင်စရာ ရှိတယ်ကွ . .။ ဒေါ်ပပဝင်းဆိုတဲ့မိန်းမဟာ သူ့အမေဖြစ်နေတယ်လို့ယူဆရင်၊ ဒိုင်းဒိုင်းကို သူသွားတွေ့ခဲ့တယ် ပြောတဲ့စကားဟာ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး . .'

'အဲဒီ ဒေါ်ပပဝင်းဆိုတဲ့ မိန်းမက ကျုပ်ကို သူဟာ ကောက်ပဲသီးနှံရုံးက၊ ရုံးအုပ်စာရေးမကြီးဖြစ်တဲ့အကြောင်း၊ ကဒ်ပြားလေးတစ်ခုတောင် ပေးသွားခဲ့သေးသဗျာ့ . . အာစရိရဲ့'

'ဒါများ . . ဘာဆန်းလို့လဲ။ ပိုက်ဆံပေး လုပ်ခိုင်းရင်၊





နေရာတစ်ကာမှာ ရတယ်ကွာ။ ဒီ ဒေါ်ပပဝင်းဆိုတဲ့ မိန်းမဟာ မင်းဆီကိုရောက်လာပြီး၊ မလိမ့်တပတ်နဲ့ အမှုအပ်သွားသလားလို့ ငါ တွေးနေမိတယ်'

'ကဲ၊ ကိုအေးကျော် . .။ ခင်ဗျားအိမ်ကို တန်းမပြန်နဲ့ဦး။ ကျုပ်အလုပ်ခန်း ခေတ္တသွားကြရအောင် . .။ ကျုပ်ဆီက အပြန်ကျရင်၊ ခင်ဗျားကို ကားနဲ့လိုက်ပို့ပေးမှာပေါ့။ လာဗျာ သွားကြစို့ . .'

သည်လိုနှင့် ဆီဒိုးနားဟိုတယ်မှ စဝ်ရန်နိုင်၏ လျှို့ဝှက်အလုပ်ခန်းသို့ ရောက်လာကြလေ၏။ ရောက်မဆိုက်ပင်လျှင် စဝ်ရန်နိုင် 'ပဲခူးမြို့မ ရဲစခန်း'သို့ အဆက်အသွယ် လုပ်ကြည့်လိုက်ပါသည်။ ချက်ချင်းအဆက်အသွယ်ရ၏။

'ဩော် . . ကျွန်တော်လား။ လျှို့ဝှက်ဌာနချုပ်က စဝ်ရန်နိုင်ပါ။ ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ကျွန်တော်ပါပဲ။ စဝ်ရန်နိုင်လို့ ခေါ်ပါတယ်။ ဟုတ်ကဲ့ . . စက်ရှင်တရားသူကြီး ဦးမိုက်ကယ်ရဲ့ဇနီးအကြောင်း၊ နည်းနည်းပါးပါး သိချင်လို့ပါ။ အော် ဟုတ်ကဲ့၊ ဒါပေါ့ . . ဒါပေါ့။ သူ့မိန်းမနာမည်က ဒေါ်ရှားရှား . . ဒေါ်ရှားရှား။ အော် . . ဒေါ်ရှားရှားလား။ နာမည် ၂-လုံးထဲလား ဟုတ်ကဲ့ . . ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် . .'

'ဒေါ်ရှားရှား'ဟူသော နာမည်ကို သိရပြီးလျှင်၊

ဒေါ်ရှားရှား၏ သမီးလေးအကြောင်း၊ ထမ်မံပေးလိုက်၏။ ဦးမိုက်ကယ်နှင့် ဒေါ်ရှားရှားတို့တွင် ရှားရှားပါးပါး သမီးလေး တစ်ယောက်သာ ထွန်းကားခဲ့၏။ သူမလေးနာမည်က ဒိုင်းဒိုင်း၊ ပဲခူးမြို့မအထက်တန်းကျောင်းတွင် ပညာဝင်နေ၏။ အထက်တန်းကျောင်းသူဟု ဆို၏။

သို့သော် ကလေးမလေးခမျာ စာမေးပွဲဖြေအပြီး နွေရာသီ ကျောင်းပိတ်ရက်တွင် ရုတ်တစ်ရက် ပျောက်ဆုံးသွားခဲ့သည်။ ပဲခူးရဲစခန်းသို့ လူပျောက်တိုင်ကြားသည် ဆိုလေ၏။

'ဟုတ်ကဲ့ . . ပြောပါခင်ဗျာ။ အော် ဒိုင်းဒိုင်းပျောက်သွားတာ၊ ဖြလလောက်တောင် ရှိပြီလား . .။ ဟုတ်ကဲ့ . . ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ဗျာ . .၊ ဟုတ် . . ဟုတ်ကဲ့ . . ဒီလိုပါ။ ကျွန်တော်တို့ ဌာနကိုဝင်လာတဲ့ အမှုတစ်ခုနဲ့ပါတ်သတ်ပြီး၊ မရှင်းလင်းတာလေးတွေ ရှိနေလို့၊ ခုလို စုံစမ်းကြည့်တာပါ။ ဟုတ်ကဲ့ ခင်ဗျာ . . ဟုတ်ပါတယ်'

ဒိုင်းဒိုင်းပျောက်သွားသည့်အကြောင်း၊ မိမိတို့ရဲစခန်းသို့ လူပျောက်တိုင်ထားသည်ဟု ရဲအရာရှိကဆိုလာ၏။ စဝ်ရန်နိုင်သည် တရားသူကြီးဦးမိုက်ကယ်၏ ပဲခူးမြို့ အိမ်လိပ်စာကို လိုလိုမယ်မယ် လှမ်းတောင်းထားလိုက်၏။

'အာ . .၊ ရပါတယ်ခင်ဗျာ . . ရပါတယ်။ အခုလောက်





သိရရင်ပဲ၊ အင်ဖော်မေးရှင်းက တော်တော်အဖိုးတန်နေပါပြီလေ။ နောက်မှ လူကိုယ်တိုင် တွေ့ကြသေးတာပေါ့ ခင်ဗျာ။ ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ဟုတ်ပါတယ် . .'

စဝ်ရန်နိုင်သည် အဝေးပြော တယ်လီဖုန်း၏ ရီဆီဗာကို ပြန်ချိန်လိုက်ပြီးနောက် ကျေနပ်အားရစွာ ပြုံးလိုက်မိလေ၏။

'ကဲ၊ လုပ်စမ်းပါဦး . .။ ဟိုက ဘာတွေပြောသလဲ။ မင်းသိချင်တာ ပြည့်ပြည့်စုံစုံ သိရပြီလား'ဟု အယ်ဒီတာချုပ်ကိုအေးကျော်က စဝ်ရန်နိုင်ကို အကဲခတ်၍ မေးလိုက်လေသည်။

'ဦးမိုက်ကယ်နဲ့ ဒေါ်ရှားရှားမှာ တစ်ဦးတည်းသော သမီးကလေး တစ်ယောက်ရှိတယ်။ ကောင်မလေးနာမည်က ဒိုင်းဒိုင်းဆိုတာ၊ သိပ်သေချာနေတာပေါ့ဗျာ။ ဟဲ . . ဟဲ . .ဟဲ'

'ဒါကိုထားလိုက်ဦး . .၊ စောစောက မင်း စကားပြောနေတဲ့အထဲမှာ ကောင်မလေး အမေအကြောင်း ပါတယ် မဟုတ်လား'

'ကောင်မလေးအမေ ဒေါ်ရှားရှားဟာ စကားပြောရင်း ပြုံးရယ်လိုက်တဲ့အခါ ပါးချိုင့်ကလေးတွေ ပေါ်ပေါ်သွားတတ်သတဲ့ဗျာ။ အထက်တန်းလွှာ မိန်းမတွေထဲမှာ တွေ့ရတတ်တဲ့ အိန္ဒြေတစ်ခွဲသားနဲ့ မင်းကတော်စိုးကတော် အသွင်မျိုးတဲ့ဗျာ'

'အေးလ၊ အဲဒါ ဘာဖြစ်သလဲ . .'

'ကျုပ်ဆီလာသွားတဲ့ ဒေါ်ပပဝင်းမှာလဲ ပါးခြိုင့်ရှိတယ်ဗျာ့။ ဒီတော့ သိပ်သေချာနေတာပေါ့ဗျာ။ ဒေါ်ပပဝင်းဟာ တခြားသူ မဖြစ်နိုင်ပဲ ဒိုင်းဒိုင်းရဲ့အမေ ဒေါ်ရှားရှားပဲဖြစ်ရတော့မှာပေါ့'

'အေးလေ၊ ဒါကတော့ ယူဆချင်သလို ယူဆပေါ့။ ဒါပေမယ့် . . ဒိန်းဒိန်းဟာ ဟိုကောင်မလေး ဒိုင်းဒိုင်း ဖြစ်နိုင် မဖြစ်နိုင်၊ မင်း ဘယ်လိုထင်သလဲ . .'

'ဒီအချက်နဲ့ပတ်သက်ပြီး၊ နည်းနည်းကလေး အချိန်စောင့်ပြီး လေ့လာလိုက်ရင်၊ အဖြေထွက်လာတော့မှာပါ ကိုအေးကျော်ရ'

ဤသို့ပြောပြီးလျှင် စဝ်ရန်နိုင်သည် 'ရှဖာရီ'ကုတ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ဖုန်းကလေးကို နှိုက်ယူကာ ဂဏာန်းနံပါတ်ကလေးများကို နှိပ်နေပြန်သည်။

'ဒါက ဘယ်ကိုပြောဦးမလို့လဲ . .။ မင်းကိုကြည့်နေရတာ ကြားထဲက မျက်စိနောက်လိုက်တာကွာ . .'

'နဂါးနီတည်းခိုခန်းကိုဗျာ့။ ကျွန်တော့်ဆီကို မနက်က လာသွားတဲ့ ဒေါ်ပပဝင်းဟာ၊ နဂါးနီမှာ သည်ညအိပ်ဦးမှာတဲ့။ တည်းခိုခန်းမန်နေဂျာကို ဒေါ်ပပဝင်းရှိမရှိ လှမ်းမေးမလို့လေ'

နဂါးနီတည်းခိုရိပ်သာ မန်နေဂျာနှင့် အဆက်အသွယ်





ရလာ၏။

'ဟုတ်ကဲ့ . . အခန်းနံပါတ်(၁၀)မှာ ဘယ်ဧည့်သည်မှ မရှိပါဘူး။ လွတ်နေပါတယ် . . လူကြီးမင်း အဲဒီအခန်းကို လိုချင်လို့လား'

'ဟာ၊ ခင်ဗျား ဘာတွေလှမ်းပြောနေတာလဲ။ အဲဒီအခန်းမှာ ညကအိပ်ခဲ့တဲ့ ဒေါ်ပပဝင်းရှိသလားလို့ မေးနေတာ မိတ်ဆွေကြီးရဲ့။ ပဲခူးကလာတဲ့ဧည့်သည် ဒေါ်ပပဝင်းဆိုတာလေ။ ဒီမိန်းမဟာ ဒီညတစ်ည ဆက်အိပ်ဦးမှာဗျာ့'

'ဗျာ . . .၊ ဒီတစ်ပတ်အတွင်းမှာ ဒေါ်ပပဝင်းဆိုတဲ့ နာမည်နဲ့ ခင်ဗျားတို့ဆီကို ဘယ်သူမှ မလာဘူး။ ဟုတ်လား . . ခင်ဗျား လူအဝင်အထွက် စာရင်းပြုလုပ်ထားတဲ့ အင်ဒက်(စ်) စာအုပ်ထဲမှာ သေသေချာချာ ကြည့်ပါဦးလေ'

'အင်ဒက်(စ်)စာအုပ်ကြည့်ပြီး သေသေချာချာ ပြောနေတာဗျာ့။ ဘယ်လိုလူလဲ၊ အူကြောင်ကြောင်နဲ့ . .။ ခင်ဗျား ဘယ်သူလဲ . .၊ ဘယ်ကလဲ . . ခင်ဗျား ဖုန်းသရဲလား။ လာမစမ်းနဲ့နော်၊ လှမ်းအကြောင်းကြားပြီး ဆွဲစိခိုင်းလိုက်မယ် . .။ သိတယ် မဟုတ်လား . .'

မန်နေဂျာက လှမ်းဟောက်နေပြီဖြစ်ရာ၊ စဝ်ရန်နိုင်သည် လက်ကိုင်ဖုန်းလေးကို လျှင်မြန်စွာ အိတ်ထဲသို့ ပြန်ထည့်

ထားလိုက်ရ၏။ သူမသည် ပဲရှုးကကာခဲ့ပါသည်။ နဂါးနီတည်းခိုခန်းတွင် ညအိပ်တည်းခိုလျှက်ရှိပါသည်။ သည်ညတစ်ည ဆက်လက်နေပါဦးမည်ဟု ဒေါ်ပပဝင်းက ပြောဆိုခဲ့သည်။

စဝ်ရန်နိုင်သည် မိမိကိစ္စအတွက် ခေါ်လာခဲ့သော အယ်ဒီတာချုပ်ကိုအေးကျော်ကို အင်းစိန်၊ ဘိုကုန်းဘက်သို့ ပြန်ပို့ပေးခဲ့သည်။

ကိုအေးကျော်အား လိုက်ပို့ပေးပြီး, မိမိလျှို့ဝှက်တိုက်ခန်းသို့ ပြန်ရောက်လာသောအခါ၊ ညဥ့်(၃)ချက်တီး ကျော်ခဲ့လေပြီ။ စဝ်ရန်နိုင် . . မိုးလင်းသည့်အထိ လုံးဝမအိပ်တော့။ ရေခဲသေတ္တာထဲမှ 'ဘရန်ဒီ'တစ်လုံးယူကာ၊ သောက်လျှက် စဉ်းစားခန်းဝင်နေမိလေ၏။

ပါးချိုင့်ပြုံးရှင် ဒေါ်ပပဝင်း၏မျက်နှာကိုသာ ထပ်ဖန်တလဲလဲ မြင်ယောင်နေမိလေသည်။ မိမိကို ငွေတစ်သိန်းပေး၍ ဘာကိစ္စ မလိမ့်တပတ်လုပ်သွားရတာလဲ။ သူမကြီးက ဘယ်သူလဲ။ ဒေါ်ရှားရှား ကိုယ်တိုင်ပင်လော . .။ အခြား တစ်ယောက်ယောက်ပေလော . . .။

ဒိုင်းဒိုင်းကိစ္စက တက်ဖက် . .။ 'ဒေါင်ဒင်'ကုမ္ပဏီမှ 'ကိုမြဒင်'ကိစ္စကလဲ တစ်မှောင့် . .။ သည် ၂-ခုဆက်စပ်မှု





မရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘာသာရပ်ခြင်းက အလွန်ကွဲပြားနေသောကြောင့် ဖြစ်သည်။

စဝ်ရန်နိုင်သည် တွေးရင်း သောက်နေမိ၏။
သောက်နေရင်းမှလည်း တွေးနေမိလေ၏။
သည်လိုနှင့်ပင် မိုးစင်စင် လင်းသွားခဲ့ပါတော့သည်။

× × × × × × × × × × × × ×

## အခန်း (၁၂)

ညသည် တိတ်ဆိတ်ငြိမ်သက်လှ၏။ အိပ်မပျော်နိုင်သည့် ညတစ်ညကို ဖြတ်သန်းနေရသော ဒုက္ခကို စဝ်ရန်နိုင်နားလည်လာမိသည်။ အိပ်မပျော်လေ၊ တွေးမိလေ။ တွေးမိလေ၊ အိပ်မပျော်လေဖြစ်ကာ ချာလပတ်လည်နေတော့သည်။

အိပ်မပျော်နိုင်သည့်အဆုံးတွင် စဝ်ရန်နိုင်သည် အိပ်ယာထဲမှ ထလာခဲ့၏။ မိမိ၏ 'ဗိုက်ပါဆလွန်း' ကားလေးကို မောင်းထွက်လာခဲ့၏။ ပထမ မြို့ထဲတွင် ကားပတ်မောင်းနေလိုက်မည် စိတ်ကူးမိသေးသည်။ သို့သော် အဓိပ္ပာယ်မဲ့ အချိန်မဖြုန်းလိုသဖြင့် မြေနီကုန်းဘက်သို့ မောင်းလာခဲ့သည်။

အချိန်ကား ညည့်တစ်နာရီကျော်ခဲ့ပြီ ဖြစ်သည်။





မြေနီကုန်းရှိ ရွှေလိပ်ပြာ ပျော်ပွဲစားရုံအနီးသို့ ရောက်သောအခါ အကြံတစ်ခုရလာသဖြင့် ပျော်ပွဲစားရုံသို့ မရောက်မီ ကိုက်(၅၀)ခန့်အကွာအဝေးရှိ သစ်ပင်ရိပ်ကြီးတစ်ခုအောက်တွင် ကားလေးကို ထိုးရပ်လိုက်၏။

ကားစက်ပိတ်လိုက်ပြီးသောအခါ၊ သူ့ရှေ့ရှိ ကိုက်(၅၀)ခန့်အကွာမှ မြင်ကွင်းများကို ကျကျနန ကြည့်နေလိုက်၏။ ရွှေလိပ်ပြာ ပျော်ပွဲစားရုံရှေ့တွင် ပေါင်မုန့်ပုံစံ ဗင်ကားတစ်စင်းတွေ့ရ၏။ ထိုကားထဲသို့ ကောင်မလေးများ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲစီ တက်သွားနေကြ၏။

ဒူးဖုံးဘောင်းဘီဖြူနှင့် စလင်းဘက်ဖြူကိုလွယ်လျှက်၊ ကားပေါ်သို့ နောက်ဆုံးတက်သွားသူမှာ ဒိန်းဒိန်း ဖြစ်လေသည်။

ညည့်နက်လာပြီဖြစ်၍ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များပြီးဆုံးသွားပြီဖြစ်၍ အဖွဲ့ဝင် အမျိုးသမီးလေးများအား၊ သူတို့နေအိမ်များသို့ ပြန်ပို့ပေးမည့် ဖယ်ရီကားဖြစ်ကြောင်း စဝ်ရန်နိုင် ရိပ်မိလိုက်ပါသည်။

ဒိန်းဒိန်းနှင့် ကောင်မလေးများပါလာသော ဖယ်ရီကားမှာ မှောင်ရိပ်ထဲတွင်ရပ်ထားသော စဝ်ရန်နိုင်၏ကားလေးကို မြင်ဟန်မတူပေ။ ပျော်ပွဲစားရုံရှေ့မှ ခပ်သွက်သွက် မောင်းထွက်သွားလေသည်။ စဝ်ရန်နိုင်လည်း အဆိုတော်မလေး ဒိန်းဒိန်း

လိုက်ပါသွားသော ဗင်ကားနောက်သို့ 'ရှဲဒိုး'လိုက်သွားလေတော့၏။

စဝ်ရန်နိုင်သည် မိမိ 'ရှဲဒိုင်း'လိုက်ပါလာမှန်း ရှေ့မှလူများ မရိပ်မိစေရန်၊ ကားရှေ့မီး(၂)လုံး ပိတ်၍၊ နောက်မှ ခပ်မှေးမှေး လိုက်သွား၏။ (၁၀)မိနစ်ခန့်ကြာသောအခါ ရှေ့မှ ညာဘက်လမ်းသို့ ချိုးကွေ့လိုက်ကာ၊ ဘုန်းကြီးလမ်းအတိုင်း ဆက်၍ မောင်းနှင်သွားပြန်၏။

ဘုန်းကြီးလမ်းတစ်လျှောက်တွင် ယာဉ်အသွားအလာ မရှိသလောက် ပြတ်လှသဖြင့်၊ စောစောကလို အနီးကပ်မလိုက်တော့ပဲ၊ ခပ်လှမ်းလှမ်းဘေးသို့ ဖဲ့ဆင်းသွားကာ၊ တိုက်ခန်းတစ်ခန်းရှေ့တွင် ထိုးရပ်လိုက်တော့၏။

ရှေ့ကားရပ်သည်ကို တွေ့လျှင်တွေ့ခြင်း၊ စဝ်ရန်နိုင်ကလည်း သူ၏ကားကို အဝေးမှမောင်းနှင်လာသော ကုန်ကားကြီးတစ်စင်းကို ကာဘာယူ၍ နောက်သို့ ဘက်ဂီယာဖြင့်ဆုတ်ကာ၊ လမ်းဘေးအဆောက်အဦးတစ်ခုဖြင့် ကွယ်လျှက် ခေတ္တရပ်နေလိုက်၏။

ဒိန်းဒိန်းနှင့် မိန်းကလေးတစ်ဦးသည် ဗင်ကားထဲမှ ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြ၏။ နှစ်ယောက်စလုံး လက်ကလေးများ ထောင်၍ကားပေါ်မှ အဖွဲ့သားများကို





နှုတ်ဆက်လိုက်ကြပြီးလျှင် လမ်းဘေးရှိ တိုက်ကြီးတစ်ခု၏အပေါ်သို့ လှေကားထစ်များမှ တက်သွားကြလေ၏။

စဝ်ရန်နိုင်က ဒိန်းဒိန်းတို့ တက်သွားသော တိုက်ကြီးကို သေသေချာချာ မှတ်သားထားလိုက်၏။ မိမိအဖို့ လိုက်ရကျိုးနပ်သွားပြီဖြစ်၍ မိမိ ရုတ်တရက် အိပ်ပျော်မသွားမိခြင်းကိုပင် ကျေးဇူးတင်ရတော့မလို ဖြစ်ပေသည်။

မိမိ၏ လျှို့ဝှက်အလုပ်ခန်းသို့ ပြန်ရောက်လာခဲ့ပြီးနောက် အိုးဘရန်ဒီ (၃)ခွက် ဆက်တိုက်သောက်ချလိုက်ပြီးလျှင် အတင်းဖြစ်ညှစ်အိပ်ရန် ကြိုးစားတော့မည်ဟု စဉ်းစားလိုက်မိခါမှပင်၊ မိမိ၏အခန်းအပြင်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသဖြင့်၊ စဝ်ရန်နိုင်သည် အသံငြိမ်နေလိုက်၏။

မိမိက ဒိန်းဒိန်းတို့ကားကို 'ရှဲဒိုး'လိုက်ခဲ့သလို၊ မိမိကိုလည်း အခြားတစ်ယောက်က 'ရှဲဒိုး'လိုက်ခဲ့ပြီလောတွေးကာ၊ ပခုံးသိုင်းစလွယ်အိတ်ထဲမှ 'တိုကာဂျစ်'ပစ္စတိုကို အသင့်ထုတ်လိုက်၏။

ဒိန်းဒိန်း၏ ဇာတ်ဆရာကြီး၊ ကပွဲတာဝန်ခံ ဆရာတိမ်တလုံးပင်လော။ သူ့တပည့်ကြီး 'ဘိုပေါက်တူး'ပင်လော။ နှစ်ဦးစလုံးတော့ မဖြစ်နိုင်ပါ။ တစ်ဦးတည်း၏ ခြေသံများကိုသာ ကြားလိုက်ရခြင်း ဖြစ်လေသည်။

စဝ်ရန်နိုင်က အခန်းပေါက်ဝသို့ သေနတ်ဖြင့်ချိန်ကာ၊ လျှပ်စစ်တံခါးကို ဖွင့်ပေးလိုက်၏။ 'ဝင်လာခဲ့ပါ'ဟူ၍လည်း ပြောလိုက်၏။

ဝင်လာသူကား . . ။

သူထင်ထားသလို လူမိုက်ကြီး တိမ်တလုံးမဟုတ်ပါချေ။ သူ၏တပည့်ကြီး ဆရာပေါက်အမည်ခံ 'ဘိုပေါက်တူး'လဲ မဟုတ်ပါချေ။

ဝင်လာသူကိုကြည့်ကာ၊ အလွန်အမင်း အံ့အားသင့်သွားမိလေ၏။ သူမသည် ဗင်ကားပေါ်သို့တက်လာသော အဝတ်အစားများအတိုင်းပင် ဖြစ်၏။

ဝင်လာသူကိုကြည့်ကာ အလွန်အမင်း အံ့အားသင့်သွားမိလေ၏။ သူမသည် ဗင်ကားပေါ်သို့တက်လာသော အဝတ်အစားများအတိုင်းပင် ဖြစ်၏။ ဒူးဖုံးဘောင်းဘီဖြူ တီရှပ်အကျီဖြူနှင့် စလင်းဘက် အိတ်အဖြူနှင့်ပင် . . ။

'ကျွန်မ အထဲကို ခပ်မြန်မြန် ဝင်လာခဲ့ပါရစေတော့'

'ဝင်လာခဲ့ပေါ့ . .'

'ဒါဆိုရင်၊ ဝင်လာပြီနော် . .'

'ဟိုး၊ နေဦးလေ . .။ ခဏရပ်နေ'

'အို၊ သေနတ်ကြီးနဲ့ ချိန်မထားပါနဲ့'





'မင်းကိုကြည့်ရတာ၊ နောက်က တစ်ယောက်ယောက် လိုက်လာသလိုပဲ၊ ပြောစမ်း . . ဘယ်သူလိုက်လာသလဲ၊ ဆရာရွှေတိမ်လား၊ ဆရာပေါက်လား . .။ ခပ်မြန်မြန် ပြောစမ်း'

'ဘယ်သူမှ လိုက်မလာပါဘူး . .။ အစ်ကို့ကို ပြောစရာ စကားတွေ အများကြီးရှိလို့၊ ခုလို လာခဲ့ရတာပါ'

'မင်းက ငါ့တိုက်ခန်းကို ဘယ်လိုလုပ် သိနေတာလဲ'

'ကျွန်မအကျိုးကိုလိုလားတဲ့ တစ်ယောက်ကို အစ်ကို ဘယ်မှာ နေတယ်ဆိုတာ သိရဖို့၊ အစ်ကို့နောက်ကို မနေ့ညကပဲ 'ရှုဒိုး'လိုက်ခိုင်းခဲ့တယ်လေ'

'ဟ . .၊ တယ်ဟုတ်ပါလား . .။ ငါ့နောက်ကို ရှုဒိုး လိုက်ခဲ့တယ် ဟုတ်လား . .'

'ဟုတ်ပါတယ် . . အစ်ကို၊ ဘာဖြစ်လို့လဲ . . အစ်ကိုက မကြိုက်လို့လား . .'

'ငါ ဘာမှ မဖြစ်ပါဘူး။ ရှဲဒိုင်းပဲ လိုက်လိုက်၊ နဂါးကြီးပဲ လိုက်လိုက်၊ ငါက မကြောက်တတ်ဘူးလေ။ မင်းနောက်က ဘယ်သူမှာ ပါမလာခဲ့ဘူး။ ငါ့ကို ပြောစရာစကားတွေ အများကြီးရှိတယ်၊ ဟုတ်လား'

'ဟုတ် . . ဟုတ်ပါတယ်'

'ဒါဖြင့် ဝင်လာခဲ့။ ငါ့ရှေ့က ထိုင်ခုံလွတ်မှာ ထိုင်ပြီး၊

ပြောချင်တာတွေကို ပြောပေတော့။ ခပ်မြန်မြန်ပြောပါ ကြား
လား။ ငါက ပေးရှည်တာကို သိပ်မကြိုက်ဘူး'

'ကျွန် . . ကျွန်မကို ပစ်မထားပါနဲ့။ ကျွန်မကို စောင့်ရှောက်ကာကွယ်ပေးပါ . .'

'ဟေ၊ ဘယ်လိုဖြစ်လာတာလဲ၊ အပြောင်းအလဲက မြန်လှချည့်လား'

'ကျွန်မ ပဲခူးက ဒိုင်းဒိုင်းပါ . .၊ ဒိုင်းဒိုင်းကနေပြီး ဒိန်းဒိန်း ဖြစ်လာရတာပါ . .'

'မှန်ရာကိုပြောနော် . .။ ရည်ရွယ်ချက်တစ်ခုရှိလို့ ငါ့ကို ပတ်ချွဲနှပ်ချွဲ လာလုပ်တယ်ဆိုရင်တော့၊ ငါက လုံးဝညှာမှာ မဟုတ်ဘူး။ ကြားရဲ့လား . .'

'မနေ့ညက လာဗျူးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး၊ အစ်ကိုက ကျွန်မကို စိတ်ဆိုးနေတုန်းပဲလားရှင် . .'

'ငါ့မှာ စိတ်ဆိုးတယ်ဆိုတာ မရှိဘူး။ တစ်ခါတစ်ရံ ကျွဲမြီးနည်းနည်းတိုတတ်တယ်။ ဒါလောက်ပါပဲ . .'

စဝ်ရန်နိုင်က ညကြီးမင်းကြီး အချိန်မဲ့ကာမှ ခုလိုပုံစံမျိုးဖြင့် ရုတ်တစ်ရက်ရောက်လာသော ဒိန်းဒိန်းကို မကြိုက်လှ။ ဟိုမိန်းမကြီး ဒေါ်ပပဝင်းကို ချက်ချင်းအမှတ်ရလာသည်။ ငွေတစ်သိန်းကြီးများတောင် မိမိကိုပစ်ပေးခဲ့ပြီး၊ မလိမ့်တပတ်





လုပ်သွားခဲ့၏။

ခဲမှန်ဖူးသော စာသူငယ်ဖြစ်ခဲ့သောကြောင့်၊ စဝ်ရန်နိုင်သည် ဒိန်းဒိန်းကို မာယာရှင်ကဝေမလေး တစ်ပါးနှယ်သာ သဘောထားမိသည်။ သို့သော် ဒိန်းဒိန်းကား မိမိအတွက် လောက်လေး မလောက်စား ကောင်မလေးမျှသာဖြစ်၍ သနတ်နှင့် ချိန်မထားတော့ပါ။

'ကျွန်မ ဟိုနေ့ညက မမှန်မကန်တွေ ပြောခဲ့မိတဲ့အတွက် ဒိုင်းဒိုင်းကို ခွင့်လွှတ်ပါရှင်'

'ဟို ဒေါ်ပပဝင်း မင်းဆီကိုလာရဲ့သားနဲ့ မလာပါဘူး၊ ဒေါ်ပပဝင်းကိုလဲ ကျွန်မ လုံးဝမသိပါဘူးလို့၊ မင်းပြောခဲ့တယ်။ မမှန်မကန်တွေ ပြောခဲ့မိပါတယ်ဆိုတဲ့အထဲမှာ အဲဒီဥစ္စာလဲ ပါတယ်မဟုတ်လား . .'

'ဟင့်အင်း . . အဲဒီဥစ္စာ မပါဘူး။ ဒေါ်ပပဝင်းဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်မဆီကို လုံးလုံးမလာခဲ့ပါဘူး . .။ ကျွန်မ အစ်ကို့ကို ဘယ်ညာရဲ့ပါ့မလဲ . .။ အခု . . ဒိုင်းဒိုင်း ပြောတာ အမှန်ပါရှင်'

'ကဲ . . ဒါထား၊ စောစောက မင်းက ငါ့ကို စောင့်ရှောက်ကာကွယ်မှုပေးပါလို့ တောင်းခံခဲ့တယ် . .'

'ဟုတ်ကဲ့ပါ အစ်ကိုရယ်။ ကျွန်မကို သနားသင့်ပါ

တယ်။ ကျွန်မကို ကာကွယ်စောင့်ရှောက်ပါ . .'

'မင်းကိုကြည့်ရတာ၊ တစ်ယောက်ယောက်ကို ကြော
နေသလိုပဲ၊ ပြောစမ်း . . ဘယ်သူ့ကို ကြောက်နေတာလဲ'

'ဟို . . ဟိုး . . ဟို . .'ဒိန်းဒိန်းမှာ တော်တော်န
စကားပြော၍ မထွက်ရှာပဲ၊ သူမ၏ရင်အုပ်ကလေးမှာ နိမ့်ချ
မြင့်ချည်နှင့် ဖြစ်နေရှာလေသည်။

'ဒီမှာ ဒိုင်းဒိုင်း . .။ အခု ညည်းဟာ ငါ့အခန်းထဲကို
ရောက်နေပြီ။ ဘယ်သူ့ကိုမှ ကြောက်နေစရာ မလိုဘူး။ ရင်ထဲ
တာသာ ရဲရဲတင်းတင်းပြောပေတော့ . .'

'သူတို့ကလေ ဒိုင်းဒိုင်းကို အကြပ်ကိုင်ထားလို့ပါ'

'သူတို့ဆိုတာ ဘယ်သူလဲ . .'

'ဟို၊ ဆရာရွှေတိမ်နဲ့ ဆရာပေါက်တို့ပါ အစ်ကိုရယ်'

'သူတို့က ဘယ်လိုမျိုး အကြပ်ကိုင်ထားသလဲ။ ဘာမှ
မကြောက်ပါနဲ့။ ရဲရဲတင်းတင်းသာ ပြော . .'

ဟိုလူတွေက တော်တော်ပညာပေးထားပုံ ရ၏။
ကောင့်မလေးခမြာ ပြောခါနီး တုန်လှုပ်ချောက်ချားနေရှာသည်။
မျက်လုံးလေးတွေက ကလယ်ကလယ် . .။ ဟိုကြည့်လိုက်၊
သည်ကြည့်လိုက်နှင့် အလွန်အမင်း ကြောက်နေပုံရ၏။

ထို့နောက် ဒိန်းဒိန်းအမည်ခံ ဒိုင်းဒိုင်းထံမှ စကားသံများ





ား တအစ်အစ် ငိုငံလေးများသာ ပေါ်ပေါက်လာသည်။
က်ဝန်းအစုံမှ မျက်ရည်စမ်းချောင်းမွှာလေးများသာ စီးကျ၍
ာခဲ့သည်။

'အို၊ ဒိုင်းဒိုင်းအဖြစ်ဟာ အင်မတန် ရှက်လို့ကောင်း
န်းလို့၊ ဖွင့်ပြောရမှာတောင် လိပ်ပြာမရဲစရာမို့ပါ အစ်ကိုရယ်'

'ဟာ၊ တယ် ခက်ပါလား။ ညည်းကိစ္စအားလုံး ရှင်းသွား
ချင်ရင်၊ အခု အငိုတိတ်မလား၊ မတိတ်ဘူးလား . . ပြော'

စဝ်ရန်နိုင်က လေသံမာထန်စွာနှင့် ပြောလိုက်တော့မှ
း်ဒိုင်းခမြာ တဖြည်းဖြည်း အငိုရပ်သွားရှာလေသည်။

× × × × × × × × × × × × × ×

## အခန်း (၁၃)

'ဒိုင်းဒိုင်းဟာ ဒက်ဒီနဲ့ မာမီတို့ကို လိမ်ခဲ့မိလို့ အခုလို ဒုက္ခတွေခါးစီးပြီး ခံခဲ့ရတာပါရှင်။ ဒိုင်းဒိုင်းဟာ အိမ်ကထွက်ခဲ့ပြီး ရန်ကုန်ရောက်လာတော့၊ သူငယ်ချင်းရှိတဲ့ အင်းစိန်ကို မသွားတော့ပဲ၊ ဆရာရွှေတိမ်ရှိတဲ့ မြေနီကုန်းကို တန်းလာခဲ့မိတယ်ဆိုပါတော့ အစ်ကိုရယ်'

'နေစမ်းပါဦး၊ သူတို့နဲ့ အခုလို အလုပ်တွဲလုပ်တဲ့အတွက်၊ ကတိစာချုပ်တွေ ဘာတွေ ချုပ်ထားရသေးသလား'





'ပထမက ဘာစာချုပ်စာတမ်းကိုမှ ကျွန်မက မချုပ်ခဲ့ပါဘူး။ အဲဒီလို စာချုပ်ဖို့ငြင်းပယ်လိုက်မိတဲ့အတွက် ကျွန်မခုလို အဖြစ်မျိုး ဖြစ်ခဲ့ရတာဆိုပါတော့'

'လိပ်ပတ်လည်အောင် ပြောပြစမ်းပါဦး . .'

'တစ်နေ့မှာ ကုမ္ပဏီတစ်ခုက ညှော်ခံဆိုလား ဘာဆိုလား။ အဲဒီမှာ ကျွန်မတို့သွားပြီး၊ ဖြေဖျော်ခဲ့ရတယ်'

'အင်း . . ပြောပါ . .'

'အပြင်ပွဲဆိုတော့ အချိုရည်တွေ ဘာတွေ တိုက်ခဲ့တယ်ဆိုပါတော့ . .'

'ဆက်ပြောပါ ဒိုင်းဒိုင်း . .'

'နောက်တော့ . . . နောက်တော့၊ ဒိုင်းဒိုင်းဟာ ပြန်လာတဲ့အထိ လူမှန်းသူမှန်း မသိအောင် မူးသွားခဲ့တယ်။ ဒါနဲ့ နှစ်ရက် သုံးရက်လောက်အကြာမှာ ဆရာပေါက်ဟာ ကျွန်မနဲ့ လာတွေ့ပြီ . . .'

ဤနေရာအရောက်လျှင် ဒိုင်းဒိုင်း၏ပါးစပ်မှာ ရှေ့ဆက်မပြောရဲတော့သည့်အလား ရပ်တန့်သွားလေတော့၏။ မျက်လုံးအိမ်များအတွင်းမှ မျက်ရည်အသွယ်သွယ် စီးကျလာပြန်၏။

'ပြောစမ်း . . ၊ ညည်း အဲဒီညက ဘာတွေဖြစ်ခဲ့သလဲ'

'ဆရာပေါက်က . . ဆရာပေါက်က . .'

'ဟာ၊ ဘယ်လိုဖြစ်နေတာလဲ။ ပြော . . ပြောစမ်း'

စဝ်ရန်နိုင်က ဒိုင်းဒိုင်းကလေးခမြာ မှသမာသူတို့၏ လုပ်ကြံခြင်းကို ခံလိုက်ရပြီဟု နားလည်လိုက်မိပေသည်။

'ပြီးတော့ နင်ဟာ တို့ဆီမှာ ဆက်နေရမယ်။ ဟိုစာချုပ်ထဲမှာ လက်မှတ်ထိုးရမယ်။ တို့စကား နားမထောင်ရင်၊ ဒက်ဒီကို ငွေညှစ်တောင်းမယ်တဲ့ . .။ ဒိုင်းဒိုင်းကို မျိုးစုံအကြပ်ကိုင်ကြတော့ တာပါပဲ . .'

'ကောင်းပြီး၊ ဆက်ပြောပါ'

'မျိုးစုံ အကြပ်ကိုင်တဲ့အပြင်၊ ကျွန်မ နာမည်ကြီးလာပြီး ဝင်ငွေကောင်းလာတဲ့အချိန်မှာ ဝင်ငွေရဲ့(၅၀)ရာခိုင်နှုန်း၊ ဆရာရွှေတိမ်ကို ခွဲပေးရဦးမယ်တဲ့။ ကျွန်မက ဖေဖေ မေမေတို့ အရှက်အတွက် ပေးဆပ်နေရတာပါ အစ်ကိုရယ် . .'

'ဒါတင်ပဲလား . .'

'သူစိမ်းနဲ့ စကားပြောတာတောင် သူတို့က လုံးလုံး သဘောမကျဘူး။ သူတို့နှစ်ယောက်က သေဆိုရင်သေ၊ ရှင်ဆိုရင်ရှင်ပေါ့လေ။ သူတို့လက်ကလွတ်အောင် ထွက်ပြေးဖို့ဆိုတာလဲ မလွယ်ဘူး။ ဒိုင်းဒိုင်းကို မျက်လုံးတွေက အလစ်မပေးပဲ အမြဲတမ်း စောင့်ကြည့်နေသလိုပဲ၊ အခုတောင် ဒိုင်းဒိုင်းကို စောင့်ကြည့်နေတဲ့ မျက်လုံးတွေက သတင်းပို့လိုက်လို့၊ သူတို့





သိသွားကြပြီလား မသိဘူး'

'သူတို့ သိသွားရင်၊ ဘာလုပ်မယ် ထင်သလဲ'

'ဒိုင်းဒိုင်းကို မတွေ့တွေ့အောင် လိုက်ရှာကြလိမ့်မယ်။ ဒီအခန်းထဲမှာ ရှာတွေ့သွားရင်၊ အစ်ကိုလဲ သက်သာမှာ မဟုတ်ဘူး။ သူတို့က လူမိုက်ကြီးတွေရှင့် . . မနေ့ကပဲ ဒိုင်းဒိုင်းရှေ့မှာ လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြသေးတယ်'

'ဘာ လူတစ်ယောက်ကို သတ်ပစ်လိုက်တယ်၊ ဟုတ်လား . .။ ဘယ်နေရာမှာ သတ်လိုက်တာလဲ . .'

'ပျော်ပွဲစားရုံရဲ့ မြေတိုက်ခန်းကြီးထဲမှာ ဆရာရွှေတိမ်ရဲ့ အမိန့်အရ၊ ဆရာပေါက်တို့က သတ်ပစ်လိုက်ကြတာပဲ . .။ အို ပြောရင်းဆိုရင်း ဒိုင်းဒိုင်းကြက်သီးတွေ ထလိုက်တာ အစ်ကိုရယ်'

'သူတို့လူသတ်နေတာ ညည်းကိုယ်တိုင် မြင်ရလို့လား'

'ဒိုင်းဒိုင်းမြင်ရတော့၊ အဲဒီလူဟာ သေသွားရှာပြီ။ သူတို့က အဲဒီလူသေရဲ့ မျက်နှာကိုဓားနဲ့လှီးပစ်နေတုန်းမှာ မြင်ခဲ့ရတာပါ။ မျက်နှာကို သင်တုန်းဓားနဲ့ လှီးပစ်နေတာပေါ့'

'ဒိုင်းဒိုင်းက သူတို့ အဲဒီလိုလုပ်နေတာ ဘယ်လိုသွားတွေ့တာလဲ'

'သူတို့လူသတ်နေတဲ့ မြေတိုက်ခန်းကြီးအေးမှာ အရက်စတိုးခန်းကြီးရှိတယ်။ စားပွဲထိုးမှူးကြီးက တို့မှာအရက်ကုန်နေပြီ။ အရက်(၁၀)ပုရင်းလောက် သွားယူထားစမ်း ပြောပြီးလွှတ်လိုက်တဲ့ ထမင်းချက်မလေးက စမြင်တာပါ။ ကျွန်မနဲ့ အင်မတန်ခင်မင်ယုံကြည်တဲ့အတွက် သူမြင်ခဲ့ရတဲ့မြင်ကွင်းကို ကျွန်မလာပြောတယ်။ သူ့နာမည်က ဝါဝါလို့ခေါ်ပါတယ် အစ်ကို'

'ဝါဝါက လာပြောတော့ . . ညည်းက ဝါဝါနဲ့ လိုက်ကြည့်ခဲ့တယ်ဆိုပါတော့'

'ဟုတ်ကဲ့၊ ကျွန်မရောက်တဲ့အခါ သူတို့သတ်နေတဲ့ဟိုလူက သေသွားပြီ။ ဒါပေမယ့် ဆရာပေါက်က သူ့တပည့်တွေကို ပြောနေတဲ့စကားတွေ ကျွန်မတို့ ချောင်းနားထောင်နေခဲ့တယ်'

'ဘာတွေကြားခဲ့လဲ . .'

'ဒီအလောင်းရဲ့ မျက်နှာကို ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိအောင် ဖျက်ဆီးပစ်ပြီး ရေထဲပစ်ချလိုက်လို့ အမိန့်ပေးနေတယ်။ ကျွန်မတို့ကလဲ သူတို့ရက်ရက်စက်စက် လုပ်နေတဲ့ဟိုအသေကောင်ကြီးကို ဆက်မကြည့်ဝံ့တော့တာနဲ့၊ သူတို့မသိအောင် အပေါ်ကို ပြန်တက်ပြေးခဲ့ရတယ် ဆိုပါတော့'

'အဲဒီလို သူတို့လူသတ်နေတာ မနေ့က ဘယ်အချိန်လောက်လဲ မှန်းကြည့်စမ်း'





'မနက်(၉)နာရီလောက်လို့ ထင်တာပဲ . .'

'အေး၊ ငါ ဒီလောက်သိရရင် ကျေနပ်ပြီ။ အခု . . ဒီလိုလုပ် ဒိုင်းဒိုင်း'

'ဟုတ်ကဲ့ ပြောပါ အစ်ကို'

'ဒီည ငါ့အခန်းမှာနေလို့ကတော့ မဖြစ်ဘူး။ ဒီတော့ ညည်းအခု ဘာလုပ်ချင်သလဲ . .'

'ဒိုင်းဒိုင်းကတော့ သူတို့လက်ကလွတ်မြောက်ပြီး၊ ပဲခူးက ဖေဖေနဲ့ မေမေတို့ဆီကို ပြန်ချင်တာပါပဲ'

'အေး၊ သိပ်ကောင်းတာပေါ့။ ခုချက်ချင်း ညည်း ပဲခူးကို ပြန်တော့လေ'

'အို . . အစ်ကိုကလဲ ညကြီးအချိန်မတော် ဘယ်သူက ဒိုင်းဒိုင်းကို ပဲခူးပြန်ပို့ပေးမှာလဲ . .'

'ဘယ်တက္ကစီကားမှ လိုက်တော့မှာ မဟုတ်ဘူး . .'

'ငါ လုပ်ပေးမယ်။ ငါ့လူတွေ ရှိတယ်။ လာ . . ခုချက်ချင်း သွားကြစို့ . .'

စဝ်ရန်နိုင်က တိုက်ခန်း၏ မြေညီထပ်တွင် နေထိုင်၏။ နောက်ဖေးဘက်တွင် 'ဖိုက်ပါဆလွန်း'ကားလေးထား၏။ ကောင်မလေးအား ကားပေါ်သို့ တက်ထိုင်စေပြီး၊ ကားလေးကို အပြင်ဘက်သို့ မောင်းထွက်လာခဲ့သည်။

'ဟင်၊ အစ်ကိုကိုယ်တိုင် ပဲခူးကို လိုက်ပို့မှာလား . .'

'ကိုယ်တိုင် လိုက်ပို့ချင်ပေမယ့်၊ အစ်ကို့မှာ အလုပ်တွေအများကြီးရှိနေတယ်ကွ။ အခု မိတ်ဆွေတစ်ယောက်ဆီ လိုက်ပို့ပေးမယ်။ သူ့ကို ယုံကြည်စိတ်ချပြီး လိုက်သွားပေတော့။ သူက အစ်ကိုလိုပဲ၊ အစိုးရအမှုထမ်းတစ်ယောက် ဆိုပါတော့လေ . .'

ပြောသင့်ပြောအပ်သည်များကို ပြောပြပြီးလျှင် ဒိုင်းဒိုင်းအား ရုပ်ရှင်ရုံရှေ့သို့ မောင်း၍ခေါ်လာ၏။ ရုပ်ရှင်ရုံရှေ့တွင် အသင့်ရပ်ထားသော တက္ကစီကားတစ်စင်းကို တွေ့ရလျှင် စဝ်ရန်နိုင်က ဒရိုင်ဘာအား အကျိုးအကြောင်း ပြောပြလိုက်၏။

ဒရိုင်ဘာက ပို့ဆောင်ခ (၃၀၀၀၀)ကျပ်တောင်းရာ၊ စဝ်ရန်နိုင်က ချက်ချင်း ထုတ်ပေးလိုက်သည်။

'ဟုတ်ကဲ့ ဆရာ၊ ဘာမှ မပူပါနဲ့။ ဒီ ညီမလေးကို သူ့အိမ်အရောက် ပို့ပေးလိုက်ပါ့မယ်။ ဆရာ ဘာမှ စိတ်ပူမနေပါနဲ့'

'ကဲ၊ သွားကြတော့ဗျာ။ သတိဝီရိယနဲ့တော့ သွားကြပေါ့၊ ဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ။ ဆရာ စိတ်ချလက်ချသာ နေရစ်ခဲ့ပါ'

ဒိုင်းဒိုင်းက လက်ကလေးပြ၍ နှုတ်ဆက်ထွက်ခွာသွားလေသည်။ ဤရန်ကုန်မြို့တော်ကြီးတွင် တက္ကစီသမားအဖြစ်





ရုပ်ဖျက်၍ လှုပ်ရှားနေသည့် ဌာနချုပ်မှ လှူငယ်ဝန်ထမ်း (၅၀၀) တိတိရှိရာ၊ ဝန်ထမ်းတစ်ဦး၏ လက်တွင်းသို့ ဒိုင်းဒိုင်းအား လွှဲပေးပြီး၊ စဝ်ရန်နိုင်က ဆူးလေးအနီးရှိ သူ့လျှို့ဝှက်အလုပ်ခန်းသို့ တန်းပြန်လာခဲ့သည်။

မိမိအခန်းသို့ ပြန်ရောက်လာ၏။ ထုံးစံအတိုင်း ကားလေးကို နောက်ဖေးချောင်ဖက်သို့ မောင်းသွင်းခဲ့ပြီး၊ လျှပ်စစ်ခလုတ်နှိပ်၍ တံခါးဖွင့်လိုက်လျှင်၊ အိပ်ရာဘေးမှ (၂) ယောက်ထိုင် ဆိုဖာပေါ်တွင် အခန့်သားထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုသူ၏လက်ထဲတွင် ဝင်းပြောင်သော (၂)ဖက်သွားဓားမြှောင်တစ်ချောင်းကို တွေ့လိုက်ရပေသည်။

'ဟော့ကောင်၊ စဝ်ရန်နိုင် . .။ မင်း ငြိမ်ငြိမ်ကလေး ရပ်နေပါ။ လက်တွေခြေတွေ လုံးဝလှုပ်ရှားဖို့ စိတ်မကူးပါနဲ့။ မင်းဆီကို အမေးပုစ္ဆာကလေးတစ်ခု ထုတ်ချင်လို့ ရောက်လာတာဆိုပါတော့။ ငါမေးတာကို မှန်မှန်ဖြေရင်၊ မင်းကို မသတ်ပါဘူးကွာ။ သိပ်လဲ ကြောက်မနေပါနဲ့။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ခင်ဗျားတို့ စောင့်ကြည့်နေတဲ့ မျက်လုံးတွေအောက်က ဒိန်းဒိန်း ပျောက်သွားလို့ လိုက်ရှာနေတာ မဟုတ်လား၊ ကိုငေါ်ပြား . .'

'ဟော့ကောင်၊ ခုချက်ချင်း ပြင်ပြောလိုက်စမ်း။ ငါ့နာမည် ဂေါ်ပြား မဟုတ်ဘူးလေ၊ ပေါက်တူးကွ၊ ပေါက်တူး၊ ဘိုပေါက်တူးဆိုတာ ငါပဲ ကိုယ့်လူ . .။ မင်း သိပါတယ်လေ။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ဘာ . . ဘိုပေါက်တူးလဲ။ ခင်ဗျားနာမည်က ဂေါ်ပြား။ ကျုပ်ကတော့ ခင်ဗျားကို ဂေါ်ပြားလို့ပဲ ခေါ်မယ် . .'

'အောင်မယ်၊ မင်းက အလာကြီးပဲ . .။ ကောင်းပြီ . .။ စောစောက မင်းဆီကို ငါအသက်ဖူး ဒိန်းဒိန်းလာသွားတယ် မဟုတ်လား။ ဒါဟာ ငါမေးချင်တဲ့ ပုစ္ဆာပဲ . .'

'လာသွားတာပေါ့၊ ကျုပ်ဟာ သူတို့ဗင်ကားနောက်က ရှဲဒိုးလုပ်ပြီး လိုက်လာတာဗျ။ ဘုန်းကြီးလမ်းက တိုက်ခန်း တစ်ခုပေါ် သူတို့တက်သွားကြတယ်။ နောက် ကျုပ် ဒီအခန်းကို ပြန်လာခဲ့တယ် . .'

'စမ်းချောင်းလေးတစ်ခု စီးဆင်းနေသလို တစ်ချက်တည်း တစ်သွင်တည်း ဆက်ပြောကွာ။ ငါက ပြတ်တောင်း ပြတ်တောင်းဆို သိပ်မကြိုက်ဘူး။ ငါ မကြိုက်တော့ဘူးဆိုရင်၊ ဒီလူတွေကို လောကကြီးထဲက ချက်ချင်းလက်ငင်း မောင်းထုတ်ပစ်လိုက်တတ်တယ်နော်။ 'ဓားရာဇာဘိုပေါက်တူး'ဆိုတာ ကြားဘူးမှာပါ။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'





သည်လူ အသက်(၅၀)ခန့်ရှိပြီ။ ထိပ်ပြောင်ပြောင် အနည်းငယ်ဝ၏။ ပုကွကွ ဂင်တိုတိုဖြစ်သည်။ စကားပြောပြီးတိုင်း လူတစ်ဘက်သားကို မခံချင်အောင် ထေ့ငေါ့လှောင်ပြောင်သော အရယ်အမောကလေးဖြင့် အဆုံးသတ်တတ်သူဖြစ်ကြောင်း၊ စဝ်ရန်နိုင် ကောင်းစွာသိထားပြီးဖြစ်သည်။ ဘိုပေါက်တူးအမည်ရှိ ဓားရာဇာ ကြေးစားလူသတ်သမားကြီး ဖြစ်လေသည်ပေါ့။

'ကောင်မလေး ရောက်လာပြီး၊ တိမ်တလုံးနဲ့ ခင်ဗျား ယုတ်မာတာတွေ ဖွင့်ဟပြောကြားခဲ့တယ်။ သူ့ကိုကယ်ပါဆိုပြီး အကူအညီတောင်းလာတဲ့အတွက်၊ ကျုပ်လူတစ်ယောက်က ပဲခူးကို လိုက်ပို့ပေးဖို့ သွားကြပြီဗျာ'

'ဟုတ်လား၊ အခု . . ပဲခူးကို သွားကြပြီလား'

ပေါက်တူးကြီး အံ့အားသင့်သွားခိုက်၊ စဝ်ရန်နိုင်သည် သူ့ရှေ့မှ ဓားရာဇာကို ရုတ်တရက်ခြေဖြင့် ဆောင့်ကန်ပစ်လိုက်၏။ စဝ်ရန်နိုင်ကာစ်ပြီဆိုလျှင် ရှောင်တိမ်းပေးနိုင်သ ခပ်ရှားရှား။ ထပ်ပြောင် ပေါက်တူးကြီး၏ လက်မှဓား မြောက်တက်လွင့်ထွက်သွားပြီး၊ သူ့ခန္ဓာကိုယ်ကြီးမှာ စဝ်ရန်နိုင်၏ အိပ်ယာပေါ်သို့ ပက်လက်လန် ကျသွားလေ၏။

ဓားတစ်လက် လွတ်ထွက်သွားသော်လည်း၊ ထပ်ပြောင်

ပေါက်တူး၏ လက်ထဲသို့ နောက်ဓားတစ်လက် ရောက်လာပြန်၏။ သူ့မှာ သေနတ်ပါလာသော်လည်း သေနတ်ကိုမသုံးပဲ၊ သူ လွန်စွာအားကိုးသော ဓားကိုသာ အသုံးပြုလိုဟန်ရှိသည်။

စဝ်ရန်နိုင်၏ခန္ဓာကိုယ်တွင်လည်း၊ သေနတ်(၃)လက်တိတိရှိ၏။ ပခုံးသိုင်းလွယ်အိတ်(၂)ဖက်တွင် ၂လက်။ ဘောင်းဘီအိတ်ထဲတွင် မီနီမရှင်းပစ္စတိုလေးတစ်လက် . .။ သို့သော် စဝ်ရန်နိုင်က ထိုသေနတ်များကို လုံးဝ ထုတ်မသုံးခဲ့ပေ။

'ဟင်း . .၊ မင်း ဘယ်ပြေးမလဲ . .။ သည်တစ်ခါတော့ မင်း ငါ့လက်ထဲက လွတ်မသွားနိုင်တော့ဘူး။ မင်းမနေ့ညက ကပွဲရုံကို ရောက်လာကတည်းက မင်းကို ငါ့ဆရာကြီး တိမ်တလုံးက 'ဂျီမင်းဆိုတာ ရိပ်မိပြီးသား။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ဂျီမင်း'ဆိုသည်မှာ 'အစိုးရလူ'ဟု ပြောလိုက်ခြင်းပင်ဖြစ်ပါ၏။

'မနေ့တုန်းက ခင်ဗျားတို့ သတ်လိုက်တဲ့လူဟာ ဘယ်သူလဲ၊ ဘယ်ကလဲ . . နာမည် ဘယ်လိုခေါ်သလဲ။ ကျုပ် သိချင်တယ် . . ပြောပြပါလား ကိုဂေါ်ပြားကြီးရယ် . .'

မိမိက သူ့ရင်အုံကို ထိုးအံ့သကဲ့သို့ ဓားဦးဖြင့် ချိန်ထားသည့်ကြားမှပင်။ မိမိကို အကြောက်အလန့်မရှိ ပြောလိုက်သော စဝ်ရန်နိုင်၏စကားကို ကြားရလျှင် 'ဘိုပေါက်တူး'သည်





အံ့အားသင့်သွားလေတော့၏။

'တို့ မနေ့က လူတစ်ယောက်ကို သတ်လိုက်တာ . . မင်းက သိနေတယ် ဟုတ်လား . .'

'သိပ်သိတာပေါ့ဗျာ၊ ခင်ဗျားတို့ကတော့ သိပ်ပိရိလှပြီလို့ ထင်ခဲ့ကြမှာပဲ။ ဒါပေမယ့် ဥပဒေကို ကြာကြာလှည့်စားလို့ မရဘူးဆိုတာ သဘောပေါက်ထားပေါ့ဗျာ . .'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

× × × × × × × × × × × × × ×

## အခန်း (၁၄)

ဓားနှင့် ရင်အုံကိုအသင့်ထိုးသွင်းရန် ချိန်ထားပြီးသော ပေါက်တူးမှာ ချာလပတ်လည်သွားပြန်၏။ သူ့လက်ထဲမှ ဓားလည်း လွတ်ကျသွားခဲ့ရပြီဖြစ်သည်။ စဝ်ရန်နိုင်က အရှိန်နှင့် ချာလပတ်လည်သွားသော သူ့ကို ဖမ်းထားလိုက်ပြီး၊ 'ဖောင်း' ကနဲ တစ်ချက် ထပ်တီးလိုက်ပြန်သည်။

သည်တစ်ခါမူ ပေါက်တူးထံမှ 'အံမလေး' ဟူသော အော်သံကြီးတစ်ချက် ပေါ်ထွက်သွားကာ၊ စဝ်ရန်နိုင်၏ အိပ်ယာ ကြီးပေါ်သို့ ပစ်လဲကျသွား၏။ မိမိအပ်ယာပေါ်သို့ ကိုယ်





တစောင်းကြီးလဲကျသွားသော ပေါက်တူးကို ကုတင်ပေါ်မှ ဆွဲချပစ်လိုက်၏။

ခြေထောက်များမှ ဆောင့်ဆွဲချလိုက်ပြီး၊ ဒူးခေါင်းရိုး တစ်ဖက်ကို လက်ဝါးစောင်းခုတ်၍ ချိုးပစ်လိုက်သည်။

'အံမယ်လေး၊ အံမယ်လေး . . နာ . . နာ'

'အချိန်မစီးတဲ့ လူကြီး။ ဘာ အခုမှ နာနေတာလဲ။ မနေ့တုန်းက ဟိုလူ့ကို ရက်ရက်စက်စက် သတ်ခဲ့တုန်းက ခင်ဗျား မှာ ကိုယ်ခြင်းစာတရား ရှိခဲ့ဖူးသလား . .'

'ဒုတ်၊ ဖျောင်း . . .'

စဝ်ရန်နိုင်က ခြေထောက် နောက်တစ်ချောင်းကို ထပ်ချိုးပစ်လိုက်ပြန်၏။ သည်တစ်ကြိမ်မူ၊ ကိုယ့်ဆရာက လူမိုက်သိကၡာအကျခံပြီး၊ မအော်တော့။ အံကြိတ်၍ တင်းခံနေ သော်လည်း နာကျင်လွန်းလှသောကြောင့် ချက်ချင်းလိုလိုပင် သတိလစ် မေ့မျောသွားသည်။

စဝ်ရန်နိုင်က အချိန်ဖြုန်းမနေဘဲ၊ လက်ကိုင်ဖုန်းကလေး ဖြင့် 'နှုတ်ခမ်းမွှေးဘရှင်' ထံသို့ အကြောင်းကြားလိုက်၏။ ညအချိန်၌ပင် အိပ်စက်အနားမယူပဲ၊ ရဲစခန်းတွင် တစ်ညလုံး စတမ်းဘိုင်ရှိနေသော 'နှုတ်ခမ်းမွှေးဘရှင်' နှင့် နောက်လိုက် ရဲသား(၅)ဦးတို့ စဝ်ရန်နိုင်အခန်းသို့ ချက်ချင်းရောက်လာကြ

သည်။

ရောက်လာသော 'ဘရှင်'ကို တော်တော်ကလေး ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်ပြီး၊ မြေနီးကုန်းမှ 'ရွှေလိပ်ပြာ'ပျော်ပွဲ စားရုံတွင် နေထိုင်လျှက်ရှိသော 'တိမ်တလုံး'ကို အမြန်ဆုံး သွားဖမ်းခိုင်းလိုက်၏။

'သူ့ကို လွတ်မသွားစေနဲ့။ တစ်ချိန်တုန်းက ပျဉ်းမနား ရမည်းသင်းနယ်ဘက်မှာ နေခဲ့တဲ့ လူမိုက်ကြီးကွ။ သူ့နာမည် အရင်းက 'ဘိုတာတေ'တဲ့။ နောက်ပိုင်း သူ့မျက်လုံးတစ်ဖက် ကန်းသွားတော့ တိမ်တလုံးရယ်လို့ ဖြစ်လာတာ . .'

'အေး၊ ငါကိုယ်တိုင်လိုက်ပြီး ချက်ချင်းဖမ်းလိုက်မယ်'

'သူတို့ ဆရာတပည့်(၂)ယောက်ကို ခင်ဗျားဆီမှာသာ ထား။ တစ်ခုခု မေးစရာရှိရင်၊ ငါ ချက်ချင်းလာခဲ့မယ်။ ကြားလား သူငယ်ချင်းကြီး . .'

'အေးပါ၊ ဒီအလုပ်သဘောတွေ ငါသိပါတယ်'

'ပြီးတော့ . . ဒီလိုရှိတယ် သူငယ်ချင်း'

'ပြော . .၊ ဘာလဲ'

'တိမ်တလုံးဟာ ဘယ်နည်းနဲ့မှ နံပါတ်တစ်ဆောင် ခေါင် မဖြစ်နိုင်ဘူး။ သူ့ကိုညွှန်ကြားနေတဲ့ အထက်ဆရာကြီး တစ်ယောက် မုချရှိရမယ်ကွ။ ဘယ်သူလဲဆိုတာ . . တို





ဆက်လက် စုံစမ်းကြရမယ်'

ပြောသင့်ပြောအပ်သည်များ ဆက်လက်ဆွေးနွေးပြီး လျှင် လူချင်းခွဲလိုက်ကြ၏။ ဘရှင်တို့က သတိလစ်နေသော ပေါက်တူးကို သယ်ဆောင်သွားကြသည်။ နောက် တစ်နာရီခွဲ ကိတိအကြာတွင် စဝ်ရန်နိုင်ထံသို့ နှုတ်ခမ်းမွေးဘရှင်ထံမှ သတင်းအဆက်အသွယ် ရောက်လာ၏။

မြေနီကုန်းရှိ 'ရွှေလိပ်ပြာ'ပျော်ပွဲစားရုံသို့ မိမိတို့ သွားကြ သည်။ ပျဉ်းမနား၊ ရမည်းသင်းဘက်တွင် နာမည်ကြီးခဲ့သော လူဆိုးကြီးတိမ်တလုံးကို သွားဖမ်းကြ၏။ သို့သော် မိမိတို့ တိမ်တလုံးကို မတွေ့ကြရ။ ကြိုတင်သတင်းရရှိကာ ထွက်ပြေး လွတ်မြောက် သွားသည်ဆို၏။

ပေါက်တူးဆိုတော့ ဆေးရုံပို့လိုက်ကြောင်း၊ ခြေထောက် ကျိုးသွားသော ဒဏ်ရာများကို အနည်းဆုံး (၃)လခန့် အချိန်ယူ ၍ ကုရမည်ဖြစ်ကြောင်း၊ စသော သတင်းများကို ပေးပို့ခြင်းပင် ဖြစ်လေသည်။

စဝ်ရန်နိုင်က မြို့လယ်တွင် တိုက်ခန်းငှား၍ လျှို့ဝှက်နေ ထိုင်သည်။ နှုတ်ခမ်းမွေးဘရှင် တာဝန်ယူလျှက်ရှိသော ရဲစခန်း မှာလည်း မြို့လယ်မှာပင်ရှိနေရာ၊ စဝ်ရန်နိုင်နှင့် ဘရှင်တို့မှာ မကြာခဏ လူခြင်းတွေ့၍ စကားပြောဖြစ်ကြသည်။

စဝ်ရန်နိုင်က ပထမပိုင်းတွင် ဒေါ်ရှားရှားသည် ဒေါ်ပပဝင်း ဟန်ဆောင်လျှက်။ မိမိနှင့်လာတွေ့ခဲ့သည်ဟု ယူဆ ထားခဲ့မိသည်။ ဒိုင်းဒိုင်း ပဲခူးသို့ ပြန်ရောက်သောအခါ၊ မိခင် ဒေါ်ရှားရှားသည် ရန်ကုန်သို့တစ်ကြိမ်တစ်ခါမျှပင် မလာခဲ့ ကြောင်း၊ ပြောကြားခဲ့သည်ဆို၏။ ထိုအခါ စဝ်ရန်နိုင်၏ ခေါင်းထဲတွင် အလုပ်တစ်ခုတိုးလာခဲ့သည်။ ဒေါ်ပပဝင်း အကြောင်းကို မကြာခဏခေါင်းထဲထည့်၍ စဉ်းစားလာခဲ့ရခြင်း ပင်ဖြစ်လေသည်။

'မင်း . . ဒေါ်ပပဝင်းအကြောင်း ဘာကြားသေးလဲ'

'ဘာမှ မကြားဘူးကွ။ သူဟာ နဂါးနီတည်းခိုခန်း၊ အခန်းနံပါတ်(၁၀)မှာ တည်းခိုမယ်လို့ ငါ့ကို လိပ်စာလွဲကြီး ပေးခဲ့ပြီး၊ တစ်ခါတည်း ပျောက်ချက်သား ကောင်းသွားခဲ့တာ အခုအချိန်ထိပဲ'

'ငါကတော့ ဒီမိန်းမကြီးကို သိပ်မသင်္ကာချင်ဘူး'

'ဘယ်လိုမသင်္ကာတာမျိုးလဲ . .'

'သူဟာ မင်းကို ငွေတစ်သိန်းပေးပြီး အမှုအပ်ခဲ့တယ်။ နောက် ပျောက်ချက်သား ကောင်းသွားတယ်။ ဒေါ်ရှားရှားကလဲ သူ့မိတ်ဆွေထဲမှာ ဒေါ်ပပဝင်းဆိုတဲ့ နာမည်မျိုး တစ်ယောက်မှ မရှိဘူးဆိုတော့ စဉ်းစားစရာ ဖြစ်လာတယ်ကွ။ ဒီ ဒေါ်ပပဝင်း





ဟာ ဘယ်သူလဲဆိုတာပေါ့'

'အေး။ ငါလဲ ဒေါ်ပပဝင်းအကြောင်း စဉ်းစားမိတိုင်း၊ ဒီကိစ္စဟာ ခေါင်းထဲကို အလိုလိုဝင်ဝင်လာတယ်'

'ငါ့ယူဆချက်ကတော့၊ ဒေါ်ပပဝင်းဟာ 'တိမ်တလုံး' တို့အဖွဲ့နဲ့ ပတ်သက်နေမလားပဲ . .။ သူဟာ ဒိုင်းဒိုင်းကို သွားတွေ့ ခဲ့တယ်ပြောပေမယ့်၊ ဒိုင်းဒိုင်းက ဘယ်သူမှ သူ့ဆီမလာကြောင်း၊ ခါးခါးသီး ငြင်းခဲ့တယ်။ ဒီတော့ ဒိုင်းဒိုင်းစကားကိုပဲ အတည် ယူရမလား။ ဒိုင်းဒိုင်းနဲ့ သွားတွေ့ခဲ့တယ်လို့ ပြောခဲ့တဲ့ ဒေါ်ပပဝင်းရဲ့စကားကိုပဲ လက်ခံမလား။ ဒီ(၂)ချက်အနက်၊ တို့ဟာ တစ်ဦးဦးဖက်ကနေပြီး၊ ဦးစားပေးပြီး ရပ်တည်ကြရ လိမ့်မယ်'

ဤသို့ နှုတ်ခမ်းမွေးဘရှင်က သုံးသပ်ဝေဖန်မှု ပြုလုပ် လာလျှင် စဝ်ရန်နိုင်၏ ခေါင်းထဲသို့ ရုတ်တစ်ရက် အတွေးတစ်ခု ဝင်လာခဲ့ပေသည်။

ဒိုင်းဒိုင်း၏စကားကို အမှန်ယူလျှင်၊ ဒေါ်ပပဝင်း၏ စကားသည် လိမ်ဆင်ကြီးဖြစ်ကာ၊ ဒေါ်ပပဝင်း၏စကားကို အမှန်ယူလျှင်လည်း ဒိုင်းဒိုင်းက လိမ်ပြောခဲ့ခြင်းဖြစ်၏။ ဤသို့ လိမ်ပြောခဲ့ရိုးမှန်လျှင် ဒိန်းဒိန်းသည် ဘယ်နည်းနဲ့မျှ ဒိုင်းဒိုင်း အစစ်မဟုတ်နိုင်တော့ပေ။

စဝ်ရန်နိုင်က ပထမပိုင်းတွင် ဒေါ်ရှားရှားသည် ဒေါ်ပပဝင်း ဟန်ဆောင်လျှက်။ မိမိနှင့်လာတွေ့ခဲ့သည်ဟု ယူဆထားခဲ့မိသည်။ ဒိုင်းဒိုင်း ပဲခူးသို့ ပြန်ရောက်သောအခါ၊ မိခင် ဒေါ်ရှားရှားသည် ရန်ကုန်သို့တစ်ကြိမ်တစ်ခါမျှပင် မလာခဲ့ကြောင်း၊ ပြောကြားခဲ့သည်ဆို၏။ ထိုအခါ စဝ်ရန်နိုင်၏ ခေါင်းထဲတွင် အလုပ်တစ်ခုတိုးလာခဲ့သည်။ ဒေါ်ပပဝင်းအကြောင်းကို မကြာခဏခေါင်းထဲထည့်၍ စဉ်းစားလာခဲ့ရခြင်းပင်ဖြစ်လေသည်။

'မင်း . . ဒေါ်ပပဝင်းအကြောင်း ဘာကြားသေးလဲ'

'ဘာမှ မကြားဘူးကွ။ သူဟာ နဂါးနီတည်းခိုခန်း၊ အခန်းနံပါတ်(၁၀)မှာ တည်းခိုမယ်လို့ ငါ့ကို လိပ်စာလွဲကြီး ပေးခဲ့ပြီး၊ တစ်ခါတည်း ပျောက်ချက်သား ကောင်းသွားခဲ့တာ အခုအချိန်ထိပဲ'

'ငါကတော့ ဒီမိန်းမကြီးကို သိပ်မသင်္ကာချင်ဘူး'

'ဘယ်လိုမသင်္ကာတာမျိုးလဲ . .'

'သူဟာ မင်းကို ငွေတစ်သိန်းပေးပြီး အမှုအပ်ခဲ့တယ်။ နောက် ပျောက်ချက်သား ကောင်းသွားတယ်။ ဒေါ်ရှားရှားကလဲ သူ့မိတ်ဆွေထဲမှာ ဒေါ်ပပဝင်းဆိုတဲ့ နာမည်မျိုး တစ်ယောက်မှ မရှိဘူးဆိုတော့ စဉ်းစားစရာ ဖြစ်လာတယ်ကွ။ ဒီ ဒေါ်ပပဝင်း





ဟာ ဘယ်သူလဲဆိုတာပေါ့'

'အေး။ ငါလဲ ဒေါ်ပပဝင်းအကြောင်း စဉ်းစားမိတိုင်း၊ ဒီကိစ္စဟာ ခေါင်းထဲကို အလိုလိုဝင်ဝင်လာတယ်'

'ငါ့ယူဆချက်ကတော့၊ ဒေါ်ပပဝင်းဟာ 'တိမ်တလုံး' တို့အဖွဲ့နဲ့ ပတ်သက်နေမလားပဲ . .။ သူဟာ ဒိုင်းဒိုင်းကို သွားတွေ့ခဲ့တယ်ပြောပေမယ့်၊ ဒိုင်းဒိုင်းက ဘယ်သူမှ သူ့ဆီမလာကြောင်း၊ ခါးခါးသီး ငြင်းခဲ့တယ်။ ဒီတော့ ဒိုင်းဒိုင်းစကားကိုပဲ အတည်ယူရမလား။ ဒိုင်းဒိုင်းနဲ့ သွားတွေ့ခဲ့တယ်လို့ ပြောခဲ့တဲ့ ဒေါ်ပပဝင်းရဲ့စကားကိုပဲ လက်ခံမလား။ ဒီ(၂)ချက်အနက်၊ တို့ဟာ တစ်ဦးဦးဖက်ကနေပြီး၊ ဦးစားပေးပြီး ရပ်တည်ကြရ လိမ့်မယ်'

ဤသို့ နှုတ်ခမ်းမွေးဘရှင်က သုံးသပ်ဝေဖန်မှု ပြုလုပ်လာလျှင် စဝ်ရန်နိုင်၏ ခေါင်းထဲသို့ ရုတ်တစ်ရက် အတွေးတစ်ခု ဝင်လာခဲ့ပေသည်။

ဒိုင်းဒိုင်း၏စကားကို အမှန်ယူလျှင်၊ ဒေါ်ပပဝင်း၏ စကားသည် လိမ်ဆင်ကြီးဖြစ်ကာ၊ ဒေါ်ပပဝင်း၏စကားကို အမှန်ယူလျှင်လည်း ဒိုင်းဒိုင်းက လိမ်ပြောခဲ့ခြင်းဖြစ်၏။ ဤသို့ လိမ်ပြောခဲ့ရိုးမှန်လျှင် ဒိန်းဒိန်းသည် ဘယ်နည်းနဲ့မျှ ဒိုင်းဒိုင်း အစစ်မဟုတ်နိုင်တော့ပေ။

ဒိုင်းဒိုင်းအစစ်အမှန်မဟုတ်ပဲ၊ ဒိုင်းဒိုင်းအတု ဖြစ်နေလျှင် ပဲခူးမြို့မှ တရားသူကြီးဦးမိုက်ကယ်နှင့် ဒေါ်ရှားရှားတို့ လင်မယားတော့၊ အကုသိုလ်ဝင်တာပေပဲဟု တွေးမိလာလေသည်။ ဤထိတ်လန့်ဖွယ်ကောင်းသော အတွေးဝင်လာသည်နှင့် စဝ်ရန်နိုင်က ပဲခူးမြို့မရဲစခန်းသို့ အကြောင်းကြားလိုက်ရသည်။

ပဲခူးမြို့ လိပ်ပြာကန်တွင် နေထိုင်သော တရားသူကြီး ဦးမိုက်ကယ်၊ ဇနီးဒေါ်ရှားရှားနှင့် တစ်ဦးတည်းသော သမီးကလေး ဒိုင်းဒိုင်းတို့အား မျက်ခြေမပြတ် စောင့်ကြည့်ကာကွယ်ပေးပါဟူ၍ အကူအညီတောင်းလိုက်ရခြင်းပင် ဖြစ်ပါတော့၏။

အကယ်၍ မိမိထံသို့ အလုပ်လာအပ်သွားခဲ့သော ဒေါ်ပပဝင်းသည် အတုဖြစ်နေခဲ့သော်၊ သူမက ဘယ်သူလဲဟူ၍ ဆက်လက်စုံစမ်းရတော့မည်သာ ဖြစ်၏။ ဒေါ်ပပဝင်းသည် အစစ်ဖြစ်စေ၊ အတုဖြစ်စေ၊ သွေးရိုးသားရိုး ပျောက်ကွယ်သွားခဲ့ခြင်းလော။ အသက်အန္တရာယ်တစ်ခုနှင့် ကြုံတွေ့သွားရရှာသလော။ ဦးနှောက်ခြောက်စရာ ကောင်းလှသော မသင်္ကာစရာ အခြေအနေများက အများကြီး ပေါ်လာခဲ့လေသည်။

မိမိ၏ လျှို့ဝှက်တိုက်ခန်းမှ နှုတ်ခမ်းမွေးဘရှင် ပြန်သွားပြီးလျှင် နောက်နာရီဝက်ခန့်အကြာတွင် မန္တလေးမှ ဖုန်းဝင်လာ၏။ ကိုမြဒင်၏အလုပ်ပါတနာ ကိုဒိန်းဒေါင်အား မျက်ခြေ





မပြတ် 'ရှဲဒိုး'လိုက်လျှက်ရှိသော တက္ကစီမောင်တိတ်ထံမှ ဆက်သွယ်လိုက်ခြင်းပင် ဖြစ်၏။

'ငါ မင်း ညွှန်ကြားချက်အတိုင်း၊ ညက တစ်ညလုံးဆိုပါတော့။ ကိုဒိန်းဒေါင်ကို စောင့်ကြည့်နေခဲ့တယ်။ တစ်ညလုံးစောင့်ကြည့်နေလိုက်တာ၊ မိုးစင်စင်လင်းတဲ့အထိ ဘာမှမထူးခြားဘူး။ မနက်မိုးလင်းတော့ . .၊ သူဟာ မန္တလေးထွက်မယ့် လေယာဉ်နဲ့ ပါသွားတယ်။ အဲဒီလေယာဉ်မှာ ငါလဲပါသွားတယ်ဆိုပါတော့။ ဟော့ကောင် . . စဝ်၊ ငါ့အသံတွေ ကြားလား'

'ကြားပါတယ်၊ ဆက်ပြောပါ . .'

'မန္တလေးမှာ လေယျာဉ်ဆိုက်တော့၊ ကိုဒိန်းဒေါင်ဟာ ပုလဲငွေရောင်ရပ်ကို တက္ကစီစီးသွားတော့၊ ငါလဲ တက္ကစီငှားပြီး သူ့နောက်ကို မယောင်မလည် လိုက်ခဲ့ရပြန်တာပေါ့။ တော်ပါသေးရဲ့ကွာ။ တက္ကစီမောင်းတဲ့လူဟာ မန္တလေးရဲဌာနက 'ကိုဆင်ကြီး'ဆိုတဲ့လူ ဖြစ်နေသကွ။ ကိုဆင်ကြီးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်လာတွေ့ရတဲ့အတွက် ငါ့အဖို့ အရမ်းအဆင်ပြေသွားတယ် ပြောရမှာပဲ'

'မောင်တိတ် . .။ မင်း ငါ့ကို ဘယ်က စကားပြောနေတာလဲ'

'ဈေးချိုထဲက ဆိုပါတော့ . .'

'ဟာ . . မင်း တော်တော်ခက်တဲ့ကောင်ပဲ။ ဒီကိုဒိန်းဒေါင်ကို လုံး၀ မျက်ခြေပြတ် မသွားစေနဲ့။ မင်းကိုယ်တိုင် (၂၄)နာရီပတ်လုံး စောင့်ကြည့်နေပါလို့၊ ငါ ပြောလိုက်ရက်သားနဲ့ကွာ။ ဟိုမှာပစ်ထားခဲ့ပြီး . . မင်းမို့လို့ ဈေးချိုကို ရောက်အောင်လာရတယ်လို့။ ဘာလဲ ဈေးချိုထဲမှာ မင်းကြီးဒေါ် ရှိနေလို့လား'

'မင်း ငါ့ကို ဒီလို အရမ်းမပြောနဲ့၊ ဟိုမှာ ငါ ဘယ်လွှတ်ထားခဲ့မလဲ။ ငါ့ကိုယ်စား မန္တလေး ရဲဌာနက 'ကိုဆင်ကြီး'က စောင့်ကြည့်ကျန်ရစ်ခဲ့တယ်'

'မလိုချင်ဘူး။ ကိုဆင်ကြီးကို ပြန်လွှတ်လိုက်။ မင်းကိုယ်တိုင် စောင့်ကြည့်နေ။ အခု ငါလိုက်နေတာ၊ ဒီလူကွ . .။ သူလွတ်သွားလို့ လုံးလုံးမဖြစ်ဘူး။ ငါ တော်တော် အရေးတကြီး ပြောလိုက်တာတောင်၊ မင်း မရိပ်မိသေးဘူးလား'

'အေးပါ၊ ငါ ခုချက်ချင်း ပြန်သွားမယ် . .'

'ဘာကောင်တွေမှန်း မသိဘူး။ ပြောရင် ပြောသလို မဟုတ်ဘူး'ဟု မြည်တွန်တောက်တီးကာ စဝ်ရန်နိုင်သည် အဝေးတယ်လီဖုန်းကို ပြန်ချိန်ထားလိုက်၏။

ထို့နောက် စဝ်ရန်နိုင်သည် လက်ကိုင်ဖုန်းလေးမှ နံပါတ်များကို လှည့်၍ အမိန့်တော်ရရှေ့နေဦးတော်မီထံ





ဆက်သွယ်လိုက်ပြန်၏။

'ဦးတော်မီလား . .'

'ဟုတ်ပါတယ်၊ ကျုပ်ပါပဲ။ ဘယ်သူလဲ . .'

'ကျွန်တော် စဝ်ရန်နိုင်ပါ . .'

'ဩ . . ဩ . . ပြောပါ'

'မနေ့က ကျွန်တော့်အမှုသည် တစ်ဦးက ဦးတော်မီနဲ့ ညနေ(၆)နာရီတိတိမှာ လူချင်းတွေ့ဖို့ ချိန်းထားကြောင်း ပြောခဲ့ပါတယ်'

'သူက နာမည် ဘယ်သူလဲ . .။ ဘာကိစ္စ ကျုပ်နဲ့ ချိန်းထားတာလဲလဲ . .'

'သူ့နာမည်က ဦးမြဒင်လို့ခေါ်ပါတယ်၊ သူ့အသက်အာမခံကိစ္စ ဆွေးနွေးချင်လို့ ဆိုလား၊ ဘာဆိုလား . .'

'အော် . . ဒီဦးမြဒင်လား။ သူက ဒေါင်ဒင်သစ်သီး ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်ပဲ။ အသက်အာမခံအသစ် လုပ်ဖို့မဟုတ်ဘူး။ သူလုပ်ထားတဲ့ အသက်အာမခံကို ပြန်လည်ဖျက်သိမ်းဖို့ကိစ္စ၊ ကျုပ်နဲ့ ဆွေးနွေးဖို့ဆိုပါတော့။ မနေ့တုန်းက ညနေ(၆)နာရီတိတိမှာ လူချင်းတွေ့ဖို့ ကျုပ်အိမ်မှာ ချိန်းထားခဲ့ပါတယ် . .'

'အဲဒီ ကိုမြဒင်ဟာ ချိန်းထားတဲ့ ညနေ(၆)နာရီမှာ

ဦးတော်မိဆီ လာခဲ့ပါသလား . .'

'ကျုပ် သူ့ကို ညနေ(၆)နာရီအထိ စောင့်နေပါသေးတယ်။ သူ လုံးဝ လာပုံမပေါ်တော့မှ ကျုပ်ကို ဖိတ်ထားတဲ့ မွေးနေ့ပါတီတစ်ခုကို ထွက်သွားခဲ့တယ်'

'ဦးမြဒင် မနေ့က မလာခဲ့ဘူး ဆိုပါတော့ . .'

'မလာတဲ့အကြောင်း၊ စောစောက ပြောပြီးခဲ့ပြီလေ။ နေပါဦး ဦးမြဒင်က ဘာဖြစ်လို့လဲ . .'

ဦးတော်မိမှာ စဝ်ရန်နိုင်၏ အလုပ်တာဝန်ကို သိရှိနေသူဖြစ်ရာ၊ သူ့စိတ်ထဲတွင် အနည်းငယ် စနိုးစနောင့် ဖြစ်သွားသည့်အတွက် မေးလိုက်ခြင်းဖြစ်လေသည်။

'ဦးမြဒင်ဟာ ပျောက်ချက်သား ကောင်းနေတယ် ခင်ဗျ'

'ဗျာ . .၊ ဦးမြဒင် ပျောက်နေတယ် . . ဟုတ်လား'

'ဟုတ်ပါတယ်၊ သူဟာ လူတစ်ယောက်က သူ့ကို သတ်ဖို့ကြံစည်နေတဲ့အတွက် ကာကွယ်ပေးဖို့ ကျွန်တော့်ဆီမှာ လာပြီး အကူအညီတောင်းခဲ့ပါတယ်။ ဒါဟာ ခုလဆန်း(၁)ရက်နေ့၊ နေ့လည်(၃)နာရီလောက် ဆိုပါတော့။ ညနေ (၅)နာရီ (၁၅)မိနစ်တိတိအချိန်မှာ အသက်အာမခံကိစ္စ ဦးတော်မိနဲ့ သွားတွေ့ဦးမယ်ဆိုပြီး ကျွန်တော့်ရုံးခန်းက ထွက်သွားခဲ့တယ်





ဆိုပါတော့။ အဲဒီအချိန်ကတည်းက ဦးမြဒင်နဲ့ ကျွန်တော် ထပ်မတွေ့တော့ပါဘူး'

'စောစောက ခင်ဗျားပြောတော့၊ ဦးမြဒင် ပျောက်နေတယ်ဆို။ အခု . . ခင်ဗျားနဲ့ ထပ်မတွေ့ရတော့ဘူးတဲ့။ ဒီစကား (၂)ခွန်းက အဓိပ္ပာယ်ကွဲလွဲချက်ရှိတယ်ဗျာ့။ ဘယ်ဟာ ပိုမှန်သလဲ'

× × × × × × × × × × × × ×

## အခန်း (၁၅)

'ပျောက်နေတယ်ဆိုတာက ဟိုမှန်လိမ့်မယ်'ဟုဆိုကာ စဝ်ရန်နိုင်က သူ့ရုံးခန်းသို့ ကိုမြဒင်ရောက်လာခဲ့ပုံ၊ အလုပ်အပ်သွားခဲ့ပုံများကို အကျဉ်းချုပ် ပြောပြလိုက်၏။ သည်အခါ ဦးတော်မီသည် အံ့ဩတုန်လှုပ်သွားသောအသံဖြင့် စဝ်ရန်နိုင်ကို လှမ်းပြောလလိုက်လေ၏။

'ဒါဆိုရင် ဟို မန္တလေး ထွက်သွားတယ်ဆိုတဲ့ ဦးဒိန်းဒေါင်ကို ဖမ်းကိုင်လိုက်ရုံပဲရှိတာပေါ့ ..'

'ဒါက လွယ်ပါတယ် ဦးတော်မီ။ ဦးဒိန်းဒေါင်ကို





ကျွန်တော်တို့ တစ်ချိန်လုံး စောင့်ကြည့်နေပါတယ် ..'

'တစ်ချိန်လုံး စောင့်ကြည့်နေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ သူ အိပ်ယာဝင်သွားပြီလို့ ခင်ဗျားတို့ထင်နေတုန်း၊ နောက်ဖေးဖက်က လှည့်ထွက်သွားရင် ဘယ်လိုလုပ်မလဲ'

'ကျုပ်တို့ အလုပ်လုပ်တာ တစ်ယောက်တည်း မဟုတ်ပါဘူး ကိုယ့်ဆရာရယ် ..'

စဝ်ရန်နိုင်က စကားအနိုင်အထက် ပြောလိုက်ရသော်လည်း၊ ဦးတော်မီပြောလိုက်သကဲ့သို့ မိမိတို့ အိမ်ရှေ့မှစောင့်ကြည့်နေစဉ်၊ ဦးဒိန်းဒေါင်သည် နောက်ဖေးပေါက်မှ ထွက်ပြေးသွားနိုင်သည်။ ဦးဒိန်းဒေါင်အိမ်ကို မောင်တိုတ်တစ်ယောက်တည်း စောင့်ကြည့်နေသည် မဟုတ်ပါလော။

ဦးတော်မီနှင့် စကားပြောပြီးလျှင် အဝေးပြောတယ်လီဖုန်းဖြင့် မန္တလေးသို့ ခေါ်ရပြန်၏။ မောင်တိုတ်နှင့် ဆက်သွယ်မိလျှင် သင့်တင့်လျောက်ပတ်သော လူအင်အား အသုံးပြုရန် ထပ်မံ ညွှန်ကြားလိုက်ရပြန်၏။

မိမိ၏ ပြုဖွယ်ကိစ္စများ ဆက်တိုက်ပြုလုပ်ပြီးသွားသောအခါ လက်ပတ်နာရီကို ကြည့်လိုက်၏။ အချိန်မှာ မွန်းလွဲတစ်ချက်ခွဲပြီးစပင် ရှိသေးရာ၊ စဝ်ရန်နိုင်က မိမိ၏ ဗိုက်ပါဆံလွှန်းကားလေးမောင်း၍ ထွက်လာခဲ့၏။

ဦးဒိန်းဒေါင်နှင့် ဦးမြဒင်တို့၏ 'ဒေါင်ဒင်'သစ်သီးကုမ္ပဏီမှာ မဟာဗန္ဓုလပန်းခြံထဲတွင် ရှိလေသည်။ မိမိတိုက်ခန်းမှ တခဏအတွင်း ရောက်လာသော်လည်း စဝ်ရန်နိုင်သည် ဒေါင်ဒင်ကုမ္ပဏီ ဆိုင်းဘုတ်တင်ထားသည့် တိုက်ခန်းသို့ လုံးဝမသွားသေးပဲ၊ မြင်သာသော ခပ်လှမ်းလှမ်းနေရာမှ ကားကိုရပ်ကာ အဝေးမှလှမ်း၍ 'ချက်ကင်'လုပ်နေလိုက်သည်။

ဒေါင်ဒင်ကုမ္ပဏီမှာ ရောင်းဝယ်မပျက်ပင်လျှင် လှုပ်ရှားစည်းကားလျက်ပင်ရှိ၏။ အထူးသဖြင့် သင်္ဘောဆိပ်နှင့် မြို့ပတ်ရထားများပေါ်တွင် လှည့်ပတ်လှုပ်ရှားနေကြသော သစ်သီးအရောင်းသည်ကလေးများနှင့် စည်းကားလျက်ရှိ၏။ ဈေးကြီးများမှ လာဝယ်ကြသော သစ်သီးဈေးသည်များ၏ ကုန်တင်ကားများကိုလည်း ဝင်ချည်ထွက်ချည် တွေ့နေ၏။

စဝ်ရန်နိုင်သည် 'ဗိုက်ပါဆလွန်း'ကားလေးကို ဒေါင်ဒင်ကုမ္ပဏီရှေ့တွင်ရပ်လိုက်ပြီး၊ ကားပေါ်မှဆင်းလာ၏။ အသက်(၄၅)နှစ်ခန့်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဆီးကြိုသမှုပြု၏။

'လာပါ၊ ဒီမှာ ထိုင်ပါ . .။ ဘာသစ်သီး လိုချင်လို့လဲ ခင်ဗျာ။ ဝမ်အိမ်းကလာတဲ့ ဖရဲသီး၊ ကာဘူးလ်ကလာတဲ့ ကျွဲကောသီးတွေ ရောက်နေပါတယ်။ နိုင်ငံခြားတိုင်းပြည် အသီးသီးကလာတဲ့ ပန်းသီးမျိုးစုံလဲ ရှိပါတယ်။ ကြိုက်ရာကို





ပြောပါ . .'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါလာမှ ယ်ပါ့မယ်။ အခုကတော့ ကုမ္ပဏီပိုင်ရှင် ဦးမြဒင်နဲ့ တွေ့ချင်လို့ ။'

'ဆရာဦးမြဒင်နဲ့ တွေ့ချင်လို့လား . .'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့သူ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေ တွပါ'

'ဆရာဦးမြဒင် မရှိပါဘူး။ သာယာဝတီဖက်ကို ခရီး က်သွားပါတယ် . .'

'ဟုတ်လား၊ သူ ခရီးထွက်သွားတာ ကြာပြီလား'

'သိပ်တော့ မကြာသေးပါဘူး။ (၄,၅)ရက်လောက်ပဲ လိမ့်ဦးမယ်ထင်တယ် . .'

'သူ့ဇနီးရော ခင်ဗျာ'

'သူ့ဇနီး နီလာက မန္တလေးက သူ့မိဘတွေဆီ အလည် းတာ၊ တစ်လနီးပါးရှိပြီထင်ပါရဲ့'

'ဟုတ်လား . .။ ဒီလိုဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး။ န်တော့်နာမည်က ခင်မောင်ရင်လို့ ခေါ်ပါတယ်။ လမ်းကြုံလို့ လာခဲ့တာပါ။ အထူး ကိစ္စမရှိပါဘူး . .'

စဝ်ရန်နိုင် ကားမောင်း၍ပြန်ခဲ့ရင်း၊ စဉ်းစားခန်းဝင်လာ

ဦးဒိန်းဒေါင်နှင့် ဦးမြဒင်တို့၏ 'ဒေါင်ဒင်'သစ်သီးကုမ္ပဏီမှာ မဟာဗန္ဓုလပန်းခြံထဲတွင် ရှိလေသည်။ မိမိတိုက်ခန်းမှ တခဏအတွင်း ရောက်လာသော်လည်း စဝ်ရန်နိုင်သည် ဒေါင်ဒင်ကုမ္ပဏီ ဆိုင်းဘုတ်တင်ထားသည့် တိုက်ခန်းသို့ လုံးဝမသွားသေးပဲ၊ မြင်သာသော ခပ်လှမ်းလှမ်းနေရာမှ ကားကိုရပ်ကာ အဝေးမှလှမ်း၍ 'ချက်ကင်'လုပ်နေလိုက်သည်။

ဒေါင်ဒင်ကုမ္ပဏီမှာ ရောင်းဝယ်မပျက်ပင်လျှင် လှုပ်ရှားစည်းကားလျှက်ပင်ရှိ၏။ အထူးသဖြင့် သဘော်ဆိပ်နှင့် မြို့ပတ်ရထားများပေါ်တွင် လှည့်ပတ်လှုပ်ရှားနေကြသော သစ်သီးအရောင်းသည်ကလေးများနှင့် စည်းကားလျှက်ရှိ၏။ ဈေးကြီးများမှ လာဝယ်ကြသော သစ်သီးဈေးသည်များ၏ ကုန်တင်ကားများကိုလည်း ဝင်ချည်ထွက်ချည် တွေ့နေ၏။

စဝ်ရန်နိုင်သည် 'ဗိုက်ပါဆလွန်း'ကားလေးကို ဒေါင်ဒင်ကုမ္ပဏီရှေ့တွင်ရပ်လိုက်ပြီး၊ ကားပေါ်မှဆင်းလာ၏။ အသက်(၄၅)နှစ်ခန့်ရှိသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဆီးကြိုသမှုပြု၏။

'လာပါ၊ ဒီမှာ ထိုင်ပါ . .။ ဘာသစ်သီး လိုချင်လို့လဲ ခင်ဗျာ။ ဝမ်အိမ်းကလာတဲ့ ဖရဲသီး၊ ကာဘူးလ်ကလာတဲ့ ကျွဲကောသီးတွေ ရောက်နေပါတယ်။ နိုင်ငံခြားတိုင်းပြည် အသီးသီးကလာတဲ့ ပန်းသီးမျိုးစုံလဲ ရှိပါတယ်။ ကြိုက်ရာကို





...ပြာပါ . .'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါလာမှ ...ယ်ပါ့မယ်။ အခုကတော့ ကုမ္ပဏီပိုင်ရှင် ဦးမြဒင်နဲ့ တွေ့ချင်လို့ ...ါ'

'ဆရာဦးမြဒင်နဲ့ တွေ့ချင်လို့လား . .'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့သူ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေ ...တွေပါ'

'ဆရာဦးမြဒင် မရှိပါဘူး။ သာယာဝတီဖက်ကို ခရီး ...ထွက်သွားပါတယ် . .'

'ဟုတ်လား၊ သူ ခရီးထွက်သွားတာ ကြာပြီလား'

'သိပ်တော့ မကြာသေးပါဘူး။ (၄,၅)ရက်လောက်ပဲ ...လိမ့်ဦးမယ်ထင်တယ် . .'

'သူ့ဇနီးရော ခင်ဗျာ'

'သူ့ဇနီး နီလာက မန္တလေးက သူ့မိဘတွေဆီ အလည် ...သွားတာ၊ တစ်လနီးပါးရှိပြီထင်ပါရဲ့'

'ဟုတ်လား . .။ ဒီလိုဆိုရင် ကျွန်တော့်ကို ခွင့်ပြုပါဦး။ ...ကျွန်တော့်နာမည်က ခင်မောင်ရင်လို့ ခေါ်ပါတယ်။ လမ်းကြုံလို့ ...ဝင်လာခဲ့တာပါ။ အထူး ကိစ္စမရှိပါဘူး . .'

စဝ်ရန်နိုင် ကားမောင်း၍ပြန်ခဲ့ရင်း၊ စဉ်းစားခန်းဝင်လာ

မိသည်။ ကိုမြဒင်မှာ ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလဆန်း(၁)ရက်
ကပင် ရှိနေခဲ့သေးသည်။ သို့သော် သာယာဝတီဘက်သို့
ခရီးထွက်သွားသည်မှာ (၄,၅)ရက်ခန့်ရှိပြီတဲ့ . . .။ ကုမ္ပဏီ
မန်နေဂျာဖြစ်ဟန်တူသော ထိုလူကြီး၏ ပြောဆိုချက်မှ
ဘယ်နည်းနှင့်မှ လက်မခံနိုင်စရာ ဖြစ်နေပါသည်။

'ဗိုက်ပါဆလွန်း' ကားလေးအား ကြည့်မြင်တိုင်
ဗားကရာဘက်သို့ မောင်းလိုက်သည်။ ဤသို့မောင်းလာရင်း
မိမိ၏ ကားလေးတွင် အသင့်ပါလာသော ထရန်စမစ်တ
အသံလွှင့်စက်ကလေးဖြင့် မန္တလေးသို့ ဆက်သွယ်လိုက်၏
ချက်ချင်းပင် မောင်တိတ်အမည်ခံ စိုင်းနွတ်နှင့် အဆက်အသွယ်
ရ၏။

'မောင်တိတ်လား . . .'

'ဟုတ်တယ် . .။ ငါပဲ . . ပြောပါ'

'ဝံပုလွေဟာ သိပ်အရေးကြီးလာပြီ . .။ သူ့ကို မျက်ခြေ
မပြတ် စောင့်ကြည့်နေပေတော့။ လိုအပ်ရင် ဗတ်စကာဗိလ်ဒေ
အကူခေါ်ပြီး၊ အားဖြည့်ထားလိုက်။ ကြားလား . .'

'ကြားတယ် . .၊ ကြားတယ်။ ဒါပဲလား . .'

'ဗတ်စကာဗီလ်တွေကရော အဆင်သင့်ရှိရဲ့လား'

'ဘာမှမပူနဲ့။ ငါ ဒီမြို့က ခွေးပိုင်ရှင်နဲ့ ရင်းနှီးတယ်





မန္တလေးမှ တက္ကစီမောင်တိတ်ဆီသို့ ဆက်သွယ်လိုက်ပြီးနောက်၊ ဗားကရာရှိ တရားရုံးချုပ်ရှေ့နေ ဦးတော်မီအိမ်သို့ ရောက်လာခဲ့၏။ ဂုဏ်ဒြပ်အရ 'ဦး' တပ်ရသော်လည်း ဦးတော်မီမှာ အသက်(၃၅)နှစ်ခန့်မျှသာရှိသေး၏။

'စဝ်ရန်နိုင်ပါလား၊ ဘယ်က လှည့်ဝင်လာတာလဲ . .'

'လှည့်ဝင်လာတာ မဟုတ်ဘူး။ တမင်လာခဲ့တယ်ပဲ ဆိုပါတော့ . .'

'ဘာကိစ္စရှိလို့ပါလိမ့်ဗျာ . .'

'ဦးမြဒင်ရဲ့ သစ်သီးကုမ္ပဏီကို ရောက်ခဲ့တယ် . .'

'ဦးမြဒင်နဲ့ တွေ့ခဲ့ရဲ့လား . .'

'မတွေ့ခဲ့ပါရဘူး၊ မန်နေဂျာလိုလို ဘာလိုလိုလူကြီးက ဦးမြဒင် သာယာဝတီဖက် ခရီးထွက်သွားတာ၊ (၄,၅)ရက်ရှိပြီတဲ့'

'ဟာ . . မနေ့တစ်နေ့ကတောင် ရန်ကုန်မှာ ရှိနေတဲ့ ဥစ္စာပဲ'

'ကျွန်တော်ကတော့ ဦးမြဒင်တစ်ယောက်ကတော့ဖြင့် သေရှာပြီလို့ ထင်တယ်ဗျာ'

'ဒီလူပျောက်ချက်သား ကောင်းပုံဟာ ထူးဆန်းနေတယ်ဗျာ။ သူဟာ ရှိနေတယ်ဆိုရင်၊ ခင်ဗျားဆီကို ဖြစ်စေ၊ ကျုပ်ဆီကို

ဖြစ်စေ၊ အဆက်အသွယ် လုပ်သင့်တာပေါ့။ အခု ဘာအဆက်အသွယ်မှ မလုပ်ပုံထောက်ရင်၊ ခင်ဗျား စောစောက ပြောလိုက်သလိုသာ ယူဆရတော့မှာပဲ'

ဦးတော်မီကလည်း စဝ်ရန်နိုင်၏ ယူဆချက်ကို ထောက်ခံဘိသကဲ့သို့ ဆိုလိုက်၏။ သို့ရာတွင် စဝ်ရန်နိုင်က စကားမပြောပဲ စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေလေရာ၊ ဦးတော်မီက မချင့်မရဲ ဖြစ်လာပုံရသည်။

'ဒီကိစ္စကို ခုထက်ထိ အေးစက်စက် လုပ်နေတုန်းပဲလား။ ဦးမြဒင်ဟာ ခင်ဗျားရဲ့ အကူအညီကို တောင်းခံခဲ့တယ် မဟုတ်လား'

'ဒီမှာ ဦးတော်မီ . .။ ဒီကိစ္စမျိုးမှာ ရှေ့နေတွေး တွေးလို့ မရဘူးဗျ'

'ခင်ဗျားက ကျုပ်တွေးသလိုမတွေးပဲ၊ ဘယ်လိုမျိုး တွေးချင်လို့လဲ။ ပြောပါဦး စဝ်ရန်နိုင်'

'ဦးမြဒင်ဟာ ဦးတော်မီဆီကို သွားစရာကိစ္စရှိနေလို့ပါဆိုပြီး၊ ကျုပ်အလုပ်ခန်းထဲက ညနေ(၅)နာရီခွဲလောက်မှာ ထွက်သွားခဲ့တယ်။ ကျုပ် လူမောင်တိတ်ဟာ ဦးဒိန်းဒေါင်ကို ည(၇)နာရီလောကစတင်ပြီး စောင့်ကြည့်နေခဲ့တယ်။ ဦးဒိန်းဒေါင်ဟာ သူ့တိုက်ထဲမှာပဲ ရှိနေတယ်ဆိုတော့၊ ဒီအချိန်





တိုတိုကလေးအတွင်းမှာ ဦးဒိန်းဒေါင်ဟာ ဦးမြဒင်ကို မသတ်ခဲ့ဘူးဆိုတာ ထင်ရှားနေတယ်ဗျာ'

'တိုက်ရှေ့မှာ သူ့ကားရပ်ထားတာတွေ့တယ်။ အထဲမှာ မီးလင်းနေတာတွေ့ရုံနဲ့ ဦးဒိန်းဒေါင်ဟာ အထဲမှာရှိတယ်လို့ ယူဆရတော့မလား။ သူဟာ နောက်ဖေးတစ်နေရာက ထွက်မသွားနိုင်ဘူးလား။ ဒီလို စဉ်းစားကြည့်ဖို့ လိုလိမ့်မယ် . .'

'အင်း။ ခင်ဗျားရှေ့နေဖြစ်နေတာ ဒါ့ကြောင့်ကိုး . .'

'ကောင်းပြီ စဝ်ရန်နိုင် . .။ အခု ဦးမြဒင်ကို မတွေ့ရတော့ဘူး။ သူ ဘယ်ကိုရောက်နေသလဲ . .။ သူဟာ ခင်ဗျားရဲ့ အမှုသည်တစ်ဦး ဖြစ်တယ်ဆိုတာ မမေ့နဲ့။ ကျုပ် မေးတာကို အကောင်းဆုံးဖြစ်အောင် ဖြေပေတော့ . .'

'ဟား၊ ခင်ဗျား တယ်ခက်တဲ့ လူပါလား ဦးတော်မီရယ်။ ဦးမြဒင်ဟာ သေသွားပြီဗျာ။ ကျုပ် စောစောကတင် ပြောပြီးပြီ မဟုတ်လား . .'

'ဦးမြဒင် သေသွားပြီဆိုရင်၊ သူ့ကိုသတ်လိုက်သူဟာ ဦးဒိန်းဒေါင်ပဲ ဖြစ်ရမှာပေါ့။ ဘာဖြစ်လို့ ခင်ဗျားတို့က ဦးဒိန်းဒေါင်ဖမ်းဖို့ နှေးကွေးနေကြတာလဲ။ ခင်ဗျားတို့လက်နှေးနေရင်။ ဟိုလူဟာ လွတ်ထွက်မသွားနိုင်ပေဘူးလား . .'

'ဦးမြဒင် သေသွားပြီလို့ ယူဆလိုက်တာနဲ့၊ ဦးဒိန်းဒေါင်

ဟာ ဦးမြဒင်ကို သတ်လိုက်ပြီလို့ ယူဆရတော့မှာလား . .။ ဒီလိုယူဆမယ်ဆိုရင် ဒါဟာ ရှေ့နေတစ်ယောက်ရဲ့ အတွေးမျိုး ဖြစ်သွားလိမ့်မယ်။ ကျုပ်ကတော့ ခင်ဗျားယူဆသလို မယူဆနိုင်ပါဘူး ဦးတော်မီ . .'

'ဦးဒိန်းဒေါင်ဟာ ဦးမြဒင်ကို မသတ်ခဲ့ဘူးဆိုရင်၊ ဘယ်သူက ဦးမြဒင်ကို သတ်ခဲ့သလဲ။ ခင်ဗျား ပြောနိုင်သလား'

ဦးတော်မီက လက်ညှိုးငေါက်ငေါက်ထိုး၍ ကျယ်လောင်စွာမေးလျှင် စဝ်ရန်နိုင်က အသာအယာပြုံးလိုက်သည်။

'ဦးဒိန်းဒေါင်က ဦးမြဒင်ကို သတ်ခဲ့တယ်။ ဒါက ခင်ဗျားအတွေး။ ကျုပ်ကတော့ ဦးမြဒင်ကို သတ်သူဟာ ဦးဒိန်းဒေါင် မဟုတ်ပဲ၊ အခြားသူတစ်ယောက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ ဒါက ကျုပ်အတွေးပဲ . .။ ကျုပ်က တကယ်ဖမ်းရဆီးရမယ့် လူဆိုတော့၊ ခင်ဗျား တွေးသလိုအပေါ်ယံတွေးပြီး၊ ပြချက်အတိုင်းပေါ်လာတာကို ဖမ်းလို့ ဘယ်ဖြစ်မလဲ . .'

'ဦးမြဒင် အသတ်ခံလိုက်ရပြီလို့တော့၊ ခင်ဗျားခေါင်းထဲမှာ အခိုင်အမာ ယူဆနေပြီ မဟုတ်လား'

'ဦးမြဒင်ဟာ တကယ်သေသွားပြီ။ မကြာမီ သူ့အလောင်းကို ကျုပ်တို့ရှာတွေ့လိမ့်မယ်။ ရဲဘက်က သူ့အလောင်းကို လိုက်ရှာနေပြီ၊ ရန်ကုန်မြစ်ထဲမှာ အလောင်းရှာတွေ့လိမ့်





ယ်'

'အလို . .၊ ခင်ဗျားဥစ္စာ . . သေချာလှချည်လား။ နေပါဦး ဦးမြဒင်ဟာ ခေတ္တပျောက်ကွယ်နေတာနဲ့၊ သူဆက်သွယ်သင့်တဲ့ သူတွေကို အဆက်အသွယ် မလုပ်တာနဲ့ပဲ ဦးမြဒင် အသတ်ခံခဲ့ ပြီလို့ ယူဆတာဟာ၊ မလွန်လွန်းဘူးလား'

'ပြီးတော့ ရန်ကုန်မြစ်ထဲမှာ သူ့အလောင်းရှာတွေ့ကလိမ့် မယ်လို့၊ ခင်ဗျားပြောခဲ့ပြန်တယ်။ ဒါက ဘယ်လိုသဘော တွေးလိုက်တာလဲ . .။ နေရာအနှံ့အပြားမှာ အသတ်ခံရနိုင်တဲ့ ဥစ္စာပဲ။ ခင်ဗျားကို ခင်ဗျား စုံထောက်ကြီး ဦးစံရှားလို့ ထင်မနေ နဲ့နော် . .'

သည်တစ်ကြိမ်လည်း စဝ်ရန်နိုင်က ပြုံးလိုက်မိပြန်၏။

'ဟုတ်ပါတယ် ဦးတော်မီ။ ရန်ကုန်မြို့ဟာ အကျယ်ကြီး ဖြစ်ပါတယ်။ ဦးမြဒင်ဟာ တည်းခိုခန်းတစ်ခုမှာလဲ အသတ်ခံ ရနိုင်တယ်။ ပျော်ပွဲစားရုံတစ်ခုရဲ့ မြေတိုက်ခန်းကြီးတစ်ခုထဲမှာ လဲ ရက်ရက်စက်စက် အသတ်ခံရနိုင်တယ်။ ဒါပေမယ့် ဘယ် နေရာမှာပဲ သတ်သတ်၊ ဦးမြဒင်ရဲ့အလောင်းကိုတော့ လူသတ် သမားက ရန်ကုန်မြစ်ထဲမှာ လာပစ်ချထားလိမ့်မယ် . .'

'အေးလေ . .၊ ခင်ဗျားပြောသလို တကယ်ဟုတ်မဟုတ်၊ စောင့်ကြည့်ရဦးမှာပေါ့လေ . .'

ဦးတော်မီက ဘာမျှဆက်မပြောတော့ . .။ စဝ်ရန်နိုင်ကလည်း စကားမပြောတော့ပဲ၊ ဦးတော်မီ၏ဇနီးဖြစ်သူမှ တည်ခင်းကျွေးမွေးသော ဒူးရင်းသီးများကိုသာ စားနေလိုက်တော့သည်။

ဤအချိန်မှာပင် စဝ်ရန်နိုင်က အကျီအိတ်ထဲမှ လက်ကိုင်ဖုန်းကို ထုတ်ယူပြီး နားထောင်နေလိုက်၏။ ရဲမှူး ဝင်လုပ်နေသော နှုတ်ခမ်းမွေးဘရှင်ထံမှ ဆက်သွယ်လိုက်ခြင်းပင်ဖြစ်တော့၏။ ရန်ကုန်မြစ်ထဲမှ အလောင်းတစ်လောင်း ရှာတွေ့ရကြောင်း ဆက်သွယ်အကြောင်းကြားလာခြင်းပင် ဖြစ်၏။ ယခု ထိုအလောင်းကို လာရောက်ကြည့်ရှု စစ်ဆေးပါရန် ပြောနေခြင်း ဖြစ်တော့၏။

'ကဲ . . ဦးတော်မီ . .။ ခင်ဗျားလဲ လိုက်ခဲ့ဗျာ။ အလောင်းသွားကြည့်ရအောင် . .။ ရဲအဖွဲ့က မြစ်ထဲကဆယ်ယူရရှိတဲ့ ဒီအလောင်းဟာ၊ ကျုပ်မိတ်ဆွေကြီး ဦးမြဒင်ရဲ့အလောင်း မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ'

× × × × × × × × × × × × × × ×



## အခန်း (၁၆)

စဝ်ရန်နိုင်နှင့် ရှေ့နေဦးတော်မီတို့သည် 'နှုတ်ခမ်းမွေးဘရှင်'တာဝန်ထမ်းဆောင်နေသော ရဲစခန်းသို့၊ ကားကိုယ်စီဖြင့် လာခဲ့ကြ၏။ စခန်းသို့ရောက်သောအခါ၊ အလောင်းရှိရာသို့ သွားရောက်ပြီး အုပ်ထားသော အဝတ်ဖြူစကြီးကို ဆွဲလှန်၍ ကြည့်လိုက်လေသည်။

အလောင်း၏မျက်နှာပြင် တစ်ခုလုံးမှာ၊ ရစရာမရှိအောင် ဖူးရောင်စုတ်ပြတ်နေသည့်အပြင်၊ ငါးပုတင်းများ အုပ်လိုက်တွတ်ထားသောကြောင့် အလောင်းကြီးကို ကြည့်ရသည်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့၏။ မူလက မည်သူ

မည်ဝါမှန်း . . မှတ်မိနိုင်စရာ အကြောင်းမရှိတော့။

မည်သူမည်ဝါမှန်း အလောင်း၏မျက်နှာကိုကြည့်၍ ဆုံးဖြတ်ရန် မဖြစ်တော့။ သို့သော် ဦးမြဒင်သည် မိမိရုံးခန်းသို့ ရောက်လာစဉ်က သည်အဝတ်အစားအတိုင်းပင် ဝတ်ဆင်လာခဲ့၏။ စဝ်ရန်နိုင်က အဝတ်အစားများကို ကောင်းစွာမှတ်မိလိုက်ပေသည်။

ဦးမြဒင်သည် နက်ပြာရောင် အမေရိကန်ဘောင်းဘီရှည်နှင့် ဆွတ်ဆွတ်ဖြူသော သိုးမွေးပျော့ရှပ်လက်ရှည် ဝတ်ထားခဲ့၏။ နက်ပြာရောင်လည်စီးနှင့် ဖြစ်၏။ ယခု တွေ့ရသော အလောင်းမှာ အထက်ပါ အဝတ်အစားများအတိုင်းပင် ဖြစ်နေလေသည်။

စဝ်ရန်နိုင်၏ ရုံးခန်းသို့မလာမီ၊ နံနက်ခင်းက ဦးမြဒင်သည် ဦးတော်မီနှင့် လူချင်းတွေ့ဆုံခဲ့သည်။ ဟောင်ကောင်ပျော်ပွဲစားရုံတွင် လက်ဖက်ရည်သောက်ရင်း သူ၏ အသက်အာမခံကိစ္စ ပဏာမဆွေးနွေးခဲ့ကြ၏။ ထိုစဉ်ကလည်း ဦးမြဒင်သည် ဤအဝတ်အစားများအတိုင်း ဝတ်ဆင်ထားခဲ့၏။ ထို့ကြောင့် ဦးတော်မီက ဤအလောင်းမှာ မည်သူမည်ဝါဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်တော့သည်။

'ဒီမှာ ဦးတော်မီ . .။ ဒါကို ဦးမြဒင်ပါလို့ ခင်ဗျား





အတတ်ပြောနိုင်သလား . .'

'ဘာလဲ . .၊ ခင်ဗျား တော်တော်ရှုပ်အောင်လုပ်မယ့်လူပဲ။ ဒါ ဦးမြဒင်မဟုတ်လို့ ဘယ်သူဖြစ်ဦးမှာလဲ . .'

ရှေ့နေဦးတော်မီက အလောင်းအားငုံ့ကြည့်ရင်း၊ စဝ်ရန်နိုင်ကို မဲ့ကာရွဲ့ကာနှင့် ပြောလိုက်လေတော့သည်။ အနီးတွင်ရှိနေသော ရဲမှူး နှုတ်ခမ်းမွေးဘရှင်ကာ စဝ်ရန်နိုင်ကို မေးခွန်းထုတ်လိုက်လေသည်။

'မင်းစိတ်ထဲ ဘယ်လိုထင်လို့၊ ခုနလို ဦးတော်မီကို မေးလိုက်တာလဲ'

'မင်း စဉ်းစားကြည့်လေ။ အလောင်းဟာ မျက်နှာတစ်ခုလုံး ပျက်စီးနေတယ်ကွ။ ဘယ်သူဘယ်ဝါပါလို့ မမှတ်မိတော့ဘူး။ ဒီတော့ ဝတ်စားထားတာတွေကို ကြည့်ပြီး၊ ဒီအဝတ်အစားလောက်နဲ့ ဘယ်သူဘယ်ဝါပါလို့ ဆုံးဖြတ်မလား'

စဝ်ရန်နိုင်၏ ဆိုလိုချက်ကို နှုတ်ခမ်းမွေးဘရှင်က ချက်ချင်း သဘောပေါက်သွား၏။ သို့သော် ရှေ့နေဦးတော်မီက လုံးဝလက်မခံနိုင်သေးပဲ၊ သူ့စိတ်ထဲက ထင်မြင်ချက်ကိုသာ အသေချုပ်ကိုင်ထားလေသည်။

'မနက်တုန်းက ဟောင်ကောင်ဘား ဦးမြဒင်ဟာ ကျုပ်နဲ့ အတူတူ နာရီဝက်နီးပါးကြာအောင် အတူတူရှိနေခဲ့တယ်။ ဒီတုန်း

က ဦးမြဒင်ဟာ ဒီအဝတ်အစားအတိုင်း ဝတ်ဆင်ထားခဲ့တယ်'

'ကျွန်တော့်ဆီကို လာခဲ့တုန်းကလဲ၊ ဒီအဝတ်အစား အတိုင်းပါပဲဗျာ . .'

'ဒါနဲ့များ ခင်ဗျားက တောင်တွေးမြောက်တွေး လျှောက်တွေး နေချင်သေးတယ်။ ဒီမှာ စဝ်ရန်နိုင် ကျုပ်ပြောသလို ခပ်မြန်မြန် လုပ်လိုက်ပါတော့ဗျာ'

'ကျုပ်က . . ဘာလုပ်ရမှာလဲ'

'ခင်ဗျား လူတစ်ယောက်ဟာ မန္တလေးကို သွားတဲ့ ဦးဒိန်းဒေါင်ကို မျက်ခြေမပြတ် စောင့်ကြည့်နေတယ် မဟုတ်လား'

'ဟုတ်ကဲ့၊ စောင့်ကြည့်နေတယ်။ ဒီလူဟာ ကျုပ်တို့ မျက်လုံးအောက်က ဘယ်လိုထွက်ပြေးလို့မှ မရတော့ဘူး'

'ဒါဖြင့်ရင် မန္တလေးရောက်နေတဲ့ ဦးဒိန်းဒေါင်ကို ဖမ်းလိုက်တော့ပေါ့။ ဒီမှာ ဦးမြဒင်ရဲ့အလောင်းကြီးကို သက်သေခံ တွေ့နေရပြီပဲ . .'

'ဟာ၊ သွားစမ်းပါဗျာ . .။ ဒီမှာ . .ဦးတော်မီ၊ ခင်ဗျားဟာ အခု ရှာဖွေနေအလုပ်နဲ့ တော်တော်အောင်မြင်နေတယ် မဟုတ်လား။ ကိုယ်အောင်မြင်နေတဲ့ ရှေ့နေအလုပ်ကိုသာ ဆက်လုပ် . .။ ကျုပ်အလုပ်ထဲမှာတော့၊ ခင်ဗျား ဝင်မပါချင်နဲ့။





ခင်ဗျားအနေနဲ့ ဘာအောင်မြင်မှုမှ မရတဲ့အပြင် အကြီးအကျယ် နာမည်ပျက်သွားလိမ့်မယ်'

စဝ်ရန်နိုင်က ရှေ့နေဦးကို လွန်စွာစိတ်ပျက်သွားသည့်အလား၊ ရဲစခန်းထဲမှ တစ်ဦးတည်း ထွက်သွားလေတော့သည်။

× × × × × × × × × × × × × ×

ဦးမြဒင်၏ အလောင်းကို တွေ့ရှိခဲ့ပြီးနောက်၊ ဒေါင်ဒင်ကုမ္ပဏီမှဝန်ထမ်းများအားလုံး ဦးမြဒင်သေဆုံးသွားပြီဖြစ်ကြောင်း၊ အခိုင်အမာ သိလိုက်ကြရပြီဖြစ်၏။ ထိုအခါ ဝန်ထမ်းများ၏ ပြောသံဆိုသံနှင့် ထင်မြင်ချက်များကို စနည်းနာရန်၊ စဝ်ရန်နိုင်တစ်ဦးတည်း ဗိုက်ပါဆလွန်းကားလေးနှင့် ထွက်လာခဲ့သည်။

ကုမ္ပဏီသို့ရောက်သောအခါ၊ ယခင်တစ်ကြိမ်လာစဉ်က တွေ့ခဲ့ရသော မန်နေဂျာလိုလို ဘာလိုလို ဆရာကြီးနှင့် မတွေ့ရတော့ပေ။ ထိုဆရာကြီး အပြင်ထွက်သွားသည်ဟုဆို၏။ အသက်(၄၀)ခန့်ရှိသော အမျိုးသမီးကြီးတစ်ဦးနှင့် တွေ့ခဲ့ရသည်။ သူမက 'ဒေါင်ဒင်'ကုမ္ပဏီတွင် အမှုထမ်းနေသည့် တယ်လီဖုန်းအော်ပရေတာ စာရေးမကြီးဖြစ်လေသည်။

စဝ်ရန်နိုင်၏ ရောက်လာရင်းကိစ္စမှန်ကို သိရသော အခါ၊ စာရေးမကြီးက သူမ၏ဝမ်းထဲတွင် မျိုသိပ်ထားရဟန်ရှိသော စကားအချို့ကို အံထုတ်ခဲ့လေသည်။

'ဦးမြဒင်သေတာ အမှန်တော့ မဆန်းပါဘူးရှင်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် တော်တော်ကြည့်မရ ဖြစ်နေပုံရတယ် . .'

'ဟုတ်ကဲ့ . .၊ ဆက်လက်အမိန့်ရှိပါ . .'

'ပြီးတော့၊ နောက် (၃၊၄)ရက်လောက်က ဆိုပါတော့။ ဦးဒိန်းဒေါင်က ဦးမြဒင်ကို ကြိမ်းမောင်းနေတာ အစ်မကြီး နားနဲ့ ဆက်ဆက် ကြားခဲ့ရသေးတယ်'

'ဦးဒိန်းဒေါင်ဟာ ဘယ်လိုမျိုး ကြိမ်းမောင်းနေတာလဲ ခင်ဗျာ'

'ပြည်ဖက်က သစ်သီးအမှာစာ တစ်ခုဝင်လာတာနဲ့ ပတ်သက်ပြီး စကားများကြတာကွဲ့။ အမှာစာထဲမှာ ပန်းသီးမှာတာမဟုတ်ပဲ၊ ဦးမြဒင်က ပန်းသီးခြင်းတွေ များပို့လိုက်လို့တဲ့။ အဲဒီနေ့က တော်တော် တစ်ယောက်တစ်ခွန်း စကားများလိုက်ကြတယ်'

'အစ်မကြီး ဒီကုမ္ပဏီမှာ အလုပ်လုပ်တာ ကြာပြီလား'

'ဒီကုမ္ပဏီ စတည်ထောင်တဲ့နှစ်မှာပဲ၊ အစ်မ အလုပ်





ဝင်ခဲ့တယ်။ ကုမ္ပဏီရဲ့ လူရင်းတစ်ယောက် ဆိုပါတော့လေ'

'ဦးဒိန်းဒေါင်က လူပျိုကြီးဖြစ်ပေမယ့်၊ ဦးမြဒင်မှာတော့ ဇနီး ရှိတယ်မဟုတ်လား'

'အဲ၊ သူတို့နှစ်ယောက်ရဲ့ အခြေအနေကို၊ အဲဒီကိစ္စက စပြောမှ ပြည့်စုံလိမ့်မယ်။ ဒီလိုကွဲ့ . . ဦးမြဒင်ရဲ့ဇနီးနာမည်က မနီလာလို့ ခေါ်တယ် . .'

'ဟုတ်ကဲ့ . . ပြောပါ အစ်မ'

'ဦးမြဒင်က ဦးဒိန်းဒေါင်ကို သူ့ဇနီးနဲ့ မကြာခဏ စွပ်စွဲတာကို အစ်မ ကြားကြားနေရတယ်ကွဲ့။ ဘယ်အထိ စွပ်စွဲသလဲဆိုရင်၊ နီလာနဲ့ လူပျိုကြီးဦးဒိန်းဒေါင်ဟာ တိတ်တိတ်ပုန်း ညားနေတဲ့အထိ ပြောဆိုစွပ်စွဲခဲ့တယ်'

'အစ်မ ဘယ်လိုထင်သလဲ၊ ကြားထဲက ပြောတာပါ နော် . .'

'တကယ်ဟုတ်ရင်လဲ ဟုတ်မယ်။ မဟုတ်ရင်လဲ မဟုတ်ဘူးပေါ့။ အစ်မတို့က အပြင်လူတွေဆိုတော့၊ တိတိကျကျ ထင်ကြေးပေးရမှာ ခက်သားပဲ . .'

'ဟုတ်ကဲ့ . .၊ အစ်မရဲ့ ထင်ကြေးပဲ ဆက်ပြောပါ . .'

'နီလာကိစ္စ ရှေ့တန်းသိပ်တက်လာပြီး၊ ကိုဒိန်းဒေါင်နဲ့ ကိုမြဒင်တို့ဟာ အခိုက စိတ်ဝမ်းကွဲခဲ့ကြတာပဲလို့၊ အစ်မကတော့

ယူဆမိတာပဲ။ ဒါပေမယ့် နောက်ဆက်တွဲအဖြစ်၊ အခြားကိစ္စတွေလဲ ရောလာမှာပေါ့လေ . .'

တယ်လီဖုန်း အော်ပရေတာမကြီး နာမည်ကား . .၊ ဒေါ်နှင်းနှင်းသိမ့်ဖြစ်ကြောင်း၊ နောင်သောအခါတွင် သိရှိခဲ့ရ၏။ ဒေါ်နှင်းနှင်းသိမ့်၏ စကားအသွားအလာနှင့် ယူဆချက်အာဘော်များမှာ လူပျိုကြီးဦးဒိန်းဒေါင်အပေါ်တွင် အထူးမသင်္ကာဖြစ်လျှက်ရှိကြောင်း ပေါ်လွင်နေပေသည်။

'ကဲ . . အစ်မကတော့ မင်းမေးသမျှ သိသလောက်ပြောပြပြီးပြီ။ ဒါပေမယ့် လိုချင်သေးတဲ့ အကူအညီရှိရင်ထပ်ပြောပါ၊ အစ်မ ကူညီပါမယ် . .'

စကားအသွားအလာ အဆက်အစပ်များကို ထောက်ချင့်၍ ဒေါ်နှင်းနှင်းသိမ့်သည် ဦးမြဒင်၏လူလည်းမဟုတ်၊ ဦးဒိန်းဒေါင်၏ဘက်သို့လည်း ပါသူမဟုတ်ချေ။ ယခုကိစ္စတွင် မှန်မှန်ကန်ကန် အခြေအနေကိုသာ ရိုးသားစွာလိုလားသူဖြစ်ကြောင်း စဝ်ရန်နိုင် ရိပ်မိလိုက်ရ၏။

စဝ်ရန်နိုင်ကလည်း ဘာကိုမျှ ထွေထွေထူးထူးတောင်းဆိုမနေတော့ပါ။ လူပျိုကြီးဦးဒိန်းဒေါင်နှင့် ကိုမြဒင်တို့၏ ရုံးခန်းများကိုသာ အနည်းငယ်ကြည့်လိုကြောင်း ပြောလိုက်၏။ ဒေါ်နှင်းနှင်းသိမ့်ကလည်း စဝ်ရန်နိုင် ကြည့်လိုသော





ထိုအခန်းများကို အလွယ်တကူပင် လိုက်ပို့ပေးခဲ့လေသည်။

ဦးဒိန်းဒေါင်နှင့် ဦးမြဒင်ကို၏ ရုံးခန်းများမှာ အောက်ထပ်မှာပင် အခန်း(၂)ခန်း ယှဉ်တွဲလျှက် တည်ရှိကြ၏။ စဝ်ရန်နိုင်သည် (၂)ခန်းစလုံးကို နာရီဝက်ခန့်ကြာသည်အထိ မွှေနှောက်ရှာဖွေကြည့်၏။ တစ်စုံတစ်ရာ ထူးခြားသော ဘာပစ္စည်းကိုမျှ မတွေ့ရချေ။

အောက်ဆုံး၌ စဝ်ရန်နိုင်က တွေ့မိတွေ့ရာဖြစ်သော ရုံးခန်းနောက်ဖေး တံခါးတစ်ခုကို ဆွဲဖွင့်လိုက်သည်တွင် ဓာတ်ခွဲခန်းလိုလို၊ ဓါတ်ပုံအမှောင်ခန်းလိုလို ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

'ဒီအခန်းက ဘယ်လိုအသုံးချတာလဲ အစ်မကြီး'

'အော် . .၊ ဒါက သစ်သီးတွေကို အပြင်မှာတင်မရောင်းခင်၊ ပိုးသတ်ဆေးတွေ ဘာတွေနဲ့ ဖြန်းတဲ့ အခန်းကလေးပါ'

'အော် . . ဟုတ်လား . .'

အလိုက်သင့် နားထောင်နေသော စဝ်ရန်နိုင်၏ မျက်လုံးများက ခပ်ဆန်းဆန်း ပုလင်းလေးတစ်ခုကို မြင်လိုက်ရ၏။ ထိုပုလင်းလေးကို ဇတ်ကနဲ လှမ်းယူလိုက်လေသည်။ နိုင်ငံခြားမှလာသော ဆံပင်ဆိုးဆေး ပုလင်းကလေးဖြစ်နေ၏။

'ဒါဟာ နိုင်ငံခြားကလာတဲ့ ဆံပင်ဆိုးဆေးပုလင်း

ကလေးပဲ။ အစ်မကြီးတို့ရဲ့ ပိုးသတ်ဆေးဖြန်းတဲ့ လုပ်ငန်းမှာ ဒီဆံပင်ဆိုးဆေးမျိုးကို ရောစပ်ပြီး အသုံးပြုရပါသလား ခင်ဗျာ'

'ဟင့်အင်း . . ဘာမှ မပတ်သက်ပါဘူး . .'

'ဒီလိုဆိုရင် . . ဒီဆံပင်ဆိုးဆေးဟာ၊ ဘယ်သူ့ဟာ ဖြစ်နိုင်ပါသလဲ . .'

'အဲဒါတော့ ပြောရတာ အခက်သားပဲ။ ဒီ ဆေးဖြန်းတဲ့ အခန်းကို သူဌေးနှစ်ဦးစလုံး အဝင်အထွက်ရှိတယ်လေ'

'ဘယ်သူ့ဟာ ပိုဖြစ်နိုင်သလဲ။ အစ်မကြီး ထင်မြင်ချက်ကို ပြောတာပါ'

'သူဌေးဦးမြဒင်ဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ကွက်တိကွက်ကြားဖြူနေသလားပဲ။ ဒီတော့ ဒီပုလင်းလေးဟာ၊ သူဌေးဦးမြဒင်ရဲ့ ဆံပင်ဆိုးဆေးပုလင်းလားလို့၊ အစ်မကတော့ စဉ်းစားမိတာပဲလေ . .'

'ဟုတ်ကဲ့၊ ခုလောက်သိရရင် ကျေနပ်ပါပြီ။ ဒီပုလင်းလေးကိုတော့ ကျွန်တော် ယူသွားပါရစေ'

'အမှုအတွက် အထောက်အကူ ရမယ်ဆိုရင်၊ ယူသွားပေါ့ကွယ် . .'

× × × × × × × × × × × × × ×



## အခန်း (၁၇)

ဒေါင်ဒင်ကုမ္ပဏီမှ ရလာခဲ့သော ဆံပင်ဆိုးဆေးပုလင်းလေးကို နာရီအနည်းငယ်ကြာအောင် လေ့လာကြည့်နေမိ၏။

ဆေးဂွမ်းကို အစိုပြန်အောင်ပြုလုပ်၍၊ ဆံပင်တွင် ကျကျနန သုတ်လိမ်းပေးပါ။

ဆေးပြန်ချွတ်လိုလျှင်။ ရှန်ပို သို့မဟုတ် မည်သည့် ဆပ်ပြာနှင့်ဖြစ်စေ၊ ခေါင်းလျှော်ပေးလိုက်လျှင် အရောင်းလုံးဝ လွင့်သွားပါလိမ့်မည်။

ကြာကြာခံအောင် ဆိုးလိုလျှင်၊ ဆေးမထည့်မီ ဆံပင်ကို ထမဆုံး ဆားခတ်ပါသောအရည်ဖြင့် လျှော်ပေးပါ။

နောက် (၁၅)မိနစ်အတွင်း ထပ်၍ ဆေးကြောပြီး၊ အရောင်ဆိုးလျှင် ပိုမို၍ ကြာရှည်ခံပါသည်။

နိုင်ငံခြားမှလာသော ဆံပင်ဆိုးဆေးပုလင်းတွင် ပါလာသည့် အညွှန်းဖြစ်ပါသည်။ ဆိုးဆေးပုလင်းလေးမှာ ဈေးကြီးလှသဖြင့်၊ ပိုက်ဆံတတ်နိုင်သော လူချမ်းသာများလောက်သာ သုံးစွဲနိုင်ကြပေသည်။

ဆိုးဆေးပုလင်းကလေးတွင် ကပ်ထားသော အညွှန်းများကို သေချာစွာ ဖတ်လိုက်ပြီးလျှင်၊ စဝ်ရန်နိုင်က ခေါင်းတစ်ညိတ်ညိတ် ပြုနေမိလေသည်။ ထို့နောက် ဘေးတွင်ချထားသော လက်ကိုင်ဖုန်းမှ လိုရာနံပါတ်များကို နှိပ်လိုက်၏။ ချက်ချင်းလိုလိုပင်၊ 'လူသတ်မှုများကို သီးသန့်ကိုင်သောဌာန' နှင့် အဆက်အသွယ်ရလာ၏။

'မွေးကြီးလား၊ ကျုပ်ပါကွ၊ စဝ်ရန်နိုင်ပါ . .'

'အေး၊ ဆို . . ဘာကိစ္စလဲ . .'

'မြစ်ထဲကရတဲ့ အလောင်းကို မီးသဂြိုဟ်စက်ထဲ မထည့်ခင် ဓါတုဗေဒဌာနကို ပို့ခဲ့သေးတယ်မဟုတ်လား . .'

'ရိုးရိုးတန်းတန်း သေတာမှ မဟုတ်တာပဲ။ ထုံးစံအတိုင်း လုပ်ရပသေးတာပေါ့ . . သူငယ်ချင်းရ'

'အလောင်းရဲ့ ဆံပင်တွေကို စစ်ဆေးတဲ့အခါ၊ ပါရဂူတွေက ဘယ်လို မှတ်ချက်ရေးထားလဲ'

'မင်းသိချင်ရင် ခဏစောင့် . .။ ငါ 'လူသတ်မှု ဖိုင်တွဲ' လှမ်းတောင်းလိုက်မယ်'

'တောင်းထားလိုက်၊ လာကြည့်မယ်။ ခင်ဗျားနဲ့လဲ လူချင်းတွေ့ရတာပေါ့လေ . .'

'အေး၊ လာခဲ့ . .'

နောက် (၁၀)မိနစ်ခန့်အကြာတွင် စဝ်ရန်နိုင်သည် နှုတ်ခမ်းမွေးဘရှင် တာဝန်ယူနေသော ရဲတပ်ဖွဲ့စခန်းသို့ ရောက်လာခဲ့၏။ နှုတ်ခမ်းမွေးဘရှင်အမည်ခံ မွေးကြီးက၊ အသင့်ယူထားပြီးသော ဖိုင်တွဲကို စဝ်ရန်နိုင်သို့ ထုတ်ပေးလိုက်သည်။

ဓါတုဗေဒဌာနမှ ပါရဂူဦးအုန်းခင်၏ မှတ်ချက်ကိုတွေ့လိုက်ရလျှင် မိမိယူဆချက်နှင့် ကိုက်ညီနေသဖြင့်၊ စဝ်ရန်နိုင်က ပြုံးလိုက်မိလေသည်။

'သေဆုံးသူ၏ ဆံပင်တို့မှာ နက်မှောင်သန်စွမ်းနေပါသည်။ သူ့ဆံပင်မှာ အသက်(၅၀)ကျော်သည်အထိ၊ မည်သည့် ဆံပင်ဆိုးဆေးကိုမျှ အသုံးပြုရန် လိုအပ်လိမ့်မည် မဟုတ်ပေ' ဟူ၍ ပါရဂူက မှတ်ချက်ရေးပေးထားပါ၏။

ပါရဂူ၏မှတ်ချက်ကို ဖတ်ပြီးသောအခါ၊ မိမိထံသို့ အမှုလာအပ်ခဲ့သော ကိုမြဒင်၏ ခေါင်းပိုင်းကို ဝေဖန်လိုက်မိ

သည်။ ကိုမြဒင် မိမိထံသို့ လာခဲ့စဉ်က သူ့ခေါင်းကို ဆံပင်ဆိုးဆေးလိမ်းထားသည့် အခြေအနေကို ရိပ်မိလိုက်၏။ သူ့ထံမှ မိမိရရှိခဲ့သော ထူးဆန်းသည့်သင်းယနံ့မှာ ဆံပင်ဆိုးဆေးနံ့ ဖြစ်ရပေမည်။

'သူဌေးဦးမြဒင်ဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ကွက်တိကွက်ကြား ဖြူနေသလားပဲ။ ဒီတော့ ဒီပုလင်းဟာ သူဌေးဦးမြဒင်ရဲ့ ဆံပင်ဆိုးဆေး ပုလင်းလားလို့၊ အစ်မတော့ စဉ်းစားမိတာပဲလေ'

မိမိ ဒေါင်ဒင်ကုမ္ပဏီသို့ သွားရောက်ခဲ့စဉ်က၊ တယ်လီဖုန်းအော်ပရေတာ စာရေးမကြီး 'ဒေါ်နှင်းနှင်းသိမ့်'ပြောလိုက်သည့် စကားများကို စင်ရန်နိုင်က ပြန်လည်ကြားယောင်လာပေသည်။ ယခု ပါရဂူမှ ရေးထားသောမှတ်ချက်က သေဆုံးသူ၏ ဆံပင်အမျိုးအစားမှာ အလွန် နက်မှောင်သန်စွမ်းကြောင်း ရေးထားလေသည်။

ဤသို့ဆိုလျှင် သေဆုံးသူမှာ ကိုမြဒင် မဖြစ်နိုင်တော့။ အခြားတစ်ယောက်ယောက် ဖြစ်ရပေတော့မည်။ 'ထိုသူကား မည်သူပါနည်း . .။

သူဌေးကိုမြဒင်ကလည်း၊ စုပ်စမြုပ်စ မြုပ်သွားသည်။ မျက်လှည့်လာပြလိုက်သလို လုပ်ပြီးလျှင်၊ တစ်ခါတည်း ကွယ်





ပျောက်သွားခဲ့သည်။ သူကကော . . အဘယ်မှာပါနည်း။

မိမိ၏ ခေါင်းထဲတွင် ဖြစ်ပေါ်နေသော 'သံသယ၏ ကွင်းဆက်များ'ကို ပြောပြလိုက်သောအခါ၊ နတ်ခမ်းမွေးဘရှင်လည်း ဦးနှောက်ခြောက်မျှ စဉ်းစားခဲ့ရတော့သည်။ စင်ရန်နိုင်က ဤအကြောင်းကို နှုတ်ခမ်းမွေးဘရှင်ကိုသာမက ရှေ့နေဦးတော်မီကိုပါ ပြောပြလိုက်သောအခါ၊ ဦးတော်မီခမြာ ချက်ချင်း မျက်စိလည်သွားလေသည်။

'ဒီလိုဆိုရင်၊ ကျုပ်တို့ သေသေချာချာ ကြည့်ခဲ့ရတဲ့ အလောင်းဟာ ကိုမြဒင် မဟုတ်တော့ဘူးပေါ့ . .'

'ဟုတ်ပါတယ် ဦးတော်မီ . .။ ကိုမြဒင်ဟာ လုံးဝ မသေခဲ့ပါဘူး'

'ဒါပေမယ့်၊ သေသူရဲ့အလောင်းမှာ ဝတ်ထားတဲ့ အဝတ်အစားတွေက ကိုမြဒင်ရဲ့ အဝတ်အစားတွေ ဖြစ်နေကြတယ်လေ။ အဲဒါ ဘယ်လိုယူဆမလဲ'

'လာပြန်ပြီ ဦးတော်မီရယ် . .။ ဒီအဝတ်အစားတွေ အကြောင်း ထည့်ထည့်ပြောမနေစမ်းပါနဲ့။ လူတစ်ယောက်က လူတစ်ယောက်ကိုသတ်ပြီး၊ သေသူရဲ့အလောင်းမှာ ဦးမြဒင်ရဲ့ အဝတ်အစားတွေ ခိုးယူပြီး ဝတ်ပေးထားခဲ့ပါပြီတဲ့ဗျာ။ သေသူဟာ ဦးမြဒင်ပါလို့ ယူဆနိုင်ပါ့မလား။ ကဲ . . ကျုပ်မေးလိုက်ပြီ

ဦးတော်မီ . .၊ ခင်ဗျား ဖြေပေတော့ . .'

'ဒါဖြင့် ကိုမြဒင်ဟာ ဘာဖြစ်လို့ ပျောက်ချက်သား ကောင်းသွားတာလဲ၊ သူဟာ မသေခဲ့ဘူးဆိုရင်၊ အခု ဘယ်မှာလဲ။ ခင်ဗျား ပြောနိုင်ရဲ့လား . . စဝ်ရန်နိုင်'

'ခင်ဗျား တော်တော် နားဝေးတဲ့လူပဲ . .'

'ခင်ဗျား ဆင်ဝှေ့ရန်ရှောင် လျှောက်ပြောမနေနဲ့။ ကျုပ် မေးနေတာကိုသာ ဖြေစမ်းပါဦးဗျာ။ ဟဲ . . ဟဲ . . ဟဲ'

'ကိုမြဒင်ဟာ သူ့ကို ဦးဒိန်းဒေါင်က သတ်လိုက်လို့ သေပြီဆိုပြီး၊ ခင်ဗျားတို့ ကျုပ်တို့ကို မျက်လှည့်ပြသွားတာဗျ။ သူဟာ ရန်ကုန်ကနေပြီး ဦးဒိန်းဒေါင်အဖြစ်နဲ့ ထွက်သွားပြီ။ အခု မန္တလေးမှာ ရောက်နေတယ်၊ ဦးတော်မီရဲ့ . .'

'ဒါဆိုရင် . .'

'ဦးတော်မီ၊ ကျုပ်စကား မဆုံးသေးဘူး'

'ဟုတ်ကဲ့ . .၊ ဆက်ပြောပါဗျာ၊ ပြောပါ . .'

'ကိုမြဒင်ဟာ ဦးဒိန်းဒေါင်ကို အပြတ်ရှင်းလိုက်တယ်။ သူ့မယား နီလာက မန္တလေးက ကြိုစောင့်နေတယ် . .။ သူတို့ နှစ်ယောက် မန္တလေးကနေပြီး နိုင်ငံခြား တိုင်းပြည်တစ်ပြည်ကို ထွက်ပြေးကြလိမ့်မယ်'

'ဒါဖြင့် . . ဟိုအလောင်းဟာ ဦးမြဒင်မဟုတ်တော့ဘူး။





ဦးဒိန်းဒေါင်ဖြစ်သွားပြီ ဆိုပါတော့။ ဟုတ်လား . .'

'ဟုတ်တယ် . . .၊ ဒီလူ ကျုပ်ဆီ ရောက်လာကတည်းက သူဟာ ဦးဒိန်းဒေါင်ကို သတ်လာခဲ့ပြီးပြီဆိုတာ၊ ကျုပ်က ရိပ်မိလိုက်တယ်'

'ဩ . . .၊ ခင်ဗျားက တော်တော် သိတဲ့လူလား . .'

'သိတာပေါ့ ဦးတော်မီရယ်။ ခင်ဗျားအလုပ်က ပြချက် ရိုးရိုးကလေးအပေါ်မှာသာကြည့်ပြီး၊ အဆုံးအဖြတ်ပေးနေရတဲ့ ရှေ့နေ။ ကျုပ်အလုပ်က နက်နဲရှုပ်ထွေးတဲ့ သဲလွန်စတွေကို ဆွဲထုတ်ပေးရတဲ့ ရဲအလုပ် စုံထောက်အလုပ် . .'

'ဒါတွေ လျှောက်ပြောမနေနဲ့ ကိုယ့်လူ။ မန္တလေးမှာ ဦးမြဒင် ရောက်နေ မရောက်နေ၊ ဒါပဲ ကျုပ် သိချင်တယ်ဗျာ'

'ခင်ဗျား . . သိရမှာပါ။ ဦးဒိန်းဒေါင်ကို သတ်ပြီး ဦးဒိန်းဒေါင်အဖြစ် မန္တလေးကို ထွက်သွားတဲ့မြဒင်ကို၊ ကျုပ်တို့ လူတွေ စောင့်ကြည့်နေတယ်။ သူဟာ ကျုပ်တို့မျက်စိအောက်က ထွက်ပြေးလို့ မရနိုင်ပါဘူး။ ကဲ . . . ခု ကျုပ်ပြောတာ ဟုတ် မဟုတ်သိရအောင်၊ ခုချက်ချင်း မန္တလေးကို သွားကြပါစို့ဗျာ'

'စဝ်ရန်နိုင် . .၊ ငါပါ လိုက်ခဲ့ရမှာလား . .'

'မင်းပါ လိုက်ခဲ့ပေါ့ကွာ။ ငါရယ် မင်းရယ် ဒီက ဦးတော်မီရယ် . . . သုံးယောက်သွားမယ်။ ဦးတော်မီ၊ ခင်ဗျား

ကား ထားခဲ့ပါဗျာ။ ကျုပ်ကားနဲ့တင် လုံလောက်ပါတယ် . .'

× × × × × × × × × × × × × ×

မန္တလေးသို့ ရောက်သောအခါ၊ မြို့မရဲစခန်းတွင် ဦးဒိန်းဒေါင်ကို စောင့်ကြည့်နေရသော မောင်တိုတ်နှင့် အရင်ဆုံး တွေ့ရ၏။ မောင်တိုတ်အမည်ခံ စိုင်းနွတ်မှာ စဝ်ရန်နိုင်ကို မြင်သည်ရှိသော် မျက်စိမျက်နှာ ပျက်နေလေတော့သည်။

'ဟိုမှာ စောင့်ကြည့်နေပါဆိုနေမှ၊ ဘာကိစ္စ ဒီစခန်းမှာ ရောက်နေတာလဲ . .'

'ဟို၊ မြဒင်တို့လင်မယား မရှိတော့ဘူး။ လစ်သွားကြပြီ . .'

'ဘာ . .၊ လစ်သွားကြပြီ . . ဟုတ်လား'

မိမိအား ဆီလိုအပေါက်ရှာပြီး အမြဲတမ်းကပ်ဖြုတ်နေသော ရှေ့နေဦးတော်မီကို ဟန်တစ်လုံး ပန်တစ်လုံးနှင့် ခေါ်လာခဲ့ခြင်းဖြစ်၏။ ယခုတော့ . . သူတို့ မရှိတော့ပြီဟူ၍ စိုင်းနွတ်က ပြောလိုက်သောအခါ၊ စဝ်ရန်နိုင် အကြီးအကျယ် စိတ်ဓါတ်ကျသွားလေ၏။ ထိုအခါ မန္တလေးမြို့မရဲတပ်ဖွဲ့မှ ရဲမှူးဦးဗဝင်းက ဝင်ပြောလေသည်။





'စိုင်းနွတ်က ပြည့်ပြည့်စုံစုံ ပြောပြတဲ့အတွက်၊ တော်တော်အရေးကြီးတဲ့ တရားခံမှန်း၊ ကျုပ်တို့ ရပါတယ်လေ။ ဒါကြောင့် ကျုပ်တို့လဲ မောင်စိုင်းနွတ် အကူအညီကောင်းသမျှ လိုလေသေးမရှိ လိုက်လုပ်ပေးပါတယ်။ ကျုပ်တို့ လူ(၁၀) ယောက်ဟာ အမြဲတမ်း ဝိုင်းကြည့်နေတာပါပဲ'

'ဒါနဲ့များ လွတ်ထွက်သွားရတယ်လို့ ဦးဗဝင်းရယ်'

'နေဦးလေ၊ ရှင်းပြပါဦးမယ် . .။ သူတို့လင်မယား ထွက်ပြေးသွားမှန်းသိတဲ့အခါ၊ ကျုပ်တို့ဟာ အိမ်ထဲဝင်ပြီး စစ်ဆေးကြည့်တယ်။ လားလား မြေတိုက်ခန်းနဲ့ဆက်သွယ်ထားတဲ့ လျှို့ဝှက်ဥမင်လမ်းကြောင်းတစ်ခုကို တွေ့လိုက်ရတော့တာပဲဗျို့'

လျှို့ဝှက်ဥမင်လမ်းကြောင်း ဖောက်ထားသည်ဆိုတော့၊ လစ်သွားမှာပေါ့။ စိုင်းနွတ်အား တာဝန်မကျေဟု ပြော၍မဖြစ်တော့။ သူ့ခမြာ ဘာတတ်နိုင်ရှာမှာလဲဟု တွေးကာ၊ ဖြေလိုက်ရတော့၏။

'ဒါ့ကြောင့်မို့လို့၊ မြန်မြန် ဖမ်းခိုင်းနေတာဗျာ။ အခုတော့ လစ်သါွားပြီ မဟုတ်လား။ တောက် . . နာသကွာ . .'

'တောက် . .၊ နာသကွာ'ပါတဲ့။ ဦးတော်မီက ပထမဦးဆုံး ကျည်တစ်တောင့် စတင်ပစ်လွှတ်လိုက်၏။ စဝ်ရန်နိုင်

ဘာမျှမတတ်သာ၊ ဦးတော်မီလျောင်သမျှ ခံရဖို့သာရှိတော့သည်။

ဦးတော်မီက မြစ်ထဲမှ အလောင်းရသောအခါ၊ ၎င်းအလောင်းကို ကိုမြဒင်အလောင်း မှတ်ထင်ခဲ့သည်။ ကိုမြဒင်ကို ဦးဒိန်းဒေါင် သတ်သွားခဲ့သည်ဟု ယူဆခဲ့သည်။ ဦးဒိန်းဒေါင်ကို ဖမ်းရန် ပြင်းပြင်းထန်ထန် ပြောခဲ့သည်။

စဝ်ရန်နိုင်ကလည်း ဦးဒိန်းဒေါင်ကို ဖမ်းရန်ပင်ဖြစ်ပါသည်။ သို့သော် ဦးတော်မီနှင့် အယူအဆခြင်း မတူပေ။ ဦးဒိန်းဒေါင်အဖြစ်နှင့် ဖမ်းရန်မဟုတ်ပဲ၊ ဦးဒိန်းဒေါင်ကို သတ်၍ မြစ်ထဲသို့ အလောင်းပစ်ချခဲ့သူ မြဒင်အဖြစ်နှင့်သာ ဖမ်းရန်ဖြစ်လေသည်။

မြဒင်၏ ယုတ်မာပတ်စက်မှုများ၊ အချင်းချင်းသစ္စာကင်းမဲ့မှုများ၊ အကောက်ကြံမှုများ၊ ရဲနှင့်စုံထောက်အဖွဲ့ဝင်များကို အတင့်ရဲစွာ လိမ်ညာလှည့်စားမှုများကို လူအများမြင်ကွင်းတွင် ရှေးဦးစွာ ဖွင့်ချပြီးမှသာလျှင်၊ မြဒင်အားဖမ်းရန် အဖက်ဖက်မှ ကြိုတင်ပြင်ဆင်ထားခဲ့ပြီး ဖြစ်သည်။

တက္ကစီမောင်တိတ် အမည်ခံစိုင်းနွတ်ကိုပင်၊ မန္တလေးရောက် ဦးဒိန်းဒေါင်အား မျက်ခြေမပြတ် စောင့်ကြည့်ခိုင်းထားခဲ့၏။ သည်ကြားထဲကမှ လွတ်မြောက်သွားသည်ကိုတော့ စဝ်ရန်နိုင် ဘာမျှမတတ်နိုင်။ သူတို့ဇနီးမောင်နှံ နောက်သို့





အနံ့ခံလိုက်၍ ရှာဖွေဖမ်းဆီးရန်သာ ရှိတော့၏။

'တောက် . .၊ နာသကွာ . .'ဟူ၍ ဦးတော်မီက အပြန်ခရီး တွင် တစ်လမ်းလုံး ပြတ်လုံးထုတ်လာခဲ့လေသည်။

× × × × × × × × × × × × × ×

## အခန်း (၁၈)

ဦးမြဒင်တို့ လင်မယား သုတ်ခြေတင်သွားခြင်းအတွက် ဘာမျှ အထွေအထူး တွေးနေစရာမလိုတော့။ ထွက်ပြေးသွားခြင်းမှာ သူတို့အလုပ်ကိုသူတို့ လုပ်သွားခြင်းဖြစ်သည်။ သူတို့ကို လိုက်လံရှာဖွေ ဖမ်းဆီးရမည်မှာ မိမိတို့၏ တာဝန်နှင့်ဝတ္တရား ဖြစ်လေသည်။

ဦးမြဒင်ကိစ္စကတော့ . . ရှင်းသွားပြီဟု ဆိုနိုင်၏။ သို့သော် ဟို ဒေါ်ပပဝင်းကတော့ စဝ်ရန်နိုင်အတွက် မဟောင်ဦးဆန် နေသည်။ ထိုမိန်းမကြီးမှာ လှစ်ကနဲပေါ်လာပြီး လှစ်ကနဲ ပြန်လည်ပျောက်ကွယ်သွားခဲ့၏။ မိမိကိုလာ၍ မျက်လှည့်ပြ





သွားသည့်နှယ် ဖြစ်နေပါသည်။

သူက အဘယ်သူပါနည်း၊ သူမ ပျောက်ကွယ်သွားခြင်းမှာ သွေးရိုးသားရိုးပင်လော။ တစ်စုံတစ်ခုသော အန္တရာယ်ကို ရင်ဆိုင်သွားရခြင်းပင်လော။ စဝ်ရန်နိုင်ခမြာ ဒေါ်ပပဝင်းကိစ္စ ယခုအထိ အတွေးကွင်းဆက်ပြတ်နေရာ၊ တွေးမိတိုင်း စိတ်ထဲ တွင် မကျေနပ်စရာ ဖြစ်နေပါသည်။

ဒိုင်းဒိုင်းကိစ္စ အကြောင်းပြု၍ သူမက မိမိထံ ရောက်လာ ခဲ့ခြင်းဖြစ်သည်။ ယခု ဒိုင်းဒိုင်းကိစ္စ ဗူးပေါ်သလိုပေါ်၍၊ ကလေးမလေးကို ပဲခူးလိပ်ပြာကန်ရှိ သူမ၏မိဘများထံသို့ ပြန်ပို့ ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဒေါ်ပပဝင်းမှ သဲလွန်စပေး၍ ပြောကြား သွားသကဲ့သို့ပင်၊ ဒိုင်းဒိုင်းခမျာ အကြပ်ကိုင်ခံခဲ့ရခြင်းဖြစ်လေ သည်။

ဒိုင်းဒိုင်းနှင့်ပတ်သက်၍ သဲလွန်စ ပေးသွားခဲ့ပြီးနောက်၊ ဒေါ်ပပဝင်းမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ရခြင်းဖြစ်လေ တော့သည်။ ထို့အပြင် ဒေါ်ပပဝင်းသည် နဂါးနီတည်းခိုရိပ်သာ တွင် မိမိတည်းခိုနေခဲ့ပါကြောင်း၊ ပဲခူးမြို့မှလာခဲ့ခြင်းဖြစ်ပါ ကြောင်း၊ ဒိုင်းဒိုင်း၏မိခင် ဒေါ်ရှားရှားနှင့် လွန်စွာရင်းနှီးပါ ကြောင်း၊ စသည်ဖြင့် မိမိကို လိမ်ဆင်များ ပြောကြားသွားခဲ့၏။ ယခုအချိန်အထိ . .၊ သူမ မည်သူမည်ဝါဖြစ်ကြောင်း မသိရသေး

ပဲရှိနေပေသည်။

စဝ်ရန်နိုင်က ခေါ်ပပဝင်းကိစ္စ ခေါင်းထဲတွင် တေးမှတ်ထားလိုက်ပြီး၊ 'ဟိုတယ်နှင့်ပျော်ပွဲစားရုံများ မှတ်ပုံတင်ဌာန'သို့ ကားမောင်း၍ လာခဲ့၏။ 'ရွှေလိပ်ပြာ'ပျော်ပွဲစားရုံနှင့်ပတ်သက်၍ စုံစမ်းလေ့လာရန် ထွက်လာခဲ့ခြင်းဖြစ်လေ၏။

ပျဉ်းမနား၊ ရမည်းသင်းနယ်ဘက်တွင်နေခဲ့ဖူးသော ရာဇဝင်လူဆိုးကြီး တိမ်တလုံးမှာ နှစ်အနည်းငယ်ကြာမှ ငြိမ်သက်သွားခဲ့သည်။ ၎င်း၏သတင်းအစအနကိုမျှ ရှာမရအောင် ငြိမ်ချက်သား ကောင်းသွားခဲ့သည်။ အစိုးရ၏ စောင့်ကြည့်နေသော 'မိုက်ကရိုစကုပ်'အောက်မှ ခေတ္တမျှ ပျောက်ကွယ်သွားခဲ့သည်။

ဒိုင်းဒိုင်း၏ကိစ္စကို လိုက်ပါဆောင်ရွက်ရင်းမှ ရွှေလိပ်ပြာ ပျော်ပွဲစားရုံတွင် 'ကပွဲတာဝန်ခံ'အဖြစ် မျက်နှာဖုံးစွပ်ထားသော တိမ်တလုံးကို စတင်ခြေရာခံမိလာ၏။

သူ့တပည့်ကြီးဖြစ်သော 'ပေါက်တူး'ကိုလည်း 'ဓာတ်ခံမန်နေဂျာ'အဖြစ် ပြန်လည်တွေ့ခဲ့ရ၏။ ဘာပဲပြောပြော၊ ရွှေလိပ်ပြာ ပျော်ပွဲစားရုံအား လူဆိုးများ ခြေကုပ်ယူထားသည်ဟူသော အချက်မှာ ထင်ရှားပေါ်လွင်လာခဲ့၏။

တိမ်တလုံး၏ အထက်တွင် တစ်စုံတစ်ယောက်ရှိရလိမ့်





ဦးမည်ဟူသော အတွေးက ဝင်ရောက်လာသည်နှင့်အညီ၊ စဝ်ရန်နိုင်က 'ဟိုတယ်နှင့် ပျော်ပွဲစားရုံများမှတ်ပုံတင်ဌာန'သို့ လာရောက်ခဲ့ခြင်းပင် ဖြစ်လေသည်။

ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ဟိုတယ်နှင့်ပျော်ပွဲစားရုံလုပ်ငန်းများဘက်တွင် ရင်းနှီးမြှုပ်နှံမှုများစွာ အင်တိုက်အားတိုက် ပြုလုပ်လာခဲ့ကြ၏။ ကမ္ဘာ့လှည့်ခရီးသည်များကို အမျိုးမျိုးဆွဲဆောင်ဖိတ်ခေါ်လျှက်၊ မိမိတို့ဟိုတယ်များတွင် ဝင်ငွေတိုးတက်အောင် ကြံဆောင်ကြိုးပမ်းလျှက်ရှိကြကုန်၏။ သက်ဆိုင်ရာနိုင်ငံအစိုးရများကလည်း၊ 'အမျိုးသားဝင်ငွေတစ်ရပ်'ရရှိရေးအလို့ငှာ၊ ထိုလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် အကူအညီအမျိုးမျိုးပေးခဲ့လေသည်။

ဤသို့သော အမျိုးသားရေးရာ 'ဝင်ငွေစီမံချက်'အောက်တွင် ရွှေလိပ်ပြာပျော်ပွဲစားရုံလုပ်ငန်းမှာလည်း တစ်ခုအပါအဝင်ဖြစ်လေတော့၏။ ဤပျော်ပွဲစားရုံကို မည်သူက ဖွင့်လှစ်ထားပါသနည်း။ ဤဦးစီးဖွင့်လှစ်ထားသူ ပုဂ္ဂိုလ်ကြီးမှာ 'တိမ်တလုံး' တို့၏ အထက်ဆရာကြီး ဖြစ်နိုင်သည်ဟူသော ယူဆချက်ဖြင့် စဝ်ရန်နိုင်က ထွက်လာခဲ့ခြင်းဖြစ်သည်။

သက်ဆိုင်ရာဌာနကြီးသို့ ရောက်လာသောအခါ၊ စဝ်ရန်နိုင်က ဌာနချုပ်မှ မိမိအား ထုတ်ပေးထားသော 'လျှို့ဝှက်

ဝန်ထမ်း'ကဒ်ပြားကလေးကို ထုတ်ပြလိုက်ရာ၊ အရာရှိမကြီး တစ်ဦးက စဝ်ရန်နိုင်ကို စိတ်ဝင်စားစွာ အကူအညီပေးခဲ့၏။

သူမက စဝ်ရန်နိုင်သွားလိုသော 'ဟိုတယ်နှင့်ပျော်ပွဲစား ရုံများ မှတ်ပုံတင်ဌာနခွဲ'သို့ လိုက်ပို့ပေးရုံသာမက စဝ်ရန်နိုင် သိလိုသော အချက်ကိုလည်း အမြန်ဆုံးသိခွင့်ရအောင် အကူအညီ ပေးခဲ့လေသည်။

ရွှေလိပ်ပြာ ပျော်ပွဲစားရုံကို ဖွင့်လှစ်ထားသူ၏ နာမည် ကိုကြားလိုက်ရသောအခါ၊ စဝ်ရန်နိုင် အထူးပဲ အံ့သြတုန်လှုပ် သွားမိလေတော့သည်။

'ဦးမြဒင် . .၊ ဒေါင်ဒင်သစ်သီးကုမ္ပဏီ'ဟူ၍ ကြားသိ လိုက်ရသောကြောင့်ပင်ဖြစ်၏။ 'အော် . .၊ သည်လိုကိုး'ဟူ၍ စဝ်ရန်နိုင်၏ အတွေးမဆုံးမီ မှတ်ပုံတင်ဖိုင်တွဲကို ကိုင်တွယ်ရှာ ဖွေပေးခဲ့သူ၊ တာဝန်ရှိအရာရှိမက ဆက်လက်ပြောကြားလိုက် သည်မှာ . .။

'ပျော်ပွဲစားရုံပိုင်ရှင် ဦးမြဒင်ဟာ ဒီရက်ပိုင်းအတွင်း လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရတယ်လေ။ ဒီတော့ ဦးမြဒင်ရဲ့ ပျော်ပွဲစားရုံလုပ်ငန်းကြီးကို၊ ဦးမြဒင်အပေါ်မှာ ကြွေးငွေ သိန်း (၅၀၀၀)တိတိ တရားဝင်ရရန်ရှိတဲ့ 'မစ္စတာ မရျူးဝါး'အမည်ခံ ကုလားသူဌေးကြီးတစ်ဦးက သိန်း(၆၀၀၀)ထပ်ပေးပြီး၊





လွှဲပြောင်းယူလိုက်တယ်ကွဲ့။ ဟုတ်ပြီလား . .၊ နောက်ထပ် ာများ သိချင်သေးလဲ . .'

'ရပါပြီ ခင်ဗျာ။ ဒီလောက်သိရရင်ပဲ . . လုံလောက် ပါတယ်။ အခုလို အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ'

စဝ်ရန်နိုင်သည် နောက်နာရီဝက်အတွင်း၌ နှုတ်ခမ်းမွေး ဘရှင်၏ရုံးခန်းအတွင်းသို့ ရောက်လာခဲ့၏။ ရရှိသော သတင်း အချက်အလက်များကို စုစည်း၍ နှစ်ဦးသား တိုင်ပင်နှီးနှောကြ ၏။ နှုတ်ခမ်းမွေးဘရှင်အမည်ခံ မွေးကြီးက အရေးကြီးသော စကားတစ်ခွန်းကို မှတ်ချက်ပြုလိုက်ပေသည်။

'အခုအတိုင်းဆိုရင်၊ မင်း ကိုမြဒင်ဟာ အာဂလူပဲ . .။ သူဟာ တို့ဌာနက အလိုရှိနေတဲ့ 'မီးလျှံနဂါး'ဆိုတဲ့ လူဆိုးကြီး များ ဖြစ်နေမလား . .'

'ဟုတ်ပြီ . .၊ မင်းထင်သလို မီးလျှံနဂါးဟာ ကိုမြဒင် လား။ ဒါ တို့စဉ်းစားရတော့မယ်။ မီးလျှံနဂါးဟာ တိုင်းပြည် တွင်းက သစ္စာဖောက်သိပ္ပံပညာရှင်အချို့ကို ငွေနဲ့ပေါက်ပြီး သူ့အိတ်ထဲ ထည့်ထားတာကွ။ မီးလျှံနဂါးဟာ တို့တိုင်းပြည်ရဲ့ အရေးကြီး 'လျှို့ဝှက်သိပ္ပံဖော်မြူလာ'တွေကို ဟိုနိုင်ငံကြီးကို ရောင်းစားဖို့လုပ်နေသတဲ့ . .။ ဒါကို မင်းလဲသိပါတယ် . .'

ဤအခိုက်တွင် ဘရှင်၏ရုံးခန်းထဲမှ တယ်လီဖုန်းခေါ်သံများ ဆူညံစွာ ပေါ်လာခဲ့၏။ နှုတ်ခမ်းမွေးဘရှင်က တယ်လီဖုန်းရီဆီဗာကို ဆွဲယူနားထောင်လိုက်သည်။ စဝ်ရန်နိုင်က တယ်လီဖုန်းပြောနေသော မွေးကြီးကို အကဲခတ်လျက်ရှိ၏။ တစ်ဖက်မှ ပြောစကားကိုနားထောင်ရင်း၊ နှုတ်ခမ်းမွေးဘရှင် အမည်ခံ မွေးကြီး၏မျက်နှာက သိသိသာသာ ပျက်သွားလေတော့၏။

'ဘယ်ကဝင်လာတဲ့ တယ်လီဖုန်းလဲ . .'

'ဆေးရုံကပဲ . .။ ဟိုကောင့်ကို သူတို့ဝင်လာပြီး၊ သတ်သွားကြပြီ . .'

'ဘယ်လို၊ ဘယ်ကောင့်ကို ပစ်သတ်သွားတာလဲ . .'

'ဘယ်သူ ရှိရဦးမှာလဲ။ မင်း အကောင်ကြီးကို ဝင်ပစ်သတ်သွားတာ။ မင်း ခြေတောက်တွေ ချိုးလိုက်လို့ ကျိုးသွားတဲ့ ဟိုကောင်ကြီးလေ . .'

'ဘာကွ . .။ သူ့ကို လျှို့ဝှက်အတွင်းလူနာဆောင်မှာ အစောင့်အကြပ်တွေ ချထားတဲ့ဥစ္စာပဲ . .'

'အေး၊ ခု သူ့ကိုဝင်သတ်သွားပြီ။ လူသတ်သမားက သုံးဦးတောင်ဆိုပဲ . .၊ ဆရာဝန်ယောင်ဆောင်ပြီး ဝင်လာတာတဲ့။ တို့ဖက်က အစောင့်နှစ်ယောက်လဲ အဆစ်ပါသွားသတဲ့။ နှစ်နာ





ချက် ဆိုးဝါးလိုက်တာကွာ . .'

'ဒါ သူတို့လာပြီး နှုတ်ပိတ်ပစ်လိုက်တာကွ . .'

'အေးပေါ့ . .၊ ဒါ့အပြင် ဘာရှိဦးမှာလဲ။ လုပ်ကြဦးပေါ့ကွာ'

မွေးကြီးက မကျေမနပ်ဖြင့် လက်သီးလက်မောင်းတန်းနေစဉ်၊ စဝ်ရန်နိုင်ထိုင်ရာမှ ထလိုက်၏။

'ဒါက မင်း ဘယ်ကိုသွားမလို့လဲ။ နံနက်စာ စားသွားဦးလေ။ ငါ မင်းအတွက် လုပ်ခိုင်းထားလိုက်ပြီ . .'

'နိုး . .၊ နိုး . .၊ ငါ မစားတော့ဘူး။ ပဲခူးကျမှပဲ ထမင်းဆိုင်မှာ ဝယ်စားလိုက်တော့မယ်'

'ဘာလဲ၊ ခု မင်းက ပဲခူးကို သွားမလို့လား'

'အေးလေ . .၊ ဒီလူတွေကို ကြည့်ရတာ သိပ်ခြေသွက်နေတယ်။ ပဲခူးက ဟိုကောင်မလေး ဒိုင်းဒိုင်းအတွက် စိတ်မချရဘူး . .'

'ဌာနချုပ်ရဲ့ ညွှန်ကြားချက်အရ၊ သူတို့မိသားစုကို လျှို့ဝှက်စောင့်ကြပ်ကာကွယ်ဖို့ ပဲခူးမြို့မစခန်းက တာဝန်ယူထားတယ် မဟုတ်လား . .'

'ဒါတော့ . . ဒါပေါ့။ ဒါပေမယ့် . . ငါ့စိတ်ထဲမှာ နည်းနည်း ထင့်နေလို့ပါကွာ . .'

'မင်း ဟိုသွားသည်သွားနဲ့ သိပ်လမ်းသလားမနေနဲ့။ တော်ကြာ အပေါက်ကျဉ်းနဲ့ တွေ့သွားဦးမယ်'

'ငါ့အတွက် ပူမနေစမ်းပါနဲ့ကွာ . .'

'ပူရတယ်ဟေ့၊ ပူရတယ်ကွ။ မင်း သေသွားတာက အရေးမကြီးဘူး။ သမုန္ဒယ်အတွက် ပူရတယ်ကွ . .'

'သမုန္ဒယ်အတွက် . . မင်းက ဘာကိစ္စ ဝင်ပူနေရတာလဲ'

'မင်းက ဟိုနေ့ယူမယ်၊ ဒီနေ့ လက်ထပ်မယ်နဲ့ အချိန်တွေဆွဲလာလိုက်တာ၊ နှစ်မနည်းတော့ဘူးလေ . .'

မွေးကြီးပြောတာ မှန်တော့လည်း မှန်နေပါ၏။ သည်တော့ စဝ်ရန်နိုင် ညိမ်ခံနေရသည်။ မွေးကြီးက ဟောက်ထုတ်ပစ်လိုက်ပြန်လေသည်။

'သွားစမ်းပါကွာ၊ ငါ့ရှေ့က မြန်မြန်ထွက်သွား . .'

× × × × × × × × × × × × ×

## အခန်း (၁၉)

ပဲခူးသို့ရောက်လာ၏။ နံနက်စာ စားချိန်သော်ချိန်ဖြစ်နေ၏။ သူများကို ဒုက္ခမပေးလိုသဖြင့် စဝ်ရန်နိုင်သည် ထမင်းဆိုင်တစ်ဆိုင်တွင် ဝက်သားဟင်းနှင့် ထမင်းဝင်စားပြီးမှ ဒိုင်းဒိုင်းတို့အိမ်ဖက်သို့ ထွက်လာခဲ့၏။

လိပ်ပြာကန်သို့ရောက်သောအခါ၊ တရားသူကြီး ဦးမိုက်ကယ်အိမ်သို့ တန်းတန်းမတ်မတ် ရောက်လာသည်။ ဦးမိုက်ကယ်က ထုံးစံအတိုင်းရုံးထိုင်သွားနေသဖြင့်၊ အိမ်တွင် မတွေ့ရတော့။ ဒိုင်းဒိုင်း၏မိခင် ဒေါ်ရှားရှားနှင့်သာ တွေ့ရလေသည်။

'အော် . .။ စဝ်ရန်နိုင်ဆိုတာလား . .။ လာလာ ဝင်ပါ'

တစ်ချိန်တုန်းက 'ပြည်ထောင်စုမယ်'ဖြစ်ခဲ့ဖူးသော ဒေါ်ရှားရှားက ဘာဂျာတံခါးကြီးဖွင့်ပေး၏။ အကောင်းစား စက်တီကြီးများဖြင့် အထက်တန်းကျကျ ဖန်တီးထားသည့် ဧည့်ခန်းမကြီးကို တွေ့ရသည်။ 'ဗီသိုဘင်'ပီယာနိုကြီးကိုပါ တွေ့ရ၏။ ဒိုင်းဒိုင်းတို့ မိသားစု(၃)ဦး၏ လူမှုရေးအဆင့်ကို အကဲခတ်လိုက်မိရသည်။

'လူကို အခုမှ တွေ့ဖူးပေမယ့် . .၊ သမီးက မကြာခဏ ပြောနေတော့ နာမည်ကို ရင်းနှီးနေတယ်ကွဲ့။ ဒါထက် ဧည့်သည်ကို ထမင်းကျွေးရဦးမှာပဲ . .'

'ဟာ . . မလုပ်ပါနဲ့တော့။ ကျွန်တော် စားပြီးခဲ့ပါပြီ'

'အို။ ဒီကိုလာတဲ့ ဥစ္စာပဲ . .၊ ဘယ်က စားလာတာလဲ'

'ကျွန်တော် မြို့ထဲက ဟိုတယ်တစ်ခုမှာ ဝင်စားလာခဲ့ပါတယ်။ ဟဲ . . ဟဲ . . ဟဲ'

စားလာတာက ရိုးရိုးထမင်းဆိုင်ဖြစ်သော်လည်း၊ ဒိုင်းဒိုင်း၏ မိခင်ဒေါ်ရှားရှားက အထင်ကြီးသွားရန်၊ ဟိုတယ်မှ ဝင်စားလာခဲ့ကြောင်း ပြောလိုက်၏။ သူတို့ လူနေမှုစနစ်ကို ကြည့်ရသည်မှာ အထက်တန်းကျလှသည်မို့၊ သူတို့အကြိုက် အလိုက်အထိုက်ဖြစ်အောင် စဝ်ရန်နိုင်က ဒေါ်ရှာရှားကို အကဲခတ်သည်။ သူမကြီးတွင် ပါးခြိုင့်ရှိမရှိ ရှေးဦးစွာ သတိပြု



သည်။

ဒင်းပဲလ်ပါးခြိုင့်နှစ်ဖက် ရှိနေတာကတော့အမှန်။

ဒေါ်ပပဝင်းမှာလည်း ပါးခြိုင့်နှင့်။ 'အသက်ကလည်း အတူတူလိုပင်။ အဲ . . မတူသောအချက်တစ်ချက်ကိုလည်း သတိပြုမိလိုက်၏။

ဒေါ်ရှားရှား၏ ကိုယ်ဟန်မှာ နွဲ့နှောင်းကျစ်လစ်၏။ ဘဲဥပုံ မျက်နှာမျိုးဖြစ်ကာ၊ နားထင်များပြည့်တင်းလှ၏။ မိမိ ထံလာသွားခဲ့သော ဒေါ်ပပဝင်းကတော့၊ ကျစ်လစ်နွဲ့နှောင်း သော်လည်း၊ မျက်နှာပေါက်ကျဆင်းပုံခြင်းမတူပေ။ ထို့အပြင် ဒေါ်ပပဝင်းက နှုတ်ခမ်းပါး၏။ စကားမပြောလျှင် အရှင်း၊ ပြောမိလျှင်လည်း ပလစ်ပလစ်နှင့်နေအောင် ပြောတတ်၏။ ဒိုင်းဒိုင်း၏မိခင် ဒေါ်ရှားရှားကတော့ နှုတ်ခမ်းများ သိသိသာ သာထူသည်။ စကားပြောသောအခါ အနည်းငယ် ခပ်ထိုင်းထိုင်း၊ အသံကျယ်လောင်စွာဖြင့် အားရပါးရ ပြောတတ်လေသည်။

ယခုတွေ့ရသော ဒေါ်ရှားရှားက တစ်ယောက် . .။

မိမိထံလာသွားသော ဒေါ်ပပဝင်းက တစ်ယောက်။

ဤသို့ ခွဲခြားသိမြင်ပြီးနောက်၊ စဝ်ရန်နိုင်၏ မျက်လုံးများက တစ်စုံတစ်ယောက်ကို တွေ့ရနိုးနိုး ရှာဖွေကြည့်နေမိသည်။ ဒိုင်းဒိုင်း၏အရိပ်အယောင်ကို လုံးဝ မမြင်ရချေ။ အကင်းပါးလှ

သော ဒေါ်ရှားရှားက ချက်ချင်း ရိပ်မိသွားဟန်ဖြင့် . . .။

'ကြည့်စမ်း၊ အစ်မ မင်းကိုတွေ့ရပြီး ဝမ်းသာသွားလို့ သတိမေ့နေလိုက်တာ။ သမီးလေးဒိုင်းဒိုင်းကို အသံပြုလိုက်ဦးမှပဲ။ သူ နံနက်စာစားပြီး ခြံထဲဆင်းသွားတယ်ကွဲ့။ သစ်ခွခြံထဲ ရောက်နေပြီလား မသိဘူး။ ဒိုင်းဒိုင်းရေ ဒိုင်းဒိုင်း . .။ ဒီကိုလာခဲ့ဦးဟေ့။ ဒီမှာ . . သမီးဧည့်သည်ရောက်နေတယ်။ ဘယ်သူဘယ်ဝါဆိုတာ လာကြည့်ပါဦး . .။ ဒိုင်းဒိုင်းရေ၊ ဒိုင်းဒိုင်း . .'

ဘယ်လိုပင် အော်ခေါ်သော်လည်း။ ဒိုင်းဒိုင်းကား ပေါ်မလာတော့။

ခေါ်၍မရတော့သည့်အဆုံးတွင် ဒေါ်ရှားရှားမျက်နှာ သိသိသာသာပျက်လာသည်။ စဝ်ရန်နိုင်ကိုယ်တိုင် မနေသာတော့ပဲ၊ သေသေချာချာ စစ်ဆေးရှာဖွေလေသည်။ သို့သော် ဒိုင်းဒိုင်းကား ပျောက်ဆုံးသွားခဲ့ပါလေပြီ . . .။

ပဲခူးမြို့မ ရဲတပ်ဖွဲ့မှ တရားသူကြီးဦးမိုက်ကယ်၏ နေအိမ်လုံခြုံရေးအတွက် တာဝန်ပေးထားသော ရဲသားနှစ်ဦးကို ခြံဝင်းကြီးရှေ့မှ မရမ်းပင်ကြီးအောက်တွင် တွေ့လိုက်ရသောအခါ။ အခြေက ရှင်းသွားပါ၏။ စောင့်ကြည့်ရဲသားနှစ်ဦးမှာ သေနတ်ဒဏ်ရာကိုယ်စီဖြင့် လဲကျသေဆုံးနေကြပြီဖြစ်၏။ အသံတိတ်သေနတ်ဖြင့် အနီးကပ် ပစ်ခတ်ခဲ့ပုံရသည်။ နားထင်



တွင် အပေါက်ကလေးတစ်ပေါက်စီဖြင့် အနီးကပ်ပစ်ခတ်ခဲ့ပုံရသည်။ နားထင်တွင် အပေါက်ကလေးတစ်ပေါက်စီဖြင့် ကိစ္စချောနေကြခြင်းပင် ဖြစ်လေသည်။

ဤအဖြစ်အပျက် ဖြစ်ပွားခဲ့ပြီးနောက် . . .။

စဝ်ရန်နိုင်သည် ဒေါ်ရှားရှားတို့နေအိမ်တွင် တစ်ညအိပ်ခဲ့သည်။ တရားသူကြီးဦးမိုက်ကယ်အား အမျိုးမျိုးအဖုံဖုံ အားပေးခဲ့ရသည်။ ပျောက်ဆုံးသွားသော ဒိုင်းဒိုင်းကို မိမိ အမြန်ဆုံး ရှာပေးမည်ဖြစ်ကြောင်း ကတိပြုပြောဆိုကာ၊ နောက်တစ်နေ့ မိုးစင်စင်လင်းလျှင် ပဲခူးမြို့တွင်းမှ အလျှင်အမြန် ပြန်ထွက်လာခဲ့သည်။ ရန်ကုန်သို့ သုတ်ခြေတင်လာခဲ့သည်။ နှုတ်ခမ်းမွေး ဘရှင်ထံသို့ ရောက်လာသောအခါ၊ မောင်တိတ်အမည်ခံ စိုင်းနွတ်ကိုသာ အဆင်သင့်တွေ့ရလေသည်။

စဝ်ရန်နိုင်က လုပ်ဖော်ကိုင်ဖက် ရောင်းရင်း(၂)ဦးကို အဖြစ်အပျက်အသေးစိတ် ပြောပြလိုက်သောအခါ၊ ရှေးဦးစွာ စိုင်းနွတ်က သူ့ထင်မြင်ချက်ကို ဖွင့်ဟလာခဲ့သည်။

'မင်းကောင်မလေးဟာ၊ ဒိုင်းဒိုင်းအစစ်မှ ဟုတ်ရဲ့လား။ ငါတော့ ဒီလို စဉ်းစားလိုက်မိတယ် ...'

'အေး၊ ဟုတ်တယ် . .။ စိုင်းနွတ်ပြောသလို ယူဆစရာ ဖြစ်လာတယ် . .'

'အင်း ငါ့သူငယ်ချင်းတော့ တစ်ခုပြီးတစ်ခု အရှုံးလုပ်ခံနေတော့တာပဲ'

နှုတ်ခမ်းမွေးဘရှင်နှင့် စိုင်းနွတ်တို့ တစ်ဦးပြီးတစ်ဦး ဝေဖန်သုံးသပ်နေကြသော်လည်း၊ စဝ်ရန်နိုင် ဘာမျှပြန်မပြောမိ။ ပါးစပ်ထဲသို့ အာစေးထည့်ထားသလို နှုတ်ဆိတ်နေမိလေသည်။

'ဟေ့ကောင် . . စဝ်ရန်နိုင်၊ မှိုင်မနေနဲ့လေ . .။ မင်း ယူဆချက်ကို ဝင်ပြောပါဦး သူငယ်ချင်းရ'

'ငါ ဘာမှ မပြောချင်သေးဘူး။ မင်းတို့ ယူဆချက်ကိုသာ နားထောင်ချင်တယ်။ ဆက်ပြောကြလေကွာ . .'

ဤမျှသာပြောပြီး၊ စဝ်ရန်နိုင်က မဲခေါင်ဝီစကီကိုသာ သောက်နေလိုက်ပါ၏။ မွေးကြီးနှင့်စိုင်းနွတ်တို့သာ ဆက်လက်၍ဆွေးနွေးနေကြသည်။ သူတို့က ဒိန်းဒိန်းသည် ဒိုင်းဒိုင်းမဖြစ်နိုင်ကြောင်း၊ ဦးမိုက်ကယ်နှင့် ဒေါ်ရှားရှားတို့အား တစ်ခုခု ဒုက္ခပေးလို၍သာ ရောက်လာခြင်းဖြစ်နိုင်ကြောင်း၊ ဆက်လက်ပြောဆိုနေကြ၏။

နောက်ဆုံးတွင် စဝ်ရန်နိုင်က မနေသာတော့ပဲ၊ သူတို့ ၂-ဦး၏စကားဝိုင်းထဲသို့ ဝင်လာခဲ့ရသည်။

'ဒိုင်းဒိုင်းရဲ့ မမြင်အပ်တဲ့နေရာမှာ၊ မှည့်နီလေးတစ်လုံးရှိသတဲ့။ ရောက်လာတဲ့ဒိုင်းဒိုင်းမှာ ဒီမှည့်ရှိနေတယ်။ နောက်



ဘယ်ဖက်ချိုင်းအောက်မှာလဲ၊ အမွေးရှည်ကလေးတစ်ချောင်း ရှိသတဲ့ . .။ ဒီလျှို့ဝှက်အမှတ်အသားတွေ အားလုံးရှိနေတဲ့အတွက် ရောက်လာတဲ့ကလေးမလေးဟာ ဒိုင်းဒိုင်းအစစ်ပဲလို့၊ ဒေါ်ရှားရှားက ငါ့ကိုပြောလိုက်တယ်နော်။ မင်းတို့ကြည့်ပြီး ဆက်တွေးကြကွာ။ မင်းတို့အတွေးမှားပြီး အချိန်တွေကုန်နေမှာစိုးလို့၊ ငါ ဝင်ပြောပေးလိုက်တာ'

'ဒါဖြင့် မင်းက ဒိုင်းဒိုင်းနဲ့ပတ်သက်ပြီး ဘယ်လိုယူဆလဲ'

'နောက်ပြီး၊ ဒေါ်ရှားရှားက ငါ့ကို ပြောလိုက်တာ တစ်ခု ရှိသေးတယ်။ သူတို့ဟာ ဒိုင်းဒိုင်းကို တစ်ဦးတည်းသော သမီးလေးအဖြစ် 'ရွှေရည်ပန်းဆက်'မွေးထားတာတဲ့။ ဒါပေမယ့် အခု ပြန်ရောက်လာတဲ့ ဒိုင်းဒိုင်းဟာ 'ရွှေရည်ပန်းဆက်'မဟုတ်တော့ဘူးတဲ့။ မင်းတို့နားလည်အောင် ပြောလိုက်တာ'

'ဒီလောက်တော့ရှိမှာပေါ့ . .။ ဟီး . . ဟီး'

စိုင်းနွတ်က ဤသို့ပြောလျှင်၊ နှုတ်ခမ်းမွေးဘရှင်က လေးနက်စွာဖြင့် မေးလိုက်၏။

'မင်းက ဒိုင်းဒိုင်းကို ဘယ်လိုမြင်သလဲ'

'ငါကတော့ ဒိုင်းဒိုင်းဟာ ဒေါ်ရှားရှားရဲ့သမီးလေး အစစ်လို့သာ မြင်တယ်။ ဟိုလူတွေက ဒိုင်းဒိုင်းကို ပြန်ဖမ်းသွား

တာ ဖြစ်နိုင်တယ် . .'

'ဒီလိုဆိုရင်၊ ဒို့ အခု ဘာဆက်လုပ်မလဲ . .'

'ဟ . .၊ ဘာလုပ်စရာရှိလို့လဲ။ မြဒင်နဲ့ နီလာ နောက်ကို ဆက်လိုက်ကြရမှာပေါ့။ ကံကောင်းရင် မီးလျှံနဂါးတောင် တွေ့ရင် တွေ့နေမှာ . .'

'ငါ ညနေကျရင်၊ ဌာနချုပ်ကို သွားလိုက်ဦးမယ်'

'ဘာသွားလုပ်မှာလဲ . .'

'ငါ့ရဲ့ အတွေ့အကြုံတွေကို ရှင်းပြပြီး၊ ဘချုပ်ရဲ့ ညွှန်ကြားချက်ကို တောင်းရမယ်။ မီးလျှံနဂါးနဲ့ပတ်သက်ပြီး၊ ဌာနချုပ်က ဘယ်အထိ သိထားတယ်ဆိုတာလည်း မေးကြည့်မယ်'

'မီးလျှံနဂါးဆိုရင် နိုင်ငံတကာနဲ့ဆက်စပ်နေမှာ သေချာတယ်။ အထူးသဖြင့် ဟိုနိုင်ငံကြီးနဲ့ ဆက်စပ်နေလိမ့်မယ်'

'ဟုတ်တယ် . . သူငယ်ချင်း။ ဘချုပ်ဆီကို သွားဖြစ်အောင် သွားလိုက်။ ဒီ 'ဒေါင်ဒင်ကုမ္ပဏီ'ကိစ္စ ပေါ်လာတာဟာ၊ မီးလျှံနဂါးကို ရှာဖွေဖော်ထုတ်ဖို့ သဲလွန်စတစ်ခု ဖြစ်မလာနိုင်ဘူးလို့ ပြောလို့မရဘူးကွ။ 'အလွန်ကြီးကျယ်တဲ့ အဖြစ်အပျက်ကြီးတစ်ခုမှာ၊ သေးငယ်တဲ့အကြောင်းတစ်ခုရှိလေရဲ့'လို့၊ သိုးဆောင်းစကားပုံတစ်ခု ရှိတယ်ကွ။ ဟဲ . . ဟဲ . . ဟဲ'





သူ့ကို ဘေးဖယ်ထားသော်လည်း ဝိုင်းပြင်ဖက်သို့ မရောက်။ သည်တစ်ခါတော့ . . စိုင်းနွတ်က ကောင်းကောင်း မွှန်မွှန် ဝင်ပြောလိုက်ရာ၊ နှုတ်ခမ်းမွေးဘရှင်သည် သူ၏ နှုတ်ခမ်းမွေးကားကားကြီးကို လက်နှင့်သပ်လိုက်ပြီးလျှင် . .

'အံမယ်၊ သည်တစ်ခါ၊ ခွေးပါးစပ်က နတ်စကား ထွက်လာတယ်ဟေ့။ ဆက်ပြောပါဦးဗျာ . .'

'တော်ပြီ၊ ဟီး . . ဟီး . . ဟီး'

× × × × × × × × × × × × × ×

## အခန်း (၂၀)

မြန်မာ့ပင်လယ်ကမ်းရိုးတန်း တစ်နေရာတွင် လျှို့ဝှက်စွာရောက်ရှိနေသော ရေငုပ်သင်္ဘောတစ်စင်းအတွင်း၌ လူဆိုးကြီးတိမ်တလုံးနှင့် ဆရာကြီးမြဒင်တို့သည်၊ မျက်နှာချင်းဆိုင်ထိုင်လျှက်ရှိကြ၏။ ဆရာကြီးမြဒင်သည် သူသတ်ဖြတ်ခဲ့သော ဒေါင်ဒင်ကုမ္ပဏီပိုင်ရှင် ဦးဒိန်းဒေါင်၏မျက်နှာဖြင့် မဟုတ်ပါချေ။ မြဒင်အစစ်၏မျက်နှာဖြင့်ပင် ဖြစ်လေ၏။

အသက်(၄၀)ခန့်သာရှိသေးသော်လည်း၊ ဆံပင်များကွက်တိကွက်ကြားဖြူလျှက်ရှိသော ဆရာကြီးမြဒင်၏ ဦးခေါင်းကို သူ၏ဇနီးချော နီလာက နိုင်ငံခြားဆံပင်ဆိုးဆေးရည်ဖြင့်





စိတ်ရှည်လက်ရှည် ဆိုးပေးလျှက်ရှိ၏။

'အသက်(၅၀)လောက်ကျရင်တော့ အစ်ကိုဟာ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူမှာ သေချာတယ်'

'အေး . .၊ ငါက ဘယ်ဖြူချင်မလဲ နီလာရယ်။ သူ့ဖာသာသူဖြူလာမယ်ဆိုရင်၊ ငါက ဘယ်လိုလုပ်ထားနိုင်မှာလဲ။ အဲဒီလို တစ်ခေါင်းလုံးဖြူလာတဲ့အခါ၊ ငါ့နာမည်ဟာ 'မီးလျှံနဂါး'ဘယ်ဟုတ်တော့မလဲ၊ 'ဆရာကြီးခေါင်းဖြူ'ဖြစ်လာမှာပေါ့။ ဒါမှမဟုတ်ရင် 'ခေါင်းဖြူဆရာကြီး'လဲ ဖြစ်ချင်ဖြစ်သွားမှာပေါ့။ ဟဲ . . ဟဲ . . ဟုတ်ဖူးလား၊ မစ္စတာ ငရမန်ကန်းရယ်'

'ဟုတ် . . သိပ်ဟုတ်။ ကျွန်တော့်လိုပေါ့ ဆရာသမားရယ်။ ဟတ် . . ဟတ် . . ဟား . .'

'ဒီလိုရှိတယ်ကွ . .။ မစ္စတာ ငရမန်ကန်းဆိုရင်၊ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်တုန်းက၊ သူ့နာမည်ဟာ ရမည်းသင်းနယ်ဘက်မှာ တာတေ'ဆိုပြီး လူသိများသတဲ့။ တစ်နေ့တော့ တာတေအမည်ပျောက်ပြီး 'တိမ်တလုံး'ဖြစ်လာပါလေရောတဲ့။ ဟား ဟား . . ဟား . .၊ ကဲ . . ဆရာသမားကြီး။ ခင်ဗျားနာမည်တွေ အဆင့်ဆင့်ပြောင်းလဲလာပုံ၊ ကျုပ် မိဖုရားကြီး နီလာကို ပြောပြ လိုက်စမ်းပါဗျာ။ ဟဲ . . ဟဲ . . ဟဲ'

'ဒီလိုခင်ဗျာ . . ဒေါ်နီလာရဲ့'ဟူ၍အစချီကာ၊ ပြောပြ

လေတော့၏။

ခါးပြလောကတွင် တဖြည်းဖြည်း နာမည်ကြီးလာပြီး ခါးပြ ကြီးတာတေသည် ခြောက်လုံးပြူးတစ်လက် အလွန်လိုချင်လာ၏။ တစ်နေ့သ၌ တစ်ကိုယ်တော် ခါးပြ ကလေးတစ်ယောက်ကို ဖမ်းဆီး၍ သတ်ဖြတ်လိုက်၏။ သူ့ထံမှ ခြောက်လုံးပြူး သေနတ်တစ်လက် သိမ်းဆီးရရှိခဲ့သည်ဆို၏။

ရရှိသော ထိုလုပ်ခြောက်လုံးပြူးသေနတ်မှာ၊ နိုင်ငံခြား သေနတ်ကုမ္ပဏီကြီးများမှ ထုတ်လုပ်ထားဘိသကဲ့သို့၊ အလွန် လက်ရာကောင်းလှ၏။ ရှေးခေတ်အခါက ပေါ်ပေါက်ခဲ့ဖူးသော 'တူမီးမတ်စကက်' သေနတ်ပုံစံမျိုးလိုလို ဘာလိုလိုဖြစ်၏။

တာတေသည် ထိုလှပသောလုပ်ခြောက်လုံးပြူးသေနတ် ကို မြင်သည်နှင့် သူ၏ခါးတွင် ချိတ်ထားလိုက်လျှင် မိမိနှင့် လွန်စွာပနံတင့်လျှက် ရှိလိမ့်မည်ဟု ယူဆထားလေသည်။

သို့ရာတွင် ထိုသိမ်းဆီးရရှိသော 'လုပ်ခြောက်လုံးပြူး'၊ သေနတ်တွင် ကျည်ဆံတစ်တောင့်တစ်လေမျှ ပါမလာခဲ့။ မိမိထံ သို့ ရောက်လာလျှင် သေနတ်ကိုလျှင်မြန်စွာ ပွဲထုတ်ချင်လှပြီ ဖြစ်ရာ၊ တာ[၆၈]က ရှိင်ဖယ်သေနတ်တစ်လက်မှ ကျည်ဆံ တစ်တောင့်ကိုထုတ်ယူ၍ ရရှိလာသော သေနတ်ပြောင်းထဲသို့





ထိုးသွင်းထားလိုက်၏။

တပည့်လက်သားများ၏ရှေ့တွင် မယ်ညိုတစ်ကောင်ကို သေသေချာချာချိန်၍ သေနတ်စမ်းလိုက်သောအခါ၊ သေနတ် ပြောင်းသည် ယမ်းပေါက်ကွဲသံနှင့်အတူ ကျည်ဆံနောက်သို့ ပြုတ်ပါသွားသည်။ တာတေ၏လက်ထဲတွင် သေနတ်ဒင် ုံးတိကလေးသာ ကျန်ရစ်ခဲ့တော့၏။

သေနတ်ပြောင်းသည် ကျည်ဆံနောက်သို့ ပြုတ်ပါသွား ပြီး၊ ယမ်းများလည်း နောက်သို့ပန်းထုတ်သွားသဖြင့်၊ ထိုအချိန် စ၍ တာတေခမြာလည်း မျက်စိတစ်လုံး ကန်း၍ကျန်ရစ် ရှာလေ၏။ ထိုမျက်လုံးမှ ဒဏ်ရာကို နှစ်ပေါင်းများစွာ ကုသ သော်လည်း တိမ်လိုလို ဘာလိုလိုဖြစ်ကာ၊ မျက်လုံးတစ်လုံး ွယ်သွားလေသည်။

ကြောင်တောင်ကန်း သဘောမျိုးဖြစ်ခဲ့ရသော မိမိ က်လုံးကို လူမသိစိမ့်သောငှာ၊ နေ့ညည့်မပြတ်မိုးအုပ်မျက်မှန် ကြီး တပ်ထားရလေသည်။ ဤအချိန်မှအစပြု၍ မိမိ၏နာမည် င်း တာတေအမည်ပျောက်ကာ၊ တိခ်တလုံး ဖြစ်လာခဲ့ရသောဟူ၏။

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

မိမိ၏ 'လုပ်ခြောက်လုံးပြူး'ဇာတ်ကြောင်းကို ပြောပြ

အပြီးတွင် တိမ်တလုံးက ရယ်မောလိုက်၏။ ထိုအခါ ဆရာကြီး
မြဒင်ကို ဆံပင်ဆိုးဆေးများ စိတ်ရှည်လက်ရှည်ဆိုးပေးနေသော
နီလာက တိမ်တလုံးကို မျက်စောင်းထိုးကြည့်လေသည်။

'အံမယ် . .၊ မပြီးသေးဘူးလေ။ ဆက်ပြောပါဦး . .။
တိမ်တလုံး အမည်ပျောက်ပြီး 'မစ္စတာ ငရမန်ကန်း'ဘာဖြစ်လို့
ဖြစ်လာရပြန်တာလဲ။ ဒါ ချန်ထားလို့ ဖြစ်မလား . .။ ဆက်ပြော
ဦးမှာပေါ့ရှင့်'

'မစ္စတာ ငရမန်ကန်းဖြစ်လာရတာက၊ ဟိုနာမည်ထက်
ဒါက ပိုကောင်းတယ်ဆိုပြီး၊ ဒေါ်နီလာရဲ့ ယောကျာ်းက
ပြောင်းပစ်လိုက်တာပါဗျာ။ အပြည့်အစုံသိချင်ရင်၊ ဆရာကြီး
'မိုးလျှံနဂါး'က ဆက်လက် ပြောပြပါလိမ့်မယ်။ ဟီး . . ဟီး'

'ခင်ဗျားရဲ့ တိမ်တလုံးဆိုတဲ့ နာမည်က ဘာအဓိပ္ပာယ်
ရှိလို့လဲ . .။ ငရမန်ကန်းဆိုတာ၊ ဟိုပုဂံခေတ်တုန်းက နာမည်
ကျော်ဗျာ။ ပဲခူးမြို့စား . .၊ ပုဂံပြည့်ရှင်စောလူးမင်းနဲ့ နို့စို့ဖက်
ညီအစ်ကိုတဲ့။ ငရမန်ကန်းဟာ စစ်ပညာကောင်းစွာကျွမ်းကျင်တဲ့
အတွက်၊ ပြည်တော်သာကျွန်းစစ်ပွဲမှာ စောလူမင်းကို ဖမ်းမိခဲ့
တယ် . . မဟုတ်လား။ ဟဲ . . ဟဲ . . ဟဲ၊ ငရမန်ကန်းဆိုတာ
ပေါ့သေးသေးမဟုတ်ဖူး။ ရာဇဝင်စာအုပ်ကြီးထဲက နာမည်ပဲ
ဒါ့ကြောင့် တိမ်တလုံးအမည်ပျောက်စေ . .။ ငရမန်ကန်းဖြစ်





သတည်းပေါ့ဗျာ။ ဘာလဲ၊ ခင်ဗျားက ကျုပ်ပေးတဲ့နာမည်ကို
မကြိုက်လို့လား'

'အာ . .၊ ကြိုက်ပါတယ် . . ကြိုက်ပါတယ်။ ငရမန်ကန်း
ဆိုတာ ပိုကောင်းသွားတာပေါ့ . .'

'မစ္စတာ ငရမန်ကန်းတဲ့ . .၊ ဘယ်လိုကြီးမှန်းလဲ မသိ
ဘူး။ မြင်းခေါင်းကို ဆင်ခန္ဓာကိုယ်ကြီးမှာ တပ်ထားသလိုပဲ။
ခေါ်ရတာတစ်မျိုးကြီး . .။ ဟီဟိ . . ဟီဟိ . .'

'အောင်မယ်၊ ဒီမိန်းမနော် . . မရယ်နဲ့။ ဘာသိလို့လဲ
ါလုပ်ငန်းက နိုင်ငံခြားသားတွေနဲ့ အမြဲတမ်း ဆက်ဆံနေရတာ
ဗျ။ ဒါ့ကြောင့် ငရမန်ကန်းရှေ့က 'မစ္စတာ'ထည့်ပေးလိုက်တော့၊
စ္စတာ ငရမန်ကန်းဖြစ်သွားတာပေါ့။ ငရမန်ကန်းဆိုတဲ့
ဇဝင်ထဲက နာမည်ဟာ ခေတ်မီသွားရော မဟုတ်လား . .'

'အောင်မယ်လေး . . စိတ်မဆိုးပါနဲ့ မိုးလျှံနဂါးကြီးရဲ့။
ရှင်ပေးလိုက်တဲ့နာမည်ကို ကျွန်မ မနီလာ ကြိုက်ပါသတဲ့ရှင်၊
ကြိုက်ပါသတဲ့ . .'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

နီလာက ဇာတ်ဟန်ပါပါလုပ်ပြလိုက်သောကြောင့်၊
စ္စတာ ငရမန်ကန်းက သဘောကျစွာ ဟားတိုက်ရယ်လိုက်၏။
လျှံနဂါးအမည်ခံ ဆရာကြီးမြဒင်က မစ္စတာငရမန်ကန်းကို

ပြောလ ်သည်။

'ခင်ဗျား ဟိုနေကာမျက်မှန်စုတ်ကြီးကိုလဲ အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်တော့။ ဘယ်နှယ်ဗျာ ခေတ်မှီအောင် လုပ်စမ်းပါဗျာ။ အခုလို ကြောင်တောင်ကန်းနေတဲ့ မျက်လုံးပေါ်မှ 'Eye.patch' ကလေးနဲ့ ဖုံးထားတော့ ဘယ်လောက် ကျက်သရေရှိသလဲ။ ကြည့်လို့လဲ ကောင်းသွားတယ်'

'အောင်မလေး . . ကိုယ်ငါးချဉ် ကိုယ် သိပ်ချဉ်မနေပါနဲ့ ခစ်ကီရယ်'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

ဆရာကြီးလင်မယား၏ ပြောဟန်ဆိုဟန်ကိုကြည့်ကာ၊ မစ္စတာငရမန်ကန်းက အလွန်သဘောကျလျှက်ရှိ၏။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ ဖြစ်နေ၏။

'ညီမကတော့ . . မြန်မာဆန်ဆန် 'ဦးငရမန်ကန်း' လို့ ခေါ်ချင်တယ်'

'ဟော့ . . ၊ မင်းကြိုက်သလိုခေါ် ရတယ်။ ဒါပေမယ့် ငါ့သဘော်ထဲကို နိုင်ငံခြားသား လူကြီးလူကောင်းတွေလာရင်၊ မစ္စတာငရမန်ကန်းလို့ ပြောင်းခေါ်ရမယ်ဟေ့။ ကြားလား . . လာ'

'ကြားပါတယ်ရှင့်၊ ကြားပါတယ်။ ရှင့်မိတ်ဆွေ





နိုင်ငံခြားသားတွေလာရင်။ ကျွန်မက ရှင့်တပည့်ကြီးကို one eye-jack ကလေးရေ၊ ပူတူးတူးလေးရေလို့ ခေါ်ရင်ပိုမကောင်းဘူးလား'

'one eyed-jack ဆိုတာ ဟိုဗီစီဒီဇာတ်ကားထဲက မင်းသား မလွန်ဘရန်ဒို့ရဲ့ နာမည်ပဲ။ ငါ မကြိုက်ဘူး . .။ one eyed-jack ဆိုတာ ကလက်တယ်။ ကလေးဆန်တယ် . .။ ဒီမိန်းမဟာ သူခိုး နွားကောင်းမှန်း မသိပဲနဲ့ . .'

ဆရာကြီးမြဒင်က သူ့မိန်းမနီလာကို ပြောလိုက်ပြီးလျှင် သူ့ရှေ့မှာ ပြုံးပြုံးကြီးထိုင်၍ အရက်သောက်နေသော မစ္စတာငရမန်ကန်းကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး၊ နီလာကို ကျီစားလိုက်ခြင်းဖြစ်ပါ၏။

'ဟော့ . . လူကြီး၊ ဘာစပ်ဖြစ်ဖြစ် လုပ်နေတာလဲ။ ခင်ဗျား နာမည် မစ္စတာငရမန်ကန်းနော်။ one eyed-jack လို့ ခေါ်တဲ့ လူကို နားရင်းပိတ်အုပ်ပစ်လိုက်။ ကြားလား . .။ ဟီး . . ဟီး'

'အော်မာ၊ သူများကို နားရင်းအုပ်ရဲရင် အုပ်ကြည့်လိုက်ပေါ့။ တစ်ချက်တည်းအတောင့်လိုက် သွေးအံသွားအောင် လုပ်ပစ်လိုက်မယ်။ ဘာမှတ်လဲ . .။ ဟင်း . . မီးလျှံနဂါးကြီးနော် . .။ နီလာကို လျော့မတွက်နဲ့ . .။ ဒါပဲ . . ပြောလိုက်မယ် . .'

'အလကားပါ နီလာရယ်။ မင်း ကျွဲမြီးတိုသွားတဲ့ ပုံစံလေးကို မြင်ချင်လို့ သက်သက်ကျီစယ်နေတာပါ ချစ်ချစ်ရဲ့ . .'

ထိုစဉ် သူတို့စကားပြောနေသည့် ရေငုပ်သင်္ဘောအခန်းထဲသို့၊ လူတစ်ယောက်ဝင်လာ၏။ ထိုသူ၏လက်ထဲတွင် ခပ်မြင့်မြင့်သတ္တုသေတ္တာလေးတစ်ခုပါလာ၏။

'ဆရာကြီး ခင်ဗျာ၊ ကျွန်တော် ဝင်လာခွင့်ရှိပါလား'

'ဦးထော်ကလော့ ...။ ခင်ဗျား ဟိုဟာ လာပို့တာလား'

'ဟုတ်ကဲ့၊ ဆရာကြီး မှာထားတာ လာပို့တာပါ'

'လာလေ . .'

ဦးထော်ကလော့သည် အခန်းထဲသို့ ဝင်လာခဲ့ပြီး၊ သူ့လက်ထဲမှ သတ္တုသေတ္တာလေးကို ဆရာကြီးဘေးမှ စားပွဲပေါ်သို့ တင်ထားလိုက်၏။ ထို့နောက် ဦးထော်ကလော့သည် တယ်လီဗီးရှင်းထဲတွင်ပါနေသော သိုင်းဇာတ်ကားများမှ ဇာတ်ကောင်များကဲ့သို့၊ ဆရာကြီးမီးလျှံနဂါးကို ဦးညွှတ်အရိုအသေပြုလျှက်ရှိ၏။ ဆရာကြီး ပြောအံ့သောစကားကို ငံ့လင့်နားထောင်နေ၏။

'ဦးထော်ကလော့ . . .'

'အမိန့်ရှိပါ ဆရာကြီး . .'

'လာရင်းကိစ္စပြီးရင်၊ ပြန်ထွက်သွားတော့ . .'

ဦးထော်ကလော့ကား၊ တုတ်တုတ်ခိုင်ခိုင်နှင့် ဆလုံကြီးတစ်ယောက်ဖြစ်၏။ ကြောက်မက်ဖွယ် မိကျောင်းကြီးများကို ဓားမြှောင်လေးတစ်ချောင်းတည်းနှင့် တစ်ယောက်တည်း အမိဖမ်းနိုင်သူဖြစ်၏။ မြိတ်ကျွန်းစုတစ်ဝိုက်တွင် ဦးထော်ကလော့ကား 'မိကျောင်းဖမ်း ဆရာကြီး' ဟူ၍ နာမည်ကျော်ကြားနေသူပင် ဖြစ်သည်။

ယခု . . ဆရာကြီးမီးလျှံနဂါးလက်အောက်တွင် ပါးကွက်အာဏာသားကြီးအဖြစ် ဝင်ရောက်အမှုထမ်းလျှက်ရှိ၏။ ဆရာကြီး မီးလျှံနဂါးက ရိုးသားသော ဆလုံတိုင်းရင်းသားကြီးကို ငွေပေး၍ ဖျက်ဆီးပစ်လိုက်ပြီးလျှင် သူ၏အစေအပါးအဖြစ် အသုံးချလျှက်ရှိလေသည်။

ဦးထော်ကလော့ကြီး လာပို့သွားသော သတ္တုသေတ္တာမြင့်မြင့်ကလေးထဲတွင် ဘာပါလာမှန်း သူတို့သိပြီးသား။ ဘာရည်ရွယ်ချက်နှင့် ထိုအရာဝတ္ထုကို ဦးထော်ကလော့အား လာပို့ခိုင်းမှန်းကိုတော့ မသိရသေး . .။ ထို့ကြောင့် နီလာနှင့် မစ္စတာငရမန်ကန်းတို့က ထွက်ပေါ်လာမည့်အဖြေကို သိချင်နေကြပြီဖြစ်လေသည်။

× × × × × × × × × × × × ×

# အခန်း (၂၁)

'မစ္စတာ ငရမန်းကန်၊ သေတ္တာဖွင့်ကြည့်စမ်း ...။ ကျုပ်လိုချင်တဲ့ ပစ္စည်းဟုတ်ရဲ့လား'

စောစောက နီလာကို ကျီစယ်လိုသဖြင့် အပြောင်အပျက်စကားများ ပြောနေစဉ်က မျက်နှာတစ်မျိုး။ ယခု ဆရာကြီးမြဒင်အမည်ခံ မီးလျှံနဂါး၏မျက်နှာကြီးက တစ်မျိုး တစ်ဖုံ ပြောင်းလဲသွားခဲ့ပြီဖြစ်၏။

စစ်မြေပြင်တွင် ကျဆုံးသွားသော ရန်သူတော်တစ်သိန်း၏ အလောင်းကောင်များကို အရသာခံ၍ ကြည့်ရှုနေသော စစ်သူကြီးတစ်ဦးကဲ့သို့ တင်းမာ ခက်ထန်လှစွာ၏။





မီးလျှံနဂါးအား ဆံပင်ဖြူများကို နက်မှောင်သွားအောင် ဆေးဆိုးပေးခဲ့သော နီလာသည်ပင် သူ၏ရှေ့တွင် ကြုံ့ကြုံ့ကလေး ထိုင်နေရပေပြီ။

'ဦးထော်ကလော့ လာပို့သွားတာ၊ ဟိုပစ္စည်း ဟုတ်မှန်ပါတယ် ဆရာကြီး ..'

စောစောက တန်းတူရည်တူပုံစံမျိုး ဆက်ဆံခြင်းခံခဲ့ရသော ဆရာကြီးမစ္စတာ ငရမန်ကန်းပင်လျှင်၊ မီးလျှံနဂါးကို အလွန်လေးစား ရိုကျိုးစွာ ဆက်ဆံနေရပြီဖြစ်၏။ အသက် မိမိထက်ငယ်သော်ငြားသော်လည်း၊ မစ္စတာငရမန်ကန်းသည် ဆရာကြီးအား လေးစားစွာ ဦးညွတ်၍ ဂါရဝပြုနေရပေတော့သည်။

'မစ္စတာ ငရမန်ကန်း ..'

'အမိန့်ရှိပါ ဆရာကြီး ..'

'ဒိန်းဒိန်း ခင်ဗျား အခန်းထဲမှာ ရှိသလား ..'

'ရှိပါတယ် ..'

'ဒိန်းဒိန်းကို ခုချက်ချင်း သွားခေါ်လိုက် ..'

'ခင်ဗျာ ..'

'ဒိန်းဒိန်းကို သွားခေါ်လိုက်ပါ ..'

'ဗျာ ..'

ဘယ်လိုဖြစ်သွားမှန်း မသိ . .။ လူဆိုးလူမိုက်ကြီး တစ်ယောက်မျှသာဖြစ်သော မစ္စတာ ငရမန်ကန်းသည် ဆရာကြီး၏ ခြေသလုံးများကို ငုံ၍ ဖက်ထားလေတော့၏။

'ဒိန်းဒိန်းကို မသတ်ပါနဲ့ပ။ မသတ်ပါနဲ့ပ . . .'

'ဟာ၊ တယ်ခက်တာပဲ။ ဒိန်းဒိန်းကို ဘယ်သူက သတ်မယ် ပြောလို့လဲ။ သွား ခုချက်ချင်း . . ခေါ်လာခဲ့'

မစ္စတာ ငရမန်ကန်း မတတ်သာတော့။ ဟိုအိပ်ခန်းထဲမှာ ကျန်ရစ်ခဲ့သော ဒိန်းဒိန်းကို သွားခေါ်လာခဲ့ရသည်။ သတ်လိုလျှင် သတ်ပါစေတော့။ မတတ်နိုင်ပြီဆိုသော ပုံစံမျိုး . .။

'ဟဲ့ . . ဒိန်းဒိန်း။ ဒီခလုတ်ကိုနှိပ်လိုက်ရင်၊ သေတ္တာအဖုံး ချပ်ကနဲ ဖွင့်သွားလိုက်မယ် . .'

'ဟုတ် . . ဟုတ်ကဲ့ပါ ဆရာကြီး'

'သေတ္တာထဲက ဥစ္စာကို ငုံ့ကြည့်လိုက်စမ်း။ ဘာလဲ'

'ချပ် . .၊ အံမယ်လေး'

ဒိန်းဒိန်း၏ အလန့်တကြား အော်ဟစ်သံကလေးမှာ အခန်းထဲတွင် ရုတ်တရက် ပျံ့လွင့်သွား၏။ ထိုအခါ ဆရာကြီးက လွန်စွာနှစ်သက်သဘောကျသွားဟန်ဖြင့် ဟားတိုက်ရယ်မောပစ်လိုက်သည်။ ဆရာကြီး၏ရယ်သံများကား အခန်းထဲတွင် ဖုံးလွှမ်းနေလေသည်။





'ဟား . . ဟား . . ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

ဆရာကြီး မီးလျှံနဂါး၏ ရယ်သံများက နာနာဘာဝကြီးတစ်ကောင် အူမြူးနေသကဲ့သို့ ထင်ရ၏။ လူပေါင်းများစွာကို ရက်ရက်စက်စက် သတ်ဖြတ်ညှင်းဆဲလာခဲ့သော မစ္စတာ ငရမန်ကန်းပင်လျှင် ဆရာကြီး၏ရယ်သံများကို နားထောင်ရင်း၊ တဖြည်းဖြည်း ကြက်သီးထလာမိတော့၏။

ဒိန်းဒိန်းခမြာမှာလည်း အသက်ရှုရပ်မတတ် ကြောက်လန့်နေရှာ၏။

ရွှေလိပ်ပြာပျော်ပွဲစားရုံ၊ စားဖိုခန်းတွင် အလုပ်လုပ်ခဲ့သော ထမင်းချက်မလေး ဝါဝါ . .။ မြေတိုက်ခန်းကြီးအတွင်းတွင် ဆရာပေါက်တူးတို့အဖွဲ့မှ လူတစ်ယောက်ကို ရက်ရက်စက်စက်သတ်ဖြတ်နေခဲ့ကြ၏။ စားဖိုမှူးကြီး၏ ခိုင်းစေချက်အရ၊ ဝါဝါသည် မြေတိုက်ခန်းတစ်နေရာတွင်ရှိသော အရက်စတိုခန်းသို့ လာခဲ့စဉ်၊ ထိုလူသတ်မှုကြီးကို အမှတ်မထင်တွေ့သွားခဲ့လေသည်။

ထိုအခါ သူမနှင့် လွန်စွာရင်းနှီးသော ဒိန်းဒိန်းကို ခေါ်ပြခဲ့သည်။ စားဖိုမှူးကြီးကိုလည်း ပြောပြခဲ့သည်။ စားဖိုမှူးကြီးကိုတော့ သူတို့ဘယ်လိုပုံစံ လုပ်ပစ်လိုက်သည်မသိရ . .။ ယခုအထိ

မတွေ့ရတော့ . .။

ထိုလူသတ်မှုကို မိမိလည်း မြင်တွေ့ခဲ့ရ၊ မိမိကိုလည်း ဘာလုပ်ဦး မည် မသိပါ . .။

'ဒိန်းဒိန်း . . ဒီမှာ ထိုင်ပါ။ ဟိုကိုလှမ်းကြည့်လိုက်။ ကလစ် . .'

'ဟင် . . အဖေကြီး . . ဒက်ဒီ . . ဒက်ဒီ'

မီးလျှံနဂါးက 'ဒီဂျစ်တယ် ပရိုဂျက်တာ'ကို ဖွင့်ပြလိုက်ခြင်းဖြစ်၏။

ဒိန်းဒိန်း၏ဖခင် ဦးမိုက်ကယ်မှာ အခန်းငယ်ကလေး တစ်ခုအတွင်း၌ ချုပ်နှောင်ထားခြင်းခံနေရ၏။ အခန်းငယ်ကို ကာရံထားသည့်အုတ်ချပ်များကြားသို့ အပြင်မှရေတွေ စိမ့်ဝင်နေသည့်ဟန် မြင်ရ၏။

'တို့ဟာ ညည်းကိုဝင်ခေါ်လာပြီး (၃)ရက်မြောက်ညမှာ ဦးမိုက်ကယ်ကို ဓားစာခံ သွားခေါ်လာခဲ့ရတယ်။ အခု မြင်နေရတာက၊ ရှေးခေတ် မီးပြတိုက်အိုကြီးတစ်ခုရဲ့ အခန်းငယ်ကလေး တစ်ခု ဆိုပါတော့ . .'

'ဆရာကြီးတို့က အပြစ်မဲ့တဲ့ ဒက်ဒီကို ဘာကိစ္စ ဖမ်းထားတာလဲ . .'





'မြန်မာရာဇဝင်ကို နည်းနည်းပါးပါး လေ့လာဖူးရင်၊ သံလျှင် ဒီဘရစ်တိုဆိုတဲ့နာမည်ကို ကြားဖူးလိမ့်မယ်။ ပေါ်တူဂီ ဒီဘရစ်တိုက ဒီမီးပြတိုက်ကို ရှေးနှစ်ပေါင်းများစွာက မြန်မာ့ ပင်လယ်ထဲမှာ ဆောက်ခဲ့တာပဲ။ ဒီနေရာမှာ ကျောက်ဆောင် တွေ သိပ်ပေါတဲ့အတွက် အချက်ပြတဲ့ မီးပြတိုက်ဆိုပါတော့'

'ဆရာကြီးက မီးပြတိုက်ကြီးအကြောင်း ဘာရည်ရွယ် ချက်နဲ့ ပြောနေတာလဲ'

'မင်းရဲ့ဖခင်ကြီး ဦးမိုက်ကယ်ကို အခု ချုပ်ထားတဲ့ နေရာဟာ၊ အဲဒီ မီးပြတိုက်ကြီးပဲ . .'

'ဘာဖြစ်လို့ ဒက်ဒီကို ဖမ်းထားတာလဲ၊ သိပါရစေ'

'ဓားစာခံဆိုပါတော့ . .။ မင်းဟာ ငါခိုင်းတာ လုပ်ရ မယ်။ လုပ်မပေးရင်၊ အဖိုးကြီးကို သတ်ဖို့၊ အဆင်သင့်ဖမ်းထား ရတာ ဆိုပါတော့။ အခု . . ကျုပ်ပြောတာ မှန်ရဲ့လား၊ မစ္စတာ ငရမန်ကန်း'

'မှန်ပါတယ် ဆရာကြီး ခင်ဗျာ့။ မှန်ပါတယ် . .။ ဒိန်းဒိန်းဟာ ဆရာကြီးခိုင်းတာ သစ္စာရှိရှိလုပ်ပေးအောင် ကျွန်တော်ကလဲ ဖျောင်းဖျပေးမှာပါ'

'ခင်ဗျားလဲ ကြပ်ကြပ်သတိထားပါ။ ကျုပ်ကို သစ္စာ ဖောက်မယ်မကြံနဲ့နော်၊ ကြံလိုက်မိလို့ကတော့ လွယ်မယ်မထင်

နဲ့။ ခင်ဗျားရဲ့ သမီးလေးနဲ့ ခင်ဗျားမိန်းမကို ကျုပ် ဖမ်းချုပ်ထားတယ်နော်။ ကြားလား . . ဆရာကြီး'

'ဟုတ် . . ဟုတ်ကဲ့ . . ကြားပါတယ် ခင်ဗျာ'

မစ္စတာ ငရမန်ကန်းလည်း ဘာမျှမတတ်နိုင်ရှာ။ ဆရာကြီးမီးလျှံနဂါးသည် မိမိတို့အပေါ် နိုင်ကွက်များကို အပိုင်ကိုင်ထားမှန်း သိလိုက်ရပြီဖြစ်၏။ မိမိ၏ဖခင်ကြီးကိုလည်း ဓားစာခံဖမ်းထားခဲ့ပြီဖြစ်ရာ၊ ဒိန်းဒိန်းအဖို့ တစ်ခုတည်းသာ လုပ်စရာကျန်တော့၏။

ပင်လယ်ထဲမှ မီးပြတိုက်အိုကြီးထဲတွင် ဒိန်းဒိန်း၏ဖခင်ကြီးဦးမိုက်ကယ်အား 'ဓားစာခံ'ဖမ်းထားခြင်းအကြောင်း သိစေပြီးနောက်၊ ဒိန်းဒိန်းအား အခန်းထဲမှ ပြန်လည်ထွက်ခွာသွားခွင့် ပြုလိုက်၏။

တစ်ချိန်က မိမိလည်း တပည့်ပေါင်းများစွာအပေါ် အုပ်ချုပ်၍ နေထိုင်ခဲ့သော်လည်း၊ ယခုကဲ့သို့ 'ဓားစာခံ'စနစ်ကို မကျင့်သုံးခဲ့။ ရှေးဟောင်းနည်းများအရသာ အုပ်ချုပ်နေထိုင်ခဲ့သည်။

မိမိအတွက် အလားအလာရှိသော တပည့်များကို လူသတ်မှုများစွာ ကျူးလွန်စေခဲ့သည်။ ဟိုရွာမှ သူကြီးကိုသတ်နိုင်း၊ သည်မြို့မှ ဆန်စက်ကို မီးရှို့နိုင်း၊ ရာဇဝတ်မှုများစွာ





ကျူးလွန်နိုင်း၏။ အစိုးရမှ အလိုရှိနေသော ရာဇဝတ်ကောင်ဆိုးကြီးဖြစ်လာသောအခါ၊ ထိုသူသည် ပေါက်သည့်နဖူး မထူးတော့ပြီဆိုကာ၊ မိမိလက်အောက်တွင် ပိပိပြားပြား နေထိုင်ကြလေတော့၏။

တစ်ခါတစ်ရံ အောက်ခြေမှ 'ခွာရာတိုင်း'လာတတ်၏။ မိမိကိုဖယ်ရှား ချင်သူများ ပေါ်လာတတ်၏။ ဤအခါတွင် ရက်ရက်စက်စက် နှိမ်နှင်းပစ်လိုက်ရ၏။ ဤနည်းဖြင့် မိမိ၏အရှိန်အဝါကို နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့သည်။

မီးလျှံနဂါးကား . . .။

'ဓားစာခံ'စနစ်ကို ကျင့်သုံးလျှက်ရှိလေ၏။ မိမိအား နည်းနည်းကလေးမှ အံမတုနိုင်အောင် လုပ်ထားလိုက်၏။ မိမိ၏ သမီးလေးနှင့် ဇနီးသည်အား ဘယ်နေရာတွင် ထားမှန်းပင် မသိရ။ ဤ 'ဓားစာခံ'စနစ်မှာ ကမ္ဘာပေါ်တွင် မာဖီးယားဂိုဏ်းကြီးများပေါ်ပေါက်လာခဲ့သည်မှ စတင်၍ ကျင့်သုံးလာခဲ့သော စနစ်သစ်ဖြစ်သည်ဟူ၍ ကြားသိရ၏။

ဆရာတိမ်တလုံးမှတစ်ဆင့် 'မစ္စငရမန်ကန်း'ဟူ၍ ဖြစ်လာခဲ့သော လူမိုက် ကြီးသည် ဆရာကြီးမီးလျှံနဂါး၏ 'လက်ခုတ်ထဲမှရေ' လုံးလုံးလျားလျားကြီး ဖြစ်လာခဲ့ရပေသည်။

ဟို ဆလုံကြီး 'ဦးထော်ကလော'ကိုလည်း၊ မိမိနည်းတူ

သာလျှင် ပြုလုပ်ထားလိမ့်မည်ဖြစ်ကြောင်း၊ မစ္စတာဧရမန်ကန်း သဘောပေါက်လာသည်။ မိမိ၏ အသက်ဝိညာဉ်ကိုပါ၊ ဆရာကြီးမီးလျှံနဂါးလက်သို့ အပ်ထားလိုက်ရသည့်အဖြစ်။ မီးလျှံနဂါးက ဦးထော်ကလော့အား မျက်စပစ်ပြလိုက်သည်ရှိသော် . . .။

ဦးထော်ကလော့ကျတော့လည်း၊ မိမိအား မျက်စပစ်ပြလိုက်သည်ရှိသော် . . .။

ဤသို့ဖြင့် တစ်ဦးကိုတစ်ဦး စိတ်မချနိုင်စရာဖြစ်လာသည်။ နောက်ကျောမပေးဝံ့အောင် ဖြစ်နေကြသည်။ မိမိတို့အသီးသီးသို့ စိုးရိမ်ပူပန်မှုများ အမြဲတမ်းပေါ်ပေါက်နေစေ၏။ ဤနည်းဖြင့် မိမိတို့အသီးသီးအား ချုပ်ကိုင်ထားပြီးလျှင် မိမိ၏နေရာတည်မြဲနေအောင် ဖန်တီးလျှက်ရှိသော မီးလျှံနဂါးဖြစ်ချေသည်တကား . . .။

'မစ္စတာဧရမန်ကန်း . . .'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာကြီး မီးလျှံနဂါး . . .'

'ဟို ဖိုင်တွဲ (၃)ခု၊ ကျုပ်ကို ခဏ ပေးစမ်းပါလားဗျာ'

ဖိုင်တွဲ(၃)ခုပင် ဖြစ်ပါ၏။ စစ်ရန်နိုင်၊ မွေးကြီးနှင့် စိုင်းနွတ်တို့၏ ကိုယ်ရေးရာဇဝင် အသေးစိတ်ကို ရေးသားမှတ်တမ်းတင်ထားသော ဖိုင်တွဲနီများ။ ဆရာကြီးမီးလျှံနဂါး အလိုရှိ





သော ဖိုင်တွဲအနီများကို အလျှင်အမြန် သွားရောက်ယူပေးလိုက်ရ၏။

'မွေးကြီးဆိုတာ နွတ်ခမ်းဘာရှင် မဟုတ်လား'

'ဟုတ် . . ဟုတ်ပါတယ်၊ ဆရာကြီး'

'သူက ရန်ကုန်မှာရှိနေတယ်ဆိုတော့ . . ခုလောလောဆယ် သိပ်အရေးမကြီးဘူး . .'

'ဟုတ်ပါတယ်၊ သူက ရန်ကုန်မြို့ ရဲတပ်ဖွဲ့တစ်ခုမှာ ဝင်ရောက်လုပ်ကိုင်နေပါတယ်'

'ဟိုနှစ်ယောက်က အခု ဘယ်ကိုရောက်နေတယ်။ မနေ့က ခင်ဗျား ကျုပ်ကို ပြောပြတာလေ'

'ချင်းပြည်နယ်က မတူပီ၊ တီးတိန်ဘက်မှာပါ ဆရာကြီး'

'သူတို့က အဲဒီမှာ ဘာသွားလုပ်နေကြတာလဲ'

'မန္တလေးက ဆရာကြီးနဲ့မနီလာ၊ ပျောက်သွားကတည်းက မြေလှန်ရှာနေကြတာပါပဲ။ သူတို့က ဆရာကြီးတို့ဇနီးမောင်နှံဟာ၊ မြစ်ကြီးနားဖက်ကို လစ်သွားတယ်လို့ ယူဆနေကြဟန်တူပါတယ်'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

ဆရာကြီးက အလွန်သဘောကျသွားသကဲ့သို့၊ ထ၍ ရယ်မောသောအခါ ဆရာကတော်ကြီး မနီလာကလည်း ရောယောင်၍ ရယ်မောလိုက်၏။ ဆရာကြီး ရယ်မောပြီဆိုလျှင် အခြောက်တိုက် သွေးလန့်နေသည်က မစ္စတာငရမန်ကန်း ဖြစ်လေသည်။

'ခင်ဗျား မြင်တဲ့အတိုင်းပဲ . .။ ကျုပ်တို့က ပင်လယ်ကန်းခြေက ရေငုပ်သင်္ဘောတစ်စင်းထဲမှာ ရောက်နေတဲ့ဥစ္စာ။ စဝ်ရန်နိုင်တို့က တီးတိန်ဘက်မှာ မြေလှန်ရှာနေတယ်ဆိုတော့'

'ဟုတ်ပါတယ် . .။ ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်ဆိုတာ ဒါမျိုးကိုပြောတာပေါ့ ခင်ဗျာ'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

၂–ဦးစလုံး အားရကျေနပ်စွာ ရယ်မောလိုက်ကြ၏။ သို့သော် ဆရာကြီးမီးလျှံနဂါး၏ မျက်နှာက ရှေးဦးစွာ တည်သွားလေသည်။

'သူတို့က ကျုပ်ကို 'ဒေါင်ဒင်ကုမ္ပဏီ'က ဦးမြဒင်အနေနဲ့လိုက်ရှာနေတာလား။ ဒါမှမဟုတ် မီးလျှံနဂါးအဖြစ်နဲ့ လိုက်ရှာနေကြတာလား'

'ဆရာကြီးကို မီးလျှံနဂါးမှန်း သူတို့သိသွားကြပြီလို့၊





ကျွန်တော် ယူဆပါတယ် . . .'

'ဟုတ်လား၊ သူတို့ သိသွားကြပြီလား'

'သိသွားပြီလို့၊ ကျွန်တော် တထစ်ချ ပြောရဲပါတယ်'

'အေး၊ လိုက် . . လိုက်ကြ။ မီးလျှံနဂါးကို ရှာတွေ့ဖို့ဆိုတာ၊ လွယ်လွယ်ကလေး မှန်နေကြသလား မသိဘူး။ မီးလျှံနဂါးကိုယ်တိုင် သူ့ရုံးခန်းထဲကို ဝင်လာတာကိုတောင်၊ မသိတဲ့ကောင်ကများ၊ မီးလျှံနဂါးကို လိုက်ရှာနေတယ်တဲ့ . .။ ရယ်စရာ မကောင်းဘေးဖူးလား နီလာ . . .'

'ဟင့် ဟင့် ဟင့် . . .၊ ရယ်စရာ ကောင်းလိုက်တာနော်'

× × × × × × × × × × × × × × ×

## အခန်း (၂၂)

'မစ္စတာ ငရမန်ကန်း။ သူတို့နှစ်ယောက်က ကျုပ်တို့ လင်မယားနဲ့ တော်တော်တူရဲ့လားဗျာ၊ စစ်ဆေးကြည့်ပါဦး'

'တော်တော်တူပါတယ်၊ ရုတ်တရက် မြင်လိုက်ရင် .. ခွဲနိုင်ကြမှာ မဟုတ်ပါဘူး'

'ကောင်းပြီ၊ ဒီလိုဆိုရင် .. သူတို့နှစ်ယောက်ကို ငွေ (၅)သိန်းစီ ထုတ်ပေးလိုက်'

'ဟုတ်ကဲ့၊ ဆက်လက် အမိန့်ရှိပါ ဆရာကြီး ..'

'စဝ်ရန်နိုင်တို့ အလုပ်ရှုပ်နေအောင်၊ ကျုပ်တို့ လင်မယားနဲ့ တော်တော်တူတဲ့ စုံတွဲတွေ အဲဒီဘက်ကို မကြာ





ကော လွှတ်ပေးဗျာ။ ဒါမှ .. ကျုပ်တို့ဟာ မြောက်ဖျားပိုင်းမှာ ပုပ်ရှားနေတယ်ထင်ပြီး၊ သူတို့က မဲလိုက်နေမှာဗျာ။ အဲသလို သူတို့က ဟိုမှာမဲနေတုန်း၊ ကျုပ်တို့က ဒီနေရာမှာ ခြေလှမ်း ဖိစိပ် လှမ်းကြရမယ်။ ခင်ဗျား သဘောပေါက်လား ..'

'သိပ်ပေါက်တာပေါ့ ဆရာကြီးရယ်။ ဟဲ .. ဟဲ'

'အခုလောလောဆယ် သူတို့နှစ်ယောက်ကို အရင် လွှတ်လိုက်၊ နောက် မေ့လောက်တန်ရင်၊ နောက်တစ်တွဲ ထပ်လွှတ်။ 'မြောက်ပိုင်းစီမံချက်' ဆိုပြီး၊ နာမည်ပေးထားလိုက် ပေါ့'

'ဟုတ်ကဲ့၊ အလွန်ပညာသားပါတဲ့ စီမံချက်ဖြစ်ပါတယ် ဆရာကြီး'

'ကဲ .. ခင်ဗျား သွားနိုင်ပါပြီ'

မိမိအခန်းထဲမှ 'မစ္စတာ ငရမန်ကန်း' ထွက်သွားလျှင်၊ မီးလျှံနဂါးသည် အင်တာကွန်စနစ်ဖြင့် ဆက်သွယ်ထားသော အခြားတစ်နေရာသို့ စကားလှမ်းပြောလိုက်၏။ တစ်စုံတစ် ယောက်ကို လှမ်းခေါ်လိုက်ခြင်း ဖြစ်လေ၏။

တခဏအတွင်း မီးလျှံနဂါး၏အခန်းထဲသို့၊ မိန်းမ တစ်ယောက် ဝင်လာလေသည်။

သူမကား အခြားသူမဟုတ်ချေ၊ ဦးမြဒင်အသတ်ခံရမှု

နှင့်ပတ်သက်၍ စဝ်ရန်နိုင်သည် ဒေါင်ဒင်ကုမ္ပဏီသို့ ဒုတိယအကြိမ်ရောက်ခဲ့၏။ ပထမအကြိမ် သွားစဉ်က တွေ့ခဲ့ရသော အသက်(၄၅)နှစ်ခန့်ရှိ မန်နေဂျာလိုလို ဘာလိုလို ဟိုဆရာကြီးကို မတွေ့ခဲ့ရ။ တယ်လီဖုန်း အော်ပရေတာမကြီး တစ်ဦးနှင့်တွေ့ခဲ့ရ၏။

သူမနာမည်က ဒေါ်နှင်းနှင်းသိမ့် . .။

ဒေါ်နှင်းနှင်းသိမ့်၏ လက်ထဲတွင် ဩဇာသီးခြင်းကလေးတစ်ခြင်း ပါလာ၏။ မြန်မာပြည်မှထွက်၍ ပြည်ပသို့ ပို့ကုန်အဖြစ် အမြဲတမ်းပို့ပေးနေရသော ဩဇာသီးအမျိုးအစား။ ချိုအီချဉ်ဆိမ့် အရသာမျိုးရှိသော ကြို့ပင်ကောက် ဩဇာသီးများ။

'သည်တစ်ခါ ဖရဲသီးမဟုတ်တော့ဘူးလား . .'ဟု မီးလျှံနဂါးကမေးလိုက်လျှင် ဒေါ်နှင်းနှင်းသိမ့်က တည်ကြည်စွာ ပြန်ပြောလိုက်၏။

'အရင်ပတ်က ဖရဲသီးထဲမှာ ထည့်ပြီးပို့ခဲ့တယ်လေ။ အခုတစ်ပတ်တော့ ဩဇာသီးနဲ့ပို့သင့်တယ်လို့ယူဆပြီး၊ ဩဇာသီးကို ရွေးချယ်ခဲ့ရတာပါ၊ ဆရာကြီး . .'

'ဘာနဲ့ ပို့ပို့ရပါတယ်။ ဒါပေမယ့် . . ဒီဩဇာသီးထဲမှာ ဟိုပစ္စည်းထည့်လို့ရပါ့ မလား စဉ်းစားရမယ်'

'ထည့်လို့ရပါတယ်၊ မိုက်ကရိုဖလင်ဘူးကလေးက





သေးသေးလေးပဲ။ ကျွန်မ ထည့်ပေးပါ့မယ်၊ ပိပိရိရိ ဖြစ်ရပါစေ့မယ်'

'ဒီမှာ၊ မစ္စတာ ငရမန်ကန်း။ ဒေါ်နှင်းနှင်းသိမ့်ကို ငွေသုံးသိန်းထုတ်ပေးလိုက်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော် ပေးလိုက်ပါ့မယ် ဆရာကြီး'

'ကြားလား၊ ဒေါ်နှင်းနှင်းသိမ့် . .။ ခင်ဗျား အခန်းထဲက ထွက်သွားနိုင်ပါပြီ'

'ဟုတ်ကဲ့၊ ဆရာကြီး'ဟုဆိုကာ၊ ဒေါ်နှင်းနှင်းသိမ့်က မီးလျှံနဂါးကို ဦးညွတ်ဂါဝပြု၍ အခန်းထဲမှ ထွက်သွားလေ၏။

'မစ္စတာ ငရမန်ကန်း . .။ ဒိန်းဒိန်းကို ခေါ်လိုက်ပါဦး'

'ဟုတ်ကဲ့ . . .'

တခဏအတွင်း ဒိန်းဒိန်းသည် မီးလျှံနဂါး၏ အခန်းထဲသို့ ရောက်လာ၏။ သူမဘေးမှာက မစ္စတာငရမန်ကန်း ထိုင်နေ၏။ မနီလာက အဖေနှင့်သမီးအရွယ်မျိုး ဖြစ်နေသော၊ သူတို့ကို တစ်ချက်ကြည့်ကာ ပြုံးလိုက်ပြီး၊ မျက်နှာလွှဲသွားသည်။

'ဒိန်းဒိန်း . .၊ နားထောင်စမ်း။ ဒီတစ်ခါလဲ ဟိုနေရာကိုပဲ သွားရမယ်။ ဟိုတွေ့နေကျ လူပဲ လာလိမ့်မယ်။ သူလာတာနဲ့ ဟိုဩဇာသီးခြင်း ပေးလိုက်ပေါ့။ သူက စကားအနည်းငယ်ပြောပြီး၊ ထသွားတဲ့အခါ သူနဲ့ပါလာတဲ့ အတက်ချိကေ့စ်

စားပွဲပေါ်မှာ မေ့ကျန်ရစ်ခဲ့ယောင်ဆောင်ပြီး၊ ထားခဲ့လိမ့်မယ်'

'ကျန်တဲ့အပိုင်းကိုတော့၊ အရင်တစ်ခေါက်ကအတိုင်း ဆက်လုပ်ပေါ့။ တောင်တွေးမြောက်တွေးနဲ့ ဘာမှကြောက်နေစရာ မလိုဘူး။ နင့်နောက်မှာ မစ္စတာငရမန်ကန်း အမြဲတမ်းရှိနေလိမ့်မယ်ဆိုတာ၊ လုံးဝမမေ့နဲ့ . .'

'ဟုတ်ကဲ့ပါ ဆရာကြီး . .။ ဒိန်းဒိန်း ဘာလုပ်ရမယ်ဆိုတာ သဘောပေါက်ပါတယ်'

'ငါ ခိုင်းတဲ့အလုပ် ကောင်းကောင်းမွန်မွန် လုပ်နော်။ နင့်အတွက် ငါ တစ်နေရာမှာ စကားပြောထားတယ်။ နောက်လဲထဲလောက်မှာဆိုရင်၊ နင်ဟာ စက်ဘုပူမြို့ထဲက ကမ္ဘာကျော် 'အရှင်မင်းမြတ်ဟိုတယ်'ကြီးမှာ၊ ညကပွဲအဆိုတော် လုပ်ရတော့မယ်။ ငါတော့ ဒိန်းဒိန်းတစ်ယောက် ကမ္ဘာကျော်သွားမှာ မြင်ယောင်နေသဟေ့ . .'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ဟုတ်ကဲ့ပါရှင့်၊ ဒိန်းဒိန်း ဆရာကြီးခိုင်းတာ . . . အသက်စွန့်ပြီး လုပ်ပေးပါ့မယ်'

'ဟေ့၊ အသက်စွန့်စရာ မလိုပါဘူး။ ညည်းလုပ်ဖူးကိုင်ဖူးပြီးပြီ မဟုတ်လား။ ဘယ်နှစ်ခါ အသက်စွန့်ခဲ့ရလို့လဲ။ လုပ်ရကိုင်ရတာ လွယ်လွယ်ကလေးကိုများ . .'





'ဟုတ်ပါတယ်၊ လုပ်ရကိုင်ရတယ် သိပ်လွယ်ပါတယ်။ စောစောက ဒိန်းဒိန်း စကားပြော မှားသွားလို့ပါနော် . .'

'နင်သွားရခါ နီးနေပြီ။ အရင်တစ်ခေါက်လို့ပဲ . .။ ဟိုနိုင်ငံကို သွားရမှာ။ ရေငုပ်သင်္ဘောနဲ့ လိုက်ပို့ပေးမှာပေါ့။ ကမ်းခြေရောက်တော့ အရင်တစ်ခါလိုပဲ၊ တက္ကစီငှားသွားပေါ့။ သည်တစ်ခါတော့ 'မိကျောင်းဟိုတယ်'ကို သွားရလိမ့်မယ် ထင်တာပဲ။ ကောင်းပြီ . . နင် သွားနိုင်ပြီ'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

အခန်းထဲမှ ဒိန်းဒိန်းကလေးတစ်ယောက် ဆင်မယဉ်သာခြေလှမ်းကလေးများဖြင့် ထွက်သွားလျှင်၊ မစ္စတာငရမန်ကန်းကြီးက ထုံးစံအတိုင်း။ ဟဲ . .ဟဲ . . ဟဲနှင့် ကျန်ရစ်ခဲ့လေသည်။

'အင်း၊ ဒိန်းဒိန်းတို့များ ကံကောင်းချင်တော့၊ စိုင်ကော်လို့ ချုံပေါ်ရောက်ဦးတော့မှာကိုး။ ဟို 'အရှင်မင်းမြတ်ဟိုတယ်' မှာ ဒိန်းဒိန်းအတွက် တကယ် ပြောဆိုပြီးပြီလား . .'

'ဟိုတယ်ပိုင်ရှင် သူဌေးကြီးဟာ ငါနဲ့သိပ်ရင်းနှီးတယ်။ ပြောပြီးပြီ ဆိုပါတော့ . .။ ရဖို့ရာနှုန်း(၉၀)လောက် သေချာနေပြီ။ သူတို့ ကပွဲမန်နေဂျာကိုယ်တိုင်၊ ဒိန်းဒိန်းကို လာဖျူးလိမ့်မယ် . .'

'အခုတလော ဒိန်းဒိန်းကိုကြည့်ရတာ တစ်တစ်ရစ်ရစ်နဲ့

ပိုချစ်စရာ ကောင်းလာသလိုပဲနော်'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'တဟဲဟဲ လုပ်မနေနဲ့နော်။ ဟိုက ကမ္ဘာကျော်သွားရင်၊ ရှင့်လိုသက်ကြားအိုကြီးကို ထားပစ်ခဲ့မှာ။ မီးလျှံနဂါးက ရှင့်မင်းသမီးကို မိုးပေါ်တင်ပေးတာ၊ အကောင်းတင်ပေးတာ မဟုတ်ဘူးဆိုတာ၊ ကြပ်ကြပ်သဘောပေါက် . .'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

မြောက်ပိုင်း မြစ်ကြီးနား, တီးတိန်ဘက်တွင် လူငယ်စုံထောက်များ သဲသဲမဲမဲ လှုပ်ရှားနေကြ၏။ ဝရမ်းပြေးမြဒင်နှင့် သူ့ဇနီးနီလာတို့ကို ပိုက်စိပ်တိုက်၍ တောနင်းရှာဖွေနေကြောင်း၊ သတင်းများ ပျံ့လွင့်နေသည်။ စဝ်ရန်နိုင်တို့ ဌာနချုပ်မှကြီးမှူးပြုလုပ်သော ထိုလှုပ်ရှားမှုကို 'ရွှေဂဠုန်စစ်ဆင်ရေး' ဟု နာမည်တပ်ထားသည်။

စုံထောက်ကျော်များက မြန်မာပြည်မြောက်ဖက်တွင် သဲသဲမဲမဲ ဖြစ်နေကြစဉ်၊ မီးလျှံနဂါးတို့အဖွဲ့ကလည်း အောက်ပိုင်းတွင် အကွက်စိပ်စိပ် လှုပ်ရှားနေခဲ့ကြ၏။ မီးလျှံနဂါးက 'ရွှေဂဠုန်စစ်ဆင်ရေး' ကို အမြဲတမ်း ပျက်ရယ်ပြုနေလေသည်။

'ရွှေဂဠုန်စစ်ဆင်ရေးတဲ့ . .။ သွားစမ်း . . နှင်းတောထဲမှာ အားလုံး လဲသေလိုက်ကြစမ်း။ 'ယုန်တောင်ပြေး ခွေးမြောက်





လိုက်' စစ်ဆင်ရေးကြီးပါကွာ။ ခါကာဘိုရာဇီတောင်ကို တက်ဖို့ နိုင်ငံခြားကလာတဲ့ တောင်တက်အဖွဲ့တွေတဲ့ . .။ မြစ်ကြီးနားဘက်မှာ ရွှေတွေထွက်နေလို့တဲ့။ ဟတ် . . ဟတ် . . ဟား၊ ရယ်ဖို့ကောင်းလိုက်တာ . .'

'ဟုတ်ပါတယ် . . ဆရာကြီး။ သတင်းစာတွေ၊ ဂျာနယ်တွေက ဒီလို ပြောနေပါတယ်။ ဒီလိုသတင်းပေးပြီး တောင်တက်အဖွဲ့တွေ၊ ရွှေရှာထွက်လာတဲ့လူတွေထဲမှာ သူတို့စုံထောက်တွေကို ထိုးထည့်ပေးလိုက်တာပါ . .'

'မှန်သပေါ့ . .'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

မီးလျှံနဂါးနှင့် မစ္စတာ ငရမန်ကန်း။

ဘုန်းကြီးရှူးနှင့် လေ့လူးတွေ့နေဘိသကဲ့သို့၊ အတိုင်အဖောက်တော်တော် ညီနေကြလေ၏။ ဤကဲ့သို့ မြန်မာပြည်တောင်ဖက်ခြမ်း၊ ပင်လယ်ကမ်းရိုးတန်းတစ်နေရာတွင် လျှို့ဝှက်လှုပ်ရှားနေကြသည့် မီးလျှံနဂါးတို့အဖွဲ့ဝင်များက 'ရွှေဂဠုန်စစ်ဆင်ရေး' ကို ပျက်ရယ်ပြုနေကြစဉ် . .။

ရန်ကုန်မြို့တွင်း၌ ရုပ်အမျိုးမျိုးဖျက်၍ တာဝန်ထမ်းဆောင်နေသည့် စဝ်ရန်နိုင်ကို မြင်နိုင်ပါ၏။ တစ်ခါတစ်ရံ သူ့ကို

ပန်ချာပီကြီးဖာစ်ဦးလို၊ ဖောင်းထုပ်ကြီးနှင့် မြင်ရ၏။ တစ်ခါတစ်ရံတွင် အဘိုးကြီးအိုခါးကုန်းကုန်း ဖြစ်နေပြန်သည်။ တစ်ခါတစ်ရံတွင် ခေါင်းဖြူဆရာကြီး . .။ ရုပ်အမျိုးမျိုး ပုံစံအမျိုးမျိုး။

မတူပီ၊ တီးတိန်ဘက်သို့ တကယ်တက်သွားသူကား စိုင်းနွတ်။ စိုင်းနွတ်က အရပ်အမောင်း ရှည်သွယ်မြင့်မားသော အခြားလူငယ် အေးဂျင့်များနှင့်အတူပါသွားသောအခါ၊ သူတို့က စိုင်းနွတ်နှင့် တွဲသွားသူမှာ စဝ်ရန်နိုင်သာ ဖြစ်ရမည်ဟု ယူဆနေကြခြင်းဖြစ်၏။ ဤသို့အများထင်သည့်နည်းတူ မီးလျှံနဂါးနှင့် မစ္စတာငရမန်းကန်တို့ကလည်း စဝ်ရန်နိုင် မြန်မာပြည်အထက်ဘက်သို့ ရောက်နေပြီဟု တွေးကြလေ၏။

စဝ်ရန်နိုင်နှင့် နွတ်ခမ်းမွေးဘရှင် . . .။

ဤမျိုးချစ်ပုဂ္ဂိုလ်ကလေး(၂)ဦးကား၊ ရန်ကုန်မှာပင် ကျန်ရစ်ခဲ့လေသည်။

× × × × × × × × × × × × × ×



## အခန်း (၂၃)

ဒေါင်ဒင်ကုမ္ပဏီထဲသို့၊ အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနှင့် ခေါင်းဖြူတရုပ်ကြီးတစ်ဦး ဝင်လာ၏။ ဒေါ်နှင်းနှင်းသိမ့်ရှိသလားဟုမေးပြီး ဝင်လာခြင်းဖြစ်လေသည်။ မိမိနာမည်ကိုမေး၍လာသောကြောင့်၊ ဒေါ်နှင်းနှင်းသိမ့်က တရုပ်အဘိုးကြီးကို သွားရောက်ဆီးကြိုရလေသည်။

'ဘာကိစ္စ ရှိပါသလဲရှင် . .။ ဘာဝယ်ချင်လို့ပါလိမ့်။ မနေ့ကတင် နိုင်ငံခြား ပန်းသီးမျိုးစုံ ရောက်လာပါတယ် အဘ'

'ကျွန်တော် ဘာသစ်သီးမှ မလိုချင်ပါဘူး။ အစ်မနဲ့တွေ့ချင်လို့ လာခဲ့တာပါ' စဝ်ရန်နိုင်က မိမိခေါင်းပေါ်တွင်

ဖုံးအုပ်ထားသည့် ဆံပင်ဖြူခေါင်းအုပ်ကို ဖယ်ရှားပစ်လိုက်၏။ စဝ်ရန်နိုင်၏ ပင်ရင်းရုပ်သွင်ပေါ်လာမှပင် ဒေါ်နှင်းနှင်းသိမ့်က တဖြည်းဖြည်းမှတ်မိလာသည်။

'အံမလေးကွယ် ...၊ ဘယ်သူလဲလို့။ လာ လာ အစ်မ အခန်းထဲသွားမယ်။ ကေန္တ ငါ့မောင် တစ်ခုခု မေးချင်လို့နဲ့ တူတယ်'

'ဟုတ်ကဲ့၊ ဆိုပါတော့ ခင်ဗျာ . .'

'သိချင်တာ မေးပေါ့။ အစ်မသိသမျှ ပြောပြမှာပေါ့'

'ဒီဒေါင်ဒင်ကုမ္ပဏီကို သူဌေး(၂)ဦးစပ်ပြီး ဖွင့်ခဲ့တယ်။ သူဌေးဦးမြဒင် အသတ်ခံလိုက်ရပြီး၊ အစုစပ်ဖြစ်တဲ့ သူဌေးဦးဒိန်းဒေါင်ကလဲ လူသတ်ဝရမ်းပြေးအဖြစ်နဲ့ ထွက်ပြေးသွားပြီဆိုတော့၊ ဒီကုမ္ပဏီကို ဘယ်သူက ဆက်လက်လွှဲပြောင်းယူလိုက်ပါသလဲ'

'မရှူးဝါးဆိုတဲ့ ကုလားသူဌေးတစ်ယောက်က အကြွေးနဲ့ သိမ်းယူလိုက်တယ်လေ။ အခု အစ်မတို့အားလုံး ကုလားသူဌေးရဲ့ လက်အောက်က အမှုထမ်းတွေ ဖြစ်ကုန်ကြပြီ ဆိုပါတော့ . .'

'ကုလားသူဌေးက ဒီမှာလာပြီး ရုံးမထိုင်ဘူးလား . .'

'သူကိုယ်တိုင် မလာပါဘူး။ အစ်မကို အထွေထွေမန်နေဂျာရာထူး တိုးပေးပြီး၊ လုပ်ငန်းကိစ္စအားလုံး အစ်မနဲ့ပဲ





လွှဲအပ်ထားပါတယ်။ သူက ယုံကြည်သလို၊ အစ်မဘက်ကလဲ သူ့အပေါ်မှာ သစ္စာရှိရှိ လုပ်ပေးရမှာပေါ့ . .'

'အင်း၊ ဦးမြဒင် အသတ်ခံလိုက်ရတာ၊ အစ်မအတွက် ရာထူးတိုးဖို့ ဖြစ်လာရသလိုပဲနော် . .'

'ဟုတ်တာပေါ့၊ ဒါကြောင့် . . 'သူတည်းတစ်ယောက်၊ ကောင်းဘို့ရောက်မှု၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း'ဆိုတဲ့ အမတ်ကြီး အနန္တသူရိယရဲ့ ကဗျာကလေးကို အစ်မဖြင့် အမှတ်ရနေမိတယ် . .'

အထွေထွေမန်နေဂျာ ဒေါ်နှင်းနှင်းသိမ့်က စဝ်ရန်နိုင်အား အချိုရည်ဗူးဖြင့် တည်ခင်းဧည့်ခံလေသည်။ ဤနည်းဖြင့် ရင်းနှီးမှုကိုယူလိုက်ပြီး၊ သူမ သိလိုသောမေးခွန်းတစ်ခုကို မေးလိုက်လေသည်။

'မင်းတို့ဌာနက ဝန်ထမ်းလူငယ်တော်တော်များများဟာ၊ မြစ်ကြီးနားဖက်ကို တက်တက်သွားကြတယ်။ မြစ်ကြီးနားဖက်က 'ချီဖွေ'ဒေသမှာ ရွှေတွေ့သလိုလို ကြားနေရပါလား။ အဲဒါ ဟုတ်သလား'

'ဟုတ်ပါတယ် . .။ ရွှေတွေ့နေတာ အမှန်ပါပဲ . .။ ကျွန်တော်တောင် ရန်ကုန်မှာ ကိစ္စလေးတစ်ခုရှိနေလို့ ဆင်းလာတာ အစ်မရဲ့။ နောက်နေ့ဆိုရင် ပြန်တက်သွားရမယ်'

'အစ်မ မသိလို့ တစ်ခုလောက် မေးကြည့်ပါရစေ'

'မေးပါ ခင်ဗျာ၊ မေးပါ . .'

'ချီဖွေဒေသမှာ ရွှေတွေ့တာနဲ့၊ မင်းတို့ စုံထောက်တွေ လိုက်လိုက်သွားတာ၊ ဘယ်လို ဆက်စပ်မှု ရှိနေလို့လဲကွဲ့'

'တစ်ချို့နိုင်ငံတွေက ကျွန်တော်တို့ရွှေတွေ့တာကို မနှစ်သက်ကြဘူး။ သူတို့ထက်စီးပွားရေးအရ သာသွားတာ မလိုလားကြဘူးလေ။ တစ်ချို့နိုင်ငံကြီးတွေကျတော့လဲ၊ ရွှေတွေ့တဲ့အခါ ကျွန်တော်တို့ တိုင်းပြည်ဟာ၊ ကြွယ်ဝချမ်းသာလာပြီး လာမှာကို သူတို့က စိုးရိမ်ပူပန်ကြတယ်။ ဒီတော့ မသမာစိတ်ဓာတ်ရှိတဲ့သူတွေဟာ၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ တိုးတက်မှုကို နည်းမျိုးစုံနဲ့ ပိတ်ပင်ဟန့်တားကြလိမ့်မယ်။ ဒီတော့က ဒီအန္တရာယ်တွေကို ကြိုတင်ကာကွယ်ဖို့အတွက်၊ တွင်းကိုသွားတဲ့ အဖွဲ့တွေနဲ့ရောပြီး၊ ကျွန်တော်တို့လဲ လိုက်သွားကြရတာပါပဲ။ ကျွန်တော် အခု အဖြေပေးလိုက်တာ၊ ရှင်းရဲ့လား အစ်မ'

'ဒီကိစ္စ ရှင်းသွားပါတယ်။ ဒါပေမယ့် . . ခုတလော ခါကာဘိုရာဇီကိုသွားမယ့် တောင်တက်အဖွဲ့တွေကလဲ တစ်သုတ်ပြီးတစ်သုတ် ပါလားကွဲ့'

ဒေါ်နှင်းနှင်းသိမ့်၏ အမေးကိုလည်း၊ စဝ်ရန်နိုင်က ယုတ္တိရှိအောင် လျှောက်ပြောလိုက်၏။ 'တကယ်ဟုတ်တာ၊





မဟုတ်တာ အပထား။ သဘာဝကျသွားဖို့ အရေးကြီးသည် မဟုတ်ပါလား။

'နောက်နေ့ ပြန်တက်သွားရမယ်ဆိုတာက ဘယ်ဖက်ကိုလဲ။ မြစ်ကြီးနားဖက်ကိုလား၊ ခါကာဘိုရာဇီဖက်ကိုလား'

'ဘယ်ဘက်သွားဖြစ်မလဲ မသိသေးဘူး အစ်မ။ ဌာနချုပ်က လွှတ်တဲ့နေရာကို သွားရမှာပေါ့'

'မင်းကလဲ သိချင်တာ အစ်မကို မေးပြီးပြီ။ အစ်မကလဲ ကိုယ်သိချင်တာ မေးပြီးပြီ။ (၂)ယောက်စလုံးအတွက် ဟန်ကျသွားတာပေါ့။ ကဲ ဘာသိချင်သေးလဲ။ မေးပါဦး . .'

'တော်ပါပြီ၊ ကျွန်တော် သိချင်တာ၊ ဒီလောက်ပါပဲ။ အော် . . စောစောက်ပြောတာ၊ ကုလားသူဌေး မရှူးဝါးနော်'

'ဟုတ်တယ်၊ မရှူးဝါးတဲ့ . . .'

စဝ်ရန်နိုင်သည် ဒေါင်ဒင်ကုမ္ပဏီမှ ပြန်လာခဲ့၏။ မိမိ 'ဟိုတယ်နှင့်ပျော်ပွဲစားရုံများ မှတ်ပုံတင်ဌာန'သို့ ရောက်ခဲ့စဉ်ကလည်း၊ ကုလားသူဌေး မရှူးဝါးသည် ရွှေလိပ်ပြာပျော်ပွဲစားရုံကို ဆက်လက်ဖွင့်လှစ်နေကြောင်း၊ သိရ၏။ ယခုလည်း ကုလားသူဌေးမရှူးဝါးကပင် ဒေါင်ဒင်ကုမ္ပဏီကို ကြေးနှင့်သိမ်းယူလိုက်သည်ဆိုပြန်၏။

မရှူးဝါး . . .၊ မရှူးဝါး . .။ ဤနာမည်ကို မှတ်သား

ထားလိုက်ပြီး၊ မိမိ၏ လျှို့ဝှက်တိုက်ခန်းသို့ ပြန်လာခဲ့သည်
ကားအား နောက်ဖေးချောင်သို့ သွင်းထားလိုက်ပြီး၊ မိမိ
အိပ်ခန်းရှိရာသို့ လာခဲ့သည်။ စဝ်ရန်နိုင်က ပခုံးသိုင်းအိတ်ထဲမှ
တိုကာဂျစ်ပစ္စတိုကို ထုတ်လျှက် အသင့်ချိန်ထားပြီးမှ အခန်း
တံခါးကို ဖွင့်လိုက်လေ၏။

လားလား၊ ငနဲသားတစ်ယောက်က မိမိအိပ်ယာပေါ်မှာ
တက်၍ အိပ်နေပါလား။ မိမိဝင်လာမှန်းသိသဖြင့်၊ ငနဲသားက
အိပ်ယာပေါ်မှာ ထ၍ထိုင်မည်အပြု၊ စဝ်ရန်နိုင်က သူ့ကို
သေနတ်ဖြင့် ချိန်ထားရင်းမှ မေးလိုက်ပေသည်။

'ဟေ့ကောင် . .၊ မင်း ဘယ်ကလဲ။ ငါ့အိပ်ယာပေါ်မှာ
ဘာကိစ္စ တက်အိပ်နေတာလဲ . .'

'ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်လို့ လာစောင့်နေ
တာဗျာ'

ငနဲသားသားမှာ အသက်(၂၀)အောက် ကုလားလေး
တစ်ယောက်ဖြစ်နေ၏။ သားသားနားနား ပုံစံရှိသည်။ လက်တွင်
ကြီးမားလှသော ရွှေဟင်းချိန်းကြီးတွေ့ရသည်။ ပတ္တမြားလက်စွပ်
ကြီးကလည်း ပြူးနေ၏။

'မင်းက ငါ့ကို ဘာစကားတွေ ပြောစရာရှိလို့လဲ'

'ကျွန်တော့်ညီမလေး မာလာဆင်ဟာ ပျောက်သွားတယ်





ာ . .'

'မင်းကိစ္စ နောက်မှပြော။ အရင်ဆုံး မင်း နာမည်
သိချင်တယ်'

'ကျွန်တော့်နာမည် လောက်ဝီ . .'

'ဘာကွ'

'ကျွန်တော့်နာမည် လောက်ဝီ . . .'

'မင်းက ငါ့ကို နောက်စရာ မှတ်လို့လား။ မင်းက
ကုလားပဲ။ ပထေးတို့၊ မိုဟာမက်တို့၊ အီစွပ်တို့၊ ယာယွပ်တို့
လိုမျိုး တစ်ခုခု ဖြစ်ရမှာပေါ့။ အခု လောက်ဝီဆိုတာ တရုပ်
နာမည်ပဲ။ မင်းက ကုလားဆိုတော့ ကုလားနာမည်ပဲ မှည့်ရမယ်။
အခု ဘာဖြစ်လို့ 'လောက်ဝီ'ဖြစ်နေတာလဲ'

'ကျွန်တော်က စကော့ပူတက္ကသိုလ်မှာ ကျောင်းသွား
တက်နေတာဗျ။ ကျောင်းမှတ်ပုံတင်မှာ ကျွန်တော့်နာမည်
လောက်ဝီပဲ . .'

စဝ်ရန်နိုင် တစ်ခုခုကို စဉ်းစားသလိုလုပ်နေပြီးမှ . . .။

'အေးလေ၊ နာမည်က သိပ်အရေးမကြီးပါဘူး။ စော
စောက မင်း ငါ့ကို ပြောမယ်ဆိုတာ ဆက်ပြော။ မင်းညီမလေး
မာလာဆင်ဟာ ဘာဖြစ်သွားလို့လဲ'

'သူ ပျောက်သွားတာ တစ်ပတ်လောက် ရှိနေပြီဗျာ'

'သူက အသက်ဘယ်လောက်ရှိပြီလဲ . .'

'ကျွန်တော့်ထက် (၂)နှစ်ငယ်တယ်ဆိုတော့ (၁၈)နှစ် ဆိုပါတော့'

'အသက်(၁၈)နှစ်ဆိုတာ . .၊ ဒီအရွယ်တွေ လင်နောက် လိုက်တဲ့ အရွယ်ပဲ'

'ဘယ်ကလာ . .၊ သူ့မှာ လက်ထပ်မဲ့သူ အဆင်သင့်ရှိ ပြီးသားမျှ။ ပြီးတော့ . . ကျုပ်တို့ လူမျိုးရဲ့ ထုံးစံမှာ ဒီလို လင်နောက်လိုက်ပြေးတာမျိုး လုံးဝမရှိဘူး'

'မင်းကိုကြည့်ရတာ နည်းနည်းပါးပါး ချမ်းသာပုံရ တယ်။ လူဆိုးတွေက မင်းညီမလေးကို ပြန်ပေးဆွဲသွားတာရော မဖြစ်နိုင်ဘူးလား'

'ခင်ဗျားပြောတာ မဖြစ်နိုင်ဘူး။ ပြန်ပေးဆွဲသွားတာ ထင်ပြီး၊ ကျွန်တော့်အဖေဟာ (၃,၄)ရက်လောက် စောင့်ကြည့် သေးတယ်။ လူဆိုးတွေက ဘာအဆက်အသွယ်မှ မလုပ်ခဲ့ဖူးလေ'

'ဒါဖြင့် မင်းက ဘယ်လိုယူဆလို့လဲ'

'စက်ာပူမှာ ချိန်ဂီကန်းနားလမ်းဆိုတာ ရှိတယ်။ အဲဒီ လမ်းပေါ်မှာ ထူးဆန်းတဲ့ခြံကြီးတစ်ခြံ ရှိတယ်' မိမိပြောနေသည့် စကားကို စဝ်ရန်နိုင်က စိတ်ဝင်စားမှုရှိမရှိ အကဲခတ်၍ ပြောနေ ခြင်းဖြစ်၏။ စဝ်ရန်နိုင်က စိတ်ဝင်စားစွာ နားထောင်နေမှန်း





အကဲခတ်မိမှ ဆက်ပြောလိုက်လေသည်။

'အဲဒီခြံထဲမှာ လူ(၃၀၀)ကျော်ရှိတယ် . .'

'ဆက်ပြောဟေ့ . .။ ငါ စိတ်ဝင်စားလာပြီ'

'ကျွန်တော် ဒီခြံကြီးကို စိတ်ဝင်စားတာနဲ့၊ မသိမသာ လှုလာနေတယ် ဆိုပါတော့ဗျာ'

× × × × × × × × × × × × ×

## အခန်း (၂၄)

'အဲဒီလို လေ့လာတော့ . .'

'ဒီခြံထဲမှာ နေတဲ့လူတွေအားလုံးဟာ၊ မြန်မာပြည်က ဆိုတာ သိရတယ်'

'ဟုတ်လား . .'

'ဒီလူ (၃၀၀)လောက်ဟာ နေ့စဉ်နေ့စဉ် ဘာအလုပ်မှ ထွက်မလုပ်ကြဘူး။ သူတို့ ဘယ်လိုများ စားသောက်နေထိုင်ကြသလဲဆိုတာ၊ ကျွန်တော် စဉ်းစားနေမိတယ်။ ပြီးတော့ ဒီလူ (၃၀၀)ယာ ယောကျ်ားကြီးတွေ မဟုတ်ဘူး။ မိန်းမတွေနဲ့ ကလေးတွေ ပိုများတယ်'





'အံမယ်၊ မင်းက ဘယ်ဆိုးလို့လဲ။ ဒီခြံကြီးကို စိတ်ဝင်စားပြီး တော်တော် လေ့လာထားပုံရသားပဲ'

'ကျွန်တော်က ဒီလိုထူးထူးဆန်းဆန်း ဖြစ်နေတာမျိုးကို တွေ့ရင် စိတ်ဝင်စားတတ်တယ်လေ'

'ဆက်ပြောပေ့ လောက်ဝီ'

'သည်မိန်းမနဲ့ ကလေးတွေကို အုပ်ချုပ်တဲ့ ကြာပွတ်ဆရာကြီး တစ်ယောက်ရှိတယ်။ သူက ကျွန်တော်တို့လို လူမျိုးပဲ။ သူ့နာမည်က 'ဦးစွပ်ပရား'လို့ခေါ်တယ်။ ဦးစွပ်ပရားဟာ သူ သဘောမတွေ့တာတွေ့ရင်၊ သူ့လက်ထဲက ကြာပွတ်ကြီးနဲ့ တအားရိုက်တော့တာပဲ။ ဒါ့ကြောင့်၊ စောစောက မိန်းမနဲ့ ကလေးတွေဟာ ဦးစွပ်ပရားလာရင် ကြောင်ကြီးလာတာကို တွေ့တဲ့ ကြွက်ကလေးတွေလို နေစရာ မရှိတော့ဘူးဗျာ'

'စောစောက မင်းပြောတဲ့အထဲမှာ၊ သူတို့ ဘာအလုပ်မှ ထွက်မလုပ်ကြဘူးဆိုတဲ့ စကားတစ်ခွန်း ပါလာတယ်။ အလုပ်မလုပ်ပဲ၊ သူတို့က ဘာတွေစားနေကြသလဲ'

'အချိန်တန်ရင်၊ ရိက္ခာလာပို့တဲ့ကားကြီးတွေ တစ်လ နှစ်ခါလောက် ခြံထဲကိုဝင်လာရော ဆိုပါတော့။ အဲဒီနည်းနဲ့ စားသောက်နေကြတာဗျာ။

'အင်း . . မင်း ခုပြောသလိုဆိုရင်၊ ဒီမိန်းမနဲ့ ကလေး

တွေဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းနေတာပဲ'

'စိတ်ဝင်စားစရာ ကောင်းရုံတင် ဘယ်ကမလဲ။ အခုဆို ရင်၊ ကျုပ်ဟာ ဒီခြံကြီးရဲ့ လျှို့ဝှက်ချက်တစ်ခုကို သိလာရပြီဗျာ့'

'ဘယ်လို လျှို့ဝှက်ချက်လဲ . .'

'မြန်မာပြည်မှာ တော်တောက်ကြောက်ဖို့ကောင်းတဲ့ လူဆိုး ကြီးတစ်ဦးရှိသတဲ့ . .။ ဒီလူဆိုးဘိုကြီးဟာ သူ့လက် အောက်က တပည့်တွေကို အုပ်ချုပ်ရတာ လွယ်ကူအောင်၊ ဓားစာခံတွေဖမ်းထားပြီး၊ ဒီမှာ လျှို့ဝှက်စွာ လာထားတာဆိုပဲ'

'ဟော၊ ဟုတ်လား . .။ ဆက်ပြောပါ . .။ ငါ ငယ်ငယ် တုန်းက 'အိုဒက်ဆာဖိုင်' ဆိုတဲ့ ဝတ္ထုကြီးတစ်ပုဒ် ဖတ်ဖူးတယ်။ အဲဒီဝတ္ထုထဲမှာ ဂျူးအမျိုးသားလူငယ်တစ်ဦးက ဂျူးတွေကို မီးလောင်တိုက်သွင်းခဲ့တဲ့ ဟစ်တလာရဲ့လက်အောက်က နာဇီ လူဆိုးကြီးတစ်ဦးနောက်ကို အနံ့ခံလိုက်ခဲ့တဲ့ ဇာတ်လမ်းကြီးပဲ။ မင်း အခု ပြောနေတာ၊ အဲဒီ ဝတ္ထုကြီးထဲက ဇာတ်လမ်းဆန်ဆန် ဖြစ်နေတယ်။ ဟဲ . . ဟဲ . . ဟဲ'

'ခင်ဗျား မရယ်ပါနဲ့'

'အေး ဆက်ပြောပါ။ ငါ မရယ်တော့ပါဘူး'

'ခင်ဗျား ခုနက ပြောလိုက်တဲ့ 'အိုဒက်ဆာဖိုင်' ဝတ္ထုကြီး ကို၊ ကျုပ်လဲ ဖတ်ဖူးတယ်။ ကျုပ် သိပ်သဘောကျတဲ့ ဝတ္ထုကြီး





တစ်ပုဒ်ဆိုပါတော့ . .'

'အဲဒီခြံကြီးအကြောင်း၊ ဆက်ပြောပါဦး လောက်ဝီ။ ခြံကြီးရဲ့ လျှို့ဝှက်ချက်ကို မင်း ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ'

'ကျွန်တော့်ကို ခုနက ကြာပွတ်ဆရာကြီး 'ဦးစွပ်ပရား' က ပြောပြခဲ့တယ် ဆိုပါတော့ . .'

'ဦးစွပ်ပရားနဲ့ မင်းနဲ့ ရင်းနှီးလို့လား'

'ရင်းနှီးအောင် လုပ်ရတာပေါ့။ ဒီပုဂ္ဂိုလ်ကြီးနဲ့ (၆)လ လောက်ကြာမှ ရင်းနှီးခဲ့တယ်။ သူ့မယားနဲ့ သူ့သားလေးဟာ အခြားနိုင်ငံကြီးတစ်နိုင်ငံမှာ ဒီလိုပုံစံအတိုင်းရှိမယ့်၊ စခန်းတစ်ခုမှာ လျှို့ဝှက်ရှိနေလိမ့်မယ်လို့၊ ဦးစွပ်ပရားက ယုံကြည်နေတယ်ဗျာ့'

'အေး၊ ဟုတ်ပြီ . .။ အဲဒီ 'ဦးစွပ်ပရား' အကြောင်း ဆက်ပြောပါဦး'

'ဦးစွပ်ပရားဟာ ကြေကွဲဝမ်းနည်းနေတဲ့အမူအယာနဲ့ စောစောက သူတို့မိသားစုရဲ့ ဇာတ်လမ်းတိုကလေးကို ပြောပြပြီး တော့၊ ကျွန်တော် သူ့ဆီကို၊ လုံးဝမလာနဲ့တော့ဆိုပြီး တားမြစ် လိုက်တယ်။ သူ့ဆီကို ကျွန်တော်လာလာနေရင်၊ ကျွန်တော့် အတွက်ရော သူ့အတွက်ပါ ကြီးမားတဲ့ အန္တရာယ်ကြီးတစ်ခု ကျရောက်လာနိုင်သတဲ့ . .။ ဒီလိုနဲ့ ကျွန်တော်နဲ့ ဦးစွပ်ပရား

ကြီးဟာ အဆက်အသွယ် ပြတ်သွားခဲ့တယ်'

'မင်းတို့ အဆက်အသွယ် ပြတ်သွားတာ ကြာပြီလား'

'(၅)လလောက်ရှိပြီဗျာ့။ ဒီနောက်ပိုင်းမှာ သူ့နဲ့ ကျွန်တော် လုံးဝမတွေ့ရတော့ဘူး'

'ဟုတ်ပြီ . .။ စောစောက မင်းညီမလေး မာလာဆင်ဟာ ပျောက်သွားတာနဲ့၊ စက်ဘီးပူကမ်းနားလမ်းက အဲဒီဒုက္ခသည်စခန်းကြီးဟာ ဆက်စပ်မှုရှိနေတယ်လို့၊ မင်းက ယူဆနေသလား'

'ယူဆတာ မဟုတ်ဘူး။ မာလာဆင်ဟာ, ဟာ၊ ဒီဒုက္ခသည်စခန်းကြီးထဲ ရောက်သွားပြီလို့၊ ကျွန်တော် ခိုင်ခိုင်မာမာ ယူဆနေမိတယ်ဗျာ'

'မင်းပြောတော့ ဒီဒုက္ခသည်စခန်းဟာ၊ ဓားစာခံတွေ ထားတာဆို . .။ မာလာဆင်ဟာက ဘာဖြစ်လို့ အဲဒီအထဲ ရောက်သွားတာလဲ'

'ဒီရက်ပိုင်းမှာ ကျွန်တော့်အဖေက တော်တော်လှုပ်ရှားလိုက်တယ်။ မြေနီကုန်းက ရွှေလိပ်ပြာ ပျော်ပွဲစားရုံကြီး ဒေါင်ဒင်သစ်သီးကုမ္ပဏီကြီးကို၊ ကျွန်တော့်အဖေပိုင်အဖြစ် လွှဲယူလိုက်တယ်။ သိန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံလိုက်ရတဲ့ ဒီလုပ်ငန်းတွေထဲမှာ တစ်ခုခု အမှားအယွင်းပါသွားသလား





မသိဘူး'

စဝ်ရန်နိုင်က 'လောက်ဝီ'ကို အကဲခတ်သလိုကြည့်နေရင်းမှ ပြောလိုက်၏။

'လာ၊ မင်း ငါ့နောက်ကို လိုက်ခဲ့ပေတော့။ ရော့၊ ဒီဆံပင်တု၊ ပါးသိုင်းမွေးအတုတွေ ထပ်လိုက်ပေတော့။ မင်းလုပ်တတ်တယ်မဟုတ်လား'

'ရပါတယ်၊ ရပါတယ် . .။ ကျွန်တော့်မှာသာ ကျွန်တော် လုပ်ပါ့မယ်'

'ငါလဲ . . ရုပ်ဖျက်လိုက်ဦးမယ်။ သူတို့ တို့ လှုပ်ရှားမှုတွေ ရိပ်မိသွားလို့ မဖြစ်ဘူး . .'

'ကျွန်တော်က ဘယ်ကို လိုက်ခဲ့ရမှာလဲ'

'တို့ဌာနချုပ်ကိုပေါ့၊ ဟိုရောင်ရင် စောစောက ငါ့ကို ပြောပြတာထက်၊ အသေးစိတ်ပိုကျအောင် အကြီးအကဲတွေကို ရှင်းပြလိုက်။ မင်းသိတဲ့ကိစ္စတွေကို ငါသိတာထက်၊ ဟိုအကြီးအကဲတွေသိဖို့က ပိုအရေးကြီးတယ်'

'ဒါဖြင့်၊ ကျုပ်တို့သွားကြစို့ . .'

'ဟေ့ . . လောက်ဝီ။ နေဦးလေ . . ငါ့ကိုစောင့်ဦးမှပေါ့။ မင်းက ဘယ်နေရာကို သွားရမယ်ဆိုတာ သိလို့လား'

'ကျွန်တော် စိတ်စောသွားလို့ပါ လာပါ . .၊ ခင်ဗျား

ရှေ့ကသွားပါ။ ခပ်မြန်မြန်ကလေး သွားစမ်းပါဗျာ’

‘သိပ်လောမနေစမ်းပါနဲ့ လောက်ဝီရယ်။ အေးအေးဆေးဆေးပေါ့ ညီလေးရာ’

‘အေးအေးဆေးဆေး မလုပ်နိုင်ဘူးဗျာ။ အချိန်နောက်ကျသွားရင်၊ ကျုပ် ညီမလေးကို သူတို့သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ’

လောက်ဝီသည် သူ့ညီမလေး မာလာဆင်ဟာအတွက် တော်တော်စိတ်ပူနေပုံရ၏။

လောက်ဝီ၏ သဘာဝကျသော ပြောပြချက်များကို ကြားနာပြီးနောက်၊ ဘချုပ်ဦးစီးသော ဌာနအကြီးအကဲများသည် တံခါးပိတ် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြ၏။ ထို့နောက် တက္ကစီမောင်းတိတ်အမည်ခံ စိုင်းနွတ်အား စကာပူနိုင်ငံသို့ စေလွှတ်လိုက်လေသည်။

စိုင်းနွတ်၏ အဓိကတာဝန်မှာ၊ လောက်ဝီပြောပြသော ချိန်ဂီကမ်းနားလမ်းမှ စခန်းကို မျက်ခြေမပြတ် စောင့်ကြည့်နေရန် ဖြစ်လေသည်။ စိုင်းနွတ်က မိမိရရှိသော ထူးခြားသာတင်းအချက်အလက်များကို မိမိထံတွင်ရှိသော တာဝေးပြော ထရန်စမစ်တာ စက်ကလေးဖြင့် ဌာနချုပ်သို့ အစီရင်ခံ နေမည်ဖြစ်၏။





နောက်ဆုံးတိုက်ပွဲ ဆင်နွှဲရန်အတွက်၊ စဝ်ရန်နိုင်နှင့် နှုတ်ခမ်းမွေးဘရှင်တို့ ရောက်လာမှ စီစဉ်ညွှန်ကြားကြလိမ့်မည်ဖြစ်၏။ ဤလေ့လာမှုပြုလုပ်နေစဉ်၊ စိုင်းနွတ်သည် စကာပူ အရှေ့ဘက်ကမ်းခြေရှိ ဟိုတယ်တစ်ခုတွင် ကိုရီးယားလူငယ်တစ်ဦးအဖြစ် ရုပ်ဖျက်၍ ခေတ္တတည်းခိုနေမည် ဖြစ်လေသည်။

စိုင်းနွတ် စကာပူသို့ ရောက်နေသည့်အချိန်တွင် မစ္စတာမရှူးဝါး၏ သားလေးဖြစ်သော လောက်ဝီကလည်း ဘင်္ဂလားဒ်ရှ်၊ ဒိန်းမတ်၊ ဖင်လန်၊ အီတလီ၊ သီရိလင်္ကာစသော နိုင်ငံများမှ သံရုံးများအနီးရှိ ရှိုင်ရယ်ဟိုတယ်ကြီးတွင် လျှို့ဝှက်စွာ တည်းခိုလျက်ရှိ၏။

စကာပူနိုင်ငံ ရေကြောင်းသိပ္ပံတွင် လာရောက်ပညာသင်ကြားနေသည့် ကျောင်းသားငယ်တစ်ဦးဖြစ်သော ‘လောက်ဝီ’ နှင့် စိုင်းနွတ်တို့သည် အချင်းချင်း လူချင်းဆက်သွယ်မှုရှိကြ၏။ အချင်းခပ်သိမ်း ဆက်သွယ်မှုမပြုကြပဲ၊ အရေးကြီးမှသာ လူချင်းတွေ့ဆုံ ဆက်သွယ်ကြရမည်ဖြစ်ပေသည်။

တစ်နေ့သော် . . စကာပူအရှေ့ဖက်ကမ်းခြေရှိ၊ ချိန်ဂီဟိုတယ်တွင် တည်းခိုလျက်ရှိသော စိုင်းနွတ်ထံသို့ ဧည့်သည်တစ်ယောက်လာ၏။ ဤအချိန်တွင် ဟိုတယ်ရှိ မိမိအခန်းတွင် မရှိပဲ စိုင်းနွတ်သည် မိမိတည်းခိုလျက်ရှိသော ဟိုတယ်ကြီးနှင့်

အနီးကပ်တွင်ရှိသော ချိန်ဂီဆေးရုံသို့ သွားရောက်လျှက်ရှိ၏။ မိမိ၏ စင်္ကာပူမိတ်ဆွေတစ်ဦးဖြစ်သော မစ္စတာဝမ်မှာ သွေးတိုးရောဂါဖြင့် ထိုဆေးရုံတွင် တက်ရောက်ကုသလျှက်ရှိ၏။

မစ္စတာဝမ်မှာ စင်္ကာပူအမျိုးသားရဲဌာနမှ ရဲဘော်တစ်ဦးဖြစ်ပြီး၊ မြန်မာပြည်သို့ ရောက်လာခဲ့ဖူး၏။ မစ္စတာဝမ်းအား သွားရောက်တွေ့ဆုံနှုတ်ဆက်ပြီးနောက်၊ စိုင်းနွတ်သည် မိမိတည်းခိုနေထိုင်လျှက်ရှိသော စင်္ကာပူ အရှေ့ဖက်ကမ်းခြေမှ ဟိုတယ်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။

'မစ္စတာသန်ဆိုတဲ့ ဧည့်သည်တစ်ယောက် လာသွားပါတယ်'ဟူ၍ ဟိုတယ်စာရေးက ပြောလေ၏။ ထိုသူက မိမိကို မတွေ့သောအခါ 'ကျွန်တော်လာတာ အထွေအထူးကိစ္စမရှိပါဘူး။ ဒီသတ္တုသေတ္တာလေး လက်ဆောင်ပေးချင်လို့ပါ'ဟု ပြောပြီးလျှင်၊ သူနှင့်ပါလာသော သေတ္တာလေးကို ဟိုတယ်စာရေးအား ပေးခဲ့လေသည်။ ဟိုတယ်စာရေးက အပြင်မှ တက်စ်တာဖြင့် စစ်ဆေးကြည့်ပြီး၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်း တစ်စုံတစ်ရာ မပါမှန်းသိလျှင် လက်ခံယူထားလိုက်၏။

'ကျွန်တော့်ကို ယခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်'ဟူ၍ ပြောဆိုပြီး၊ စိုင်းနွတ်က ဟိုတယ်စာရေးအားစုတ်ပေး





သော သေတ္တာလေးကိုယူကာ သူ၏ အခန်းထဲသို့ ပြန်လာခဲ့သည်။ သေတ္တာလေးမှာပေါ့ပါးသော သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားပြီး၊ လှပသောပစ္စည်းတစ်ခု ဖြစ်လေသည်။

စိုင်းနွတ်က ရှေးဦးစွာ သတ္တုသေတ္တာလေးကို ခလုတ်နှိပ်၍ ဖွင့်လိုက်သည်။

'ချပ်'ကနဲ အသံမြည်၍ အဖုံးပွင့်သွားလေသည်။

ဟိုက်၊ ဘာကြီးလဲ . . ။ သွေးတိုးရောဂါသမားတစ်ဦး ဆိုလျှင် အကြီးအကျယ် စိတ်လှုပ်ရှားကာ၊ တုံးကနဲလဲ၍ ကိစ္စချောသွားနိုင်ပါ၏။ တွေ့လိုက်ရသည်က နှုတ်ခမ်းမွေးကားကားနှင့် ကုလားခေါင်းပြတ်ကြီးတစ်ခု ပါတကား . .။

စိုင်းနွတ် ကြာကြာ စဉ်းစားမနေတော့။ ခေါင်းပြတ်သေတ္တာကို အဖုံးပြန်ပိတ်လိုက်ပြီး၊ အခန်းထဲမှ သွက်လက်စွာ ထွက်လာခဲ့သည်။

'စောစောက ဘာလက်ဆောင်ပစ္စည်းလဲ။ ကျွန်တော့်အထင်တော့ ကမ္ဘာကျော် 'ဝေါလာဘီးစ်'ရှူးဖိနပ်တစ်ရံလို့ ထင်တာပဲ။ ဟဲ . . ဟဲ . . ဟဲ'

'ခင်ဗျား ခုပြောတာ မဟုတ်ပါဘူးဗျာ'

စိုင်းနွတ်က ကုလားလေး 'လောက်ဝီ'တည်းခိုနေသော ရှိုင်ရယ်ဟိုတယ်ကြီးသို့ လာခဲ့သည်။ ရောက်သောအခါ

လောက်ဝီအား သူ့အခန်းထဲမှာပင် အဆင်သင့်တွေ့ရ၏။

'ဒီကိုလာစမ်း၊ လောက်ဝီ . .'

'ဘာသေတ္တာလဲဗျ။ တော်တော်လှတယ်နော်'

'ချစ် . .'

'အံမလေး၊ ခေါင်းပြတ်ကြီး . .'

သေတ္တာထဲမှ ခေါင်းပြတ်ကြီးကိုမြင်လျှင်၊ ကုလားလေး 'လောက်ဝီ'ခမြာ တော်တော်လန့်သွားရှာ၏။

× × × × × × × × × × × × ×



အခန်း (၂၅)

'ဒီခေါင်းပြတ်ကြီးဟာ . .၊ တခြားသူ မဟုတ်ဘူး . .'

'မင်းက ဘယ်သူဘယ်ဝါမှန်း သိလို့လား'

'ချိန်ဂီကမ်းနားလမ်းက စခန်းမှာ စောင့်ကြပ်တဲ့ ကြာပွတ်ဆရာကြီး 'ဦးစွပ်ပရား'ပဲ။ နေပါဦး . .၊ ဒီဥစ္စာကြီးက အစ်ကို့ဆီ ဘယ်လို ရောက်လာတာလဲ . .'

စိုင်းနွတ်က 'ဦးစွပ်ပရား'၏ခေါင်းပြတ် သေတ္တာ၊ မိမိထံ ရောက်လာပုံကို ပြောပြလိုက်သည်။ ထိုအခါ 'လောက်ဝီ'က မှတ်ချက်ပြုလိုက်၏။

'အင်း၊ ဒီလူတွေ တော်တော်လျှင်တာပဲ . .။ ဦးစွပ်ပရား

က ကျွန်တော့်ကို ပြောဖူးတယ် အစ်ကို'

'ဘယ်လို ပြောဖူးတာလဲ'

× × × × ×

'သူ့မယားနဲ့ သူ့သားလေးဟာ၊ အဲဒီ အာဖဂန်နစ္စတန်က စခန်းမှာ ရှိနိုင်သတဲ့ . .'

'ဟုတ်လား၊ မင်းကို အဲဒီလို ပြောဖူးလား'

'ဟုတ်ကဲ့ ပြောဖူးတယ် . .'

'အေး၊ မဗ်ိး အခုပြောတဲ့ အကြောင်းတွေ နောက်မှ ဆက်ဆွေးနွေးကြတာပေါ့။ အခုတော့ တို့နှစ်ယောက် ထွက်ပြေးကြဦးစို့။

'ခင်ဗျာ . .၊ ဘာဖြစ်လို့လဲ'

'မင်း ဒီဟိုတယ်မှာ ဆက်တည်းခိုနေလို့ မရတော့ဘူး။ သူတို့ တို့ကို သိသွားပြီ . .။ ဦးစွပ်ပရားရဲ့ခေါင်းပြတ် ငါ့ဆီကို ရောက်လာတာဟာ၊ သူတို့ တို့ကိုသိနေပြီလို့ ပြောလိုက်တဲ့ အဓိပ္ပာယ်ပဲ . .'

'ဟော၊ ဟိုမှာ လူ(၂)ယောက် ရောက်လာပြီအစ်ကို။ ဒီလူ(၂)ယောက်ကို ကျွန်တော် မသင်္ကာဘူး'

'ညီလေး၊ မင်း ဟိုအခန်းထောင့်က ဗီရိုနောက်မှာသွား





ကပ်နေ'

အခန်းပေါက်ဝတွင် ပယ်ရီစကုပ်ကိရိယာတစ်ဆင်ထားသောကြောင့်၊ အပြင်ဘက်တွင် ရုတ်တရက်ရောက်လာသော လူ(၂)ဦးကို ကောင်းစွာတွေ့လိုက်ကြရ၏။ သူတို့သည် ဗြိတိသျှလောင်းကုတ်အကျီ ကြီးများ ဝတ်ဆင်ထားကြ၏။ နက်ပြာရောင်သက္ကလပ်အကျီကြီး များ ဝတ်ဆင်ထားကြ၏။ နက်ပြာရောင် သက္ကလပ် အကျီကြီးများဖြစ် ကာ၊ ဝက်စတက်(ဖ်)ဦးထုပ်မာများကို ဆောင်းထားကြ၏၊ လူကြီးလူကောင်းများပုံစံမျိုးဖြင့် ရောက်လာကြခြင်း ဖြစ်လေသည်။

သူတို့ကား လူကြီးလူကောင်းများ မဟုတ်ကြသည်ကို စိုင်းနွတ် ချက်ချင်း ရိပ်မိလိုက်၏။ သူတို့၏သက္ကလပ်လောင်းကုတ်ကြီးများအောက်တွင် စက်သေနတ်တစ်လက်စီတော့၊ အနည်းဆုံး ပါလာလိမ့်မည်ဟု တွက်ဆလိုက်မိပြီးဖြစ်သည်။

တံခါးဖွင့်ပေးစမ်း' အပြင်ဘက်မှ မာကျောကျစ်လစ်သော အသံတစ်သံ စတင်ပေါ်ထွက်လာ၏။ မသိမသာ ခက်ထန်လျက်ရှိသော အမိန့်ပေးသံမျိုးဖြစ်နေ၏။

'တံခါးဖွင့်မပေးရင်တော့၊ တို့ဖာသာတို့ ပစ်ဖွင့်ပြီး ဝင်လာခဲ့ရလိမ့်မယ်။ တို့သေနတ်တွေမှာ အသံတိတ်ကိရိယာ

တပ်ဆင်ထားတော့၊ သေနတ်သံကို အောက်က ရဲတွေ လုံး၀ မကြားနိုင်ဘူး'

သိသိသာသာ ခြိမ်းခြောက်လိုက်သည့် သဘောမျိုးဖြစ်လာ၏။ စိုင်းနွတ်က မိမိ လက်ညှိုးညွှန်ပြလိုက်သည့် အခန်းထောင့်တစ်နေရာတွင် သံဗီရိုတစ်လုံးကို ကာဘာယှူ၍ ရပ်နေသော လောက်ဝီကို ငြိမ်ငြိမ်နေရန် လက်ပြလိုက်၏။ လောက်ဝီက ခေါင်းညိတ်ပြသည်။ သည်အတွေ့အကြုံမျိုး တစ်ခါမှုမျှ မရှိရှာသော လောက်ဝီသည် မျက်စိမျက်နှာပျက်၍ တုန်ရီရီ ဖြစ်နေရမည်မှန်သော်လည်း၊ သူ၏ သွေးအေးတည်ငြိမ်မှုကို မြင်ရသောအခါ၊ စိုင်းနွတ်က သူ့ကို ကျေနပ်အားရစွာ ပြုံးပြလိုက်သည်။

'ကျုပ်တို့ တံခါးဖွင့်ပေးမယ်။ ခင်ဗျားတို့ အေးအေးဆေးဆေး ဝင်လာခဲ့ပေါ့ဗျာ။ အထဲရောက်မှ အကျိုးအကြောင်း အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့။ မဟုတ်ဖူးလား'

'အေး၊ အဲသလိုဆိုရင် ပိုကောင်းတာပေါ့။ တံခါး မြန်မြန်ဖွင့်တော့ . .'

'တစ်ခုတော့ မေးကြည့်ရဦးမယ်။ ခင်ဗျားတို့က ဘယ်သူတွေလဲ။ ကျုပ်တို့ဆီကို ကောင်းသောလာခြင်းလား . .'

'မေးလာစမ်းလား လုပ်ပြီး အချိန်ဖြုန်းမနေနဲ့။ တံခါးကို





သာ မြန်မြန်ဖွင့်လိုက်'

အပြင်ဘက်မှ လေသံက အထူးတင်းမာလှ၏။

စိုင်းနွတ်က အချိန်ဖြုန်းမနေတော့။ လျှပ်စစ်တံခါးကို ခလုတ်နှိပ်၍ ဖွင့်ပေးလိုက်တော့၏။ သတ္တုတံခါးသည် ညာဘက် ထောင့်နံရံထဲသို့ လျှောကနဲဝင်သွားလျှင် . .။ 'ဒုတ် . . ဒုတ် . . ဒုတ် . . ဒုတ်' ဟူသော သေနတ်များက ဆူညံစွာပေါ်ထွက်လျှက်၊ လူ(၂)ယောက်က အခန်းထဲသို့ မွှေးပစ်ရင်း ခုန်ဝင်လာကြသည်။

သူတို့ပစ်ခတ်ဝင်လာသော သေနတ်များတွင် အသံထိန်းပြောင်းပိုများ တပ်ထားသောကြောင့်၊ သေနတ်သံများမှာ ခပ်အုပ်အုပ်သာပေါ်လာ၏။

သေနတ်များအကြောင်း သင်တန်းမျိုးစုံ တက်ထားသော စိုင်းနွတ်က အသံကြားသည်နှင့်ပင်၊ ပတ်ကာဟေးလ်ကုမ္ပဏီမှ ထုတ်လုပ်သော ဒုတိယကမ္ဘာစစ်သုံး စက်သေနတ်ကလေးများ ဖြစ်ကြောင်း၊ ချက်ချင်းသိလိုက်၏။ ဟေးလ်စ် စက်သေနတ်ကလေးများ။

အခန်းထဲသို့ အတင်းပစ်ဝင်လာသော စက်သေနတ်သမားနှစ်ယောက်အနက်၊ တစ်ယောက်မှာ အခန်းဝမှာ ကပ်တွယ်၍စောင့်နေသော စိုင်းနွတ်၏ လျှပ်တပြက် တိုက်ခိုက်ခြင်း

ကို ခံလိုက်ရ၏။ စိုင်းနွတ်က မိမိ၏ရှေ့မှရိပ်ကနဲ အနီးကပ် ပြေးဝင်လာသော လူဆိုးကို ဂျူဒိုနည်းဖြင့် လျှပ်တပြက် ချုပ်ဖမ်း၍ ကိုင်ပေါက်ပစ်လိုက်၏။

ချုပ်ဖမ်းလိုက်ခြင်း၊ ကိုင်ပေါက်ပစ်လိုက်ခြင်းတို့မှာ အလွန်တရာ မြန်လှသောကြောင့်၊ ထိုသူသည် စိုင်းနွတ်၏ လက်ထဲတွင် ယက်ကန်ယက်ကန်နှင့် ပါသွားရှာ၏။ အတင်းစွတ် ၍ပစ်ဝင်လာသော သူ၏စက်သေနတ်သည် မိုးပေါ်သို့ထောင် သွားပြီးလျှင် မျက်နှာကြက်တွင်သာ ကျည်ဆံပေါက်ကလေးတွေ ပြန့်ကြဲသွား၏။

အရှိန်ပြင်းစွာ ကိုင်ဖောက်လွှင့်ပစ်ခြင်းခံလိုက်ရသဖြင့်၊ သေနတ်တခြား လူတခြားဖြစ်သွားပြီးလျှင် စိုင်းနွတ်၏ခေါင်း ပေါ်မှ ငှက်ကြီးတစ်ကောင်ကဲ့သို့ စီးကနဲ ပျံထွက်သွား၏။

လောက်ဝီပုန်းနေသော သံဗီရိုနှင့် အရှိန်ပြင်းစွာ ဆောင့်တိုက်မိကာ၊ ထိုသူသည် အင့်ကနဲ ဘုန်းကနဲ လဲကျသွား ၏။ သူ့ဦးနှောက်များ ချက်ချင်းကွဲ၍ ကိစ္စချောသွား၏။

ရိပ်ကနဲ အခန်းထဲသို့ ဝင်လာနိုင်ခဲ့သော ကျန်တစ် ယောက်ကား စက်သေနတ်နှင့် အတင်းဇွတ်ရမ်း၍ စွတ်ပစ်နေ သေးသည်။ လောက်ဝီပုန်းနေသော ဗီရိုကိုတွေ့သွား၏။ လောက်ဝီ၏ လှုရိပ်ကိုလည်း မြင်သွားသည်ဖြစ်ရာ၊ ထိုနေရာ





သို့ အတင်းမဲ၍ ပစ်ခတ်နေလေတော့၏။

ဤသည်မှာ သူ၏အမှား။ သူက 'လောက်ဝီ'ကို မဲနေသဖြင့် စိုင်းနွတ်ကို သတိမေ့လျော့သွားသည်။ အခန်းတွင်း သို့ ဇွတ်ရမ်းစွတ်ပစ်၍ လျှပ်တပြက်ချဉ်းနင်း ဝင်ရောက်လာခဲ့ရ သောကြောင့်၊ အချိန်တိုအတွင်း လောက်ဝီနှင့် စိုင်းနွတ်ကို လူခြင်းမခွဲနိုင်ပဲ ရှိနေခဲ့သည်။

ရင်ဘတ်ကို ဘုန်းကနဲ လက်ပြန်အရိုက်ခံလိုက်ရတော့ မှ၊ ထိုငနဲသား၏ ပစ်ခတ်သံများ ကွယ်ပျောက်သွားသည်။ နောက်သို့ ယိုင်တိယိုင်ထိုးဖြစ်သွား၏။ ပါးစပ်မှ ချက်ချင်း သွေးများစီးကျလာ၏။ ရှေးဦးစွာ သေနတ် လွှတ်ကျသွားပြီးမှ လူလည်း ပုံရက်သား လဲကျသွားသည်။

'ညီလေး လောက်ဝီ . .'

လောက်ဝီကား အသက်မရှိတော့။ စက်သေနတ်ရာများ ဇာပေါက်ဖြစ်ကာ၊ ဗီရိုရင်းတွင် ခွေခွေကလေး လဲကျသေဆုံး နေရှာ၏။

'ဟောကောင် . . စိုင်းနွတ်။ အလွမ်းသယ်မနေနဲ့။ အချိန် မရှိဘူး'

'ဗျာ . .' စိုင်းနွတ် အံ့အားသင့်သွားရ၏။ အခန်းထဲသို့ ဒေါင်ကောင်းကောင်းလူတစ်ယောက်က မိမိ၏ရှေ့တွင်ရပ်နေ

၏။ သူကား မျက်စိတစ်ဖက်ကန်းနေပုံရ၏။ eye-pathc အနီ ကလေးတစ်ခု ဘယ်ဖက်မျက်လုံးတွင် ဖုံးအုပ်ထား၏။

'ခင်ဗျား၊ ဘယ်သူလဲ'

'ငါ့ကို ဘယ်သူဘယ်ဝါမှန်း သိဖို့မလိုသေးဘူး။ မင်း ချိန်ဂီကမ်းနားလမ်းက ဟိုဒုက္ခသည်စခန်းကို မြန်မြန်သွားပေတော့။ သူတို့ အဲဒီစခန်းကို ခပ်မြန်မြန်ရွှေ့ပြောင်းဖို့ လုပ်နေတယ်'

'ဩ . . ဒီဒုက္ခသည်စခန်းအကြောင်း၊ ခင်ဗျားက သိနေတာကိုး'

'ဒီစခန်းအကြောင်း ငါသိတာ ၄,၅,၁၀ရက်လောက်ပဲ ရှိသေးတယ်။ မီးလျှံနဂါးရဲ့ ဓားစာခံစခန်းပဲ။ အဲဒီမှာ ငါ့သမီးနဲ့ ငါ့မယားရှိတယ်'

ဟို့စတိတ်(ချ်) ဓားစာခံ။

မီးလျှံနဂါးသည် သူ့လက်အောက်ငယ်သားများကို ယုံကြည်စိတ်ချစွာ ခိုင်းနိုင်ရန်၊ သူတို့၏သားမယား၊ မိခင်ဖခင်ဖြစ်သူများကို လျှို့ဝှက်စွာ ဖမ်းထားလေ့ရှိ၏။ အကယ်၍ သူ့တပည့်ဆိုသူများအပေါ် အလိုမကျဖြစ်လျှင် ထိုဓားစာခံများကို ရက်ရက်စက်စက် သတ်ပြလိုက်ပြီး၊ တပည့်ငယ်သားများကို မလှန်နိုင်အောင် ခြိမ်းခြောက်လေ၏။





ဤဓားစာခံစခန်းမှာ၊ လူဆိုးမိသားစုဝင်များနှင့် ပတ်သက်နေရာ၊ ယခု မိမိထံသို့ ရောက်လာသော မစ္စတာ ငရမန်ကန်းမှာ၊ လူဆိုးကြီးတစ်ဦးသာလျှင် ဖြစ်ဖွယ်ရှိကြောင်း အကင်းပါးလှသော စိုင်းနွတ်က ချက်ချင်း ရိပ်မိလိုက်ပေသည်။

'ခင်ဗျား ဘယ်သူလဲ'

'ငါ ဘယ်သူဘယ်ဝါဆိုတာ အခု သိဖို့မလိုသေးဘူး။ မလောပါနဲ့ နောက်ကျတော့ . . သိရမှာပေါ့။ ဟဲ . . ဟဲ . . ဟဲ။ ဒီမှာ မင်းကို ငါ ပြောစရာရှိတယ်။ သေသေချာချာ နားထောင်ပါ'

'ဟုတ်ကဲ့၊ ပြော . .'

'မင်း သူငယ်ချင်းနှစ်ယောက်လဲ၊ စကာပူကိုရောက်လာကြပြီ'

'ဘယ်သူတွေလဲ . .'

'ဘယ်သူတွေ ရှိရဦးမှာလဲ။ စဝ်ရန်နိုင်နဲ့ နွတ်ခမ်းမွေး အရှင်တို့ပေါ့'

'ဟုတ်လား၊ ဆက်ပြောပါ မိတ်ဆွေ'

ထိုသူ၏မိမိရှေ့တွင် မားမားကြီးရပ်နေသော်လည်း၊ သူ့လက်ထဲတွင် ဘာလက်နက်မျှ ကိုင်ဆောင်ထားခြင်းမရှိပေ။ သူသည် eye-patch ကလေးတစ်ခု ဘယ်ဖက်မျက်လုံးပေါ်တွင်

ဖုံးအုပ်ထား၏။

'ဒီည (၉)နာရီတိတိမှာ မင်းဟာ မိကျောင်းဟိုတယ်ကို သွားပါ။ အဲဒီမှာ ငါလဲရှိမယ် . .။ စဝ်ရန်နိုင်နဲ့ နှုတ်ခမ်းမွေး ဘရှင်တို့လဲ ရှိလိမ့်မယ်'

'အဲဒီ ဟိုတယ်မှာ ဘာလုပ်ကြမှာလဲ'

'သူတို့ ပစ္စည်းတစ်ခု ဟိုလူတွေကို လက်လွှဲပေးလိမ့်မယ်။ ဒိန်းဒိန်းနဲ့ မီးလျှံနဂါးကိုယ်တိုင် ပါဝင်လိမ့်မယ်။ ကဲ၊ ပြောသင့်ပြောအပ်တာ ပြောပြီးပြီ။ ငါ သွားတော့မယ်။ ဒါပေမယ့် မသွားခင် ဒီအခန်းထဲက တစ်ခုကိုတော့ ယူသွားရလိမ့်မယ်'

'ဘာ ယူသွားရမှာလဲ'

'လောက်ဝီရဲ့ ခေါင်းကို ဖြတ်ယူသွားရမယ်'

'ဘာရည်ရွယ်ချက်ရှိလို့လဲ . .'

'မီးလျှံနဂါးက လောက်ဝီရဲ့ခေါင်းကို ဖြတ်ယူခဲ့ဖို့၊ ငါ့ကို အမိန့်ပေးလိုက်တယ်။ ယုတ္တိရှိအောင်လုပ်ပြဖို့အတွက် ယူမသွားလို့မဖြစ်ဘူး။ သူဟာ ဒီည(၉)နာရီအထိ၊ ငါ့ကို ယုံကြည်နေဖို့ လိုတယ်။ သူခိုင်းသမျှကို၊ ငါ လုပ်ပေးပေးရမယ်။ ဒါမှ ဒိန်းဒိန်းလဲ အသက်ရှင်မယ်။ ဟိုဒုက္ခသည်စခန်းက လူတွေလည်း အသက်ရှင်မယ်'





စိုင်းနွတ် ဘာမျှမပြောနိုင်မီ၊ ထိုသူက သူ၏လောင်းကုတ်အင်္ကျီအိတ်ကြီးထဲမှ အရာဝတ္ထုကို နှိုက်ယူလိုက်၏။ သူ့လက်ထဲတွင် ဖိတ်ဖိတ်လက်နေသော ဓားကောက်ကြီးတစ်လက်နှင့် သံချိပ်ကောက် တစ်ခုပါလာ၏။

သွေးအိုင်ထဲတွင် ခွေခွေကလေး သေနေရှာပြီဖြစ်သော လောက်ဝီ၏အလောင်းကို မယူလိုက်၏။ မျက်စိတစ်လုံးဆရာကြီးကား လက်မြန်လှ၏။ စက်သေနတ်ကျည်ဆံများ ဖာပေါက်ပမာ မှန်ထားသဖြင့် သေနေရှာသော လောက်ဝီ၏ခေါင်းကို ဖြတ်ယူ၍ သူနှင့်အတူပါလာသော သတ္တာလေးထဲသို့ ထည့်သွင်းလိုက်သည်။

'ကဲ . .၊ ငါသွားပြီ . .။ စောစောက ငါပြောခဲ့တာတွေ လုံးဝ မမေ့ပါနဲ့'ဟူ၍ မှာကြားပြောဆိုလျက်၊ ခြေလှမ်းကြဲကြီးများဖြင့် အခန်းထဲမှ ထွက်သွားလေသည်။

သူ၏လှုပ်ရှားမှုကား မြန်လွန်းလှပါ၏။ စိုင်းနွတ် အခန်းအပြင်ဘက်သို့ထွက်၍ လိုက်ကြည့်သော်လည်း၊ ထိုသူ၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ . . .။

× × × × × × × × × × × × × ×

## အခန်း (၂၆)

ချိန်ဂီကမ်းနားလမ်းတွင်ရှိသော စခန်းကို စောင့်ကြည့်နေသော စိုင်းနွတ်သည် အသားတင်ယာဉ်ကြီးများ စခန်းထဲသို့ မောင်းနှင်ဝင်ရောက်သွားသည်ကို တွေ့နေရ၏။

မကြာမီ အလုံပိတ်ထားသော ထိုအသားတင်ယာဉ်ကြီး၏ နောက်ဖက်တံခါးကြီးနှစ်ချပ် ပွင့်လာပြီးလျှင်၊ ကြာပွတ်သမားများက အသင့်တန်းစီထားသော မီန်းမနှင့်ကလေးများ၊ သူအို အဘိုးကြီးများနှင့် အဖွားကြီးများကို အပေါ်သို့ မောင်းနှင်ရိုက်တင်လျှက်ရှိကြ၏။

လူသားများကို တိရစ္ဆာန်များပမာ အတင်းခမ္ဘရိုက်တင်





နေသော ညှိမြင်ကွင်းကိုမြင်ရလျှင်၊ သူတောင်းစားအသွင် ရုပ်ဖျက်ထားသော စိုင်းနွတ်သည် ခြံဝသို့ ရောက်လာခဲ့၏။

'ဟေ့၊ ဒီကို ဘာလာလုပ်တာလဲ . .'

ခြံဝမှ တံခါးမှူးကြီးဖြစ်ဟန်တူသူက မေးလိုက်ပါ၏။

သူတောင်းစားဟန်ဆောင်ထားသော စိုင်းနွတ်က ချိုသာယဉ်ကျေးစွာပြန်၍ အဖြေပေးသည်။

'ကျွန်တော် ထမင်းမစားရသေးလို့၊ ထမင်းဖိုးလေး စွန့်ကြဲကြပါ ခင်ဗျာ'

'ဟေ့ကောင်၊ မင်း ဒီမှာလာတောင်းနေလို့ အပိုပဲ။ ဟိုလေဆိပ်ထဲ သွားတောင်းပါလား။ ဟိုမှာ လူချမ်းသာတွေ အများကြီး တွေ့ရလိမ့်မယ်'

'လေဆိပ်ထဲကို သူတောင်းစား မဝင်ရလို့ပါဗျာ'

'အေး . . လေဆိပ်ထဲကို သူတောင်းစား မဝင်ရသလို၊ ဒီခြံထဲကိုလည်း ဘယ်သူတောင်းစားမှ ဝင်လာခွင့် မရှိဘူး။ ဟေ့ကောင်၊ မင်း ခုချက်ချင်း ထွက်သွားစမ်း . .'

'ဟုတ်ကဲ့၊ ထွက်သွားမှာပေါ့ ခင်ဗျာ။ ဒါပေမယ့် ထမင်းဖိုးလေးတော့ အနည်းငယ် မစလိုက်ပါဦး'

'မင်းက ကောင်းကောင်းမွန်မွန် ပြောလို့မရပဲကိုး။ ငါ မင်းကို ငရဲသားလို ဆက်ဆံရတော့မလား'

'ကြိုက်သလို ဆက်ဆံနိုင်ပါတယ်။ ဟဲ . . ဟဲ . . ဟဲ'

'တော်တော် ခေါင်းမာတဲ့ကောင်ပဲ။ ဟို အသားတင်ယာဉ်ပေါ်ကိုလိုက်သွားချင်လို့လား'

'အသားတင်ယာဉ်နဲ့လိုက်သွားရမှာ ဘာဆန်းလို့လဲ။ အသားတွေကို ရေခဲရိုက်သလို၊ အအေးခတ်လှောင်ထားတဲ့ ကားကြီးတွေပဲဥစ္စာ'

'အအေးခတ်လှောင်ထားတာ မဟုတ်ဘူး။ ကားတံခါးကြီးတွေ အလုံပိတ်ပြီးရင်၊ ဓာတ်ငွေ့လွှတ်ပြီး သတ်မှာကွ . .'

'ဒီဥစ္စာ ခင်ဗျားတို့ ဘာလုပ်ကြရမှာလဲ။ ကလေးတွေ မိန်းမတွေ၊ အဘိုးကြီး၊ အဘွားကြီးတွေပါဗျာ။ ဒီလို ရက်ရက်စက်စက် မလုပ်ကြပါနဲ့'

'တော်တော် စကားများတဲ့ သူတောင်းစားပါလား။ လာလိုက်ခဲ့ . .။ မင်းကို ငါ ဟိုအဝီစိကိုသွားမယ့် ကားကြီးတွေပေါ် ပို့လိုက်မယ်'

'ဓါတ်ငွေ့လွှတ်သတ်မယ့် ကားကြီးပေါ် ကျုပ် မလိုက်ဘူး။ လွှတ်ပါ . .'

'လာ လိုက်ခဲ့ . .။ မင်း အဝီစိကို သွားကို သွားရမယ်'

'ခင်ဗျားနော်၊ ကျုပ်ကို မလွှတ်ဘူးလား'

'မလွှတ်ဘူးကွာ၊ ဘာခုမှ ကြောက်ပါပြီလဲ . .'





ဂိတ်စောင့် တံခါးမှူးကြီးက အတင်းဆွဲခေါ်လေပြီဖြစ်၏။ တံခါးမှူးကြီးကား သန်မာထွားကြိုင်းသူဖြစ်ရာ၊ စိုင်းနွတ်သည် ယက်ကန်ယက်ကန်နှင့် ပါသွားလေသည်။ အသားတင်ကားကြီးတစ်စင်းပေါ်သို့ အတင်းထိုးတင်နေလေသည်။

'ကားပေါ် မြန်မြန်တက်ကြစမ်း' ဟူ၍ ကြာပွတ်သမားအချို့က အတင်းရိုက်၍တင်နေကြ၏။ မိန်းမများ၊ ကလေးသူငယ်များနှင့် အဘိုးအို အဖွားအိုများမှာ ကားကြီးပေါ်သို့ အတင်းထိုးသွင်းခြင်းခံနေရ၏။ အသက်(၁၈)နှစ်၊ (၁၉)နှစ်အရွယ် မိန်းမချောလေးများကိုလည်း တွေ့ရ၏။ ရုပ်ရည်ချောမော ကုလားမလေးတစ်ဦးကိုပါ တွေ့ရ၏။

ထိုကုလားမလေးကား 'လောက်ဝီ'၏ညီမလေး၊ မာလာဆင်ဟာ ဖြစ်ဖွယ်ရှိကြောင်း၊ စိုင်းနွတ် ကောင်းစွာသိလိုက်၏။ မိမိအား ကားထဲသို့ အတင်းထိုးသွင်းနေသော တံခါးမှူးကြီးကို 'ထု'ချလိုက်၏။

(၁၀)ပေါင်တူကြီးနှင့် ထုချလိုက်သလိုမျိုး။ 'တပ်ဆု'ဟု ခေါ်ပါ၏။ ခေါင်းကိုထုချလိုက်လျှင် တစ်ခါတည်း အသက်ထွက်သွားမည်ဖြစ်ရာ၊ ညာဖက် ပခုံးကိုသာ ထုချလိုက်ခြင်းဖြစ်၏။ သို့သော် အလွန်ပြင်းထန်လှသောကြောင့်၊ ထိုပုဂ္ဂိုလ်ကြီး ပခုံးရိုး

ကျိုးကာ၊ ခွေယိုင်လဲကျသွားလျှင် ကြာပွတ်သမား(၃)ဦး ပြေးလာကြ၏။ 'မင်း ဘယ်က ကောင်လဲ' ဟူ၍ ဒေါသကြီးစွာ အော်ဟစ်မေးမြန်းလျက် ပြေးလာကြ၏။

စိုင်းနွတ် လျှင်မြန်စွာ စဉ်းစားလိုက်သည်။ မိမိလက်ရုံးရည်ကိုပင် ဆက်လက်သုံးမည်လော။ နှလုံးရည်ကိုသုံးမည်လော ဟူ၍ပင် ဖြစ်သည်။

'ခင်ဗျားတို့ ကျုပ်ပြောတာ နားထောင်ကြစမ်း'

နှလုံးရည်ကို အသုံးပြုရန် ကြံစည်လိုက်ခြင်းပင်ဖြစ်၏။ နှလုံးရည်သုံးကြည့်လိုက်ပြီး မအောင်မြင်မှ မိမိ၏လက်ရုံးရည်ကို ဆက်လက်အသုံးချမည်ဟု စိတ်ကူးထားလိုက်သည်။ စိုင်းနွတ်က အော်ဟစ်ပြောလိုက်သောကြောင့်၊ ပြေးလာသော ကြာပွတ်သမား(၃)ဦး ခေတ္တတန့်သွားကြလေသည်။

'မီးလျှံနဂါးဆိုတဲ့ လူယုတ်မာဟာ၊ ဓားစာခံတွေကိုဖမ်းပြီး၊ ခင်ဗျားတို့ကို အကြပ်ကိုင်ထားတယ် မဟုတ်လား။ အခု ခင်ဗျားတို့ ဓာတ်ငွေ့လွှတ်ပြီး သတ်ပစ်မယ့်၊ ဒီဒုက္ခသည်တွေအားလုံးဟာ၊ ဓားစာခံတွေချည်းပဲ။ ခင်ဗျားတို့ ဘာဖြစ်လို့ ကိုယ်နဲ့ အတူတွေကို သတ်ဖို့ကြိုးစားနေတာလဲ'

စိုင်းနွတ်က စကားတစ်ခွန်းစပြောလိုက်လျှင်၊ ကြာပွတ်သမားလူဆိုး (၃)ဦး ရပ်တန့်သွားကြသည်။



'ခင်ဗျားတို့ရဲ့ သား မယားတွေ၊ မိခင် ဖခင်တွေကိုလဲ၊ ီးလျှံနဂါးဟာ ဓားစာခံအဖြစ် ဖမ်းထားတယ် မဟုတ်လား'

'နေပါဦး၊ မင်းက ဘယ်သူလဲ'

'ကျုပ်ဟာ မြန်မာနိုင်ငံကလာတဲ့ အေးဂျင့်တစ်ယောက် ်။ တကယ်လို့ ကျုပ် ခုပြောတဲ့စကားကို၊ ခင်ဗျားတို့ လက်ခံမယ် ဆိုရင် ကျူးလွန်ခဲ့တဲ့အပြစ်တွေကိုအတွက်၊ သက်ဆိုင်ရာက လျော့လျော့ပေါ့ပေါ့ စဉ်းစားလိမ့်မယ်'

စိုင်းနွတ်က နောက်ဆက်တွဲအဖြစ်၊ ဤဒုက္ခသည် ခန်းကို စကော့ပူရဲတပ်ဖွဲ့ဝင်များ ဝိုင်းရံထားပြီဖြစ်ကြောင်း၊ ထပ်မံပြောဆိုလိုက်ရာ ကြာပွတ်သမား 'တွေဝေသွားကြသည်။

'မီးလျှံနဂါး ခိုင်းတာမလုပ်ရင်၊ သူဓားစာခံ ဖမ်းထားတဲ့ ါ့ဇနီးနဲ့ ငါ့အမေကို သူသတ်ပစ်လိုက်လိမ့်မယ်'

'ဒီအတွက် မပူနဲ့။ အာဖဂန်နစ္စတန်နိုင်ငံနဲ့၊ ယူဂန္ဒာမှာ ီလိုဒုက္ခသည်စခန်းတွေ ရှိတယ်။ ဒီဓားစာခံစခန်းတွေအားလုံး ကို ကျုပ်တို့ ကမ္ဘာ့ရဲတပ်ဖွဲ့ကြီးက တပြိုင်နက် သိမ်းယူတော့မယ်။ ီးလျှံနဂါးဟာလဲ ပြေးလို့မလွတ်နိုင်တော့ဘူး။ ဒီည(၉)နာရီဆို ျင်၊ ဒီစကော့ပူမြို့တော်က ဟိုတယ်ကြီးတစ်ခုမှာ သူ့ကိုဖမ်းမိ တော့မယ်'

'မင်း တကယ်ပြောတာလား . .'

'မိတ်ဆွေတို့ကို ကျုပ် လိမ်ပြောနေတာ မဟုတ်ဘူး'

'ဒီလိုဆိုရင် . .၊ အေး မင်းဆက်ပြော'

'မီးလျှံနဂါးဟာ သိပ်လူလည်ကျတယ်။ ရှင်းရှင်းပြောရရင်၊ ခင်ဗျားတို့ဟာ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေပဲ။ ခင်ဗျားတို့ အပေါ်ကို ရက်ရက်စက်စက် လုပ်ထားတဲ့ ဒီလူဆိုးကြီးအပေါ်မှာ ဘာမှ ငဲ့ကွက်နေစရာ မလိုဘူး'

'ဟုတ်တယ် . .။ မင်းပြောသလို မီးလျှံနဂါးဟာ သိပ်လူလည်ကျတယ်။ ဒါပေမယ့် ဓားစာခံဖြစ်နေသူတွေ ဘယ်မှာရှိမှန်းမသိလို့၊ တို့ ခေါင်းငုံ့ခံနေကြရတာ'

'ကောင်းပြီ၊ ကျုပ် ခင်ဗျားတို့ကို မေးမယ်'

'မေးပါ . .'

'ဒီဓားစာခံတွေကို ခါတ်ငွေ့လွှတ်သတ်ပြီးရင်၊ ဘာဆက်လုပ်ဖို့ ခင်ဗျားတို့ကို ညွှန်ကြားထားသလဲ'

စိုင်းနွတ်က မေးလိုက်လျှင်၊ တစ်ယောက်က ပြန်ပြောလိုက်၏။

'သူတို့ကို ဓာတ်ငွေ့လွှတ်သတ်ပြီးလျှင် အလောင်းတွေပါတဲ့ ဒီအသားတင်ကားကြီးတွေကို ချိန်ဂီဆေးရုံကြီးနားက ပင်လယ်ကမ်းခြေမှာ စွန့်ပစ်ခဲ့ရမယ်တဲ့'

'ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားတို့ဘက်က ကျေကျေ





ပွန်ပွန်တာဝန်ထမ်းဆောင်ပြီးကြောင်း၊ မီးလျှံနဂါးကို သတင်းပို့လိုက်ပေါ့။ အဲဒီလိုသာ ခင်ဗျားတို့က ကူညီနိုင်မယ်ဆိုရင်၊ ဒီည(၉)နာရီတိတိမှာ မီးလျှံနဂါးကို ကျုပ်တို့ ဖမ်းမိမှာ သေချာတယ်'

စိုင်းနွတ်၏ စည်းရုံးမှုမှာ အောင်မြင်သွားခဲ့တော့၏။ ဒုက္ခသည်စခန်းနှင့် ဘေးခြင်းကပ်ယှဉ်လျက်ရှိသော ခရာဇ်ယန်ဘုရားရှိခိုကျောင်းမှ ဖာသာကြီးကလည်း အကူအညီများစွာ ပေးခဲ့၏။ သူ၏ကျောင်းတိုက်ကြီးအတွင်းတွင်၊ ဒုက္ခသည် (၃၀၀)ကျော်အား အစာရေစာကျွေး၍ လုံခြုံမှုရှိစွာ ဝှက်ထားလေသည်။

ထိုည စက်ာပူစံတော်ချိန် (၈)နာရီခွဲပြီးစလောက်တွင် တရုတ်ကလေးတစ်ဦးအသွင်ဖြင့် ပိုးတွန့်ဂါဝန်ပြာလေးကို ဝတ်ဆင်ထားသော 'ဒိန်းဒိန်း'သည် မိကျောင်းဟိုတယ်ကြီးရှေ့တွင် ရပ်ပေးသော တက္ကစီကားပေါ်မှ ဆင်းလာခဲ့၏။

သူမနှင့်အတူ မစ္စတာငရမန်ကန်းလည်း ဘေးမှကပ်လျက်သားပါလာ၏။ မစ္စတာငရမန်ကန်းသည် အနောက်တိုင်းဝတ်စုံဖြူ သေသပ်ကျနစွာ ဝတ်ဆင်ထားသည်။ ဧည့်ကြိုလုလင်များက ထုံးစံအတိုင်း ဒိန်းဒိန်းတို့ကို လိုက်လံဖော်ရွေစွာ ဆီးကြိုလျက် ဧည့်ခန်းမကြီးအတွင်းသို့ ခေါ်ဆောင်လာခဲ့၏။ မစ္စတာ

ငရမန်ကန်းသည် ဒိန်းဒိန်း၏ဘေးမှ ကြွားဝင့်စွာရင်ကော့၍ လိုက်ပါလာသည်။

ဧည့်ခန်းမကြီးထဲသို့ ရောက်လာပြီးနောက်၊ ဒိန်းဒိန်းသည် တစ်နေရာသို့ မျက်လုံးစွေ၍ ကြည့်လိုက်၏။ မိမိထိုင်ရမည့် စားပွဲကြီးတွင် လူရှင်းလျှက်ရှိကြောင်း သိရသဖြင့်၊ ဒိန်းဒိန်းသည် ထိုစားပွဲရှိရာသို့ လျှောက်သွား၏။ လွတ်နေသော ထိုနေရာတွင် ဩဇာသီးခြင်းကလေးကိုချ၍ နေရာယူလိုက်၏။ မစ္စတာငရမန်ကန်းလည်း ဒိန်းဒိန်း၏ရှေ့တွင် ထိုင်လိုက်၏။

ညဦးပိုင်း (၈)နာရီခွဲခန့်သာ ရှိသေး၏။ ဟိုတယ်ကြီးမှာ ဧည့်သည်များနှင့်အတူ စည်ကားလျှက်ရှိသည်။ စားသောက်သူများနှင့် ပြည့်နှက်နေသော်လည်း၊ ဤစားပွဲလွတ်လျှက်ရှိသည်မှာ အလွန်စဉ်းစားစရာ ကောင်းလှ၏။

မစ္စတာ ငရမန်ကန်းက ဒိန်းဒိန်းအတွက် အချိုရည်မှာလိုက်ပြီး၊ သူ့အတွက် အမေရိကန် ကြက်ဆင်ရိုင်းအရက် မှာလိုက်သည်။ အရက်နှင့်မြည်းရန် မတ်တင်ချော့(ပ်) ဆိတ်သားစဉ်းကောတစ်ပွဲ မှာလိုက်၏။

ခန်းမကြီး၏ထိပ် စင်မြင့်ပေါ်တွင် မီးရောင်စုံဆလိုက်မီးမောင်းများ တဖျက်ဖျက်ပွင့်လက်၍နေ၏။ စင်မြင့်ပေါ်တွင် အဆိုတော်များ ကချေသည်များ လှုပ်ရှားနေကြ၏။ သီဆိုအော်





ဟစ်၍ ကခုန်နေကြ၏။ တီးဝိုင်းကြီးမှလည်း သွက်လက်မြူးကြွသော ဂီတသံများ မှန်မှန်ကြီး ပေါ်ထွက်နေလေသည်။

ဧည့်ပရိတ်သတ်များမှာ စင်မြင့်ပေါ်သို့ စိတ်ဝင်စားစွာကြည့်ရှုလျှက်၊ ယမကာနှင့် အစားအစာများကို စားသောက်သုံးဆောင်လျှက်ရှိကြ၏။ မစ္စတာငရမန်ကန်းကား၊ ခန်းမကြီး၏အနေအထားကို တဒင်္ဂအတွင်းလှည့်ပတ်ကြည့်ရှု၍ အကဲခတ်ပြီးရှိနေ၏။ ဒိန်းဒိန်းကား မှင်သေသေထိုင်၍၊ သူမ၏ရှေ့မှအချိုရည်ကိုသာ လှလှပပလေး စုတ်ယူသောက်သုံးလျှက်ရှိလေသည်။

နာရီဝက်ဆိုသောအချိန်မှာ ဘာမျှကြာလိုက်သည်မဟုတ်။ (၉)နာရီတိတိတွင် မိမိတို့ စောင့်နေသော ဧည့်သည်နှစ်ယောက် ရောက်လာကြလေသည်။ ပန်ချာပီတစ်ယောက်နှင့်အသားမည်း ကပ္ပလီလူထွားကြီးတစ်ယောက်ဖြစ်၏။ သူတို့နှစ်ဦးစလုံး၊ ဥရောပဝတ်စုံကို သေသပ်ကျနစွာ ဝတ်စားဆင်ယင်ထားကြသည်။

ကပ္ပလီလူထွားကြီး၏ လက်တွင် ပိုလီမက်(ခ်)အမျိုးအစား အတက်ချီကေ့(စ်)တစ်လုံးပါလာ၏။ သူတို့ကိုမြင်လျှင် မစ္စတာငရမန်ကန်းက အလွန်နှစ်လိုရင်းနှီးသော ပုံစံဖြင့်ပြုံးပြနှုတ်ဆက်လိုက်သောအခါ၊ ထိုသူ(၂)ဦးက မစ္စတာငရမန်းကန်

ကို ဘယ်ညာညှပ်၍ နေရာယူလိုက်ကြ၏။

မစ္စတာငရမန်ကန်းက ရောက်လာသော ဧည့်သည်တော်နှစ်ယောက်အတွက် ဂျော်နီဝေါကား အရက်(၂)ခွက် လှမ်းမှာပြီးလျှင်၊ လွန်စွာအရေးကြီးလှသော အလုပ်သဘောတရားများ စတင်ဆွေးနွေးလိုက်၏။

'ဟာ၊ စိတ်ချပါ ခင်ဗျာ။ ယခင်လက အတိုင်းပါပဲ၊ ဘာမှ အမှားအယွင်းမရှိပါဘူး။ ဆက်ဆံရေးအစွန့်ရှည်အောင် ကျွန်တော်တို့ဘက်က အစွမ်းကုန် ကြိုးစားထားပါတယ်'

ဤသို့ ကပ္ပလီလူမည်းကြီးက ပြောဆိုပြီးလျှင်၊ သူနှင့် ပါလာသော အတက်ချီကေ့(စ်)ကို မစ္စတာငရမန်ကန်းရှေ့တွင် ချထားလိုက်ပြီး၊ ဒိန်းဒိန်း၏ရှေ့မှ ဩဇာသီးခြင်းကို သူ့ရှေ့သို့ မသိမသာ ဆွဲယူသွားသည်။

'ဩဇာသီး (၈)လုံးရှိတဲ့အနက်၊ သံဘော်ဆေးအနီရောင်တို့ထားတဲ့သစ်သီးထဲမှာ သေသေချာချာကြည့်ပါလေ . .'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

အလုပ်သဘောက . . ဒါပါပဲ။

မိမိတို့၏ အဓိကကိစ္စ ပြီးသွားသည်နှင့်၊ ရောက်လာသော ပန်ချာပီနှင့် ကပ္ပလီလူထွားကြီးတို့ပလည်း ထိုင်ရာမှ ထလိုက်ကြ၏။ ကပ္ပလီကြီး၏လက်ထဲတွင် ဩဇာသီးခြင်းလေး ပါသွား





လေသည်။ ဤသို့အပေးအယူ လုပ်လိုက်သည်ကို မည်သူမျှ မရိပ်မိလိုက်ကြ။

သို့သော် ဒိန်းဒိန်းတို့၏ စားပွဲမှာ ဩဇာသီးခြင်းလေးကို ယူ၍ထွက်သွားသော ကပ္ပလီကြီးနှင့် ပန်ချာပီနောက်သို့၊ လူ(၂)ယောက် လိုက်ပါသွားသည်။ သူတို့နှစ်ယောက်မှာ၊ စောစောက ဒိန်းဒိန်းနှင့် မစ္စတာငရမန်ကန်းတို့၏ စားပွဲကြီးမှ စားပွဲ(၂)လုံး ခြားနေရာတွင်၊ ကမ္ဘာကျော် ဟိန်ကယ်ဘီယာသောက်နေခဲ့သော လူရွယ်(၂)ဦးဖြစ်လေသည်။ အင်ဒိုနီးရှား အမျိုးသားဝတ်စုံ ဆင်မြန်းထားကြ၏။

'မင်းတို့က ဘယ်သူတွေလဲ'

'ဘာမှ မေးမနေနဲ့။ ကျုပ်တို့နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ . .'

ဘေးသို့ယှဉ်ကပ်လိုက်ပြီး၊ မိမိ၏ နံကြားသို့သေနတ်နှင့် ထောက်လိုက်သည်ကို ရိပ်မိသွားသော ကပ္ပလီကြီးက မေးလိုက်သေးသော်လည်း၊ တစ်ဖက်မှ တင်းမာစွာ ပြန်ပြောလိုက်၏။ ကပ္ပလီကြီး ဘာမှမတတ်သာတော့ပဲ၊ အင်ဒိုနီးရှား ဝတ်စုံဝတ်ထားသော လူရွယ်များခေါ်ရာသို့ ညိမ်သက်စွာ လိုက်ပါသွားခဲ့ရသည်။ ကပ္ပလီကြီး၏အဖော် ပန်ချာပီမှာလည်း သူ့ဘေးမှ ငြိမ်ငြိမ်လေး လိုက်ပါခဲ့သည်။

ဟိုတယ်ရှေ့တွင် အသင့်ရပ်ထားသော နောက်ဆုံးပေါ် ဇိမ်ခံကားလေးတစ်စင်းကို တွေ့ရ၏။ 'အပေါ်တက် . . .'ဟု အမိန့်ပေးကာ၊ နှုတ်ခမ်းမွေးပိုင်ရှင်လူရွယ်က ကပ္ပလီကြီးကို ဆောင့်ကန်သွင်းလိုက်၏။ သစ်သီးခြင်းကိုင်ထားသော ကပ္ပလီကြီးခမြာ၊ ကားထဲသို့ လေးဘက်ထောက်ပုံစံ ရောက်သွား၏။ ပန်ချူပီခမြာလည်း သူ့အဖော်နည်းတူ ကားထဲသို့ ရောက်သွားလေသည်။

လူရွယ်(၂)ဦးကား အခြားသူများမဟုတ်ကြပါ။

နှုတ်ခမ်းမွေးဘရှင်အမည်ခံ မွေးကြီးနှင့် စိုင်းနွတ်တို့ပင်တည်း။

× × × × × × × × × × × × × ×



အခန်း (၂၇)

ကပ္ပလီနှင့် ပန်ချာပီတို့ မိမိတို့ထံမှ ထွက်သွားလျှင်ပင်၊ ဒိန်းဒိန်းနှင့် မစ္စတာငရမန်ကန်းတို့လည်း သွက်လက်စွာ စတင်လှုပ်ရှားလိုက်ကြ၏။ မစ္စတာငရမန်ကန်းက ကပ္ပလီထားခဲ့သော အတက်ချီကေ့(စ်)ကိုဆွဲယူကာ၊ ဒိန်းဒိန်းအား မျက်ရိပ်ပြ၍ စားပွဲမှ လျှင်မြန်စွာ ထလိုက်သည်။

စောစောက လူ(၄)ဦးထိုင်၍ စကားပြောခဲ့သော စားပွဲဝိုင်းကြီး၌ လူမရှိတော့သည်ကိုဘေးမှလူများ လုံးဝ သတိမပြုမိကြချေ။ ကပွဲခန်းမကြီးနှင့် အနီးကပ်ဆုံးနေရာရှိ သီးသန့်ခန်းတစ်ခုထဲသို့၊ မစ္စတာငရမန်ကန်းတို့ ရောက်လာ၏။

'ဘယ့်နှယ်လဲ။ အဆင်ပြေခဲ့ကြရဲ့လား . .'

'အားလုံး အဆင်ပြေပါတယ် ဆရာကြီး။ ဟိုလူနှစ်ယောက်ပဲ လာယူသွားပါတယ်'

မစ္စတာငရမန်ကန်းက် ဆရာကြီးရှေ့တွင် ရိုသေစွာ ဒူးထောက်၍ ပြောလိုက်၏။ ဒိန်းဒိန်းလည်း မစ္စတာငရမန်ကန်းနည်းတူ ဆရာကြီးကို ဒူးထောက်၍ အရိုအသေပြုနေရ၏။

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

'ဟား . . ဟား . . ဟား . . ဟား . . ဟား'

မိမိ၏ တပည့်လက်ပါးစေကြီး မစ္စတာငရမန်ကန်းက မိမိ၏ရှေ့သို့ ရိုသေစွာတင်ပေးထားသော အတက်ချိကေ့(စ်)ကြီးကို ဖွင့်ကြည့်ပြီးလျှင်၊ ယူအက်စ်ဒေါ်လာငွေများကို တွေ့ရသောအခါ၊ ဆရာကြီး မီးလျှံနဂါးက သဘောကျနှစ်ခြိုက်စွာ ရယ်မောလိုက်ခြင်းဖြစ်လေသည်။

'မြန်မာပြည်ကို ပြန်ရောက်ရင်၊ ဒိန်းဒိန်းကို (၂၅)သိန်းပေးမယ်။ မစ္စတာငရမန်ကန်း၊ ခင်ဗျားကို ကျုပ် မြန်မာငွေ သိန်း(၁၀၀)တိတိ၊ ဘောက်ဆူးပေးမယ်။ ပြီးတော့၊ ခင်ဗျားသမီးနဲ့ မယားကို မြန်မာပြည်တစ်နေရာမှာ (၅)မိနစ်တိတိ စကားပြောခွင့်ပေးမယ်'

'ကျွန်တော် ဆရာကြီးပေးမယ့် သိန်း(၁၀၀)ထက် ဒုတိယ





အခွင့်အရေးကို ပိုပြီး လိုလားပါတယ် ခင်ဗျာ'

'ကျုပ်အပေါ်ကို ဒီလောက်သစ္စာရှိနေမှတော့၊ ကျုပ်ဖက်ကလဲ ဒီလောက်တော့ လုပ်ပေးရမှာပေါ့။ ခင်ဗျား ဘာမှ ပူမနေနဲ့၊ အဲ ပြီးတော့ ပြောရဦးမယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ . .'

'ခင်ဗျားဟာ ကျုပ်ရဲ့လက်ထောက်ဖြစ်သွားပြီ။ ဒီနေ့ ဒီအချိန်ကစပြီး၊ ခင်ဗျားဟာ မစ္စတာ ငရမန်ကန်း မဟုတ်တော့ဘူး။ လက်ထောက် မီးလျှံနဂါးဖြစ်သွားပြီ . .၊ သို့မဟုတ် ဒုတိယ မီးလျှံနဂါး ဆိုပါတော့ဗျာ'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ပြီးတော့ . . တစ်ချက်တည်း ပြောလိုက်ဦးမယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ . .'

'ခင်ဗျားနဲ့ ဒိန်းဒိန်းကို ဒီဟိုတယ်ကြီးမှာ ကျုပ်ကိုယ်တိုင် လက်ထပ်ပေးမယ်။ ဘယ့်နဲ့လဲ . .'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ။ ဟဲ . . ဟဲ'

'ခင်ဗျားနဲ့ ဒိန်းဒိန်းကို မြန်မာငွေ သိန်း(၁၀၀၀)တိတိ အကုန်အကျခံပြီး လက်ထပ်ပေးဖို့၊ ဟိုတယ်သူဌေးကို ငွေတောင်ချေပေးပြီးပြီ၊ ဘယ်လမှာ လက်ထပ်မယ်ဆိုတာ၊ ခင်ဗျားနဲ့ ကျုပ် ထပ်သိနိုင်းမယ်'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ၊ ဟဲ . . ဟဲ . . ဟဲ'

မစ္စတာငရမန်ကန်းသည် နွားပြာကြီး အောက်သွားမရှိ ဖြစ်နေလေတော့၏။ ဒုတိယ မီးလျှံနဂါးဆိုသော ရာထူးကြီးကို ရဖို့ဆိုသည်ကား လွယ်သည်မဟုတ်။ သတ်နိုင်ဖြတ်နိုင်မှ၊ လွန်စွာရက်စက်နိုင်မှ ရရှိနိုင်သော 'မီးလျှံနဂါး'ရာထူးဖြစ်ပေသည်။

'ကျုပ်ဟာ မီးလျှံနဂါးဖြစ်ဖို့အတွက် အတော်ကြိုးစားခဲ့တယ်။ ခင်ဗျားလဲ 'မီးလျှံနဂါး'ဖြစ်ချင်ရင်၊ လူသာမန်တွေ မလုပ်ဝံ့တဲ့ အဲဒီလို ရက်စက်မှုမျိုး လုပ်နိုင့်ပါ့မလား'

'မီးလျှံနဂါးဖြစ်ဖို့အတွက်၊ လုပ်နိုင်ရမှာပေါ့။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ကြိုက်သွားပြီ . .၊ ဟုတ်တယ် ခင်ဗျားကတော့ လုပ်ဝံ့မှာပါ။ ကျုပ် ယုံတယ် . . ဒီတော့ ဟိုစက်ာပူဓားစာခံစခန်းမှာ ရှိတဲ့ ခင်ဗျားမယားနဲ့ သမီးကိုသတ်ရမယ်။ လုပ်ဝံ့ပါ့မလား'

'ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ခင်ဗျား ရယ်မနေနဲ့။ ကျုပ် တကယ် မေးနေတာနော်'

'ရပါတယ်။ ဟဲ . . ဟဲ . . ဟဲ . . ဟဲ'

'ပြီးတော့၊ ဒီတစ်ခု ထပ်လုပ်ပြရမယ်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဆရာကြီး . .'





'စောစောက ခင်ဗျားနဲ့ ဒိန်းဒိန်းကို မြန်မာငွေ သိန်း (၁၀၀၀)အကုန်အကျခံပြီး၊ လက်ထပ်ပေးမယ်လို့၊ ကျုပ် ပြောခဲ့တယ်၊ ဟုတ်ရဲ့လား'

'ဟုတ်ကဲ့၊ ဆရာကြီး အမိန့်ရှိခဲ့ပါတယ်'

'ခင်ဗျားနဲ့ ဒိန်းဒိန်းဟာ လက်ထပ်ပြီးတာနဲ့၊ ကျုပ်နဲ့ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တွေရှေ့မှာ . . .'

'ဟုတ်ကဲ့ . . .'

'ခင်ဗျား ဘာလုပ်ပြရမယ် ထင်သလဲ'

'မသိပါဘူး၊ ဆရာကြီးပဲ အမိန့်ရှိပါ . .'

'လက်ထပ်ပြီးတာနဲ့ အဲဒီညမှာ ဒိန်းဒိန်းရဲ့လည်ပင်းကို ရက်ရက်စက်စက် လှီးသတ်ရမယ်'

'ဟင် . . .'၊ ဒိန်းဒိန်း မျက်လုံးလေးများ ပြူးသွား၏။ သို့သော် မီးလျှံနဂါးကို အလွန်ကြောက်ရသည်မို့၊ ထိတ်ထိတ်ပြာပြာ မလုပ်ဝံ့။ မီးလျှံနဂါး ရာထူးကြီးကို မျှော်မှန်းနေသော မစ္စတာငရမန်ကန်း၏ ပြန်လည်ဖြေဆိုမည့် အသံကိုသာ နားစွင့်နေမိရှာ၏။

'ဆရာကြီး မီးလျှံနဂါး ခင်ဗျာ။ ကျွန်တော် ဒိန်းဒိန်းကိုလည်း သတ်ပါ့မယ်။ ဟဲ . . ဟဲ . . ဟဲ'

မီးလျှံနဂါးကို ဒူးထောက်၍ အရိုအသေပြုနေသော

ဒိန်းဒိန်းခမြာ မူမေ့လဲကျသွားတော့သည်။ မစ္စတာငရမန်ကန်းက ပြော့ခွေငြိမ်သက်သွားသော ဒိန်းဒိန်း၏ကိုယ်ခန္ဓာလေးကို ဆီးကြိုဖက်ထားသည်။ မီးလျှံနဂါး၏ ရယ်သံကြီးများက အဆက်မပြတ် ပေါ်ထွက်လာလေသည်။

'ဟုတ်ပါတယ်၊ ဆရာကြီးမီးလျှံနဂါးရဲ့ 'အိုင်ဒီယာ'ကို ကျွန်တော် သိပါပြီ'

'ကောင်းပြီ၊ ရက်စက်ကြမ်းကြုတ်မှုရဲ့ လျှို့ဝှက်ချက်'ကို ကျုပ်ပြောပြပြီးပြီ။ အခု . . အလုပ်သဘောတစ်ခုကို ဆက်လက် ပြောပြမယ်။ သေသေချာချာ နားထောင်ပေတော့ . .'

'ဟုတ်ကဲ့၊ ဆရာကြီး။ အမိန့်ရှိပါ . .'

ဆရာကြီးက ဆက်လက် အမိန့်ရှိလေ၏။ ယခု မိမိတို့ ဟိုနိုင်ငံကြီးသို့ ရောင်းစားခဲ့သော မိုက်ကရိုဖလင်များမှာပင်လျှင် အစချီပြီးလျှင် . . ။

မြန်မာနိုင်ငံ၏ ထိပ်တန်းသိပ္ပံပညာရှင်ကြီးများသည် မည်သည့်နိုင်ငံကမျှ ပြုလုပ်ရန် စိတ်ကူးမပေါ်သေးသော မြေငုပ်သင်္ဘောတစ်စင်းကို စမ်းသပ်တည်ဆောက်နေကြကြောင်း၊ **Mechanical mole** ဟူ၍လည်းကောင်း၊ **(Subterrane)** ဟူ၍လည်းကောင်း ခေါ်နိုင်သော ထိုမြေငုပ်သင်္ဘောကို မြန်မာငွေ ကုဋေ(၁၀၀၀)တိတိ အကုန်အကျခံ၍ စမ်းသပ်ပြုလုပ်





နေခြင်းဖြစ်ကြောင်း။ အောင်မြင်မှုရအံ့ဆဲဆဲ အခြေအနေမှာ ပင်လည်းရှိနေကြောင်း။

ယင်း'မြေငုပ်သင်္ဘော'တည်ဆောက်မှုနှင့် ပတ်သက်သည့် လျှို့ဝှက်မိုက်ကရိုဖလင်များကို အမည်မဖော်လိုသော သိပ္ပံပညာရှင်တစ်ဦးနှင့် ပူးပေါင်း၍ မိမိမှ ဟိုနိုင်ငံသို့ ခိုးထုတ်ရောင်းစားခဲ့ခြင်းဖြစ်ကြောင်း၊ လျှို့ဝှက်မိုက်ကရိုဖလင်တစ်လိပ်ကို မိမိတို့ မြန်မာငွေ သန်း(၁၀၀၀)တိတိ ရခဲ့ကြောင်း။

ယခုည မိမိတို့ ခိုးထုတ်ရောင်းစားသည်မှာ နောက်ဆုံးဖြစ်ကြောင်း။ မြေငုပ်သင်္ဘောတစ်စင်း မြေအောက်တွင် ထွက်မောင်းသွားနိုင်ရန်၊ မြေအောက်ရှိ အတားအဆီး အသွယ်သွယ်ကို ဖော်ပြထားသော 'မြေအောက်ပုံစံ'ရှိရန် လိုအပ်ကြောင်း။ ယခုည မိမိတို့ ခိုးထုတ်ခဲ့သည်မှာ ဤ **(underground- chart)** ဖြစ်ကြောင်း။ မိမိတို့၏ နောက်ဆုံးအကြိမ် ခိုးထုတ်မှုအစီအစဉ်ဖြစ်ကြောင်း၊ ရှင်းလင်းပြောပြနေလသည်။

'ဒါလုပ်'ဆို၍ လုပ်ကိုင်နေရသော်လည်း၊ မစ္စတာငရမန်ကန်းသည် မိမိ ဘာလုပ်နေရမှန်း မသိခဲ့ပေ။ 'မီးလျှံနဂါး' က ပြောပြတော့မှသာ၊ ယခုလို သိလိုက်ရခြင်း ဖြစ်ပေတော့၏။

'၃–လလောက် ကျုပ်တို့ ခေတ္တအနားယူနေပြီး၊ နောက်

လုပ်ငန်းတစ်ခုကို စတင်မယ်'

'ဘာလုပ်ငန်းကို ကျွန်တော်တို့ နောက်ထပ် လုပ်မှာလဲ။ ကျွန်တော် သိခွင့်ရှိရင်၊ ကြိုတင် ပြောပြစေလိုပါတယ်'

'ဟား၊ ဘာလို့ သိခွင့်မရှိရမှာလဲ။ ခင်ဗျားကို ကျုပ် စိတ်ချယုံကြည်နေပြီပဲ ဦးစွာ ဟူ၍ ဆိုပြီးလျှင် မီးလျှံနဂါးက ဆက်လက် ပြောပြနေလေသည်။

× × × × × × × × × × × × ×

# အခန်း (၂၈)

ကြယ်တံခွန်ကြီးတစ်ခုသည် ကျွန်ုပ်တို့ ကမ္ဘာမြေတည့်တည့်သို့ ပျံသန်းလာနေ၏။ နောက် (၁၀)နှစ်ကြာလျှင်၊ ထိုကြယ်တံခွန်ကြီးသည် ကမ္ဘာကြီးကို ဝင်တိုက်မိကာ၊ သည်ကမ္ဘာကြီးသည် ပေါက်ကွဲကြေမွသွားလိမ့်မည်ဆို၏။ ထိုအခါ ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြသော လူသားများအားလုံး ဇာတ်သိမ်းသွားကြရမည်ဆို၏။

ထို့ကြောင့် . . မြန်မာနိုင်ငံသိပ္ပံပညာရှင်အဖွဲ့မှ ထိုကြောက်ဖွယ်လိလိ မရဏကြယ်တံခွန်ကြီး ကျွန်ုပ်တို့နေစကြာဝဠာသို့ စတင်ဝင်ရောက်လာလျှင်၊ ကြိုတွင်ပစ်ခတ်

ဖျက်ဆီးပစ်ရန် သို့မဟုတ် ကြယ်တံခွန်ကြီး၏ လာရာလမ်း ကြောင်း လွဲသွားရန်အလို့ငှာ၊ ရောမ 'ဖျက်ခွင်းရေး ရောင်ခြည် လက်နက်ကြီး' တစ်ခုကို ပြုလုပ်လျှက်ရှိကြောင်း၊ ထိုသို့ ပြုလုပ်လျှက်ရှိသော ရောင်ခြည်လက်နက်ကြီး၏ လျှို့ဝှက် ဖော်မြူလာများကို၊ မိမိရရှိတော့မည်ဖြစ်ကြောင်း၊ ဟိုနိုင်ငံကြီး မဟုတ်သော အခြားနိုင်ငံကြီးတစ်နိုင်ငံမှ ဝယ်ယူလိမ့်မည်ဖြစ် ကြောင်း၊ ပြောပြလေ၏။

မစ္စတာ ငရမန်ကန်းသည် ဆရာကြီး မီးလျှံနဂါး၏ ကြီးမားလှသော အကြံအစည်များကို သိခွင့်ရသွားလျှင်၊ သူ့ ထုံးစံအတိုင်း 'ဟဲ . . ဟဲ . . ဟဲ . . ဟဲ' ဟူ၍ ရယ်လိုက်လေ သည်။

'ဘာဖြစ်လို့ ရယ်တာလဲ။ ကျုပ်ပြောတာ မယုံလို့လား'

'ယုံပါတယ် ခင်ဗျာ၊ ယုံပါတယ်'

'ဟင်၊ ခင်ဗျား ဘာကိစ္စ ကျုပ်ကိုသေနတ်နဲ့ ချိန်တာ လဲ'

'ဟော့ကောင်၊ မီးလျှံနဂါး . . လက်မြှောက်ထားလိုက်။ ငါ့ကို ဘာကောင်အောက်မေ့လို့လဲ . .'

စောစောက အကြောက်လွန်ပြီး မေ့မျောသွားဟန် ပြုနေသော ဒိန်းဒိန်းလည်း အကောင်းပကတိ ပြန်ဖြစ်လာ၏။





'ကျုပ်ကို သတ်လို့ရမယ်ထင်လို့လား။ အခန်း၀မှာ ျုပ်ရဲ့ လက်မရွံ့တွေ စောင့်နေတာ မမြင်ခဲ့ဘူးလား'

'မင်းရဲ့ လက်မရွံ့တွေ အကုန်လုံး သေသွားပြီ။ ဘယ်သူ မရှိတော့ဘူး။ ညီလေး စဝ်ရန်နိုင် . . ဝင်လာခဲ့ဟေ့'

'ဘာ . . စဝ်ရန်နိုင်၊ ဟုတ်လား . .'

'ဂျိမ်း . .' တံခါးပွင့်သွားပြီ . .။

'ဟုတ်ပါတယ် ကိုမြဒင်။ ကျုပ်ဟာ စဝ်ရန်နိုင်ပါပဲ'

'မင်း . . မင်း၊ ငါ့ကို ဘာလုပ် . .'

'ကျုပ် ခင်ဗျားကို မသတ်ပါဘူး။ ဥပဒေအတိုင်း လုပ်မှာ ါ။ အို . . ဟိုဟို၊ ကလီကမာ မလုပ်နဲ့လေ။ ငြိမ်ငြိမ်ကလေး ပ်နေပါ'

ဤအခိုက်တွင် လူရိပ်တစ်ရိပ် ဝင်လာ၏။

ဒိန်းဒိန်းနှင့် လွန်စွာ ရုပ်ချင်းဆင်တူလှ၏။ ဒိန်းဒိန်းမှာ စ်စရာကောင်းသော ပါးချိုင့်ကလေးများရှိသကဲ့သို့၊ ဝင်လာ သော ကောင်မလေးမှာလည်း ပါးချိုင့်မကလေးပင်ဖြစ်၏။ ူမက မစ္စတာငရမန်ကန်းကို ပြေးဖက်ထားလိုက်၏။ 'ဖေဖေ၊ ဖေ။ သမီးတို့ ခုမှပြန်တွေ့ကြရတယ်နော်' ဟူလည်း၊ ပါးချိုင့် လေးက ဦးငရမန်ကန်းကြီးကို ဖက်၍ပြောနေလေသည်။

'သမီးမေမေကော နေကောင်းရဲ့လား'

'မေမေ ကျန်မှာပါတယ်။ ဟိုဘုရားရှိခိုးကျောင်းကြီးမှာ ကျန်ရစ်ခဲ့တယ်'

'သူက ဘယ်သူလဲ သမီး။ သေသေချာချာ ကြည့်စမ်း

ကလေးမသည် ဒိန်းဒိန်းကိုမြင်လျှင်၊ လွန်စွာအံ့အား သင့်သွားရှာ၏။ သူမနှင့် လုံးဝရွေးမရအောင် တူနေလေသည်။

'သူက မော်မော်ရဲ့အစ်မဆိုတာလား။ သမီးမှာ အမွှာမွေး အစ်မတစ်ယောက်ရှိတယ်လို့၊ မေမေ ခဏခဏ ပြောဖူးတယ်။ ဟုတ်လား ဖေဖေ . .။ သမီး မေးနေတာ ဖြေပါဦး'

'ဟုတ်တယ် သမီး။ သူက သမီးရဲ့အစ်မပဲ . .'

'ဟင်၊ ဖေဖေ . .။ ဖေဖေပြောတဲ့ သမီးရဲ့ ညီမလေးဆို တာ သူလားဟင်'

'ဟုတ်ပါတယ် သမီးရယ် . .။ သူဟာ သမီးရဲ့ ညီမလေး ပါပဲကွယ်'

မျက်စိတစ်လုံးတည်းသာ ရှိရှာသော လူဆိုးကြီး ငရမန်ကန်း၏ မျက်လုံးတစ်ဖက်မှ မျက်ရည်များ စီးကျနေလေ သည်။

'ဖေဖေဟာ လူဆိုးလူယုတ်မာကြီး ဖြစ်ပေမယ့်၊ မိသား အပေါ်မှာ သစ္စာမဖောက်ခဲ့ပါဘူး။ သမီးတို့ကို မွေးခါနီးမှာ၊ မြို့က သူနာပြုဆရာမတစ်ယောက်ကို ဖေဖေ တက်ဖမ်းခေါ်လာခဲ့





ယ်။ သမီးမေမေ မွေးဖွားမယ့်ညမှာ၊ ရဲတွေသတင်းရပြီး ဖေကို တောင်ခြေရွာတစ်ရွာမှာ လာဖမ်းတယ်။ သမီးလေး စ်ယောက် အမေ့ဝမ်းထဲက ကျွတ်တဲ့အချိန်မှာပဲ၊ ဖေဖေ က်ပြေးခဲ့ရတာပေါ့။ သမီးမေမေလဲ ရရာကလေးတစ်ယောက် ပိုက်ပြီး၊ မီးတွင်းထဲက ထွက်ပြေးရတယ်။ သမီးကြီး ဒိန်းဒိန်း တော့၊ သူနာပြုဆရာမကပိုက်ပြီး ထွက်ပြေးသွားသတဲ့ . .'

သည်နေရာသို့အရောက်တွင်၊ မစ္စတာငရမန်ကန်း၏ က်လုံးထဲမှ မျက်ရည်များ တသွင်သွင် စီးကျလာ၏။ အသံ လည်း လွန်စွာဝမ်းနည်းကြေကွဲ၍ တစ်ဆို့ဆို့ကြီး ဖြစ်လာဟန် ရှာ၏။

'ဖေဖေအထင်တော့၊ သူနာပြုဆရာမဟာ သူ့နဲ့အတူ ပါသွားတဲ့ သမီးကြီးကို ပခုံးက တရားသူကြီး ဦးမိုက်ကယ် င်မယားထံမှာ၊ မွေးစားဖို့ ပေးခဲ့လိမ့်မယ်။ သူကတော့ စစ်ကိုင်း ချောင်းမှာ မယ်သီလရှင် သွားဝတ်နေသတဲ့။ အခုလောက်ဆို င် သေရှာပြီလို့ပဲ ထင်ရတာပါပဲလေ'

မစ္စတာ ငရမန်ကန်း၏ အကျဉ်းချုပ်ပြောပြလိုက်သော နောက်ဆုံးပိတ် စကားများအဆုံးတွင် အခန်းထဲသို့ ကြေးဝါ ခေါင်းကြီးတစ်လုံးထမ်း၍ စက်ပူရဲသား(၅)ဦး ဝင်လာကြ၏။ ခေါင်းအဖုံးကို ဖွင့်ကြည့်လိုက်သောအခါ မီးလျှံနဂါး၏

ဇနီးဖြစ်သော ဒေါ်နီလာဖြစ်နေလေသည်။

'ဒေါ်နီလာဟာ အခြေအနေ မကောင်းတော့မှန် ရိပ်မိ တာနဲ့ အဆိပ်သောက်သေခဲ့တာပါပဲ။ သူ့အလောင်းကို ချိန်ကိ ကမ်းနားလမ်းက ဘုရားရှိခိုးကျောင်းကြီးက ရလာတာဖြစ်ပါ တယ်။ သူဟာ မသေမီ ဒုက္ခသည် စခန်းကိုလာခဲ့ပုံလာတယ်'

ရဲတပ်သားလေးတစ်ဦးက ပြောကြားလိုက်ခြင်းဖြစ်၏။ စဝ်ရန်နိုင်က အခေါင်းထဲတွင်တွင် လှပစွာ သေဆုံးနေရှာပြီ ဖြစ်သော ဒေါ်နီလာကို ငုံ့ကြည့်လိုက်၏။ ဤပါးခြိုင့်ရှင် မိန်းမသည် မိမိထံသို့ ရပ်ဖျက်ရောက်လာခဲ့သော ဒေါ်ပပဝင်း ဖြစ်နေလေတော့သည်။

'အော်၊ နီလာတောင် သေသွားပြီကိုး။ ဟင်း . . ဒီလောကကြီးထဲမှာ ငါတစ်ယောက်ထဲ ထားခဲ့ပြီး၊ ကိုယ်လွတ် ရုန်းပြေးသွားလို့ ဘယ်ရမလဲ နီလာရယ်။ ငါပါ မင်းနောက်ကို လိုက်ခဲ့မှာပေါ့'

မမျှော်လင့်သော အလုပ်တစ်ခုကို 'မီးလျှံနဂါး'က ပြုလုပ်လိုက်၏။ သူ့နောက်မှ သတ္တုနံရံကြီးတွင်ရှိသော ခလုတ် ကလေးတစ်ခုကို 'ဂျောက်'ကနဲ နှိပ်ချလိုက်သည်။

လျှို့ဝှက်တံခါးငယ် တစ်ချပ် ပေါ်လာ၏။ အထဲတွင် 'ဂုတ်'ကနဲထထောက်လာသော တစ်ဟုန်းဟုန်းစတင် စတင်





လောင်ကျွမ်းနေသော မီးလျှံများကို တွေ့ရ၏။ အထူးစီမံထားသော လျှို့ဝှက်မီးရှို့စက် . . ။

'ဟေ့၊ စဝ်ရန်နိုင် . . ။ မင်း ငါ့ကို အရှင်ဖမ်းလို့ ဘယ်တော့မှ မရဘူး . . ၊ ကြားလား . .'

'ခင်ဗျား ထွက်ပြေးလို့ မရတော့ဘူး။ အဲဒီ မီးထဲကို ခုန်ချရဲ့လား'

'ငါ ဒီမီးလျှံထဲကို ခုန်ဆင်းလိုက်တော့မယ်။ ငါ့ရဲ့ အဆုံး အပိုင်းအခြားမရှိတဲ့ မိုက်ကန်းမှုကို လေ့လာကြပေတော့ . .'

ပြောလိုက်ပြီးနောက် မီးလျှံနဂါးသည် တဟုန်းဟုန်း တောက်လောင်နေသော မီးထဲသို့ ခုန်ဆင်းသွား၏။ ဤအခိုက် သံခမောက်နီကလေးများ ဆောင်းထားသော လူရွယ်(၂)ယောက် အခန်းထဲသို့ ဝင်ရောက်လာကြလေသည်။

နွတ်ခမ်းမွေးဘရှင်ခေါ် မွေးကြီးနှင့် စိုင်းနွတ်။ သူတို့ ကလည်း မီးရှို့စက်ထဲသို့ ငုံ့ကြည့်လိုက်မိကြလေသည်။

မီးလျှံနဂါးသည်ကား တဟုန်းဟုန်းလောင်ကျွမ်းလျှက် ရှိသော မီးတောက်မီးလျှံကြီးများကြားတွင် ပြေးလွှားရုန်းကန် အော်ဟစ်လျှက်ရှိနေရှာ၏။ ပူပြင်းလှသောကြောင့်၊ စောစောက သူခုန်ဆင်းခဲ့သော တံခါးပေါက်ဆီသို့ ကြောက်စရာ ကောင်းလှသော နာနာဘာဝကြီးတစ်ကောင်ကဲ့သို့၊ ကုပ်ကပ်၍ တွယ်တက်

နေရှာ၏။ မရှာပါ . .၊ သူသည် မီးလျှံများကြားသို့ လဲကျသွား ပြီးလျှင် ငြိမ်သက်သွားလေသည်။

စဝ်ရန်နိုင်က မီးလျှံများ၏ကြားတွင် ဓာတ်သိမ်းသွား ရှာသော ဤလူမိုက်ကြီး၏ အဖြစ်သနစ်ကို ငုံ့၍ကြည့်ရင်း၊ သည်ကဲ့သို့ပင် မီးလျှံများကြားတွင် တည်ငြိမ်စွာ ဘဝဓာတ်သိမ်း သွားခဲ့ကြသော လူများကို လှစ်ကနဲ မြင်ယောင်လိုက်မိ၏။

သူတို့ကိုယ်သူတို့ ဂွမ်းစများဖြင့် ရစ်ပတ်၏။ ဓာတ်ဆီ များ လောင်းလိုက်၏။ ထို့နောက် ခန္ဓာကိုယ်များကို မီးရှို့လိုက် ကြ၏။ မီးတွေ ဟုန်ဟုန်းနှင့် လောင်းကျွမ်းလာ၏။ အလွန်တရာ ပူလောင်လာ၏။ အခံရခက်လှပါ၏။

ဤမျှ ဆင်းရဲလောင်မြိုက်လှသော အပူဝဲကြီးအတွင်း၌၊ ထိုသူများသည် 'ပူလှချည်ရဲ့' ဟစ်အော်ပြီး၊ ရုပ်ပျက်ဆင်းပျက် ထမပြေးကြ။ စတင်မီးရှို့သောနေရာ၌ပင် တည်ငြိမ်စွာ ရှိခဲ့ကြ ကုန်၏။ သူတို့သည် အသက်ထွက်သွားသည့်အထိ မီးလျှံ၏ အပူဒဏ်ကို တည်ကြည်ညိမ်သက်စွာ ခံသွားကြ၏။

တောင်ဗီယက်နမ် စစ်ပွဲကြီးအတွင်း၌ ဖိနှိပ်ကျူးကျော် သူများကို ဆန့်ကျင်ပြလျှက်၊ မီးရှို့သတ်သေသွားကြသော မျိုးချစ် ပုဂ္ဂိုလ်များကို ပြန်လည်မြင်ယောင်ရင်း . . . .

မိမိ သေခါနီးတွင် မီးလျှံကြီးများအကြား၌၊ ယောက်





ယက်ခတ်ပူလောင်နေသော လူဆိုးကြီး မီးလျှံနဂါးကို ကြည့်ရှု ငေးမောကာ၊ စဝ်ရန်နိုင်သည် ပြုံးလိုက်မိ၏။ ခံယူချက်နှစ်သွယ် ကား၊ ကွာခြားလှပါဘိတောင်း . . .။

× × × × × × × × × × × × ×

ပြီးပါပြီ။